

# နေဝင်းမြင့် ၏ လက်ရွေးစင်ဝတ္ထုတိုများ

pawn (mmcybermedia) မှ ရိုက် တင် ပေး ပါ သည်

mmcybermedia.com

edit and PDF • rfanquee (mmcybermedia)

# နေဝင်းမြင့် ၏ လက်ရွေးစင်ဝတ္ထုတိုများ

pawn (mmcybermedia) မှ ရိုက် တင် ပေး ပါ သည်

mmcybermedia.com

edit and PDF • rfanquee (mmcybermedia)





## မာတိကာ

03 04 အမေနှင့်ဓါတ်ပုံများ
11 12 ဗီဒီယို
21 22 ကြက်တူရွေး
29 30 ကိုမာ
39 40 ငှက်စုန်း
49 50 ရီမုတ်ကွန်ထရိုး
61 62 မောင်းပုတီးလေး
69 70 ရတနာ(၇)ပါးရယ်နဲ့မော်တော်ကားလည်းစီးတယ်
79 80 ကော်ပတ်နံ့ပါတ်သုည
91 92 မြေခွေး
101 102 နက်(စ်)ကော်ဖီ
109 110 ပလူတိုနီယံ
117 118 ညှပ်စလီ
131 132 ဆော်ဒီလင်ဂို
141 142 သာဒွန်း

# အမေနှင့်ဓါတ်ပုံများ



ရောဝတီမြစ်ထဲက လှမ်းကြည့်လျှင်ပင် မတ်စောက်မြင့်မားသော မြစ်ကမ်းပါးတွေကို တွေ့နေရလေသည်။ ရွှေညိုရောင်မြစ်ကမ်းပါးသည် ရောဝတီကို မြင့်မားသောအရပ်မှငုံ့ကြည့်နေသည်။ စိမ်းကြည်သော ရောဝတီရေဦးသည် မြစ်ကမ်းပါးဆီသို့ ဦးတည်တိုးဝင်၍ ကွေ့ကာ ၊ တိမ်းကာ အဝေးဆီသို့ ဆက်လက်စီးဝင်သည်။ မြစ်ကမ်းပါး၏ သက်ရင့်ကျောက်မြေလွှာသည် အထစ်ထစ် အရစ်ရစ် ထကာ၊ လွှသွားတွေပါသော မုန့်လှီးဓားဖြင့် ပျော့တွဲနေသော မုန့်လုံးများကို လှီးဖြတ်ထား သလို ခုံးခုံးရုံးရုံး လှုပနေသည်။ မြစ်ရေသည် ကမ်းပါးယံအောက်ခြေကို ထိစပ်နေခြင်းမရှိ။ မြစ်ကမ်း နှင့် ကမ်းပါး အောက်ခြေကြားတွင် လူသွားစရာ သဲကြမ်းလမ်းကလေးရှိသည်။ သည်လမ်းက မြစ်နားတန်းရွာကလေးတွေဆီသွားလို့ရသည်။ သံကိုင်းဘက်မှစုတ်မောင်းလာသော မော်တော်သည် မြစ်ကွေ့ကျောက်ကမ်းပါးမြင့်မြင့်ကို တွေ့ရလျှင်ပင် ရေနံချောင်းရောက်တော့မည် ကိုသိနိုင်သည်။ ကမ်းပါးမြင့်မြင့်ကြီးတွေနှင့်ယှဉ်ကာ မော်တော်သည် စက်ရှိန်သတ်ရင်း ဝင်ရောက်တက်သည့် အခါတိုင်း၊ အမေ့မွေးရပ်မြေနှင့်စပ်လျဉ်း၍ ခံစားမှုသည် တိုးထိလာရမြဲ။ ရေစပ်စပ်သဲပြင်ပေါ်သို့ ထိုးချထားသော ကုန်းပေါင်ကတစ်ဆင့် ညောင်လှဆိပ်ကမ်းကို ခြေချမိ သည့်အခါတိုင်း သည်ဒေသ၊ သည်ပတ်ဝန်းကျင်၏ ရနံ့တွေက တိုးဝင်လာတက်သည်သာ။ ညောင်လှဆိပ်ကမ်းမှာ ရေနံချောင်း မြို့တွင်းကို သွားဖို့ မြင်းလှည်းတွေ ရှိသည်။ မော်တော်ကားတွေ ရှိသည်။

ညောင်လှမှ ရေနံချောင်းသို့ သွားရာ လမ်းသည် တောင်ကုန်း၊ ချိုင့်ဝှမ်း၊ ရေနံစင်၊ ရွှေရောင်မြက်ခင်းများ၊ နီညိုရောင် ကျောက်စရစ်မြေ၊ အဝေးမှ ရေနံမျှော်စင်များ၊ ငွေရောင် သံကန်များ ၊ ဝါးကပ် မိုးအိမ်ကလေးများဖြင့် လှပနေတက်သည်။ ကျွန်တော်က ဈေးသက်သာသော မော်တော်ကားကို စီးလေ့မရှိ။ ခရီးသည်တွေ၊ ကုန်တွေ ညပ်သပ်နေတက်တာ ဘာမှခံစားလို့မရ။ တစ်ခါတစ်လေမှ ရောက်ရသော သည်ရေ၊ သည်မြေ၏ အလှတွေကို အနည်းငယ်လျော့ပါးသက်သာသော ငွေကြေးဖြင့် မလဲချင်။ မြင်းလှည်းကိုတစ်ယောက်တည်း ငှားကာသွားလေ့ရှိသည်။ အဆင်းတွေမှာ တရွေ့ရွေ့ ထိန်းဆင်းရသော၊ အတက်တွေမှာ တမော့မော့ ရုန်းတက်ရသော သည်ဒေသ၏ ပထဝီဝင်ကို အပြည့်အဝ ခံစားချင်လို့ဖြစ်သည်။ ကားလမ်းနှင့် ယှဉ်ကာ ရောဝတီသည် တစ်ခါတစ်ခါ ဖွေးခနဲ ပေါ်လာတက်သည်။

အဆင်းကွေ့တွေမှာလဲ မြင်းလှည်း (မြင်းရထားဟု ခေါ်ကြပါသည်) ဘီးထဲကို မြင်းရိုက်ကြိမ် ကလန့်သံ "တောက်... တောက်... တောက်... တောက်" သည် သည်ဒေသ၏ ဂီတဖြစ်သည်။

အမေ့ကို သည်ဒေသမှာ မွေးသည်။ နှစ်ပေါင်းများစွာ သည်ဒေသမှာ နေထိုင်ခဲ့သည်။ အမေက သူမ၏ငယ်ဘဝတွေကိုပြန်ပြောတိုင်း သည်ဒေသ၏ ရေ၊ မြေ၊ လေ၊ အိမ်ခြေတွေအကြောင်း ပါတတ်သည်သာ။ ရောဝတီ၊ ဘီအိုစီ အလုပ်သမားတန်းလျား၊ ရေနံစင်နှင့်ပိုက်လိုင်းများ၊ ထနောင်းနှင့်တမာတန်းများအကြောင်း ပြော၍မဝနိုင်။ တစ်နှစ်တစ်ခါမှ၊ နှစ်နှစ်မှတစ်ခါ ကျဲကျဲပါးပါး ရောက်ဖြစ်သောသည်နေရာကို မြင်းလှည်းဖြင့်ဖြတ်သန်းရတိုင်း အမေ့ကိုသတိရပါသည်။ အမေ့ကို သတိရတိုင်း အမေပြခဲ့ဖူးသော ဓာတ်ပုံများကို သတိရပါသည်။ အထူးသဖြင့်မူ.....။

အမေ့အကြောင်းကို သိပ်များများစားစား (ထူးထူးခြားခြား) ပြောစရာမရှိလှပါ။ အမေသည် သာမာန်ဆင်းရဲသော မိသားစုတစ်ခုတည်းမှ မွေးဖွားသူသာဖြစ်သည်။ အမေသည် သစ်တောအုပ်ထဲက သာမာန်သစ်ရွက်တစ်ရွက်သာ ဖြစ်သည်။ သစ်ရွက်ဆိုပေမယ့် အညာနွေမှာ ရဲရဲပီပီ ရှိတက်သောထနောင်းရွက်ကလေးနှင့် နှိုင်းရမည်ထင်သည်။ အမေ့ကို ညောင်လှမှာမွေးသည်။ နောက်တော့နှစ်ပေါင်း များစွာ ကြာသောအခါ အဖေ့အလုပ်ရှိရာ ရန်ကုန်သို့ ပြောင်းလာရသည်။ အမေ့ဘဝခရီးကဒါပဲဖြစ်သည်။ အမေသည် စကားသိပ်ပြောလှသူ မဟုတ်။ အဖေနှင့်မူ လုံးဝပြောင်းပြန် အချိုးကျသည်။ အမေ၏ ညိုညက်သောအသားအရေ၊ ဝိုင်းစက်ပြူးကျယ်သောမျက်လုံးတစ်စုံ၊ သနား ကြင်နာတတ်သောစိတ်ဓာတ်နှင့် မျက်ရည်လွယ်ခြင်းများကို အမေ့အမွေအဖြစ် ကျွန်တော်ရရှိပါသည်။ ကျွန်တော်အပါအဝင် မောင်နမငါးယောက်ထဲမှာ အမေ ကျွန်တော့်ကိုအချစ်ဆုံးဖြစ်သည် (ဟု ထင်ပါသည်) အကို အမတွေ အသိုက်ခွဲသွားကြပြီ။

"မင်း အမေနဲ့ပေါင်းရသင်းရတာ ဟန်မကျပါဘူးကွာ။ စကားကတယ်နည်းတာပဲ။ ကပ်စည်းနည်းလိုက်တာလည်းလွန်ရော။ မင်းအမေသေရင် ဥစ္စာစောင့်ဖြစ်မှာကွ။ လည်ပင်းမှာသော့ကြိုးဆွဲထားတာ ကြည့်ပါလား"

အဖေ မကြာခဏ ပြောတက်သည်။ အမေ့ အင်္ကျီရင်ဘတ်တွင် တိုက်ချိတ် အကြီးကြီးတစ်ချောင်းတွယ်ချိတ်ထားတက်သော "သော့" တစ်ချောင်းကို ရည်ညွှန်း၍ အဖေက စတက်ခြင်း ဖြစ်သည်။ ကျွန်တော် မှတ်မိသည့် အရွယ်ကတည်းက အမေ့ရင်ဘတ်က သော့ တစ်နေ့တစ်ရက်မှ ဖြုတ်ထားတာ မတွေ့ရဖူးချေ။ အမေက သုံးသလောက် ၊ ဖြုန်းသလောက် အမေက နမြောတက်သည်။ အဖေငယ်ငယ်က ဖဲရိုက်သည်။ အရက်ကလေး ဘာလေး သောက်ချင်သည်။ အမေ အမှတ်တရ ပြောပြတတ်သော အဖြစ်အပျက်တစ်ခုကို ကျွန်တော်သတိရနေတက်သည်။ ထိုနေ့က အဖေ ဖဲရှုံးလာသည်၊ အရက်တွေလည်းမူးလာသည်။ အမေဆွဲထားသောဆွဲကြိုးနှင့် လက်ကောက်ကိုတောင်းသည်။





အမေက မပေး။ မပေးတော့ အဖေက ရိုက်သည်။

ဆွဲကြိုးနှင့် လက်ကောက် မပေးတော့ အမေ့သစ်တာကို ရန်ရှာတယ်။ အမေ့ရင်ဘတ်က ချိတ်ဖြင့်တွယ်ထားသော သော့ကို ထိချင်လာသည်။ အမေက သူ့သော့ကို အထိမခံ။ ဆွဲကြိုးကို ချွတ်မနေတော့ပဲ ဆွဲဖြတ်လိုက်သည်။ လက်ကောက်ကို ချွတ်သည်။ အဖေ့လက်ထဲကို ထည့်ပေးလိုက်သည်။ ထိုအခါကျမှ အဖေ ကျွန်တော် ကျွန်တော် ငြိမ်သက်သွားသည်။ နမြောတွန့်တိုတက်သော အမေကရွှေကို ရက်ရက်ရောရော ပေးတော့ အဖေကပင် အံ့သြသွားသည်။ ထိုနေ့က အဖေ ရွှေတွေ ဖဲရှုံးပစ်လိုက်သည်။ အဖေထွက်သွားတော့မှ အမေငိုသည်....တဲ့။

"အမေက ရွှေတွေ ဘာဖြစ်လို့ ပေးလိုက်တာလဲဗျ"

ထိုစဥ်က ကျွန်တော့်ကို မမွေးသေးသော်လည်း၊ အမေပြောပြတော့ ကျွန်တော်က နမြောတသစွာ အမေ့ကို အပြစ်တင်နေခြင်း ဖြစ်သည်။

"အဲဒါတွေက သူရှာထားတဲ့ ပစ္စည်းတွေပဲဟာ ၊ သူယူသွားခွင့် ရှိတာပဲ"

"နောက်လည်း အဲဒီလို လုပ်တာပဲလား"

"ဟင့်အင်း ၊ နင့်အဖေ အဲဒီတစ်ခါပဲ လုပ်တာပါ ၊ စိတ်ထိခိုက်သွားသလား မသိပါဘူးဟယ်၊ နောက်တော့ ဖဲမရိုက်တော့ပါဘူး"

အမေက ကျွန်တော့်ကို "နင်" ဟု သုံးတက်ပါသည်။အမေက စိတ်ကူးရသည့်အခါ ငယ်ဘဝတွေကို ပြောပြတက်ပါသည်။ အဖေကတော့အမေ့ကို စိတ်လိုလက်ရစတက်သည်။ ထိုအခါမျိုးတွင် အမေက ပြုံးသည်ဆိုရုံကလေး ပြုံးကာ၊ အဖေ့ကို ငေးကြည့်နေတက်သည်။

"မင်းအမေက ညောင်လှသူကွ၊ ညောင်လှဘီအိုစီမှာမွေးတာ။ အဖေက ရေနံတွင်းတစ်တွင်းမှာ စက်ဆရာပေါ့။ ညနေဘက် အလုပ်အားတဲ့ အချိန်ကလေးဆို အဖေက ညောင်လှကို စက်ဘီးကလေးနဲ့လာရတာ။ မင်းအမေတို့နေတဲ့ ညောင်လှဘီအိုစီတန်းလျားက မြို့နဲ့တော်တော်လှမ်းသား။ အဖေကသာ ပိုးရတာပါကွာ ၊ မင်းအမေက ဘဝင် ခပ်မြင့်မြင့်ရယ် ။"

"အဖေက မယ်ဒလင်လေးနဲ့ သွားသွားကြူရတာ။ ဟိုသီချင်းဟာကွာ . . ဘာတဲ့ "ဂုဏ်မြင့်သူ" ဟာ ... တကယ်မေတ္တာစစ်နဲ့ ချစ်ရဲ့သားနဲ့ ငြင်းပယ်တော်မူအားရက်တယ်၊ အထင်တော် လွဲလို့ရယ် ချစ်တဲ့သူရယ် မခွဲနိုင်ရှာရက်တယ်။ အဲဒီသီချင်းကို ဘီအိုစီညောင်ပင် အောက်ကနေ ဆိုတာ၊ မင်းအမေက လှည့်တောင် မကြည့်ဘူးကွ"

အဖေက အသံနေအသံထားတွေနဲ့ဆိုပြတော့ အမေကမျက်လုံးတွေမှေးစင်းနေအောင် ရယ်မော

နေတတ်သည် ။ အမေက မာနကြီးကြောင်း၊ နောက်တော့ အဖေက ရိုးသားမှန်း သိ၍ လူကြီးတွေက ပေးစားခဲ့ကြောင်း၊ အမေက မိဘစကားကို နားထောင်ကာ အဖေနှင့် လက်ထပ်ခဲ့ ကြောင်းများကို အဖေက စီကာစဉ်ကာ ပြောတတ်သည်။

အခုတော့ အမေလည်း ခုနစ်ဆယ်ကျော်ပြီ။ အဖေက အမေ့ထက် နှစ်နှစ်ကြီးသည်။ သားသမီး တွေက အိမ်ခွဲသွားကြပြီ။ အငယ်ဆုံးဖြစ်သော ကျွန်တော်သာ အိမ်မှာကျန်ရစ်နေတယ်။ နှစ်ပေါင်း များစွာ ကြာမြင့်သော်လည်း မပြောင်းလဲတာတစ်ခုရှိသည်။ အမေ့ရင်ဘတ်မှာ တိုက်ချိတ်ကြီးနှင့် တွယ်ချိတ်ထားသော သော့တစ်ချောင်း။

ထိုနေ့က အိမ်မှာ အမေနှင့် ကျွန်တော် နှစ်ယောက်ပဲ ရှိသည်။ ပြီးတော့ ထိုနေ့က မှတ်မှတ်ရရ အိမ်ရှေ့က ပိတောက်ပင်တွေ ပိတောက်တွေ ပွင့်နေသည်။ မိုး၏ ရှေ့ပြေး ရနံ့တချို့ ဝေ့ဝဲနေသော နွေနှောင်း၏ ရက်တစ်ရက်ဖြစ်လေသည်။ အမေက ပြတင်းဝကပိတောက်ရှုခင်းတွေကို ကြည့်နေရင်းပြောလာသည်။

“ဂျပန်တွေ တော်လှန်တာ နှစ်ပေါင်း ဘယ်လောက်ကြာပြီလဲ သား”

“နှစ်ပေါင်း လေးဆယ်ကျော်ပြီ အမေ”

“နှစ်ပေါင်း လေးဆယ်တောင် ကျော်သွားပြီလား”

ထို့နောက် အမေ စကားပြတ်သွားသည်။ အမေက သူ့အခန်းထဲကို ဝင်သွားသည်။ ပြီးတော့ ရင်ဘတ်က သော့ကိုဖြုတ်ကာ အမေအပျိုဘဝကတည်းကပါလာသော သံမဏိသေတ္တာကြီးကို ဖွင့်သည်။ အဝတ်အစားတွေအောက်က ကျောက်ကာသေတ္တာအနက်တစ်လုံးထုတ်သည်။ ကျောက်ကာ သေတ္တာလေးကို ဖွင့်လိုက်တော့အထဲမှာ ငွေဖလားလေးတွေ၊ ငွေကွမ်းလေး၊ ငွေထုံး ဘူးကလေး တွေ၊ နောက် အမေငယ်ငယ်တုန်းက ဇာပန်းထိုးသည့်ဇာထိုးအပ်တွေ၊ ပန်းထိုးအပ် တွေလည်း ပါသည်။ ရောင်စုံချည်လုံးကလေးတွေ၊ ငွေဒင်္ဂါးကလေးတွေ၊ ကြေးနီပြား ညိုညိုလေးတွေ။ နောက် ဂျပန်ငွေစက္ကူတချို့ ။

သည်ကျောက်ကာ သေတ္တာအနက်ကလေးကို ကျွန်တော်တစ်ခါမှ မမြင်ဖူးချေ ၊ အဖေပင် မြင်ဖူးလိမ့် မည်မထင် ။သေတ္တာကလေးက အလျား ရှစ်လက်မ ၊ အနံငါးလက်မလောက် ရှိသည်။ သေတ္တာထဲ က ပစ္စည်းကလေးတွေကို အမေ တယုတယ ထုတ်သည်။ သေတ္တာကလေးထဲမှာ ခင်းထားတဲ့ စက္ကူကလေးကို ဖယ်လိုက်တော့ ဓာတ်ပုံအဟောင်းကလေး သုံးပုံ ထွက်လာသည်။ အမေက တစ်ပုံ အရင်ပြသည်။ အမျိုးသမီးတစ်ယောက်၏ ပုံဖြစ်သည်။ ဆယ်နှစ်အရွယ် မိန်းကလေးတစ်ယောက်နှင့်





ယှဉ်ကာ မတ်တပ်ရပ်နေသည်။ နောက်မှာ တန်းလျားခင်းတွေ ။

“ရပ်နေတာ နှင့် အဘွားပေ့ါ၊ အမေ့အမေက ဒေါ်သော့တဲ့၊ အသားဖြူဖြူကလေးနဲ့ သိပ်လှ တာ သားရဲ့”

“ရပ်နေတဲ့ ကောင်မလေးက ဘယ်သူလဲ”

" အဲဒါ အမေလေ ၊ အမေ ကိုးနှစ်သမီးတုန်းက အမေ့အမေနဲ့ ရိုက်ထားတာ”

ဓာတ်ပုံထဲမှာ သားအမိ နှစ်ယောက်လုံး ဓာတ်ပုံအရိုက်ခံနေသည်နှင့် မတူ။ ကင်မရာကို အထူး အဆန်းလို ကြည့်နေကြပုံမျိုးဖြစ်သည်။

“နောက်က တန်းလျားက ညောင်လှကအမေတို့နေခဲ့တဲ့ ဘီအိုစီတန်းလျား၊ အမေ ငယ်ငယ် ကတည်းက နေခဲ့တာ”

အမေက နောက်တစ်ပုံ လှမ်းပေးသည်။ မိန်းမပျိုတစ်ယောက် ဖြစ်သည်။ ဆံတောက်သိမ်းစ လှပသော မိန်းမပျိုတစ်ယောက်ဖြစ်သည်။ မေးစေ့ကို လက်ထောက်ထားသည်။ အင်္ကျီလက်တွေက ပွယောင်းယောင်း ၊ နောက်ခံပန်းချီကားက ဧည့်ခန်းတစ်ခန်း၏ ပုံဖြစ်သည်။ မိန်းမပျိုက ပြုံးနေသော် လည်း အသက်မပါလှချေ။

“အဲဒါ အမေ့သူငယ်ချင်းမြစိန်၊ အမေ့ရဲ့ အချစ်ဆုံးသူငယ်ချင်း၊ ရန်လည်း အဖြစ်ဆုံး သူငယ်ချင်းပေ့ါ။ အမေ့အနွံတာလည်း သိပ်ခံရှာတယ်။ ဒီဓာတ်ပုံက အမေနဲ့သူ တစ်နေ့တည်းရိုက် တာ၊ ရေနံချောင်းကိုသွားရိုက်တလေ၊ အဖေမသိအောင် ရိုက်တာ။ အပြန်မိုးချုပ်လို့ အဖေ့ အရိုက်ခံ ရသေးတယ်”

အမေက စိတ်ပါလက်ပါ ပြောနေခြင်းဖြစ်ပါသည်။ ဝမ်းပန်းတသာရှိနေပုံလည်း ရသည်။ တစ်ဆက် တည်းမှာပင် ဝမ်းနည်းနေပုံလည်း ရသည်။ အခန်းတွင်းမှာ ပိတောက်နံ့တွေ ရှိနေသည်။ လေသည် မိုးငွေ့တွေကို သယ်ဆောင်လာစ ပြုလာပြီ။

“ဟောဒီပုံကို ကြည့်စမ်း....သား”

အမျိုးသားတစ်ယောက်ပုံ ဖြစ်သည်။ ဓာတ်ပုံအနားတွေ ဖွာလန်နေသည်။ ဓာတ်ပုံထောင့်မှာ ဆေး သားတွေကွာကျနေသည်။ ချောမောသည်ဟုမဆိုသာသော်လည်း ညိုလွဲ့သောမျက်ဝန်းနှင့်နှုတ်ခမ်း များကပြတ်သား ကြည်လင်ဟန် ရှိသည်။

“ဒါက ဘယ်သူလဲ အမေ”

"နောက်ဘက်မှာ ကြည့်"

ဓာတ်ပုံနောက်မှာ စာတန်းလေးတစ်ကြောင်း။ မင်ရောင်က နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့သည့် မင်ရောင်။

"အသက်နှင့် ထပ်တူထပ်မျှ ချစ်ရပါသော မြသို့"

၁၃ ၊ ၃ ၊ ၁၉၄၅

ကျွန်တော် အမေ့မျက်နှာကို နားမလည်နိုင်သလို ကြည့်နေမိသည်။ အမေက ပြုံးသည် ဆိုရုံကလေး ပြုံးနေသည်။

"အဲဒါ အမေ့ငယ်ရည်းစားပေါ့၊ ကိုဘအေးတဲ့။ ဂျပန်တော်လှန်ရေးထဲကို ပါသွားတာ၊ ပြန်မလာတော့ဘူး"

"ဘယ်လို ပြန်မလာတာလဲ အမေ"

"သူတို့ သူငယ်ချင်း သုံးယောက် ထွက်သွားကြတာပဲ။ ကိုဘအေးရယ်၊ ကိုကံမောင်ရယ်၊ ကိုပိုက်တင်ရယ်။ ကိုပိုက်တင်ကတော့ စစ်ကြီးပြီးတော့ ရန်ကုန်ရောက်သွားတယ် ဆိုလား။ ကိုကံမောင်ကတော့ ရွာကိုပြန်ရောက်လာတယ်၊ ဒါပေမယ့် ဦးနောက်ပျက်စီးသွားပြီး ပြန်ရောက်လာတာ၊ ဘာမှပြန်မပြောနိုင်တော့ဘူး။ ကိုဘအေးကတော့ သရက်မှာဆိုလား၊ ပျဉ်းမနားဆိုလားကျဆုံးသွားတယ်တဲ့ "

"ဒီဓာတ်ပုံက အမေ့ကို သူမသွားခင်က ပေးခဲ့တာလား"

"အေး...ဟုတ်တယ်၊ သူမသွားခင်က ကြိုပေးခဲ့တာ။ အစုနက အမေ့သူငယ်ချင်း မြစိန်နဲ့ အတူသွားရိုက်တဲ့ အမေ့ဓာတ်ပုံကိုလည်းသူယူသွားတယ်။ တော်လှန်ရေးက သူ ပြန်မလာ တော့ဘူး ဆိုရင် သူ့ ဓာတ်ပုံကိုတစ်သက်လုံးသိမ်းထားလိုက်ပါတော့တဲ့။ အမေ့ဓာတ်ပုံကတော့ စစ်မြေပြင် မှာပဲ ကျနေခဲ့ပြီ တူပါရဲ့"

"ထွက်သွားတဲ့နေ့က အမေနဲ့ မတွေ့ဘူးလား"

"တွေ့တာပေါ့၊ မြစိန်ပဲ အမေ့ကို လာခေါ်တာ။ ညောင်လှ မြစ်ဆိပ်က ကမ်းပါးထိပ်ကို အမေ ရောက်သွားတော့ သူတို့သုံးယောက်ပါတဲ့ လှေကလေးက မြစ်ဆိပ်ကနေ ထွက်နေပြီ၊ လှေပေါင်းမိုး ထဲမှာ လက်ပြသွားရှာတယ်။ အမေက ကမ်းပါးထိပ်က သူတို့လှေကလေး အဝေးမှာ ပျောက်သွားတဲ့ အထိ အမေ ကမ်းပါးထိပ်မှာ ရပ်နေတယ်။ အဲဒါ နောက်ဆုံး မြင်လိုက်ရတာပါပဲ"

"ဒီဓာတ်ပုံကို အဖေက ဘာပြောလဲဟင်"

"ဟင့်အင်း...ဒီဓာတ်ပုံအကြောင်း နှင့်အဖေမသိဘူး၊ အမေ တစ်ခါမှ မပြခဲ့ဘူး"





အမေက ကျောက်ကာသေတ္တာလေးထဲကို ပစ္စည်းတွေပြန်ထည့်သည်။ ဓာတ်ပုံအဟောင်းကလေး တွေကို တယုတယ ပြန်ထည့်သည်။

ပိတောက်ရနံ့သည် လေထဲတွင် ဝေ့ဝဲနေသည်။

အမေဆုံးသွားတာ ကြာခဲ့ပြီ။ မိုးရက်တစ်ရက်မှာ ဆုံးခဲ့ခြင်းဖြစ်သည်။ နှစ်လည်ရက် တစ်ရက်မှာ တော့ အမေ့ကို ရည်စူး၍ ဆွမ်းကျွေးချင်သည်ဟု အဖေပြောသည်။ ရပ်ဝေးက သားသမီးတွေကို လည်း အမေ မှာသည်။ အမေ ကျန်ရစ်ခဲ့သော ထဘီ၊ အင်္ကျီ တချို့ကိုလည်း နွမ်းပါးသူတွေကို ပေး ပေးဖို့ အဖေစီစဉ်သည်။ ထိုနေ့က အမေ့သေတ္တာကို နှစ်ပေါင်းလေးဆယ်လောက်အတွင်း ပထမဆုံး အကြိမ် အဖေဖွင့်သည်။ ဤသို့ဖြင့် နောက်ဆုံးတော့ အမေ့ ကျောက်ကာသေတ္တာ ကလေးကိုလည်း ဖွင့်ဖြစ်သွားကာ၊ ဓာတ်ပုံဟောင်းတွေကို အဖေ တွေ့သွားခဲ့သည်။

ကျွန်တော်က အဖေ့ကို အကဲခတ်နေမိသည်။ အဖေက ဓာတ်ပုံတွေကို တစ်ပုံချင်းကြည့်သည်။ ဓာတ်ပုံနောက်က စာကို ဖတ်သည်။ နောက်တော့ ပြုံးလာသည်။

"ဒါ ဘယ်သူလဲကွ"

"အမေ့ ငယ်ရည်းစားလို့ ပြောတာပဲ"

"ဟော ... မင်း ဘယ်သူပြောလဲ"

"အမေ ပြောခဲ့ဖူးတာပဲ"

အဖေက ဘာမှမပြောတော့ပဲ ဓာတ်ပုံကလေးတွေကို ကျောက်ကာသေတ္တာထဲသို့ ပြန်ထည့်သည်။ အတော်ကြီးကြာမှ စကား စပြောသည်။

"မင်းကွာ သိလျက်သားနဲ့၊ မင်းအမေ မြေမြှုပ်တဲ့နေ့က ပြောဖို့ကောင်းတယ်"

"ဘာကိုလဲ အဖေ"

"ဩော်....ဓာတ်ပုံတွေလေကွာ၊ မင်းအမေ မြေမြှုပ်တဲ့နေ့က သည်ဓာတ်ပုံလေးတွေ သူနဲ့အ တူ ထည့်ပေးလိုက်ရင် သူ သိပ်ဝမ်းသာရှာမှာ"

အဖေကအလေးအနက် ပြောနေခြင်းဖြစ်ပါသည်။ အပြင်ဘက်မှာတော့ မိုးတွေညို့ရီနေသည်။ ကျွန်တော်က အမေ့ရင်ဘတ်ကသော့ကလေး၊ စစ်မြေပြင်မှာကျန်ရစ်ခဲ့သော အမေ့ရဲ့ဓာတ်ပုံ က လေး၊ ပြီးတော့ မျက်ရည်လွှယ်တတ်သော အမေ့ မျက်ဝန်းများကို လွမ်းနေမိလေသည်။

# ဗီဒီယို





နေရာတော်တော်များမှာ ဗီဒီယိုဆိုတာကြီး ပေါ်နေတာကြာပြီဖြစ်ပေမယ့်၊ သာဂရကိုဗီဒီယို ရောက်လာတာ မကြာသေးဘူး။ သာဂရမှာသာ ဗီဒီယိုမရှိသေးတာပါ။ သာဂရထက် ဆင်းရဲတဲ့ ဂုံမင်းကုန်းမှာ ရှိတယ်။ ဝက်တဲမှာ ရှိတယ်။ ပေါက်ကုန်းမှာ ရှိတယ်။ ဟိုးတောင်ဖျားက ပွေးကုန်းမှာ ရှိတယ်။ ယုတ်စွအဆုံး သာဂရနဲ့ကပ်နေတဲ့ ညောင်ကြပ်ပင်မှာတောင်ရှိတယ်။ ဗီဒီယို မရှိခင်ကတော့ သာဂရကလူတွေ ညောင်ကြပ်ပင်သွားကြည့်တာများတယ်။ မြွေမကြောက်၊ ကင်းမကြောက်။ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနဲ့ သွားကြရတာပေမယ့် ကြာတော့လည်း ဗီဒီယိုလေးတစ်ကားကြည့်ဖို့ ညောင်ကြပ်ပင် သွားရတဲ့ကိစ္စ သိပ်မလုပ်ချင်ကြတော့ သာဂရမှာ ဘယ်သူဗီဒီယိုရုံထောင်ပါ့မလဲဘဲ မျှော်နေကြရတယ်။ သည်ကွက်လပ်ကို ဖြည့်တာ ကိုဘစီပဲ။ ကိုဘစီက စုထား ဆောင်းထားတဲ့ ပိုက်ဆံလေးနဲ့ သပ်သပ်ခပ်ခပ် တဲလေးတလုံးဆောက်တယ်။ သုံးဖက်သုံးတန် အသေပိတ်ကာထားပြီး ရှေ့ဘက်က လူတစ်ကိုယ်စာ အပေါက်ကလေးတစ်ပေါက် ဖွင့်ထားတယ်။ လိုက်ကာမည်းမည်းကြီးက ရုံပေါက်မှာကာပြီး ရုံပေါက်ထိပ်မှာ ဗီဒီယိုနံမည်ကို သဘော်ဆေးနဲ့ ရေးကပ်ထားတယ်။ "မေတ္တာမွန်" တဲ့။

ဗီဒီယိုစက်ဝယ်တော့လည်း ကြည့်ဦး။ သူဝယ်တတ်တာ မဟုတ်ဘူး။ အနားက ညောင်ကြပ်ပင်က ကိုထွန်းအုံ့ဆီကို နီးနီးနားနားအကူအညီ သွားတောင်းတာလည်းမဟုတ်ဘူး။ ဟိုး တောင်ဖျားပွေးကုန်းက သာဒွေးအကူအညီနဲ့ မြို့တက်ဝယ်တာ။ ဗီဒီယိုပြဖို့ ပစ္စည်းပစ္စယတွေအပြင် ဘတ်ထရီအိုးကြီးနှစ်လုံးလည်းဝယ်ရတာဆိုတော့ မြို့ကလှည်းနဲ့တိုက်လာတဲ့နေ့က သာဂရက လူတွေဆိုတာဝမ်းတွေသာလို့။ ဗီဒီယိုစက် မရောက်ခင်ကတည်းက မေတ္တာမွန်ရုံဆိုတာကြီး ကို စိတ်ဝင်စားနေတဲ့ သာဂရသူ၊ သာဂရသားတွေကကိုဘစီကို သည်တခါတော့ ကျေးဇူးတင်ကြသည်။

"ဘယ့်နှယ့်ဗျာ ဝက်တဲ့တို့၊ ပေါက်ကုန်းတို့၊ ဂုံးမင်းကုန်းတို့မှာတောင်ရှိတဲ့ ဗီဒီယို ကျုပ်တို့ရွာမှာ မရှိရမယ်လို့ .... ကိုင်း ... ကျုပ်တို့ရွာကို ကျော်ရဲအောင် လာလို့ရပြီ၊ ထက်ထက်မိုးဦး လာလို့ရပြီ၊ ရှိုင်းအောင် လာလို့ရပြီ၊ ရဲကိုကို လာလို့ရပြီ"

သာဂရကို ဗီဒီယို ရောက်လာတာကို ကြားကတည်းက မုဒိတာပွားနိုင်တဲ့ လူတွေက ဗီဒီယို ပရိတ်သတ်ပေ့ါလေ။ ကိုဘစီကိုမေတ္တာမရှိကြပေမယ့် သူတို့ရွာအတွက်ကံကောင်းခြင်း လက်ဆောင်ကို ဆောင်ကြဉ်းလာသူမဟုတ်လား။ ရွာကကျေးဇူးတင်ကြတယ်၊ ဝမ်းသာကြတယ်။ ကိုဘစီအိမ်ရှေ့သွားစုကြပြီး ဘာလုပ်ပေးရမလဲ ၊ ဘာကိုင်ပေးရမလဲ မေးကြတယ်။

"ဘာမှလုပ်ပေးစရာ မလိုပါဘူး၊ ကျုပ်ကအားလုံးလုပ်ပြီးသား၊ ဘယ်သူ့အကူအညီမှ မလိုဘူး"

ကိုဘစီကတော့ ထုံးစံအတိုင်း မြို့မေတ္တာကိုး။ ရွာက လူတွေကတော့ သည်းခံကြတာပါပဲ။ ပိုက်ဆံလေး နည်းနည်းရှိတာရော ၊ ငွေတိုးကလေးချတာရော ၊ စပါးပေးလေးချတာရော ဆိုတော့ သောင်သောင် သာသာ ရှိတဲ့ ကိုဘစီကိုလည်း မကင်းနိုင်ကြဘူးကိုး။

သည်လိုနဲ့ သာဂရမှာ ဘယ်သူကမှ မေတ္တာမရှိတဲ့ မေတ္တာမွန် ရုံတော်ကြီးမှာ ဗီဒီယိုစပြတယ်။ တခြားရွာမှာ သုံးကျပ် ၊ လေးကျပ်ပဲပေးရတဲ့ ရုံဝင်ခကို သူက ငါးကျပ်စယူ တယ်။ ရွာသူရွာသား များကလည်း ကြည့်ချင်မှတော့ ပေးရတော့တာပေါ့။ ငါးကျပ်ဆိုလည်း ငါးကျပ်ပေါ့ ၊ ဘာတတ်နိုင် မှတ်လို့။

"လောဘကလည်း ကြီးလွန်းကိုးဗျနော်...."

"ကိုဘစီကိုးဗျ"

ရွာမှ မှတ်ချက်ကတော့သည်လောက်ပါပဲ။ ကိုဘစီကတော့ သာဂရကို ပထမဆုံး ဗီဒီယိုသယ်ဆောင် လာသူ ၊ သာဂရရဲ့ ပထမဆုံးဗီဒီယို ပိုင်ရှင်ဆိုတော့ ခါတိုင်း ရှုတင်းတင်း မျက်နှာက အခုတော့ ဘီလူးသဘက်ရုပ်ကို ပေါက်နေတော့တာလေ။သူ့မေတ္တာမွန်ရုံမှာ ကြည့်ရဖို့ အရေး စည်းကမ်းချက် တွေကလည်း များသားကိုး။

"အရက်သောက်မလာရ"

"စကားမများရ"

"ကွမ်းသွေးမထွေးရ ၊ ကွမ်းစားသူ ရုံထဲမဝင်ရ"

"အကြွေးသည်းခံပါ"

"လေးနှစ်အထက်ကလေး ကလေးလတ်မှတ် ဝယ်ရန်"

တချို့ကတော့လည်း စောဒကတက်တယ်။ ကျန်တဲ့စည်းကမ်းတွေက ထားပါတော့။ အရက်မူး လာတာ မကြိုက်လို့ ၊ စကားများတာ မကြိုက်လို့ ၊ ကွမ်းသွေးထွေးရင် ညစ်ပတ်လို့ထားပါတော့။ အသက်ခြောက်နှစ်အထက် လူကြီးလတ်မှတ်ဆိုတာကိုတော့ အများစုက မပေးနိုင်ကြဘူး။

"ကိုဘစီရယ် ... ခြောက်နှစ်ဆိုတာလည်း ကလေးပါဗျာ။ ထားပါ ၊ ၁၀နှစ် ၊ ၁၂နှစ် လူကြီး လက်မှတ် ဝယ်ရတယ်ဆိုရင်"

"ခြောက်နှစ်ဆိုရင် ဇာတ်လမ်းကို နားလည်နေပြီဗျ ၊ ခင်ဗျားမယုံရင် အိမ်ရောက်ရင် ဇာတ်လမ်းပြန်ပြောခိုင်းကြည့်။ မလျှော့နိုင်ဘူး"

ကိုဘစီကလည်း သူ့ဆင်ခြေနဲ့သူပါ။ မတက်နိုင်တဲ့သူက မကြည့်နဲ့ပေါ့။ ပြန်ပေါ့။ တက်နိုင်တဲ့သူ ကလည်း ကြည့်ပေါ့။ ကိုဘစီမိန်းမ မသောင်းငွေက ရုံပေါက်ဝမှာ မရွှေးလေး ၊ ငှက်ပျောသီးလေး ၊ မြို့က ဝယ်ထားတဲ့ ကွာစေ့လေး ၊ နေကြာစေ့လေး ရောင်းတယ်။

ဗီဒီယိုရုံက နေ့လယ်ဘက် ပြတာ ငွေသိပ်မဝင်ဘူး။ ညနေစာ မှောင်မှောင်လေးကို အားကိုးပြရ တာဆိုတော့ ရုံထဲ လူတွေ ကျပ်ညပ်နေမှ ပြတာကလည်း ခဏခဏ ပြဿနာ ဖြစ်တက်တယ်။

"ကိုဘစီ လူတွေ ဘယ်လောက်တောင် ထည့်ဦးမှာလည်းဗျာ ၊ တစ်ယောက်ဖင် တစ်ယောက်ခေါင်း ထိနေပြီဗျ ။ တော်ပါတော့" ဆိုလို့ကတော့ ကိုဘစီက စကားတောင် ပြန်မပြော ဘူး။ လာသမျှလူ ထည့်တော့တာပဲ။ ခုံရယ် ဘာရယ်လည်း ရုံထဲ ရှိတာမဟုတ်တော့ ခင်းထားတဲ့ ကျူဖျာတွေပေါ် သောကောရောကော ထိုင်ပဲ။

"ရှေ့တိုးပါဦး..ရှေ့တိုးပါဦး"

"တိုးလို့မရတော့ဘူး ဘကြီးရေ ၊ ရှေ့မှာ ဗီဒီယိုစက်ထဲ ဝင်ဖို့ပဲရှိတော့တယ်"

"ဟော့ကောင်...မတိုးနိုင်ရင် ပြန်ထွက် ၊ ငါးကျပ်ပြန်ယူသွား။ ဒါစီးပွားရှာနေတာ ၊ အလှူအိမ် ဘိုင်စကုတ်ပြနေတာ မဟုတ်ဘူး"

ကိုဘစီကလည်း အဲဒါမျိုးကျတော့ ချက်ချင်းပြန်ပက်တာ ။ နောက်တခုက သူ့ရုံက အချိန်နဲ့ကန့်သတ် ပြီး ပြတာမဟုတ်ဘူး ၊ လူပြည့်မှ ပြတာဆိုတော့ ရုံပြည့်ပါစေကြောင်း ကိုဘစီကတင် ဆုတောင်းနေ တာ မဟုတ်ဘူး။ ရုံထဲက လူတွေကပါ ဆုတောင်းနေရတော့တာ။

ကိုဘစီကလည်း ပါးတယ်။ ရုံပေါက်ဝကနေပြီး ပိုက်ဆံသိမ်းရင်းက လူတွေရဲ့မျက်နှာကို ကြည့်နေ တာ။ ရွာလယ်က ပိုက်ဆံချမ်းသာတဲ့သူတွေ၊ သူတို့ရဲ့သားသမီးတွေလား၊ ငါ ဟောက်လို့ရမယ့်သူ တွေလား၊ ငါရှေ့တိုးခိုင်းလို့ တိုးမယ့်ကောင်တွေလား ၊ ကွမ်းစားလာတဲ့ကောင်လား ၊ ကြည့်သေး တာကလား။

"ဟော....ကိုကြီးသောင်း လာကြည့်သလား ၊ ရှေ့ကိုကြွပါ ၊ရှေ့ကိုကြွပါ ။ ဟဲ့....သောင်းငွေ သင်ဖြူးသေးသေးကလေးကော၊ ပေးစမ်း ၊ ဥက္ကဋ္ဌကြီး ကြွလာတယ်"

လုပ်ချင်လုပ်တာ။ ကွမ်းစားလာတဲ့လူလည်းဖြစ်မယ်၊ သူပြောရင်ရမယ့်လူလည်း ဖြစ်မယ်ဆိုရင်တော့

"အံမာ...ငါ့ကောင်ရာ ကွမ်းပလုပ်ကြီးနဲ့ ကျုပ်ရုံထဲ မဝင်ပါနဲ့ကွာ။ ကြိုက်တတ်ရင် အပြင်မှာ တစ်ဝစားခဲ့ပါ။ ရုံထဲတော့ ကွမ်းမစားပါနဲ့"

"ရုံထဲ ကွမ်းသွေး မထွေး ပြီးတာပဲ ဦးလေးရ"

"အောင်မာကွာ...မင်းပါးစပ်ကြီးကို ကျုပ်က အာမခံပေးရဦးမှာလား ငါ့ကောင်ရ။ မလုပ်ပါနဲ့

မောင်ရာ ၊ ထွက်ပါ....ထွက်ပါ"

လုပ်တတ်တယ်။ လူတွေကတော့ တစ်ရွာလုံးမှ သည်တစ်ရုံတည်း မဟုတ်လား။ နီးနီးနားနား မဟုတ်လား။ သူတို့တစ်သက် လျှပ်စစ်မီးမရှိ ၊ ဘာမရှိ မှောင်ကြီးပိန်းပိန်းထဲ လူဖြစ်လာရတဲ့သူတွေ။ သည် ဗီဒီယိုဆိုတာကြီး ပေါ်လာမှ အပန်းကလေးဖြေရတာဆိုတော့ ဘာမှပြောမနေကြတော့ပါဘူး။ မေတ္တာမွန်ရုံတော်ကြီးရဲ့ စည်းကမ်းအတိုင်းပေါ့။
ရုံဝက ကျောက်သင်ပုန်းမှာတော့ ကိုဘစီက ပုံသေရေးထားတဲ့ စာတန်းသုံးကြောင်း ရှိတယ်။

"အဆန်းတွင် ထိပ်ခေါင်...."

"အကြမ်းတွင် ထိပ်ခေါင်..."

"အလွမ်းတွင် ထိပ်ခေါင်...ဇာတ်ကားကြီး"

အဲသည် သုံးကြောင်းပြီးတော့မှ ဇာတ်ကားနာမည် မြေဖြူနဲ့ မညီမညာရေးတယ်။ ပြီးမှ မင်းသား မင်းသမီး နာမည် ရေးတယ်။

"ဟာ...ဘကြီးစီကလည်း ဘယ်ဇာတ်ကားလာလာ အဆန်းတွင် ထိပ်ခေါင် ၊ အကြမ်းတွင် ထိပ်ခေါင်၊ အလွမ်းတွင် ထိပ်ခေါင် ချည်းပဲလား။ နည်းနည်းပါးပါး ပြင်ပါဦးဗျ"

တချို့ကလည်း ဝေဖန်တာပေါ့လေ။ ဒါမျိုးဆိုရင် သူများကွမ်းစားတာ မကြိုက်ပေမယ့် သူကတော့ ကွမ်းတွေ တစ်ယာပြီးတစ်ယာ ဝါးရင်းက မျက်ထောင့်နီကြီးနဲ့ -

"ဘာရယ်...ဟေ့ကောင် ၊ ငါ့ရုံကြည့်ရင် အေးအေးကြည့် ၊ မဝေဖန်နဲ့။သည်သုံးချက်က လွဲတဲ့ကား ငါ့ကို ပြောစမ်း ဟေ့ကောင်။ ဆန်းရင်ဆန်း၊ မဆန်းရင် ကြမ်း ၊ မကြမ်းရင် လွမ်း မဟုတ်လို့ မင်း အမေ့လင်လား"

ကိုဘစီပြောတာလည်း မှန်သင့်သလောက် မှန်တော့ ဘာမှတော့ ပြောလို့မရဘူးလေ။ ပြလိုက်တဲ့ ဇာတ်ကားတွေကလည်း သည်သုံးမျိုးနဲ့ တော်တော်လွဲခဲတော့ ကိုဘစီပြောတာပဲ ဟုတ်သလိုလိုကိုး။ ထားပါတော့။သာဂရက ကိုဘစီရုံမှာ သည်လိုနဲ့ ဆန်းတဲ့ကား ၊ ကြမ်းတဲ့ကား ၊ လွမ်းတဲ့ကားတွေ ပြလာတာ ရက်သားလေးတော်တော် ကျလာတော့ လူတွေကလည်း အလိုက်သင့် နေတတ်နေတာ ပါပဲ ။ ကြည့်တက်နေတာပါပဲ။ မေတ္တာမရှိတာ အပထား ၊ မေတ္တာမွန်ဆိုတဲ့ ရုံထဲ နေဝင်ရီတရောဆို လာစုကြရတာ မဟုတ်လား။

သာဂရမှာ ဗီဒီယိုရောက်တာ တော်တော်နောက်ကျတယ် ဆိုပေမယ့် ၊ သာဂရသူ သာဂရသား တွေက ကျော်ဟိန်းကြိုက်တာတော့ တစ်ပြည်လုံးက ဗီဒီယိုကြည့် ပရိသတ်လိုပါပဲ။ အဲသည့်အချက်





မှာတော့ မြန်မြန်ကြီးသွားတူတယ်ပြောပါတော့။ တစ်နေ့ကိုဘစီရုံမှာ ကျော်ဟိန်းကား ပြတော့ မိုးမှမချုပ်သေးဘူး ၊ လူတွေက ပြည့်နေပြီ။ တော်တော်ကြီးတဲ့ ပိုစတာကြီးလည်း ကပ်ထားလိုက်လို့။ ထုံးစံအတိုင်းပဲ ကိုဘစီဆောင်ပုဒ်ဖြစ်တဲ့ အဆန်းတွင် ထိပ်ခေါင် ၊ အကြမ်းတွင် ထိပ်ခေါင် ၊ အလွမ်းတွင် ထိပ်ခေါင် စာတန်းတွေအောက်မှာ အဲသည်ပိုစတာကြီးကို ကပ်ထားတာ။ လူတွေကတော့ ရုံထဲကို ဝင်ချင်လှပြီ။ "မောင်ရင်ငတေ မိုက်ကန်းသည်" ဆိုတဲ့ ပိုစတာကြီးကို ဘယ်မောင်ရင်နဲ့ ဘယ်ငတေက ဘယ်လိုမိုက်ကန်းမှာလဲ သိချင်တာနဲ့ကို ရုံပေါက်ဝမှာ ကျွတ်စီကျွတ်စီ ဖြစ်နေပြီ။ ခက်တာက တစ်နေ့နှစ်ပွဲ ပြတယ်ဆိုပေမယ့် မနက်ပွဲက တောသူတောင်သားဆိုတော့ အလုပ်ပစ်ပြီး လာမကြည့်နိုင်ကြဘူး။ သည်တော့ သည်ပွဲကို သူသူကိုယ်ကိုယ် အားခဲကြတာ ဆိုတော့ ရုံဝမှာ လူတွေဆိုတာ မြင်မကောင်းဘူး။

"မြန်မြန်ဝင်ကြပါ ၊ မြန်မြန်ဝင်ကြပါ ၊ မြန်မြန်ပြည့်မှ မြန်မြန်ပြရတာပေါ့"

ကိုဘစီက ကျော်ဟိန်းကား ပြတဲ့နေ့ဆို မျက်နာက အစွမ်းကုန်ပြုံးထားတက်တယ်။ လူတွေကိုလည်း လူတွေလို့မမြင်ဘူး ၊ ငါးကျပ်တန်တွေလို့ မြင်နေတာမဟုတ်လား။ လူတွေရဲ့ မျက်နှာကို တစ်ယောက်စီ ကြည့်ရင်း အပေါက်ဝကနေ စစ်သွင်းနေတာ ဆိုတော့ ယောင်မှားပြီး တစ်ယောက် တစ်လေများမှားဝင်သွားဖို့ကတော့ စိတ်တောင်ကူးလို့ရတာမဟုတ်ဘူး။ လူတွေက ငါးကျပ်တန် ကလေးတွေ ၊ ကျပ်တန်အနွမ်းကလေးတွေ ကိုင်ရင်းက ကိုဘစီရဲ့ အစစ်အဆေးခံရင်း ရုံထဲဝင်လိုက် ကြတာ ခဏလေးနဲ့ ပြည့်ရော။ ဒါပေမဲ့ အပြင်မှာ လူတွေကျန်သေးတယ်ဆိုတာ ကိုဘစီသိတယ်။ အဲသည်လူတွေကိုလည်း  ကိုဘစိ သွင်းချင်တယ်။ ဒါပေမယ့် ရုံထဲမှာလည်း ပြည့်နေပြီ ၊ ညပ်နေပြီ။ ပြပါတော့ဗျို့ ၊ နမူနာ ထိုးပါတော့ဗျို့ အော်တဲ့သူက အော်နေပြီ။

"မသောင်ငွေ ၊ ဟိုအုပ်စုကြီး ဘယ်ထဲသွင်းမလဲ"

ကိုဘစီ ကွာစေ့ရောင်းနေတဲ့ သူ့မိန်းမ မသောင်းငွေကို မေးတယ်။ မသောင်းငွေက လူအုပ်စုကိုကြည့် တယ်။ ရွာထဲက တချို့ ဟိုစုစု သည်စုစု မဝင်သေးပဲ ရစ်သီရစ်သီလုပ်နေတာ တွေ့တယ်။ သည်ဘက် ထောင့်က  လူတွေကကော။

ကိုဘစီမိန်းမ မသောင်းငွေက လူတွေကို တစ်ယောက်စီ လိုက်ကြည့်ရင်းက မျက်စီမျက်နှာ ပျက်သွားတယ်။သူယောကျ်ားကိုဘစိကိုလည်း ထိတ်လန့်တကြားပြောတယ်။

"ကိုဘစီ သည်ဘက်ထောင့်က လူတွေကို မသွင်းနဲ့"

"ဟေ...ဘာဖြစ်လို့တုန်း"

"သင်္ချိုင်းကုန်းက ဟာတွေ"

"ဟေ"

သာဂရ သင်္ချိုင်းက ရွာအနောက်ဘက် လယ်ကွင်းစပ်တွေမှာ ရှိတာပါ။ ရွာအနောက်ဘက်စွန်က မည်းမှောင်ပြီး အင်မတန်ချောက်ချားစရာကောင်းတဲ့ နေရာ။ ညောင်မုတ်ဆိတ်ကြီး လေးပင်နဲ့ မန်ကျည်းပင်တွေ အုပ်ဆိုင်းပြီး နေ့ခင်းကြောင်တောင် တောင် အသွားအလာမရှိတဲ့နေရာ ဆိုပါတော့။ အုတ်ဂူဟောင်း လေးငါးဆယ်လုံးနဲ့ မြေကမူတွေ ပွထနေတဲ့ နေရာကိုကျော်လိုက်ရင် သင်္ချိုင်းစပ်တွေ လယ်ကွက်တွေကြားမှာ တဲကလေးတွေရှိတယ်။ အရပ်တကာ အရပ်က သာဂရကို ရောက်လာပြီး ရရာလုပ်စားရင်း ဖြစ်သလို ရပ်တည်နေကြတဲ့ မိသားစုတွေဟာ သင်္ချိုင်းကုန်းထဲမှာ တော်တော်များတယ်။ အိမ်ခြေ.. အဲ တဲခြေ နှစ်ဆယ်လောက်တောင် ရှိရော့မယ်။ လူတွေက ကြွက်ထိုးစားသူတွေ ၊ ငါးပက်စားသူတွေ ၊ မြေတူးစားသူတွေ ၊ မြောင်းပေါက်စားသူတွေ။ ဘောက်လုပ်စားသူတွေဆိုတော့ ဆင်းရဲလိုက်တာလည်း ဝီခေါ်လို့ ဆိုတဲ့ လူတွေကိုး။ သင်္ချိုင်းထဲမှာ သူတို့ဘဝနဲ့ သူတို့ ကမ္ဘာလေးလို့ ဆိုရလောက်အောင် တခြားလူတွေနဲ့ အဆက်အဆံမရှိဘဲ ကိုယ့်ဝမ်း ကိုယ်တောင် မနည်းကျောင်းနေရတဲ့ လူတွေဆိုတော့ နွမ်းပါးလိုက်တာလဲ မပြောနဲ့တော့ ဆိုတဲ့ လူတွေ မဟုတ်လား။ ကိုဘစီက အဲသည်လူတွေကို အကဲခတ်တယ်။ သည်လူတွေ ခါတိုင်း မလာဖူးဘူး။ သည်ကနေ့မှ ဘာစိတ်ကူးပေါက်ပြီး လာကြတာလဲ။ မိန်းမ ၊ ယောက်ျား ၊ ကလေးတွေ ဟာ တချို့ အင်္ကျီမပါဘူး ၊ တချို့ ဖိနပ်မပါဘူး ။ မိန်းမတချို့ကလည်း ရင်လျားကြီးတွေနဲ့ ၊ မည်းမည်း ပြောင်ပြောင်အသားတွေနဲ့။ ရုံဝက ပိုစတာကို ကြည့်လိုက် ၊ ကိုဘစီတို့ လင်မယားကို ကြည့်လိုက် လုပ်နေကြတယ်။ ကိုယ်စီ ကိုယ်စီ လက်ထဲမှာ ပိုက်ဆံနွမ်းနွမ်းလေးတွေကို ကိုင်ရင်း၊ ရုံပေါက်ကို ငေးနေကြတယ်။ အဲသည်ထဲကမှ နည်းနည်းကလေးမူးနေတဲ့ လူခပ်ရွယ်ရွယ် တစ်ယောက်က ကိုဘစီရှိရာ ရုံဝကို လာတယ်။ အင်္ကျီဟကို ဆွဲစေ့ရင်းက…

"ကျုပ်တို့ မိသားစုတွေ ကြည့်ချင်လို့ဗျ ၊ အဲဒါ…"

"ခင်ဗျားတို့ ဘယ်ကတုန်း"

ကိုဘစီက သိလျက်နဲ့မေးတာပါ။ သူ့မိန်းမ မသောင်းငွေကလည်း သူ့ယောက်ျား ဘာလုပ်မလဲ ကြည့်နေတယ်။

"သင်္ချိုင်းထဲကပါ"

"မရဘူး"

"ဗျာ.."

"ခင်ဗျားတို့ကို ရုံထဲအဝင်မခံဘူး ၊ ဒါပြောတာ"

အင်္ကျီဟပြဲနဲ့လူက မျက်နှာပျက်သွားတယ်။ ခပ်လှမ်းလှမ်းက သူ့အုပ်စုကြီးကလည်း ကိုဘစီနဲ့ သူ့ ကိုယ်စားလှယ် မဟုတ်ဘူးဆိုတာ အကဲခတ်မိတယ်နဲ့ တူပါတယ်။ မျက်နှာလေးတွေ ငယ်လို့။



"ကျုပ်တို့ အရင်က မကြည့်ဖြစ်ပါဘူးဗျာ၊ သည်ကားကို မိသားစုတွေ ကြည့်ချင်လို့ ။ အဲဒါ.."

"ဟုတ်ပြီ ၊ခင်ဗျားတို့ ကြည့်ချင်တာ ဟုတ်ပြီ။ ကျုပ်က ကျုပ်ရုံထဲ အဝင်မခံနိုင်ဘူးလေ"

"ဘာဖြစ်လို့လဲဗျာ"

"သင်္ချိုင်းထဲနေလို့"

"……."

အင်္ကျီ ကိုဟပြဲက နည်းနည်းလေးလည်း ထွေနေတာရော၊ ရုံထဲကို မဝင်ရဘူးဆိုတဲ့ စကားရော ကြားတော့ ကိုဘစီကို မျက်လုံးပြူးကြီးနဲ့ ကြည့်တယ်။ ကိုဘစီ ရှေ့တည့်တည့်ရပ်တယ်။

"သင်္ချိုင်းထဲမှာ နေပေမဲ့ ကျုပ်တို့က သေနေတဲ့သူတွေ မဟုတ်ဘူးဗျ။ လူတွေ….လူတွေ ။ ခင်ဗျားဗီဒီယိုကို ကျုပ်တို့လည်း ပိုက်ဆံပေးကြည့်မှာဗျ"

ကိုဘစီက ဘာမှ ပြောမနေတော့ဘူး။ လိုက်ကာစ အမည်းကြီးကို ချလိုက်တယ်။ ရုံဝက တံခါးကို ဆွဲစေ့လိုက်တယ်။ အထဲမှာလည်း လူတွေက အော်နေပြီဆိုတော့ ဗီဒီယိုစက်ရှိရာကို သွားတယ်။ ရုံဝက ကြည့်ရှုနိုးနိုး ဖြစ်နေတဲ့ သင်္ချိုင်းကုန်းက လူတွေဟာ ရုံဝက ခေါင်းတုံးပြောင်ကြီးနဲ့ လောင်းကုတ်ကြီးဝတ်ထားတဲ့ ပိုစတာထဲက ကျော်ဟိန်းကိုပဲ ကြည့်ရင်းက အမှောင်ထဲမှာ ရပ်နေကြတုန်း။ ခဏနေတော့မှ ယောက်ျားတွေရော ၊ မိန်းမတွေရော ၊ ကလေးတွေရော ရွာလယ်လမ်း အတိုင်း ရွာအနောက်ဘက်ကို လျှောက်လာကြတယ်။ စကားတစ်ခွန်းမှ မပြောကြဘူး။ လေကလေး တစ်ချက်တောင် မချွန်ကြဘူး။ ဗီဒီယိုဆီက သေနတ်ပစ်သံတွေ ကြားနေရပေမယ့် သေနတ်သံတွေနဲ့ ဝေးရာကို တိတ်တဆိတ်ပဲ လျှောက်လာကြတယ်။ တော်တော့်ကို လျှောက်မိတော့မှ သာဂရ သင်္ချိုင်း ထဲကို ရောက်ကြတယ်။

သည်လိုနဲ့ နှစ်နှစ်လောက်ကြာတဲ့အခါ သာဂရက ကိုဘစီ သွေးတိုးရောဂါနဲ့ သေတယ်။ အလောင်းကို ရပ်ဝေးရပ်နီး မိတ်ဆွေတွေ ၊ ဆွေမျိုးတွေ စောင့်ရင်း ငါးရက်ထားမယ်ဆိုတဲ့ သတင်း ဟာ သာဂရရွာ အနောက်ဘက် ခပ်ဝေးဝေးက သင်္ချိုင်းထဲ ရောက်လာတယ်။ သည်မှာတင် သာဂရ သင်္ချိုင်းထဲကလူတွေက သင်္ချိုင်းထဲကဇရပ်ထဲ စုကြတယ်။ အင်္ကျီဟပြဲကြီးနဲ့ အရက်ကလေး ခပ်ထွေထွေ သောက်ထားတဲ့သူက ရောက်လာတဲ့ လူကြီး လူငယ် ၊ မိန်းမကြီး မိန်းမငယ်နဲ့ ကလေးတွေကို အစီအစဉ်တခု ချပြတယ်။ သင်္ချိုင်းဇရပ်ပေါ်မှာ အခြေအတင် ညှိနှိုင်းကြပြီးတော့ လူစုခွဲကြတယ်။

"ကိုင်း…မှတ်မိကြတယ်နော်၊ ကနေ့ ကိုဘစီသေတာ နှစ်ရက်ရှိပြီ။ နောက်သုံးရက်ဆိုရင် သင်္ချိုင်းထဲကို ကိုဘစီရောက်လာတော့မယ်။ သည်တော့ သုံးရက်အတွင်း ကျွန်တော်တို့ လုပ်စရာ

ရှိတာ လုပ်ကြဖို့ပါပဲ။ ပိုက်ဆံစုထည့်ဖို့က ဦးလေးပန်းမောင်ဆီမှာ အပ်ကြပါ ၊ ကျန်တာ ကျွန်တော်တို့ လုပ်ပါ့မယ်”

သာဂရသချိုင်းထဲမှာ  ကိုဘစီကို ဂူသွင်းတာ မဟုတ်ဘူး။ သူ့မိန်းမ မသောင်းငွေက လူမှ သေပြီဆိုမှ တော့ အုတ်ဂူတွေ ဘာတွေ မလိုပါဘူး။ မြေမြှုပ်တာ ကောင်းပါတယ်ဆိုပြီး မြေမြှုပ်သင်္ဂြိုဟ်တယ်။ ကိုဘစီကို နေ့လယ် ၁နာရီလောက် သင်္ဂြိုဟ်ပြီး သချိုင်းထဲ လူရှင်းသွားတော့မှ သချိုင်းထဲကို  ဗီဒီယို ပြစက် တင်လာတဲ့ မြင်းလှည်းဝင်လာတယ်။ သာဂရက ကိုဘစီစက် မဟုတ်ဘူး။ ညောင်ကြပ်ပင်ရွာ က ကိုထွန်းအုံ့စက်။ တစ်ညပြခြောက်ရာနဲ့လိုက်လာတာ။ ဗီဒီယိုစက်လည်း ရောက်ရော နေရာထိုင် ခင်း စီစဉ်သူက စီစဉ်တယ်။

ဘောသေးသေးတစ်ချပ်မှာ  မြေဖြူနဲ့  ဇာတ်ကားနာမည်တွေ  ရေးပြီး  ဂူဟောင်းတစ်လုံးပေါ်မှာ ထောင်သူကထောင်တယ်။ ထိပ်ဆုံးက ရေးလိုက်တဲ့ ကားနာမည်က “မောင်ရင်ငတေ မိုက်ကန်း သည်” တဲ့။ ညနေမိုးချုပ်လို့ နွားရိုင်းသွင်းချိန်လည်း ရောက်ရော သာဂရ သချိုင်းထဲက နှစ်ပေါင်း များစွာအတွင်း ပထမဆုံး ဗီဒီယိုပြပွဲကြီးကို စတင်ကျင်းပတယ်။ ဗီဒီယိုစက် ရှေ့မှာ ကြည့်တဲ့သူတွေ သိပ်မရှိဘူး။ အင်္ကျီမပါတဲ့လူတွေ၊ ဖိနပ်မပါတဲ့ လူတွေ၊ ကျောပြောင်ကြီးနဲ့ လူတွေ၊ ရင်လျားထား တဲ့မိန်းမတွေဟာ ဖျာစုတ်တွေ ခင်းပြီး ဗီဒီယိုစက်ကို မျက်တောင်မခတ်ဘဲ ကြည့်နေကြတယ်။ ကလေးတွေကတော့ ပထမဆုံး ကြည့်ချင်ပွဲဆိုတော့ ကျွမ်းထိုးတဲ့ကောင်က ထိုးလို့။ ဂူတွေကြား၊ မြေပုံတွေကြား ပြေးတဲ့ကောင်က ပြေးလို့။

အဲသည်မှာတင် အင်္ကျီဟပြဲနဲ့လူက သစ်ကိုင်းလေး တစ်ကိုင်းကို ချိုးတယ်။ ကနေ့မှ လောလော လတ်လတ် ရောက်လာတဲ့ ကိုဘစီရဲ့မြေပုံဆီကို သွားတယ်။ မြေပုံကို သစ်ကိုင်းနဲ့ ရိုက်ရင်းက.....

“ကိုင်း....ကိုဘစီ...လာဗျို့၊ ဗီဒီယို ကြည့်ရအောင်၊ ထ...ထ..ကြွပါဗျာ။ ဖိတ်ပါတယ်” ဗီဒီယိုစက်ရှေ့က ခုံကလေးပေါ်ကို သစ်ကိုင်းကလေးတင်တယ်။ရှေ့မှာ ကိုဘစီကြိုက်တဲ့ ကွမ်းယာ ကလေးငါးယာကို တင်ထားတယ်။

“ကျုပ်တို့ သချိုင်းထဲတော့ ကွမ်းစားလို့လဲ ရတယ်၊ ကွမ်းသွေးထွေးချင်ရင်လည်း ထွေးနိုင် ပါ့ဗျာ”

ပြီးတော့ ဗီဒီယိုပြစက်ရှေ့မှာ မတ်တပ်ရပ်ရင်းက ဗီဒီယိုစက်က မိုက်ခရိုဖုန်းလေးတောင်းတယ်။ ဖူးဖူး လို့မှုတ်တယ်။ ပြီးတော့မှ အင်္ကျီဟပြဲနဲ့ လူက စကားစပြောဖို့ အားယူတယ်။ အဲသည်အချိန်မှာ





သာဂရ သချိုင်းထဲမှာတိတ်ဆိတ်နေတယ်။ ညောင်မုတ်ဆိတ်ပင်ကြီးတွေကို လေတိုက်သံတဝူးဝူးက လွှဲရင် တိတ်ဆိတ်နေတယ်။

"ကျုပ်တို့ သချိုင်းလေးထဲကို ကနေ့ရောက်လာတဲ့ ကိုဘစီကို ဂုဏ်ပြုတဲ့ အနေနဲ့ ကျုပ်တို့ ထ စီစဉ်ရတာကို ရှင်းပြပါရစေ ။ ဒီဗီဒီယိုပြစက် ငှားဖို့ ကျုပ်တို့မှာ ပိုက်ဆံရှိတာ မဟုတ်ဘူး ။ သည် သချိုင်းထဲနေတဲ့   လူတွေက အင်မတန်ဆင်းရဲတယ် ကိုဘစီ ။ စားဖို့တောင် အနိုင်နိုင်ရယ် ၊ နေကုန်နေခမ်း ပင်ပန်းတကြီး ရှာဖွေ စားသောက်ရတာ"

အင်္ကျီဟပြဲနဲ့လူက စကားကို ခဏရပ်တယ်။ ခုံပေါ်က သစ်ကိုင်းကလေးကို ကြည့်တယ်။ သစ်ကိုင်း ကလေးက ငြိမ်လို့ ။ လူတွေလည်း ငြိမ်လို့။

“ကျုပ်တို့ စုလို့ ရတဲ့ပိုက်ဆံကလေးက မပြည့်တော့ တချို့ကို အကြွေးယူရတယ် ။ ပြီးတော့ ကျုပ်တို့ပထမဦးဆုံးပြချင်တဲ့  “မောင်ရင်ငတေ မိုက်ကန်းသည်” ဇာတ်ထုပ်ရဖို့ မြို့ကို ပြေးရတယ်။”

“ကျုပ်တို့ သချိုင်း လေးထဲမှာ ပထမဆုံးပြတဲ့ပွဲဟာ ကျုပ်တို့အားလုံးကြည့်ချင်လို့ မဟုတ်ပါ ဘူး ကိုဘစီ ၊ ခင်ဗျားကို ပြချင်လို့ ။ ခင်ဗျား ကျွန်တော်တို့ဆီကို မလာချင်ပေမယ့်  လာခဲ့ရပြီမဟုတ် လား ။ခင်ဗျားသချိုင်းထဲကို ရောက်လာပြီ မဟုတ်လား ။ ကျုပ်တို့ကတော့ ခင်ဗျားလို မဟုတ်ပါဘူး။ ကြိုဆိုပါတယ် ၊ ပြီးတော့ ဂုဏ်ပြုပါတယ်။ သချိုင်းထဲက ကျုပ်တို့မိသားစုတွေနဲ့အတူ ခင်ဗျား ဗီဒီယို ကြည့်နိုင်ပါပြီ ။ ကိုင်း...ပြလို့ရပါပြီ”

ညောင်ကြပ်ပင်ရွာက   ကိုထွန်းအုံ့ ဘတ်ထရီခလုတ်တွေကို စစ်တယ်။ ကြိုးတွေကို စစ်တယ်။ ပထမဆုံး “မောင်ရင်ငတေ မိုက်ကန်းသည်” ခွေကို ကောက်ယူလိုက်တယ်။ ခလုတ်နှိပ်လိုက်တဲ့အခါ အလိုက်သင့်ပွင့်သွားတဲ့ နေရာကလေးမှာ ဗီဒီယိုတိတ်ခွေကို ထိုးထည့်လိုက်တယ် ။ အဲသည်ညက သာဂရသချိုင်းထဲမှာ လူတွေကလည်း ဗီဒီယိုကြည့်တယ်။ ကိုဘစီလို့ ယူဆနိုင်တဲ့ သစ်ကိုင်းကလေး ကလည်း  ဗီဒီယိုကြည့်တယ်။

# ကြက်တူရွေး





ကိုကျောက်တုံး လူစစ်စစ်က ကြက်တူရွေး ဖြစ်သွားတယ်ဆိုတော့ လာကြည့်ကြတဲ့သူတွေ မနည်းဘူး။ တကယ့် လူ့ဘဝစစ်စစ်က ကြက်တူရွေး စိမ်းစိမ်းတစ်ကောင်ချက်ချင်း ဖြစ်သွားတာတော့ မဟုတ်ဘူး။ နှုတ်သီးနီနီ ၊ ကိုယ်လုံးစိမ်းစိမ်းနဲ့ ငှက်ပေါက်စကလေးတစ်ကောင် ချက်ချင်းပြောင်းသွားတာလည်း မဟုတ်ဘူးပေါ့လေ။

လူကတော့ လူပါပဲ။ အသားအရေက ပြာတာတာ ဖြစ်လာတာရယ် ၊ နှုတ်ခမ်းက ရှေ့ကို နည်းနည်း ထော်ထွက် လာတာရယ်ကို ကြည့်ပြီး ပြောကြတာ။ အသိသာဆုံးကတော့ အသံ လုံးဝပြောင်းသွားတာပါ။ ဂစ်ဂစ်ဂွဲဂွဲနဲ့ လူစကားမပြောတော့တာမျိုး ၊ လူသံသူသံနဲ့ လုံးဝမတူတော့တာလည်း မဟုတ်ဘူး။ ဘယ်လိုပြောရမလဲ ၊ အသံပြောင်းသွားတာ ။ အစ်တစ်တစ် စူးသြသြ ပြောင်းသွားတာ။ သည့် ထက် သိသာတာကတော့ စကားကို နှစ်ခါ နှစ်ခါထပ်ပြောတက်တာပါပဲ။

သည်အချက်တွေကို ကြည့်ပြီးလူတွေက ကိုကျောက်တုံး ကြက်တူရွေးဖြစ်သွားပြီလို့ ပြောကြတာပါ။ ကျန်တာကတော့ လူလိုဝတ်တာရယ်၊ လူလိုစားတာရယ် (ငရုတ်သီးတော့ ကြိုက်သွားတာ သိသာတယ်) ၊ လူလိုပဲ သွားတာ လာတာကလည်း အရင်အတိုင်းပါပဲ။ပြီးတော့ ကြက်တူရွေးရယ်လို့ လှောင်အိမ်နဲ့ နေတာမျိုးတော့လည်း မဟုတ်ဘူးပေါ့လေ။

တရားခံက ကိုကျောက်တုံးသား သံခဲက စတာ။ သံခဲက သုံးနှစ်ပဲရှိသေးတဲ့ကောင်။ ပြီးတော့ သည်ကောင်က တစ်ယောက်တည်းရှိတဲ့သား။ စကားကလည်းတတ်တာ မပြောနဲ့တော့။ ဂျီကျလိုက်တာလည်းအရမ်းပဲ။ ပစ္စည်းတစ်ခု လိုချင်ပြီ ဆိုရင်လည်း မရမနေ ဖွဲခတ်နေတဲ့ကောင်။ သံခဲကို မွေးတော့ လင်မယားနှစ်ယောက်စလုံး ချစ်လိုက်ကြတာဘာပြောကောင်းမလဲ။ လင်ရယ် မယားရယ်လို့ ရှာထားတဲ့ စီးပွားလေးကလည်း ဘာပဲပြောပြော အဆင်ပြေနေလေတော့ သားသမီး လိုချင်လာရောဆိုပါတော့။ ဒါပေမယ့်မရဘူး။ ညားပြီး ၄,၅ နှစ်မှာကိုပဲ မရသေးဘူး။ ကိုကျောက်တုံး ကပဲ မှားနေသတစ်ခုခုလွဲလား။ သူ့မယား မတရုတ်မ ကပဲ လွဲနေသလားဆိုတာတော့ ဘုရားသခင်မှ သိမှာပေါ့လေ။

ဒါပေမယ့် သူတို့လင်မယားမှာ တူတဲ့အချက်က ကလေးလိုချင်တာပဲ ။ ဘိုးတော်ဆိုလည်း ပင့်လိုက်တာပဲ။ သိဒ္ဓိရှင်ဆိုလည်း သူတို့အိမ် ကြွပြီးပြီ။ ဘုန်းကြီးရဟန်းများလည်း ပင့်လို့ ဖိတ်လို့ ဆွမ်းလေးကျွေးလို့ ၊ တရားလေးနာလို့ လုပ်လှုပြီ။ ပရိတ်နာတာကလည်း ခဏခဏ။ ရက္ခစိုးစွမ်းတယ်ဆိုတဲ့ ညောင်ပင်မှာလည်း ပန်လိုက်ရတဲ့သားဆု ။

ရမယ့်ရတော့လည်း အလွယ်ကလေး ၊ ဘယ်လိုက ဘယ်လိုရမှန်း မသိဘူး ။ ဆံဖျားကနေ ခြေမထိ ကန်တော့ပါရဲ့။ မတရုတ်မ မိန်းမသဘာဝ ဥတုပန်းမပွင့်တဲ့ လမှာ ဆေးခန်းသွားပြတော့ ဆေးခန်းက သူ့ဆီးကို ပုလင်းလေး ထည့်ယူထားပြီး ၊ နောက်နေ့ကျ တစ်ခွန်းပဲ ပြောတယ် ။ "ပေ့ါဇတစ်"တဲ့ ။ စာရွက်လေးတစ်ရွက်လည်း ပေးတယ် ။

သည်ပေ့ါဇတစ်ဆိုတာ လင်မယားနှစ်ယောက်စလုံး ဆေးခန်းကသာ ငွေ ၅၀ ပေးပြီး ပြန်လာရတယ်။ ဘာမှန်းမသိဘူး။ ဆေးခန်းအပြင်ရောက်မှ မတရုတ်မကသူ့ယောက်ျားကိုကျောက်လုံးကို အထဲပြန်လွှတ်တယ်။ သေချာအောင် မေးပါဦးပေ့ါ။ ဘာပြောတာလဲပေ့ါလေ။ ကိုကျောက်လုံးကလည်း မယားကလွှတ်လို့သာကိုး။ သူလည်း မမေးရဲဘူး ။ ဒါပေမယ့်လည်း သူသိချင်တယ် ။

သည်တော့ ဆေးခန်းက စာရွက်ထုတ်ပေးတဲ့ လူကို ဝင်မေးရတော့တာပေ့ါ ။ ဆရာဝန်တော့ မဟုတ်ဘူး ။ ဆေးခန်း စာရေးနဲ့တူပါတယ် ။

“ဆရာကြီး ပေ့ါဇတစ်ဆိုတာ ဘာလဲခင်ဗျ”

“ပေ့ါဇတစ်ဆိုတာ ပေ့ါဇတစ်ပါပဲ ။ ဘာမှ မဟုတ်ပါဘူး”

သောက်ကျိုးနဲ။ ပေ့ါဇတစ်မသိလို့ မေးကာမှ ပေ့ါဇတစ်ဆိုတာ ပေ့ါဇတစ်ပါပဲဆိုတော့ ကိုကျောက်တုံး တော်တော်စိတ်ညစ်သွားတယ် ။ ဘာလဲဟ..ပေ့ါ ။ သူ့မိန်းမ မတရုတ်မက မေးတော့ သူလည်း ကြောင်တောင်တောင်ရယ် ။

“မသိပါဘူးဟာ ၊ ပေ့ါဇတစ်ပဲတဲ့”

“တော်စမ်းပါ ၊ တော်ဟာလေ မှန်း … ကျုပ်ဝင်မေးမယ်”

မတရုတ်မမေးတော့မှ ရှင်းတော့တယ်။

“ဆရာလေး ကျုပ်မယ် ကိုယ်ဝန်ရှိသလား သိချင်တာ”

“ရှိတယ်လေ ၊ ပေ့ါဇတစ်ပါဆိုမှ”

“ဩော်..သေချာရဲ့လား ဆရာလေး”

“ခက်ပ့ါဗျာ ၊ ပေ့ါဇတစ်လေ”

အဲသည်ပေ့ါဇတစ်နဲ့ပဲ လင်မယားနှစ်ယောက်ပြန်လာရတယ်ဆိုပါတော့ ။

“ဟန်ကျသဟ ။ ရမယ့်ရတော့လည်း ပေ့ါဇတစ်နဲ့ ရတာဟ ။ ဒီပေ့ါဇတစ်ဆိုတဲ့ကောင် ဘယ်က ရောက်လာတာလဲ။ ငါတော့ ဝမ်းသာသကွာ”

“ဟုတ်မှဟုတ်ရဲ့လား မသိဘူး ကိုကျောက်တုံးရယ် ။ တော်ကြာ လူမမွေးဘဲ ပေ့ါဇတစ်ဆိုတာများ မွေးနေဦးမှာလား”





“ပေါက်ကရဟာ ၊ မွေးတဲ့ကောင်တော့ ကောင်ထီးဖြစ်ဖြစ် ၊ ကောင်မဖြစ်ဖြစ် ပေ့ါဇတစ်လို့ နာမည်ပေးလိုက်မယ်”

ဘာပဲပြောပြော ဝမ်းသာတာပါပဲ ။ တကယ်လည်း ဗိုက်ကလေးထွက်လာတော့ ဘာပြောကောင်းမလဲ ။ ကိုကျောက်တုံးက သီချင်းတအေးအေးနဲ့ ။ မတရုတ်မက ပုဆိုးပိုင်းတွေ ဖွပ်လို့ ၊ စုလို့ ။ အနီးလုပ်ဖို့ ။ ညဘက်ဆိုရင် ကိုကျောက်တုံးက သူ့မိန်းမ ဗိုက်စူစူကို ပွတ်ရင်းသီချင်းဆိုတတ်တယ်။

“မေထုန် မမှီဝဲဘဲနဲ့ ချက်ပေါ် လက်ထောက်ရစ်လို့ သန္ဓေတည်” …တဲ့ ။ ထားပါတော့။ သံခဲကို မွေးတယ် ။ နာမည်လည်း သံခဲလို့ပဲ ကျန်းမာအောင်ဆိုပြီး ပေးတယ် ။ ချစ်တယ် ။ တုန်နေအောင် ချစ်တယ် ။ အလိုလိုက်တယ် ။သူများနဲ့ မတူအောင်ကို အလိုလိုက်တာ ။

တကယ်တော့ သူတို့လင်မယားလည်း ချမ်းသာတာတော့ မဟုတ်ဘူး ။ ဝက်ဆီဖတ် ရောင်းစားရတာ ။ အင်းစိန်ကမ်းနားက ဝက်ဆီဖတ်ဖိုမှာ ဝက်ဆီဖတ် တဆင့်ယူရင်းက အသက်မွေးရတာ ။ ဒါပေမယ့် ပြောခဲ့ပါပကော ။ သားလေးလည်း မွေးရော၊ ကိုကျောက်တုံး နှစ်ဆအလုပ်လုပ်တယ်။ မတရုတ်မက လည်း သားယောက်ျားလေးမွေးတာဆိုတော့ "ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေ အဖြစ်သို့ သွတ်သွင်းချီးမြှင့်လိုသည် ဘဝ "ဆိုတဲ့ ဖိတ်စာရိုက်ချင်နေပြီကိုး ။ သည်တော့ သူလည်း ကြိုးစားတာပါပဲ ။

သံခဲကလည်း မွေးကတည်းက မိဘနှစ်ပါး တစ်စက်ကလေးမှ မအိပ်ရအောင် သူငယ်နာ ကြွံဖဟုံး ရော၊ မှက္ခရုရောဂါ၊ လေဆန်နာ ရောဂါ၊ နေ့နဲ့ ည မှားတာရော၊ ကျောပူခေါင်းပူ ထတာရော၊ လေထိုးလေ အောင့်ရော…စုံနေတဲ့ကောင်ဆိုတော့ နာမည်ကသာ သံခဲ ၊ လူက တစ်တောင်သာသာ ဝါးခြမ်းပြားလောက်က မတတ်ဘူး။

တော်ရုံတန်ရုံ ငတ်မွတ်ခေါင်းပါးခြင်းသတင်းဓာတ်ပုံကို ဆိုမာလီသွားရိုက်စရာ မလိုဘူးဆိုတဲ့ကောင်။ ဂျစ်တိုက်တာလည်း အရမ်းပဲ။ ဒါဆို ဒါမှ၊ ဟိုဟာမရဘူး။ ဒါစားချင်တယ်ဆိုရင် ညသန်း ခေါင်ကြီး ပေမဲ့ လုပ်ပေးပဲ။ ညဘက် ဂီတာ ခေါက်ချင်တယ်ဆိုလို့ ရက်ကွက်ထဲ လိုက်ငှားပေးရတာ ခဏ ခဏ။ လူကသာ ၃ နှစ်သား ။ စကားကလည်း တတ်လိုက်တာ ။ မအေ့ဝမ်းထဲ လေး ငါးနှစ် အောင်းလာတဲ့ ကောင်ဆိုတော့ ဘာတက်သလဲမမေးနဲ့ ဆိုတဲ့အထဲက။ တခါက ညဘက် ထမင်းဝိုင်း မှာ ခါးပိုက်နှိုက် အကြောင်း ပြောကြတော့ သံခဲက နားစွန်နားဖျားနဲ့ ခါးပိုက်နှိုက်ကြည့်ချင်တယ်၊ ခေါ်ပေးရမယ် လုပ်ရော ။ ပြဿနာတက်တော့တာပဲ ။ ကိုကျောက်တုံးက ခါးပိုက်နှိုက် ငါကိုယ်တိုင်ပဲ ဆိုပြီး အမူအရာနဲ့ လုပ်ပြတော့မှ ငြိမ်တယ်။ တခါကလည်း နေ့လည်ဘက်ကြီး တစ်ဖက်အိမ်က

ဝန်ထမ်းလင်မယားက ဂျီအီးစီမှာ ပစ္စည်းထုတ်ရတာ တန်းစီရတာ မသက်သာဘူး ၊ ဘာညာလာ ပြောတာ မှတ်ထားပြီး ညဘက် ဂျီအီးစီ စားချင်တယ် လုပ်ရော ။

"ဟ…ဂျီအီးစီက စားရတာ မဟုတ်ဘူးကွ"

"စားမယ်…စားမယ်…ဝယ်ပေး"

နားငြီးသက်သာအောင် ဈေးဝကပလာတာ ဝယ်ပေးတော့ ဒါပလာတာကြီးတဲ့ ၊ ဂျီအီးစီ မဟုတ်ဘူးတဲ့ ။ ကြာတော့ ကိုကျောက်တုံးကလည်း ဒေါကန်လာရော ။

"ဟေ့ကောင် မင်းမပြောနဲ့ ၊ ငါလည်း မြင်ဖူးတာမဟုတ်ဘူး ။ မဟုတ်တာ ဂျီမကျနဲ့"

မရပါဘူး ။ ဂျီကျပြီးလူးလိမ့်ငိုတော့ ကိုကျောက်တုံး ဘီစကွတ်တစ်ထုပ် သွားဝယ်ပေးရတယ် ။ သံခဲကလည်း ဘာရမလဲ ။ ဒါလောက်တော့ သိတာပေါ့ ။

"ဒါ ဘီစကွတ်ကြီး" လုပ်ပြန်ရော ။ သည်တော့ မတရုတ်မက

"ဒါ ဂျီအီးစီ ဘီစကွတ်လေ" ဆိုတော့မှ အငိုရပ်တယ် ။ သံခဲက အဲလိုကောင် ။

တစ်နေ့ မတရုတ်မ အိမ်မှာမရှိဘူး။ ကိုကျောက်တုံးကလည်း ဝက်ဆီဖတ်သွားယူရတော့မယ်။ မထူးပါဘူး။ လိုက်ခဲ့ကွာ ဆိုပြီး ကမ်းနားက တရုတ် ဝက်ဆီဖတ်ဖိုကို သွားရော ။ အဲသည်မှာ ပြဿနာ စတာပါပဲ ။

အင်းစိန်ကမ်းနားက တရုတ် ဝက်ဆီဖတ်ဖိုမှာ လူကစုံတယ် ။ ဝက်ဆီဖတ်ဖောက်သည် လာယူကြ တာလည်း အများကြီး ။ ကိုကျောက်တုံးကတော့ လူရင်းဆိုတော့ နောက်ဆုံးမှယူတယ် ။ ဆိုင်မှာ ခဏတဖြုတ်ထိုင်ရင်းဆိုင်ကတိုက်တဲ့ ရေနွေးကြမ်းငုံ့သောက်တယ်။ သတင်းစာဟောင်းကို ဖတ် တယ်။ သံခဲကတော့ကလေးကိုး။ ဟိုဟိုဒီဒီ ကြည့်တယ်။ မျောက်ရှုံးအောင် ဆော့တယ်။ ခဏနေ တော့ သူတို့ ရမယ့် ဝက်ဆီဖတ်ခွဲတမ်းလည်း ရရော ၊ သားအဖနှစ်ယောက် ပြန်မယ်လုပ်တော့ သံခဲက မပြန်ဘူးတဲ့ ။ တစ်နေရာ လက်ညှိုးထိုးပြတယ်။

ကိုကျောက်တုံး ကြည့်လိုက်တော့ ကြက်တူရွေးတစ်ကောင် ။ တကယ့် အကောင်တော့ မဟုတ်ဘူး ။ ဂွမ်းမွှေးနဲ့ လုပ်ထားတဲ့ နယ်စပ်က ဝင်တဲ့ အရုပ်ကြက်တူရွေး ။ လှလိုက်တာလည်း မပြောနဲ့တော့။ ပလတ်စတစ် ကွင်းထဲမှာ တော်တော်လေးကြီးတဲ့ ကြက်တူရွေးတစ်ကောင် နားနေတဲ့ ပုံမျိုး။ ကိုယ်ထည်က စိမ်းစိမ်း ၊ နှုတ်သီးနီနီ ၊ ရင်ဘတ်မှာက  တော်တော်တောက်တဲ့ အဝါရောင်လေးနဲ့။ တော်တော့်ကို ချစ်စရာကောင်းတယ် ပြောပါတော့ ။ ဂွမ်းကြက်တူရွေး ပေါ့လေ ။

"အဲဒါ လိုချင်တယ်….အဲဒါ လိုချင်တယ် ….အဲဒါ လိုချင်တယ်"

ထုံးစံအတိုင်းပါပဲ ။ သံခဲ ဆူညံနေအောင် အော်တော့ တရုတ်ဆိုင်က လူငယ်လေးက ခဏတဖြုတ်





ပေးတယ် ။ သံခဲ ကိုင်ကြည့်တယ်၊ နိုပ်ကြည့်တယ်။ ဟိုဘက်သည်ဘက် လှည့်ကြည့်တယ်။

"အဲသလို မဟုတ်ဘူးကွ။ သည်ကောင်က စကားပြောတယ်။ ဒါတရုတ်က လာတာ၊ ခလုတ်ခဲထည့်ပြီး စကားပြောရင် သူက ပြန်ပြောတယ်။ ဒီမယ်ကြည့်"

ကောင်လေးက စိတ်လိုလက်ရပါပဲ ။ ကြက်တူရွေး ဖင်အောက်က အကန့်လေးထဲကို ခလုတ်ခဲလေး ထည့်ပြီး ခလုတ်ဖွင့်လိုက်တယ် ။ ပြီးတော့ ကိုကျောက်တုံးလို့ အော်လိုက်တော့ ကြက်တူရွေးရုပ်က

"ကိုကျောက်တုံး … ကိုကျောက်တုံး" တဲ့၊ နှစ်ခါ ပြန်အော်တယ်။ ကလေးမပြောနဲ့ ကိုကျောက်တုံးတောင် သဘောကျသွားတယ် ။ ဟ…လုပ်စမ်းပါဦးဟ..ဆိုပြီး သူကလည်း ကိုင် ကြည့်တယ်။ ကောင်လေးက အမျိုးမျိုး အော်ပြတာပါပဲ ။ ကြက်တူရွေးရုပ် ကလည်း နှစ်ခါ နှစ်ခါ ပြန်အော်တယ်။

"ထမင်းစားပြီးပလား…ထမင်းစားပြီးပလား"

"ဘာနဲ့ စားသလဲ…ဘာနဲ့စားသလဲ"

"ငါးဟင်းနဲ့…ငါးဟင်းနဲ့"

"စားပါဦး….စားပါဦး"

"နောက်လည်း လာလည်နော်….နောက်လည်း လာလည်နော်"

"ကျေးဇူးတင်ပါတယ်…..ကျေးဇူးတင်ပါတယ်"

ကောင်လေးက ပြောသမျှ ကြက်တူရွေးက နှစ်ခါ နှစ်ခါ ပြန်အော်ပြတော့ သားအဖ နှစ်ယောက်စလုံး သဘောတွေကျလို့ ။ ခလုတ်ကလေး ပိတ်လိုက်တော့မှ ကိုကျောက်တုံးက မေးတယ် ။

"ဒီကောင်က မြန်မာစကားပဲ တတ်သလား ၊ အင်္ဂလိပ်စကားကော တတ်သလား"

"မဟုတ်ဘူးလေ ၊ သူ့ဗိုက်ထဲမှာ ကက်ဆက်ကလေးပါတယ် ထင်တာပဲ ။ လူက ပြောသမျှ ၊ အသံထွက်သမျှ ပြန်အော်တာပေါ့ ။ ကြည့်…ကျွန်တော်ပြောပြမယ် ၊ ဂွတ်မောနင်း"

"ဂွတ်မောနင်း….ဂွတ်မောနင်း"

"ဟာ…တယ်ကောင်းပါလား ဟ…ဟေ"

ဒါပေမယ့် ပြဿနာတက်တော့တာပါပဲ။ သံခဲက ကြက်တူရွေးမရရင် မပြန်ပါဘူး လုပ်ပြီကိုး။ လိုချင် တယ်၊ ဖြုတ်ပေး…..လုပ်ရော။ ကိုကျောက်တုံးကလည်း လိုချင်တယ် ။ ဈေးမေးတယ်။

"ဈေးက ပိုင်ရှင်ပြောတာတော့ နှစ်ထောင့်ရှစ်ရာလို့ ပြောတယ်"

နှစ်ထောင့်ရှစ်ရာလည်း ဆိုရော ကိုကျောက်လုံး ဒုက်ခ ရောက်တာပဲ။ သူ ဘာတက်နိုင်မှာလဲ။ ခြစ်ခြုတ်ပြီး ဝယ်မယ်ဆိုဦးတော့ ဘယ်နှယ့်လုပ် ကြက်တူရွေးရုပ် နှစ်ထောင့်ရှစ်ရာ ပေးဝယ်မလဲ။

သံခဲကလည်း တက်မတက်ချက်မတက် ငိုရင်းက ပြန်ပါလာတယ် ။ တိုတိုပဲပြောကြပါစို့ ။ အဲသည်ညက သံခဲအပြင်းဖျားတယ် ။ ကယောင်ကတမ်း အော်တယ် ။ အပူက လည်း တော်တော်ကြီးတယ်။ လင်မယားနှစ်ယောက်လည်း စဉ်းစားသာ ကြည့်တော့လေ။ နှစ်ထောင့်ရှစ်ရာကို ဝယ်ပေးမလား။ ဘယ်လိုလုပ်မလဲ၊ ဒါကို ဘယ်လိုဖြေရှင်းမလဲ။ တညလုံးတိုင် ပင်ရတော့တာပေါ့။ သံခဲကတော့ ဖျားရင်းကပဲ မိုးသာလင်းရော၊ အော်တုန်း ။ မတရုတ်မကလည်း ဝက်ဆီဖတ်တောင် မရောင်းနိုင်ဘူး။ ကိုကျောက်တုံးကလည်း ဝက်ဆီဖတ်သွားမယူနိုင်ဘူး။ ခြစ်ခြစ် တောက်ပူနေတဲ့ သံခဲနား ထိုင်နေရတာကိုး ။ သည်လိုနဲ့ အကြံတစ်ခုရတယ် ။ သူ့သား သံခဲနဲ့ ညှိတယ်။

"ဒီလိုလုပ်၊ အဖေဝယ်ပေးမယ်၊ အခုတော့ မဟုတ်သေးဘူး။ အဖေတို့မှာ ပိုက်ဆံမရှိသေးဘူး။ ဒီတော့ ကြက်တူရွေးမရခင်စပ်ကြား အဖေ ကြက်တူရွေးလုပ်ပေးမယ်။ သားက မေး၊ အဖေက နှစ်ခါ နှစ်ခါ ပြောမယ်...ဖြစ်မလား"

ဆိုတော့ သံခဲက ခဏစဉ်းစားတယ်။ လူကသာ ၃ နှစ်သား ၊ လူပုံက လူကြီးပုံဖမ်းပြီးမှ "အင်း" တဲ့ ။ သည်လိုနဲ့ ကိုကျောက်တုံး ကြက်တူရွေးလုပ်ရတယ်။ အိမ်က ခန်းဆီးစကြီးကို ခြုံရတယ်။ သူ့မိန်းမ နှုတ်ခမ်းနီကို နှုတ်ခမ်းရော ၊ ဘေးပတ်ပတ်လည်ပါ ခပ်များများဆိုးပြီး ထိုင်နေရတယ်။ သံခဲက

"အဖေ" ...          "အဖေ...အဖေ"

"ကြက်တူရွေးကြီး" ...       "ကြက်တူရွေးကြီး ... ကြက်တူရွေးကြီး"

"မိုက်တယ်" ...   "မိုက်တယ်...မိုက်တယ်"

"ဟား ဟား ဟား" ...       "ဟား ဟား ဟား....ဟား ဟား ဟား"

"မဟုတ်ဘူး" ...  "မဟုတ်ဘူး.....မဟုတ်ဘူး"

သံခဲက သဘောကျသွားတယ်။ တစ်နေ့လုံး လုပ်ရတာတော့ မဟုတ်ဘူး။ စိတ်ကူးရတိုင်း ခိုင်းနေတာ။ ခိုင်းတာနဲ့ကိုကျောက်တုံးကလည်းအစကြီးခြုံရတော့တာ၊ နှုတ်ခမ်းနီကို ဆိုးရတော့တာ။ ကြာတော့လည်းမတတ်နိုင်တော့ဘူး။ မလုပ်ပေးနိုင်တောဘူးလေ။ သည်တော့ သံခဲက ဂျစ်ထိုးပါလေရော။ သည်တော့လည်းလုပ်ပေါ့။ သူ့မိန်းမကလည်း ကလေးကို စိတ်ချမ်းသာအောင် မထားဘူး၊ ဘာညာဆိုရင် ထ လုပ်ရတာလည်း ပါတယ် ။

"အဖေ" ...         "အဖေ...အဖေ"

"ဒါမှပေါ့" ...        "ဒါမှပေါ့.....ဒါမှပေါ့"

"ကြက်တူရွေးလေးရေ" ...  "ကြက်တူရွေးလေးရေ"

"ဟာ....နှစ်ခါအော်လေ၊ တစ်ခါတည်း အော်တယ်" ... "ဟာ...နှစ်ခါအော်လေ၊ တစ်ခါတည်း အော်တယ်....ဟာ နှစ်ခါအော်လေ၊ တစ်ခါတည်း အော်တယ် '

"ဟုတ်ပြီ ၊ ဒါမှပေါ့"





"ဟုတ်ပြီ ၊ ဒါမှပေါ့....ဟုတ်ပြီ ၊ ဒါမှပေါ့"

အဲသည်လိုနဲ့ နေ့ရှိသရွေ့ စိတ်ကူးရတိုင်း ခိုင်းတဲ့သားနဲ့ အမြဲအလိုလိုက်ရတဲ့ အဖေဟာ ဟန်ကျနေတယ် ပြောပါတော့။

သိပ်မကြာဘူး။ ခြောက်လလောက်ပဲ ကြာတယ်။ ကိုကျောက်တုံးဒုက္ခ ဖြစ်လာတယ်။ အိမ်မှာတင် မဟုတ်တော့ဘူး။ အပြင်မှာ စကားပြောရင်လည်း နှစ်ခါ နှစ်ခါ ပြောလာတယ်။ အစည်းအဝေးမှာလည်း (ဈေးအစည်းအဝေး၊ ရပ်ကွက်သာမူနာမူ အစည်းအဝေးတွေ) နှစ်ခါ နှစ်ခါပြောတယ်။ သည်တော့ သူနဲ့ကမဖြစ်တော့ဘူး။ သူကြားသမျှ နှစ်ခါချည်းပြောနေတော့မတရုတ်မလည်း မျက်လုံး ပြူးလာတယ်။ သံခဲကလည်းတစ်ချက်မှမလျှော့ဘူး။ ဘယ်ကပြန်လာပြန်လာ၊ အဖေ ကြက်တူရွေး လုပ်ရမယ်ဆိုပြီး ခိုင်းတယ်။ ခိုင်းတိုင်းလည်း ကိုကျောက်တုံးက လိုက်ကာစကြီး ခြုံတော့တာပါပဲ၊ နှုတ်ခမ်းနီနီ ရဲရဲကို ဆိုးတော့တာပဲ။

ခြောက်လက ရှစ်လကို ကူးလာတော့ ကိုကျောက်တုံးအသားတွေကိုက ပြာတာတာ စိမ်းတိမ်းတိမ်း ဖြစ်လာတယ်။ အသံက ဂစ်ဂစ်ဂဲဂဲ သြစူးစူး ဖြစ်လာတယ်။ နှုတ်ခမ်းက နှုတ်သီးလို ရှေ့ကို ထိုးထွက်လာတယ်။ မျက်လုံးကလည်း ဟိုကြည့်ဒီကြည့်နဲ့။ သူ့မိန်းမကတော့ ဆရာဝန်နဲ့ ပြတယ်။ မြန်မာဆေးနဲ့ကုတယ်။ ပယောဂဆရာနဲ့ တိုင်ပင်တယ်။ မရတော့ဘူး။ မတရုတ်မကတော့ စိတ်လည်း ညစ်၊ စိတ်လည်း မကောင်းဘူးပေါ့ ။

"ဖြစ်ရလေ ကိုကျောက်တုံးရယ်" ... "ဖြစ်ရလေ ကိုကျောက်တုံးရယ် ... ဖြစ်ရလေ ကိုကျောက်တုံးရယ်"

"စိတ်လည်း ထိန်းဦးမှပေါ့ တော်" ... "စိတ်လည်း ထိန်းဦးမှပေါ့တော် ... စိတ်လည်း ထိန်းဦးမှပေါ့တော်"

မရတော့ပါဘူး။ သံခဲကတော့ ကလေးမဟုတ်လား ၊ ဒါတွေဘာတွေမသိဘူး ။ သူ့အဖေ ဘာဖြစ်နေလဲသိတာမဟုတ်ဘူး။ သူလိုချင်တာသာသိတာကိုး။ ခိုင်းတုန်းပဲ၊ စိတ်ကူးရရင် ကြက်တူရွေး လုပ်ခိုင်းတုန်းပဲ။ ရက်ကွက်က လူတွေကတဆင့်စကားတဆင့်နားနဲ့ လာကြည့်ကြတယ်။ တချို့က စုတ်သပ်တယ်။ တချို့ကသနားကြတယ်။ တချို့ကအော့ကြောလန်တယ်။ တချို့က အပြစ်တင်တယ်။ ကိုကျောက်တုံးကတော့ ဘာမှကိုမသိတော့တာ။ သူ့အလုပ်ကမှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သေချာအောင် နှစ်ခါ နှစ်ခါ ပြောဖို့ပဲ။ လူတွေက လာကြည့်ရင်းက ၊ သူ့အဖြစ်ကို ကြည့်ရင်းက

"သြော်....ကျောက်တုံး...ကျောက်တုံး" ဆိုတော့ သူကလည်း

"သြော် ကျောက်တုံး...ကျောက်တုံး ၊ သြော် ကျောက်တုံး....ကျောက်တုံး" တဲ့ ။

# ကိုမာ





မှတ်မှတ်ရရ ကျုပ် ပေါင်မချိန်တာ ကြာပြီ။ လူဆိုတာက ပေါင် မချိန်ရင်လည်း နေလို့ရနေတာပဲ မဟုတ်လား။ ပြီးတော့ ကျုပ်ကကိုယ့်ပေါင်ချိန်လေးကို တစ်ပတ်တစ်ခါချိန်လိုက်၊ ကိုယ့်ခန္ဓာ ကိုယ်လေး ပြန်ငုံ့ကြည့်လိုက်၊အစားအသောက် လျှော့စားလိုက် လုပ်နေရမယ့် အရွယ်လည်း မဟုတ်ဘူး။ အဲသလို လုပ်နေရမယ့် အချိန်လည်းမဟုတ်ဘူး။ ကျုပ်တို့လူမျိုးက အရွယ်သုံးပါး ဆိုတာကြီးကို ပြဋ္ဌာန်းထားပြီးသား။ ပထမအရွယ်က ပညာရှာရမတဲ့၊ ဒုတိယအရွယ်မှာ ဥစ္စာရှာရမတဲ့၊ တတိယ အရွယ်မှာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရမတဲ့။

သည်လို ဆိုတာကိုး။ ကျုပ်က ဒုတိယအရွယ်ထဲလည်း ရောက်နေပြီ။ ဥစ္စာလည်း ရှာလွန်းလို့လည်း ထားစရာတောင် မရှိတော့ဘူး။ အကောင်းဆုံးဆိုတဲ့ အစားအစာ၊ ညွန့်ပေ့ဆိုတဲ့ အဝတ်အထည်၊ စွမ်းပေ့ဆိုတဲ့ ဆေးဝါးတွေကို ဥစ္စာငွေကြေးနဲ့သာ ရနိုင်တာကို ကျုပ်သိထားတာ ကြာပဲ ကြာလှပေါ့။ ဒါကြောင့် ကျုပ်ဥစ္စာပဲ ရှာတယ်။ ရှာသမှ ကျားစီးဖားစီးကို ရှာတာ။ ကျားကုတ်ကျားခဲကို ရှာတာ။ ရလည်း ရတယ်။ အချိန်ကာလကလည်း စီးပွားရှာလို့ကောင်းတဲ့ အချိန်ဆိုတော့ နေသာတုန်း အဝတ်လှန်းရတော့တာ ကလား။

ကျုပ် ဘီလပ်မြေ ရောင်းတယ်၊ ဝယ်တယ်၊ ကောက်တယ်၊ ထုတယ်၊ အင်ရိုက်တယ်။ သံချောင်းတွေ ရတဲ့ဆီက ဝယ်တယ်၊ ရောင်းတယ်။ လူတွေက ကျုပ်ကို နာမည်တောင် မခေါ်တော့ဘူး။ ကိုမာ...တဲ့။

သည်အိမ်ဆောက်ပစ္စည်းတွေကို "ကုန်မာ" လို့ ခေါ်ကြရာက ကျုပ်ကိုလည်း ကိုမာတဲ့၊ ကိုသံချောင်းတဲ့။ ခေါ်လေ...ဘာဖြစ်လဲ၊ ပွဲပါသွားတာမှတ်လို့။

နေဦး စကားပြတ်သွားတယ်။ စောစောက ကျုပ်ပြောခဲ့တာက ကျုပ် ပေါင်မချိန်တာ ကြာပြီ။ နှစ်ကိုတော်တော်ကြာပြီ ထင်တာပဲ။ အဲ နေဦး၊ အဲသည်ညနေကတော့ ကျုပ်ပေါင်ချိန်ဖြစ်သွားတယ်။ သိန်း ၂၀လောက်တန်တဲ့ ကျုပ်ကားကို ပန်းဆိုးတန်းလမ်းထဲ ရပ်ထားရင်းက ကိစ္စတစ်ခုနဲ့ လမ်းဆင်း လျှောက်ရင်း ပေါင်ချိန်မယ့် နေရာလေးကို ကျုပ်ရောက်လာတယ်။

ပန်းဆိုးတန်းလမ်းထောင့်က လက်ဖက်ရည်ဆိုင်ဘေးကွေ့ကလေးမှာပါ။ မှောင်ကလည်း မှောင်နေပြီ။ တော်တော်လေးကိုပဲ မှောင်နေပြီ။ ပေါင်ချိန်တဲ့လူက အသက်ကြီးကြီး မှုန်ကုပ်ကုပ်။ သူ့ပေါင်ချိန် သံချေးတက်ကလေးကို ဆေးသုတ်ထားတယ်။ ဒါကလည်း ဖယောင်းတိုင်မီးရောင်ကြောင့် ကျုပ်သိတာပါ။ ပေါင်ချိန်မယ့် သူဆိုတာက တော်တော့်ကို စိတ်ကူးတည့်မှ ချိန်တာ မဟုတ်လား။ သူ့မှာ

ကျုပ် ထင်သလောက်တော့ ဈေးဦးတောင် မပေါက်သေးဘူးလို့ ထင်တာပဲ။ သူကိုယ်တိုင်ကလည်း လူတွေကို မျှော်လင့်တကြီး စောင့်ကြည့်ပြီး၊ သူ့ပေါင်ချိန်ကိရိယာလေးပေါ် ဘယ်သူ ခြေအစုံ လာရပ်မလဲ ဆိုတာကို စောင့်နေတာမျိုးတော့ မဟုတ်ပါဘူး။

ကမ္ဘသကာပဲ၊ ရသလောက်ပဲ။ တစ်ကျပ်ရရ၊ နှစ်ကျပ်ရရ ရသလောက်နဲ့ ပြန်တော့မယ်ဆိုတဲ့ ပုံမျိုး။ ကျုပ်စိတ်ထဲလည်း သည်ပေါင်ချိန်လေးကို အာရုံကျသွားတယ်။ ဘီလပ်မြေမှုန့်တွေ၊ သံချောင်းပုံတွေ ကြားမှာ ဖွေးခနဲဝင်လာတဲ့ ငွေစက္ကူတွေကြားမှာ တခြားအာရုံတွေကို ကျုပ်အမှတ်ထင်ထင်ဖြစ်ခဲ့တယ်။ ကနေ့တော့ ကျုပ်ဘဝရဲ့ အပြောင်းအလဲနဲ့ပဲ တူပါတယ်။ ပေါင်ချိန်ကလေးကို အာရုံကျသွားတယ်။

ပေါင်ချိန်လိုက်ဦးမယ်ပေါ့လေ။ ပေါင်ချိန်ကိရိယာလေးပေါ် မတ်တပ်ရပ်လိုက်ချင်စိတ်တွေ တဖွားဖွား ပေါ်လာတယ်။ ကျုပ်ရဲ့ ကိုယ်ခန္ဓာကြီးတစ်ခုလုံးကိုသည်ကိရိယာလေးပေါ်တက်ရပ်လိုက်တာနဲ့ သည်ကိရိယာလေးက ကိန်းဂဏန်းတစ်ခုကို သူ့မှာပါတဲ့ လက်တံကလေးက ဒေါင်းခနဲနေအောင် ပြတော့မယ်။

အဲသည် ကိန်းဂဏန်းကိုပဲ ကျုပ်သိချင်တာ။ ဘယ်နပေါင်တောင် ကျုပ်လေးနေပလဲ။ ပေါင် ၁၇၀ လား၊ ၂၀၀ လား၊ ၂၂၀ လား၊ ဒါမှမဟုတ် ၂၅၀ လား၊ ဒါပဲ ကျုပ်သိချင်တာ။ကျုပ်ရဲ့ စူထွက်နေတဲ့ ဗိုက်သား၊ အထစ်သုံးထစ် ဖြစ်နေတဲ့ ကုပ်သား၊ ကြီးမားတဲ့ လက်ဖျံကြီးတွေနဲ့ ခြေသလုံးတွေ၊ မည်းပြောင်နေတဲ့ အသားအရေနဲ့ဆင်ပေါက်တစ်ကောင်လို ကိုယ်ခန္ဓာကြီးဟာ ဘယ်လောက် တောင် လေးလံနေပြီလဲ။

ကျုပ်သိချင်လိုက်တာ၊ ကျုပ်ရဲ့ ခြောက်ရာကျော်ကျော်တန်တဲ့ မွန္တလေးဖြစ် ခြေညှပ်ဖိနပ်ကို အသာချွတ် လိုက်တယ်။ ပေါင်ချိန်ကလေးပေါ်ကို ကျုပ် တက်ဖို့ တာစူလိုက်တယ်။ ပေါင်ချိန်ကလေး ကို ငုံ့ကြည့်ရင်းက ငေးငိုင်နေတဲ့အဘိုးကြီးက ကျုပ်ဖိနပ်ချွတ်လိုက်တာကို မြင်လိုက်တော့ ဖျက်ကနဲ လန့်သွားတယ်။ သူ့ဖောက်သည်တစ်ယောက် သူ့ရှေ့မှာရောက်နေပါလား ဆိုတာကို ဝမ်းသာအားရ အသိအမှတ်ပြုလိုက်တယ်။ အဝတ်စုတ်ကလေးတခု ကောက်ယူပြီး ပေါင်ချိန်ကိရိယာလေး ကိုတောင် သုတ်ပေးရှာပါသေးတယ်။ ပြီးတော့ ဖယောင်းတိုင်တိုလေးကိုနတ်ယူလိုက်တယ်။ ဂဏန်း တွေကို ဖတ်ဖို့ပါ။

သူ့ဘက်က အသင့်ဖြစ်ပြီဆိုတာ ကျုပ်သိလိုက်ပါတယ်။ ပေါင်ချိန်ပေါ်ကို ကျုပ်တက်လိုက်တယ်။



ကျုပ် ခြေဖဝါးနှစ်ဖက်အောက်မှာ ပေါင်ချိန်ကလေးဟာ ပျောက်နေတယ်။ ကျုပ်လည်း ဟန်ချက်ညီညီ အသားတကျ ရပ်နေမိပြီ ဆိုတော့မှ အဘိုးကြီးက သူ့ပေါင်ချိန် မှန်ကွက်ထဲက အလန့်တကြားပြေးထွက်သွားတဲ့ ညွှန်တံ မည်းမည်းကလေးကို ဖယောင်းတိုင်မီးလေးနဲ့ လိုက်ဖတ် တယ်။ မရနိုင်ပါဘူး။ ဘယ်လိုမှကို ဖတ်မရနိုင်တော့ဘူး။ အဲသည် ညနေက စပြီး ကျုပ်ဘဝမှာ မထင်မှတ်တာတွေ ဖြစ်လာခဲ့တာပဲ။

အဲသည်ကတည်းက ကျုပ်ဟာ ကမ္ဘာလောကကြီး တစ်ခုလုံးမှာ ဘယ်လူသားမှ မဖြစ်ခဲ့ဖူးတဲ့ ရောဂါဆန်းတစ်ခုကို ကျုပ်ရလာခဲ့တာပဲ။ သည်ရောဂါကြောင့်ပဲ နောင်အခါမှာ နိုင်ငံတော်တော် များများက ဆေးဘက်ဆိုင်ရာ ပါရဂူကြီးတွေဟာ ကျုပ်တို့တိုင်းပြည်ကို အခေါက်ခေါက်အခါခါ ရောက်လာခဲ့ကြတယ်။

ကျုပ်ကို အမျိုးမျိုးစမ်းသပ်စစ်ဆေးခဲ့ကြတယ်။ ထင်မြင်ချက်တွေ ပေးခဲ့ကြတယ်။ ရောဂါနာမည် တပ် ခဲ့ကြတယ်။ အဲသည်ညနေက ပေါင်ချိန်တဲ့ အဘိုးကြီးဟာ သူ့ဖယောင်းတိုင်မီးလေးနဲ့ ညွှန်တံက လေးကို ဖတ်ဖို့ကြိုးစားတုန်းမှာပဲ ကျုပ်ရောသူပါဘယ်လိုမှမထင်တာတွေ ဖြစ်သွားခဲ့တယ် ပြော ပါတော့။ တိုတိုပဲ ပြောပါစို့။ ပေါင်တစ်ခါချိန် ၁ ကျပ်လို့ ရေးထားတဲ့ ပေါင်ချိန်ခကို ကျုပ် အဲသည် ညနေက ငွေ ၈၀၀ ပေးခဲ့ရတယ်။ နှစ်ရာတန် လေးချပ်ပေါ့။ မပေးလို့လည်း မရဘူး။ သူ့ပေါင်ချိန် ကလေးဟာ ကျုပ်လည်းတက်လိုက်ရော ညွှန်တံက တအားပြေးထွက် သွားတယ်။ ထွက်သွားတာမှ အတွင်းထဲကို တခါတည်း ဝင်သွားတာ၊ ပြန်မထွက်လာတော့ဘူး။

ကျုပ်လည်း အလန့်တကြား ဆင်းလိုက်တယ်။ ကျုပ် အာရုံထဲမှာလည်း ခြေဖဝါးတွေဆီက တခုခုကို ရနေပြီလေ။ ထင်တဲ့အတိုင်းပါပဲ။ ပေါင်ချိန်ကလေးဟာ ကျုပ်လည်း ဆင်းလိုက်ရော၊ တစစီ ကြေမွနေပြီ။ အရိုးတခြား အသားတခြား ဖြစ်သွားခဲ့ပြီ။

"ခင်ဗျား ပေါင်ချိန်စက် ဘယ်လောက်ပေးရသလဲ"

အဘိုးကြီးက တခြားကမ္ဘာတစ်ခုက ဥက္ကာခဲတစ်ဖဲ့ ဝင်ဆောင့်ခံလိုက်ရသလိုမျိုးနဲ့ ကျုပ်ကို မော့ ကြည့်တယ်။ အံ့သြကြီးစွာနဲ့ ကျုပ်ကို မော့ကြည့်တယ် ပြောပါတော့။

"ငါးရာပါ၊ အဟောင်းကလေး၊ မိတ်ဆွေတစ်ယောက်ဆီက ကျွန်တော်...."

သူဘာတွေ ပြောနေတာလဲ ကျုပ်သတိတောင် မထားမိတော့ပါဘူး။ စက်ဖိုး ငွေရှစ်ရာ ပေးထားခဲ့ တယ်။ ပြီးတော့ ပထမဦးဆုံးအကြိမ် ကျုပ်ကိုယ်တိုင် တုန်လှုပ်ချောက်ချား သွားခဲ့ရတယ်။ ကျုပ်ရင် ထဲ မကောင်းတာ တစ်ခုကလည်း ကပ်ပါလာသေးတယ်။ ကျုပ်ကိုယ်ကျုပ် ဘယ်လောက်လေးလံ

တယ်ဆိုတာ ကျုပ်မသိလိုက်ရတာပဲ။ ဒါထက်ဆိုးတာက ကျုပ်နလုံးတွေ တဆတ်ဆတ်တုန်ခါနေတာပါပဲ။

ကျုပ်နေတဲ့ တိုက်ရှေ့ရောက်လို့ ကျုပ် ကားပေါ်က ဆင်းလိုက်တော့လည်း တစ်ခု သတိထားမိသွားတယ်။ ကျုပ်လည်းဆင်းလိုက်ရော ကျုပ်ကားလေးဟာ လေးလံတဲ့ တစ်စုံတစ်ခု ဖိထားရာက လွတ်လိုက်သလို မြင့်တက်သွားတယ် ဆိုတာကို ဒရိုင်ဘာကတောင် သတိထားမိသွားတယ်နဲ့ တူပါတယ်။ ကျုပ်ကို လှည့်ကြည့်တယ်။ ကျုပ်က တိုက်ပေါ်မတက်သေးပဲ ခြံဝင်းအနောက်ဘက်က ဂိုဒေါင်တွေဘက်ကို သွားတယ်။ အင်မတန်ကြီးမားတဲ့ ဂိုဒေါင်ကြီးလေးလုံးနဲ့ အပြည့်လှောင်ထားတဲ့ ဘိလပ်မြေအိတ်တွေကို ကျုပ် သွားကြည့်ချင်သေးတာကိုး။

အဲသည် အရသာကို ကျုပ် ခံချင်သေးတယ်။ ဒါလည်း ကျုပ်ရဲ့ အစွဲအလမ်းထဲက တစ်ခုပေါ့လေ။ ဂိုဒေါင်ထဲမှာ အမိုးထိအောင် ပြည့်နေတဲ့ ဘိလပ်မြေအိတ်တွေဟာ မြင်မကောင်းဘူး။ ပြည်တွင်းဖြစ် ဘိလပ်မြေတွေက ပိုများပါတယ်။ ပြည်တွင်းဖြစ်မှာမှ ကြံခင်း၊ သရက်၊ မြိုင်ကလေးက သူ့အပုံနဲ့သူ သတ်သတ်ခွဲထားတယ်။ နိုင်ငံခြားဖြစ် ဘိလပ်မြေက ဂိုဒေါင်တစ်လုံး သတ်သတ်ထားတယ်။ နိုင်ငံခြားဖြစ်လည်း ဂိုဒေါင်အပြည့်ပါပဲ။

"ဘယ်လောက်ရောင်းသလဲဟေ့"

"ငါးရာ့နှစ်ဆယ်ပါပဲ"

"အေး ကောင်းတယ်"

"ကနေ့ အထွက် အိတ်လေးထောင်ကျော်တယ် ဆရာကြီး"

"အေး ကောင်းတယ်"

"သံချောင်းက တစ်ကျုပ်လုံးတွေ ထပ်ရောက်လာတယ်၊ ထားစရာမရှိတော့ဘူး၊ နေရာရွှေ့ချင်တယ်"

"မရွှေ့နဲ့၊ နက်ဖြန်ကားတွေလာယူလိမ့်မယ်၊ တန် ၂၀၀ လောက်အထွက်ရှိတယ် ကြားလား"

"ဟုတ်ကဲ့ ဆရာကြီး"

ကျုပ်က ဘိလပ်မြေဂိုဒေါင် အတွင်းပိုင်းကို ဝင်လိုက်တယ်။ မီးတွေ ထိန်နေအောင် ထွန်းထားတဲ့ ကွက်လပ်ထဲမှာ အလုပ်သမား ၃၄၀ လောက်ဟာ ဘိလပ်မြေမှုန့်တွေကို အိတ်သွတ်နေတယ်။ ကြမ်းပြင်တစ်ခုလုံးမှာ ဘိလပ်မြေမှုန့်တွေ မြင်မကောင်းဘူး။ ကျုပ်စိတ်ထင် ခြေသလုံး တစ်မြုပ်စာလောက် ရှိမယ်။

ဂေါ်ထိုးတဲ့သူက ထိုး၊ အိတ်ချုပ်တဲ့သူက ချုပ်ပေါ့လေ။ မိန်းမတွေကတော့ ခဲနေတဲ့ ဘိလပ်မြေတုံးတွေကို ထုချေနေကြတယ်။

"အိတ်ပြဲတွေ များလို့လား၊ အိတ်ပြဲကို ဘာလို့လက်ခံတာလဲ"

"အိတ်ပြဲတွေချည်း တော့ မဟုတ်ပါဘူး၊ နံ့မှုန့်တွေလည်း ပါပါတယ်"

"အင် နှစ်တန်လောက် လိုချင်တဲ့လူရှိလို့တဲ့"

"အိတ်ကလေး လေးဆယ်ဝယ်မယ့်သူကို ဒါတွေ လုပ်ပေးမနေနဲ့ ကြားလား၊ အလကား အလုပ်ရှုပ်ခံလို့။ အိတ်တွေ သွတ်ပြီးချိန်ကြဦးဟေ့၊ ပိုနေဦးမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

မျောက်ထီး၊ မျောက်မတွေလို မျက်ကွင်းလေးတွေပဲ ပေါ်နေတဲ့ ဘိလပ်မြေအိတ်သွတ်၊ အိတ်ထမ်း၊ အိတ်ရွှေ့ အလုပ်သမားတွေကို ကျောခိုင်းပြီး သံချောင်းပုံဘက်ကို ထွက်လာခဲ့တယ်။

စက်ရုံထွက် အစည်းလိုက် ပက်ကင်ထုပ် သံချောင်းစည်းတွေပေါ်ကို ကျုပ်တက်လိုက်သည်။ လှေကားလို ဖြစ်နေတဲ့ သံချောင်းထုပ်တွေဟာ ကျုပ်တက်လိုက်တိုင်း ညွတ်ခနဲ ညွတ်ခနဲ အိကျသွားတာကို ကျုပ်သတိတော့ ထားမိသား။ ဘာရယ်လို့ မဟုတ်ဘူး၊ သည်လိုပဲ သံချောင်းတွေပေါ် တက်လိုက်၊ ဘိလပ်မြေဂိုဒေါင်တွေကို တံခါးဖွင့်ခိုင်းပြီး ဘိလပ်မြေမှုန့်တွေကို အူထနေတဲ့ ဂိုဒေါင်တွေကို ကြည့်လိုက် နေရတာဟာ ကျုပ်အဖို့ အရသာလေ။

သည်အရသာကို ဘာနဲ့မှ ကျုပ်မလဲနိုင်ဘူး။ အခုဆိုရင် ကျုပ်ရဲ့ ဘိလပ်မြေနဲ့ ကျုပ်ရဲ့ သံချောင်းတွေဟာ နေရာတော်တော်များများမှာ သုံးနေကြပြီလေ။

ကျုပ်အတွေးနဲ့ကျုပ် သံချောင်းပေါ်က ဆင်းလိုက်ရော၊ ကျုပ် ဟန်ချက်ပျက်သွားတယ်။ လဲမလိုဖြစ်သွားတယ်။ ဒါကို အနားက ကျုပ်တပည့်မောင်သောင်းက သတိထားမိလို့ ကျုပ်ကို လှမ်းတွဲလိုက်တယ်။ ထိန်းလိုက်တာပါ။ ဒါပေမယ့် သူ ကျုပ်ကို မနိုင်ဘူး။ ကျုပ်ကိုယ်တိုင် သူ့ကိုယ်ပေါ်ကို ပိလဲကျသွားတယ်။

ကျုပ်ကတော့ ဘာမှမဖြစ်ပါဘူး။ နည်းနည်းလေး လန့်သွားရုံပါ။ မောင်သောင်းကတော့ ပေါင်ကျိုးသွားရှာတယ်။ ဒါကလည်း သိပ်ပြဿနာမရှိပါဘူး။ ကားငှားပြီး ဆေးရုံပို့လိုက်ရုံပါပဲ။ မောင်သောင်းကိစ္စပြီးလို့ ကျုပ်အိမ်ပေါ်တက်တဲ့လှေကားထစ်တွေပေါ်မှာတော့ မောင်သောင်းပြောသွားတဲ့ စကားကို ကျုပ်က ရယ်ချင်တယ်။ သူကတော့ ထိတ်လန့်တကြားပြောသွားတယ်။

"ဆရာကြီး ကိုယ်ခန္ဓာက သိပ်လေးတယ်။ ဆရာကြီး ကျွန်တော့်ကို နင်းလိုက်တာ ဆင် နင်း

လိုက်သလား မှတ်ရတယ်”

တိုက်ပေါ်ရောက်တော့ ဒရင်းဘက်ပေါ်ကို လှဲချလိုက်တယ်။ ကျုပ်ဟာကျုပ်လည်း စဉ်းစားတယ်။ ကနေ့ ဘာဖြစ်နေတာလဲ။ ကနေ့မှ ငါ ဘာကြောင့် လေးလံနေတာလဲ၊ ငါ့ကိုယ်ငါတော့ လေးလံမှန်း မသိပါလား။ ခါတိုင်းလိုပါပဲ၊ ပေါ့ပေါ့ပါးပါးပါပဲ၊ ဆေးရုံရောက်သွားတဲ့ ကောင်ကော အခြေအနေ ကောင်းပဲ့မလား စသဖြင့်ပေါ့လေ၊ တွေးနေဦးမှာပါပဲ။

ကျုပ်ထိုင်နေတဲ့ ဒရင်းဘက်ရဲ့ သံမဏိချောင်းထောက်တွေဟာ ဆန့်ခနဲ ညွတ်ကျသွားတယ်။ သံမဏိနဲ့ မဟုတ်ဘဲ ကြိမ်နဲ့ လုပ်ထားတဲ့ ကုလားထိုင် တစ်လုံးလိုပဲ ညွတ်ကျသွားတာ။ သက္ကလတ် အခင်းဟာလည်း ပြဲပေါက်ပြီးတော့ ကျုပ်ခန္ဓာကိုယ်ကြီး တစ်ခုလုံး ကျွံကျသွားတယ်။

“ဟော အစ်ကိုကြီး လဲကျသွားပြီ”

ရေခဲစိမ် coke တစ်ဘူးကို ယူလာတဲ့ အိမ်ဖော်မလေးရဲ့ အသံက တအားစူးထွက်လာတယ်။ ခဏနေတော့ ဂိုဒေါင်ဘက်က အလုပ်သမားတွေရောက်လာကြတယ်။ ၁၀ယောက်လောက်ရှိမယ် ထင်ပါရဲ့။ ကျုပ်ကို မရေဖို့ ကြိုးစားကြတယ်။ အလုပ်သမားကြီး ၁၀ ယောက်လောက်က ဝိုင်းမလို့ ကျုပ်ခုတင်ပေါ် ရောက်သွားတယ်။ ကျုပ်ရဲ့ ခန္ဓာကိုယ်ကို မ နေတုန်းမှာ သူတို့ဟာ သတ္တုတုံးကြီး တစ်တုံးကို မ ရွှေ့ရသလို ချွေးပြန်နေကြတာကိုလည်း ကျုပ် သတိထားမိရဲ့။

ဘာဖြစ်နေတာလဲ၊ ဘာဖြစ်နေတာလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ။ အဲသည်တုန်းမှာ တရားရိပ်သာက ပြန်လာတဲ့ ကျုပ်မိန်းမရဲ့ အသံကို ကျုပ်ကြားလိုက်တယ်။ ကျုပ်ရှိရာ ခုတင်ဆီကို စိုးရိမ်တကြီး အူယားဖားယားပြေးလာတယ်။ ကျုပ်နဖူးပေါ်က ချွေးတွေကိုလည်း သူ့လက်ကိုင်ပဝါအဖြူလေးနဲ့ တယုတယ သုတ်ပေးရှာတယ်။

“ဘယ်လိုဖြစ်တာလဲ ကိုကိုရယ်”

ကျုပ်မိန်းမရဲ့ အံ့သြတကြီး လန့်အော်လိုက်တဲ့ အသံကို ကျုပ် ဘယ်တော့မှ မမေ့နိုင်တော့ဘူး။ ကျုပ်နဖူးက ချွေးတွေကို သုတ်လိုက်တော့ လက်ကိုင်ပဝါမှာ ပေကျံကုန်တာ ချွေးတွေ မဟုတ်ဘူး။ ဘိလပ်မြေ နဲ့ သံချေးမှုန့်တွေရောထားသလို ဖြစ်နေတဲ့ ဖြူညစ်ညစ် အမှုန့်တွေ။

“ဘုရား....ဘုရား'

ခက်တာက ကျုပ်ကိုယ်တိုင်တော့ ဘာမှ ထူးထူးခြားခြား ဖြစ်မနေပါဘူး။ သာမာန်သူလို ကိုယ်လိုပါပဲ။ စားစားနေနေပါပဲ။ စားလို့လည်း ကောင်းနေတုန်းပါပဲ။ နေရထိုင်ရတာလည်း ပေါ့ပေါ့ပါးပါးပဲ။





ဒါပေမယ့် ကျုပ်မိန်းမက သိတယ် မဟုတ်လား။ ပိုက်ဆံလည်း ရှိတော့ သူများထက်ပိုတယ်။ သူများထက် အဖြစ်သည်းတယ်။ သီတင်းသုံးပတ်အတွင်းမှာ ကျုပ်ကို ဆရာဝန် ၂၀ လောက် ပြပြီးပြီ။ ထိုင်နေရင်းက ဒရင်းဘက် ကျွံကျတဲ့ ရောဂါဆိုတာကို အခြေခံပြီး ကုတာဆိုတော့ ဘာမှလည်း မထူးခြားဘူးလေ။ ပိုက်ဆံတွေသာ ထောင်နဲ့ သောင်းနဲ့ ချီကုန်သွားတယ်။ ဆရာဝန်တွေသာ ပြောင်းသွားတယ်။ ဆရာဝန်တွေလည်း ဘာမှ မပြောနိုင်ဘူး။

ကျုပ်လည်း ကျုပ်မိန်းမ စိတ်ချမ်းသာရင်ပြီးရော နေလိုက်တာပါပဲ။ကုချင်သေးတယ် ဆိုတော့လည်း ကုပေါ့။ ခွင့်ပြုပါတယ်။ ဒါပေမယ့် နှစ်ဆယ်တစ်ယောက်မြောက် ဆရာဝန်ကတော့ ကျုပ်ကို ထူးထူးခြားခြား တစ်ခုလုပ်ခိုင်းတယ်။ ဓာတ်မှန်ရိုက်ခိုင်းတာပါ။

ကျုပ်က ဒါတွေလည်း သိပ်နားမလည်ပါဘူး။ ကျုပ်မိန်းမက အာလ်ထရာဆောင်း မဟုတ်ဘူးလား ဆိုတော့ မဟုတ်ဘူးတဲ့၊ ဓာတ်မှန်ပဲ ရိုက်ပါတဲ့။ ဆရာဝန် စိတ်ချမ်းသာအောင် ကျုပ် အရိုက်ခံလိုက် ပါတယ်။ ရိုက်တာမှ တကိုယ်လုံးကိုအပိုင်းလိုက်အရိုက်ခံလိုက်ပါတယ်။ ဦးခေါင်း၊ ရင်ညွှန့်၊ ကျောပြင်၊ ခါးအောက်ပိုင်း၊ ခြေ၊ လက် အားလုံးကို အပိုင်းလိုက် ရိုက်တာပါ။ အဲသည်မှာတင် ဓာတ်မှန်တွေကို ကြည့်ပြီး ရောဂါနာမည်တပ်မယ့် ဆရာဝန်ဟာ သူကိုယ်တိုင်လူနာ ဖြစ်သွားတော့ တာပါပဲ။ သူ့နဖူးပေါ်က ချွေးသီးတွေကပဲ ကျုပ်စိတ်ထင် လက်သန်းဖျားလောက် ရှိမယ်ထင်ပါရဲ့။

“ခင်ဗျားမှာ အင်မတန်ထူးဆန်းတဲ့ ကိုယ်ခန္ဓာဖွဲ့စည်းပုံမျိုးရှိနေတယ်။ ကျွန်တော့် တစ်သက် မှာ မမြင်ဖူးတဲ့ ဖွဲ့စည်းပုံမျိုးပဲ။ ကမ္ဘာ့အဝှမ်းက ဘယ်ဆရာဝန်လောင်းမှ ဆေးကျောင်းမှာ လက်တွေ့မ သင်ခဲ့ရတဲ့ ကိုယ်ခန္ဓာ ဖွဲ့စည်းပုံမျိုးပဲ”

“ဘာတွေဖြစ်နေလို့လဲဗျာ၊ ပြောပါဦး”

ဆရာဝန်က ဓာတ်မှန်တွေကို အလင်းရောင်မှာ ထောင်ကြည့်ပြန်ရော။ ပိုသေချာအောင်လို့နဲ့တူ ပါတယ်။ ပြီးမှ သူ့မှတ်ချက်ကို ပြောတယ်။ ကျယ်ကျယ်လောင်လောင်ကြီး။

“ခင်ဗျားရဲ့ အရိုးတွေက သာမာန်လူရိုးတွေ မဟုတ်ဘူး။ သံချောင်းတွေကို တစ်ချောင်းနဲ့ တစ်ချောင်း တွေ့ပြီး ဂဟေ ဆော်ထားသလို ဖြစ်နေတယ်။ သံချောင်းတွေကို ထိပ်ဆိုင်ပြီး မီးဂဟေနဲ့ တို့ထားသလို ဖြစ်နေတယ်။ နောက်ပြီးတော့ ကိုယ်ခန္ဓာတစ်ခုလုံးမှာ အစက်အမှုန်လေးတွေ အများ ကြီးပဲ။ ကြောက်စရာကောင်းလောက်အောင် များနေတယ်။ ဒါ ဘာတွေဖြစ်နိုင်မလဲ။ ကျွန်တော် လည်း မခန့်မှန်းတတ်ဘူး”

“သံချောင်းတွေလို ဟုတ်လား”

“ဟုတ်တယ်၊ ဓာတ်မှန်ထဲမှာ ကြည့်ပါလား။ လိုအပ်တာထက် ပိုပြီးဖြူဖွေးနေတာတွေ၊ အရိုးချင်းဆက်တဲ့ ကွိုင်နေရာတွေမှာ ဖုမရှိဘဲ သံချောင်းချင်း ဆက်ထားသလို ဖြစ်နေတာတွေ”

ကျုပ်မျက်လုံးထဲမှာတော့ တစ်ကျုပ်လုံး သံချောင်းတွေကိုပဲမြင်နေတယ်။ အစက်အမှုန်ကတော့ ဘိလပ်မြေမှုန့်တွေ များလား။ ဘိလပ်မြေဆိုတာ ထုံးကျောက်ကို မီးဖုတ်ထားတဲ့ အမှုန့်ကို ဂေါ်တန်ကျောက်မှုန့်နည်းနည်းနဲ့ ပေါင်းဆက်ထားတဲ့၊ အင်မတန်လေးလံတဲ့ အမှုန့်တွေ ဆိုတာလောက်တော့ ကျုပ်သိထားတော့ သည်အစက်အမှုန်တွေဟာ ဒါပဲဖြစ်ရမှာပေါ့။ ခက်တာက ကျုပ်က ဒါတွေကိုသာ အရောင်းအဝယ်လုပ်နေတာ၊ ကျုပ်ကိုယ်တိုင် ရှုမိစရာ အကြောင်းမှ မရှိတာ။ ဘိလပ်မြေရောင်းနေပေမယ့် ဘိလပ်မြေမှုန့်နဲ့ ကျုပ်နဲ့က တခြားစီ။ ဒါပေမယ့် ဓာတ်မှန်မှာ ဒါတွေပေါ်နေပြီဆိုတော့ ဆန်းမနေဘူးလား။

ကျုပ်ခန္ဓာကိုယ်ဟာ တကယ်ပဲ သံချောင်းတွေနဲ့တွေဆက်ထားပြီး ဘိလပ်မြေနဲ့ ကျံထားတဲ့ ဖွဲ့စည်းပုံမျိုးလား။ ကျုပ်ဟာ ကွန်ကရစ်နဲ့လုပ်ထားတဲ့ လူသားလား။ ဒါဟာဘယ်တုန်းက စ ဖြစ်တာလဲ။ အခုမှ ဘာကြောင့် ဖြစ်လာရတာလဲ။ ဒါဖြင့် အခုထိ ကျုပ်က ဘာလို့ အသက်ရှင်နေရသေးတာလဲ။ ကျုပ်ဘာကိုမှ နားမလည်နိုင်တော့ပါဘူး။ ဆရာဝန်ကတော့ မျက်လုံးတွေ တောင်တစ်လုံး၊ မြောက်တစ်လုံးနဲ့ အိတ်ကလေးဆွဲပြီး ပြန်ထွက်သွားလေရဲ့။ နောက်ထပ် သီတင်းကိုးပတ်လောက်မှာတော့ ကျုပ် ဆေးရုံပေါ်ကို တကယ်ရောက်နေပါပြီ။ ဝန်ချီစက်နဲ့ မပြီး မတင်ရရုံတမည်ပါပဲ။

နောက်ထပ်ရိုက်တဲ့ ဓာတ်မှန်တွေထဲမှာ အစက်အမှုန်တွေဟာ များသထက် များလာရာက ခန္ဓာကိုယ်တစ်ခုလုံး ပြည့်နှက်သွားတယ်လို့ ဆိုတယ်။ ကျုပ်ခြေထောက် အောက်ပိုင်း ခြေမျက်စိလောက်ထိဟာ လှုပ်ရှားလို့မရဘဲဖြစ်သွားတယ်။ သည်မှာတင် ကျုပ်ဆေးရုံရောက်လာတာပါပဲ။ ရောဂါရှာဖွေရေးဌာနက ကျုပ်ရဲ့အသားတစ်သျှူးအစတွေကို ဓာတ်ခွဲကြည့်တဲ့အခါ ထုံးခါတ်နဲ့ဂေါ်တန် ကျောက်မှုန့်တွေကိုသာ တွေ့ရတဲ့အကြောင်း၊ လူရဲ့ ပါဝင်နေကျ အသားဓာတ် ကလာပ်စည်းတွေဟာ တဖြည်းဖြည်း ခြောက်သွေ့ကုန်တဲ့အကြောင်း၊ ရေဓာတ်ဟာလည်း ခန်းခြောက်သထက် ခန်းခြောက်လာတဲ့အကြောင်းကို အေးခဲမသွားသေးတဲ့ ဦးနှောက်ကတဆင့် ကျုပ်ကြားသိခွင့် ရနေသေးတာကိုပဲ ကျုပ်ကျေးဇူးတင်နေရသေးတယ်။

ကျုပ်ရဲ့ ရောင်းဝယ် ဖောက်ကားမှုကိုလည်း ကျုပ်မိန်းမဟာ ဦးဆောင်ပြီး လုပ်နေရတုန်းပါပဲ။ အမိုး





ထိပြန့်နေတဲ့ ဘိလပ်မြေအိတ်တွေ၊ မြင်မကောင်းအောင် ဟည်းထနေတဲ့ သံချောင်းပုံတွေဟာလည်း ခါတိုင်းလိုပါပဲ။ ကျုပ်ရဲ့လုပ်ငန်းခွင်မှာ သံချောင်းတွေ၊ ဘိလပ်မြေတွေ ဝင်လိုက်ထွက်လိုက်၊ ငွေစက္ကူတွေဟာ ဖွေးခနဲ ဖွေးခနဲ ဝင်လာလိုက် ဖြစ်နေတုန်းမှာပဲ။ ကျုပ်ဟာ ဆေးရုံရဲ့ အထူးမှန်လုံခန်းထဲမှာ ကျောက်တုံးကြီးတစ်တုံးလို ငြိမ်သက်နေရပေါ့ပေါ့လား။ နောက်ထပ် သီတင်းလေးပတ်လောက်မှာ ရေမလောင်းပဲ ပစ်ထားတဲ့ မဆလာ(ဘိလပ်မြေသရိုး) တွေလို ခြေမျက်စိအောက်ပိုင်းဟာ ကြွေကျကုန်တယ်။ ကျုပ်ရဲ့ နလုံးကတော့ လှုပ်နေတုန်းပါပဲ။

ကျုပ်ရဲ့ နှုတ်ခမ်းတွေကလည်း လှုပ်နေတုန်းပါပဲ။ ဒါပေမယ့် အသက်မဝင်တော့ဘူး၊ ရေမဝင်တော့ဘူး၊ မျက်ရည်ကျလို့မရတော့ဘူး။ ခံစားမှုကို ဘာနဲ့မှ ပြလို့ မရတော့ဘူး။ တစ်ကိုယ်လုံးဟာ မာကျောသွားပြီ။ ဆေးရုံမျက်နှာကျက် ကျောက်ပြားတွေကိုပဲ ကျုပ်မျက်လုံးတွေ မျက်တောင် မပုတ်မခတ်ကြောင်တောင်တောင် ကြည့်နေတာကို ကျုပ်ငြီးငွေ့လှပြီ။ သည်အချိန်မှာ စကားတစ်ခွန်း နှစ်ခွန်း စပြောချင်ပေမယ့် မရတော့ဘူးလေ။

“ဒါပဲ ဆက်လုပ်၊ သည်စီးပွားရေးကိုပဲ ဆက်လုပ်၊ တခြားဟာကို မလုပ်နဲ့။ ဘိလပ်မြေနဲ့ သံချောင်းဟာ ဈေးကွက်က တောင်းဆိုနေတဲ့ အရာတွေ…ဒါပဲ”

ကျုပ်ရဲ့ ဇနီး၊ သားသမီး၊ မိတ်ဆွေသင်္ဂဟ၊ ပုဂ္ဂိုလ်သူငါ ခွဲခြားနိုင်စွမ်းတောင်မရှိတော့အောင် ဖြစ်လာခဲ့တယ်။ နိုင်ငံတကာက တစ်ယောက်စီ၊ တစ်ဖွဲ့စီ လာလာကြည့်ကြတဲ့၊ စမ်းသပ်ကြတဲ့၊ သုတေသနပြုကြတဲ့ ဆရာဝန်တွေလည်း ချွေးသီးချွေးပေါက်တွေ ကျပြီး ပြန်ကုန်ကြပြီကော။

၂၀ ရာစု နှောင်းပိုင်း ဆေးပညာဟာ ကျုပ်ကို ဘာမှန်းမသိတဲ့ ဝေဒနာအဖြစ်၊ နာမည်တပ်လို့မရတဲ့ ရောဂါအဖြစ်သာ ကင်ပွန်းတပ်နိုင်ကြတော့တယ်။ သည်လိုနဲ့ပဲ အေးခဲမာကျောစွာ ကျုပ်သေဆုံးသွားခဲ့ရတယ် ပြောပါတော့။ သည်လိုနဲ့ ကျုပ်ရဲ့အသုဘ အခမ်းအနားမှာ အသုဘယာဉ် ရှေ့ကမဟုတ်ဘဲ ဝန်ချီစက်ရှေ့က သွားနှင့်နေရတာကို လူတွေက တအံ့တသြ မြင်နေကြရတယ်။

ကျုပ်ရဲ့ခန္ဓာကိုယ်ကြီးတစ်ခုလုံးဟာ ကွန်ကရိတုံးကြီး တစ်တုံးဘဝ ပြောင်းသွားခဲ့လို့သာ သေတယ်လို့ ပြောကြပေမယ့်၊ ကျုပ်မှာ အသိအာရုံတွေ ရှိနေသေးတာကို ကျုပ်ဟာ ကျုပ်ပဲ သိတယ်။

ကျုပ် မသေသေးဘူးဆိုတာကို ကျုပ်ဟာ ကျုပ်ပဲ သိတယ်။ ခန္ဓာကိုယ်ကြီးက သေသွားပြီ ဆိုပေမယ့် ကျုပ်ရဲ့ နာမ်ဓာတ်က ရှင်သန်နေတုန်းဆိုတာကို ကျုပ်ပဲ သိနေတယ်။ တကယ်တော့ ကျုပ်ဟာ သေကောင်ပေါင်းလဲ မေ့မြောနေတာပါ။

ဆေးပညာ အလိုအရတော့ ကိုမာ (coma) ဖြစ်နေတာပေါ့လေ။ ကျုပ်ကိုလည်း ကိုမာလို့ ခေါ်နေကြတော့ ကိုမာရဲ့coma ပေါ့လေ။ ကျုပ်တခုပဲကြောက်တယ်။ ကျုပ်ရဲ့အုတ်ဂူကို ကျုပ်မိန်းမက ကျုပ်ရောင်း တဲ့ ဘိလပ်မြေနဲ့လုပ်လိုက်မှာကိုပဲ၊ ကျင်းကိုခပ်တိမ်တိမ် တူးပြီး မြှုပ်လိုက်မှာကိုပဲ။ စဉ်းစားကြည့်လေ။

လူတစ်ကိုယ်လုံး သံချောင်းတွေနဲ့ သေဆုံးသွားတယ် ဆိုတဲ့ လူတစ်ယောက်ရဲ့ အလောင်းကို သံချောင်းဝယ်သူတွေ အလွယ်တကူတူးဖော်ပြီး တစ်စစီတစ်ဖဲ့စီ ရိုက်ချိုးနေကြရင် ဘယ့်နယ်လုပ်မလဲ။ ကျုပ်ကိုယ်ခန္ဓာ အပေါ်ယံ အင်္ဂတေတွေကို တူကြီးကြီးနဲ့ ရိုက်ခွာပြီး အထဲက သံချောင်းတွေကို ယူသွားကြရင် ဘယ့်နယ်လုပ်မလဲ။

လူတွေကဘိလပ်မြေဆိုရင် သားရဲမင်းရဲစီးနေကြတာ။ သံချောင်းဆိုရင်ကျားစီးဖားစီး ဖြစ်နေကြတာကလား။ . . . ကျုပ် ဒါပဲ ကြောက်တယ်။

============================



# ငှက်စုန်း

သည်ရွာကလေးကို လူတွေက လက်ပဒေါလို့ ခေါ်တယ်။ တကယ် စာနဲ့ ပေနဲ့ ရေးရင်တော့ လက်ပံတော ဖြစ်ရမှာပေါ့လေ။ ဖိတ်စာတွေ ဘာတွေမှာ လက်ပံတောရွာနေ အဘ ဦးဖိုးဂေါင်ကို အမှူးထား၍ ဘာညာစသဖြင့် ရိုက်ရင်တော့လက်ပံတောလို့ ရိုက်ကြတာပေမယ့် လူတွေ ပါးစပ်ကတော့ လက်ပဒေါ ခေါ်တာပါပဲ။ လက်ပဒေါဆိုရင်လည်း သည်ရွာကို ညွှန်းမှန်း သိတယ်။ ခက်တာက ရွာကိုသာသိတာပါ၊ သွားတာတော့ ဘယ်သူမှ မသွားချင်ဘူး။ သွားရတာကလည်း လွယ်တာ မဟုတ်ဘူး။ ဆည်မြောင်း လက်တံမြောင်းကို ကန့်လန့်ဖြတ်ရတာလည်း ရှိတယ်။ လက်တံမြောင်းကြီးကလည်း တစ်ခါတစ်ခါ ပဲချိန်၊ နှမ်းချိန် ရေလွှတ်ထားရင် လူ့ခါးစောင်းလောက် ရေရှိတာဆိုတော့ တော်ရုံလူက တော်ရုံ ကိစ္စနဲ့ မဖြတ်ကြဘူး။ တော်တော်ဝေးတဲ့ နေရာမှာတော့ မြောင်းကူး အုတ်တံတားဟောင်းကြီး ရှိပေမယ့် ဘယ်သူက အဲသည့် သွားကူးနေမှာတုံး။ ဝေးသမှ တော်တော့်ကိုဝေးတာ။ ကူးပါပြီတဲ့။ တစ်ဖက်ကမ်းရောက်လို့ ပြီးသေးတာမဟုတ်ဘူး။ ပြောင်းတောကြီးကိုဖြတ်ရသေးတာ။ ပြောင်းတော့ထဲ မရောက်ခင် ပပ်ကြားအပ်နေတဲ့ လယ်တော့ချောက်ချောက်ကြီးထဲကို တော်တော်လေးဆင်းရသေးတယ်။ ပြီးမှ ပြောင်းခင်းထဲရောက်တယ်။ ပြောင်းခင်းကို ဖြတ်ပြီးရင် လက်ပဒေါရွာစပ်ကို ရောက်ပြီ။ ယာခင်းမြေနီစပ်က ကိုလုံး ထန်းရွက်တဲပဟာ လက်ပဒေါရဲ့ ရွာဦးဆိုင်းဘုတ်ပဲ။

ဒါပေမဲ့ ပါးစပ်က ပြောရတာသာ လွယ်တာကလား။ တကယ်သွားတော့ သည်လောက်လွယ်တာ မဟုတ်ဘူး။ ဒါဖြင့်ရင် စက်ဘီးနဲ့ သွားပါလား ဆိုတော့လည်း စက်ဘီးစီးစရာကိုပဲ လမ်းမရှိတာ။ မြင်းလှည်းတော့လည်း ဖျစ်ဖျစ်မြည်သွားရင် ရပေမယ့် အုတ်တံတားရှိတဲ့ နေရာထိက ဝေးတော့ မြင်းလှည်းက လက်ပဒေါဆိုတာနဲ့ 'အားပေါင်ဗျာ' လုပ်တော့တာ။ ဒါက လက်ပဒေါကို သွားဖို့ ကိုယ့်ဘက်က စဉ်းစားတာ။ လက်ပဒေါဘက်ကတော့ စဉ်းစားနေတာ မဟုတ်ဘူး။ မြောင်းလက်တံကြီးကျော်ပြီး ကမ်းပေါ်တက်လိုက်မှ မြစ်လောင်းဇရိယာထဲရောက်တာဆိုတော့ လာရတာပဲ၊ ကူးရတာပဲ။ ကျားတံဆိပ်မီးခြစ်တစ်ဖာနဲ့လည်း  မြောင်းရေထဲကူးရတာပဲ။ ဘီအိုစီဖယောင်းတိုင် လေးတစ်တိုင်နဲ့လည်း ပြောင်းခင်းထဲ မြွေမကြောက်၊ ကင်းမကြောက် ကူးရတာပဲ။ လင်က ကွင်းကြုကွင်းကြားထဲက ထွက်လာတဲ့ ကြွက်ကို ခုတ်ထစ်ပြီး ရင်နှစ်ခြမ်းခွဲ၊ မီးရဲရဲမှာ ကပ်ပြီးရင် ကင်ထားတဲ့

တုတ်တံမည်းမည်းနဲ့ပဲ ထဘီ ရင်လျားကြီးနဲ့ မြစ်လောင်းကို ပြေးရောင်းရတာကလည်း ကြွက်ရရင် ရသလိုကိုး။ မီးခြစ်တစ်ဖာ၊ ဖယောင်းတိုင်တစ်တိုင်နဲ့ မြစ်လောင်းသွားရလို့ လက်ပဒေါမှာ အိမ်ဆိုင် မရှိတော့ဘူးလား ဆိုတော့လည်း မရှိဘူး။ အိမ်ဆိုင်နေနေသာသာ ဖျားလို့ နာလို့ ဆေးခန်း၊ ဆေးရုံ မရှိတာထား။ ကျားခေါင်းလေး၊ ချမ်းအေးလေးတစ်ထုပ်လောက်ဝယ်ချင်လို့တောင် ကိုယ်ခွဲမရှိ ရင် အဖျားတက်ကြီး နဲ့ ပြေးရတဲ့ရွာကိုး။ လက်ပဒေါရဲ့ နာမည်ကျော် ရောင်းကုန်ကတော့ လယ်ကြွက်၊ ကွင်းကြွက်ကို တုတ်နှစ်ချောင်းထိပ်ဆိုင်ချည်ပြီး ကင်ထားတဲ့ကြွက်ကင်ပဲ။ ကြွက်ကင် သွားရောင်း၊ ရောင်းရတဲ့ ပိုက်ဆံနဲ့ဆန် နို့ဆီဘူးနှစ်ဘူးသုံးဘူးဝယ်ပြီး ပြန်လာတာဟာ မြစ်လောင်းနဲ့ လက်ပဒေါရဲ့ ကုန်ကြမ်းပေး ကုန်ချောယူ ဆက်ဆံရေးပဲ။ မြစ်လောင်းကလူတွေကလည်း လက်ပဒေါ ကြွက်ကင် များတော့ ကြိုက်တယ်။ ကြိုက်တဲ့အချိန်ယူသာလာခဲ့။ နောက်ဆုံး လူတွေအိပ်ချိန်ဆိုရင်တောင် ဘုံဆိုင်ကိုသာ နှိုး၊ ယူတယ်။ ပိုက်ဆံမယူချင်ပါဘူးဆိုရင် ဆန်နှစ်ဘူး ချင်ပေးတယ်။ လက်ပ ဒေါမှာ ကြွက်ကင်ဟာ ပိုက်ဆံပဲ။ လက်ပဒေါမှာ ကြွက်တွင်းရှာတာဟာ ပိုက်ဆံရှာတာပဲ။ မြစ်လောင်း ဆိုတာကတော့ သည်နားတကြောမှာ တိုက်နယ်ကြီးရွာဆိုတော့ ဂါတ်တဲရှိတယ်။ စာသင်ကျောင်း ရှိတယ်။ တူတူတန်တန်ဈေးကလေး ရှိတယ်။ ဆန်စက်တောင် တစ်လုံးလား၊ နှစ်လုံးလား ရှိတယ်။ ထားပါတော့။ သောင်သာတယ်ဆိုတော့ကာ မြစ်လောင်းသူ မြစ်လောင်းသားက ဈေးထဲမှာ ယောကျ်ား၊ မိန်းမ အရောင်မွဲမွဲတွေ့ရင် ဒါ လက်ပဒေါက ဆိုတာ သိတော့ သူတို့အချင်းချင်း စကားပြောရင်တောင် 'လူကိုယ်က လက်ပဒေါကာလာနဲ့' လို့ ပြောတက်ကြတာတွေလည်း ရှိတယ်။

လက်ပဒေါကလူတွေ ဆင်းရဲကြတာကို ပြောချင်တာပါ။ ဆင်းရဲပေမယ့် လက်ပဒေါသားတွေဟာ ရိုးသားကြတယ်။ မြစ်လောင်းဂါတ်တဲက လက်ပဒေါကို တရားခံ သွားဖမ်းရတယ်ဆိုတာ တခါမှ မရှိခဲ့ဘူး။ လက်ပဒေါက တဲကလေးတွေဟာ ဘာတံခါးမှ မရှိတာတောင်မှ သစ်သားယောက်မတစ် ချောင်း မပျောက်ဖူးဘူး။ ရွာသားအားလုံးကတော့ ကြွက်ထိုးစားတာမဟုတ်ဘူး။ သည်ဆည်မြောင်း လက်တံကြီးကို ဖာဖို့၊ ထေးဖို့၊ ပြုပြင်ဖို့ ရာသီအလိုက် ခန့်ထားတဲ့ အလုပ်သမားတွေလည်း ရှိတယ်။ သူတို့ကိုသည်အရပ်က "မြောင်းလျှောက်" လို့ခေါ်တယ်။ မြောင်းကြီးတစ်လျှောက် လမ်းလျှောက် ရင်းက မြောင်းကျိုးတာ၊ မြောင်းပေါ့တာ လိုက်ဖာရတဲ့သူတွေဆိုတော့ မြောင်းလျှောက်လို့ ခေါ်တာ လည်း မမှားဘူး။ ခက်တာက သည်အလုပ်က မိုးတွင်းမှာမှ ခဏကလေး ခန့်တာ။ နွေမှာ အလုပ်မရှိ ဘူး။ ကိုယ့်ဟာကို ရှာလုပ်ပဲ၊ ရှာစား၊ ရှာသောက်ပဲ။ လက်ပဒေါကို ခရီးကြုံမှာရင်လည်း ရတယ်။

"လက်ပဒေါက မြောက်ဆောက် ပုံတီးကို ပြောလိုက်စမ်းပါကွာ။ နက်ဖျင်ညှ အဆော့ကျောင်းကို လာပါလို့။ မြစ်လောင်းက စံထွန်းအလှူမတိုင်ခင် မြေညှိချင်လို့လို့..နော" လို့မှာလိုက်ရုံပဲ။ မြောင်းဆောက်ဆိုတာ မြောင်းလျှောက် ကိုပုံတီးက ပေါက်တူးကိုင်ပြီး





မြစ်လောင်းကို သုံးလေးရက် ကူးသွားတာပါပဲ။ ပြောချင်တာက လက်ပဒေါက လူတွေဟာ အဲသလို လူတွေ။ လက်ပဒေါဟာ အဲလို ရွာကလေး။ လက်ပဒေါဟာ ရှိလှရင် အိမ်ခြေ နှစ်ဆယ်ကျော်ပဲ။ လက်ပံပင်ကြီးတစ်ပင်တည်း ရွာထိပ်ရှိနေတာကို ဘယ်သူက လက်ပံတော လုပ်ထားတာလဲ ဘယ်သူမှ မသိဘူး။ ဒါက အကြောင်းလည်း မဟုတ်ပါဘူး။ နာမည်ရှိနေတာပဲတော်လှပြီ။ နောက် ရွာအနောက်ဘက်မှာ သင်္ချိုင်းကလေးရှိတယ်။ သည်သင်္ချိုင်းရာကလေးက လက်ပဒေါသင်္ချိုင်းသက် သက်တော့ မဟုတ်ဘူး။ လက်ပဒေါနောက် ဝေးဝေးက ကြက်ဆူပင်၊ မိုးနံကုန်း၊ ပျဉ်းမကုန်း ရွာတွေ ကလည်း လူမှ သေရင်သည်သင်္ချိုင်း လာတာ ပဲ။ သင်္ချိုင်းစပ်မှာ ညောင်ပင်အိုကြီးတစ်ပင်ရှိတယ်။ တစ်ခြမ်းကခြောက်တောင်နေပါပြီ။ တစ်ခြမ်းက ခြောက်လို့၊ တစ်ခြမ်းကစိမ်းလို့၊ ထားပါတော့။ အပင် ကလည်း ကြီးကြီးဆိုလို့ လက်ပဒေါမှာ သည်လက်ပံပင်နဲ့ သည်ညောင်ခြောက်ပင် နှစ်ပင်ပဲ ရှိတယ်။

တစ်နေ့တော့ လူဦးရေ တစ်ရာကျော်လောက်နဲ့ ဆင်းဆင်းရဲရဲနေရတဲ့ သစ်ပင်ကြီး နှစ်ပင်နဲ့ လက်ပဒေါမှာ လူသေမှုစဖြစ်တယ်။ လူသေမှုကို ပြောတာနော်၊ လူသတ်မှု မဟုတ်ဘူး။ သူ့ဟာသူ နေရင်းထိုင်ရင်း သေတာကို ပြောချင်တာ။ ဟာ...လူနေတဲ့ရွာပဲ၊ လူသေတာ ပြောစရာလားလို့ မေးချင်ရင်လည်း မေးဖို့ပဲ။ ဒါပေသိ လက်ပဒေါမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၊ အစိတ်ကတည်းက ကနေ့ထိ တစ်ခါမှ လူသေဖူးတာ မဟုတ်ဘူး။ နာမည်ကသာ လက်ပဒေါသင်္ချိုင်း။ လက်ပဒေါသား လက်ပဒေါသူ တစ်ယောက်မှ မြေကျဖူးတာ မဟုတ်ဘူး။ နှစ်အစိတ် ဟိုဘက်မှာတော့ ရှိချင်လည်း ရှိမယ်။ ဒါတော့ ဘယ်သူမှ မပြောနိုင်ဘူး။ မှတ်မိသလောက်တော့ သည်နှစ်ပေါင်း အစိတ် သုံးဆယ်လောက်ထဲမှာတော့ သေဖူးတယ်။ ဒါတော့ သေချာတယ်။

တစ်ညတော့ လက်ပဒေါရွာကို ကန့်လန့်ဖြတ် ပျံသွားတဲ့ ငှက်တစ်ကောင်က စူးစူးကြီး အော်ရင်း လက်ပဒေါညကို ခပ်ပြင်းပြင်း ပုတ်နှိုးလိုက်တယ်။ သည်ငှက် အော်သံမျိုး လက်ပဒေါက အင်မတန် ဆင်းရဲတဲ့ လူတွေမကြားဖူးတာကြာပြီ။ သည်ရွာက လူတွေကလည်း ဟိုကတစ်တဲ၊ သည်ကတစ်အိမ်၊ လက်ပဒေါ လာစုရင်းက နေကြရတာဆိုတော့ ကိုယ်ဖြတ်သန်းကြီးပြင်းခဲ့ရာ ငယ်ဘဝတုန်းကတော့ ကြားဖူးကြတာချည်းပေါ့။ ဒါဟာ ငှက်စုန်းတစ်ကောင်ရဲ့ အော်သံဆိုတာ လောက်တော့ သိတာပေါ့။ သည်ကောင်မှ အပေါ်က ဖြတ်အော်ရင်၊ ဒါမှမဟုတ် လူမဟာ အိမ်ခေါင်က ဖြတ်အော်ရင် ဒါဟာ မင်္ဂလာမရှိဘူး ဆိုတာလောက်တော့ သိတာပေါ့။ အဲသည်ညက သိခြင်းနဲ့ ကြောက်ခြင်းဟာ တစ်ချိန်တည်း ဖြစ်တယ်။ အဲသည်မှာတင် တစ်ရွာလုံးက ငှက်စုန်းသံကြားတာနဲ့ အိပ်ရာထဲ လှဲနေရာက ထကြတယ်။ ပါးစပ်ကလည်း "ဖွဟဲ့...နင့်ဒဏ် နင်ခံ၊ နင့်ဒဏ် နင်ခံ " ရေရွတ်ကြတယ်။ ပြီးတော့ မိသားစုတွေဟာ မီးတိုင်ခွက်ရောင် နီကြင်ကြင်၊ မှုန်တိမှုန်ဝါးထဲမှာ တစ်ယောက်မျက်နှာ

တစ်ယောက် လိုက်ကြည့်နေကြတယ်။ မိန်းမကလည်း ယောက်ျားကို"တော် နေကောင်းပါတယ် နော်" ဆိုတဲ့ မျက်နှာနဲ့ ကြည့်တာ။ ယောက်ျားကလည်း "နင် နေရထိုင်ရတာ ကောင်းရဲ့လား မိသေးရာ" ဆိုတဲ့ မျက်နှာနဲ့ ကြည့်တာ။ ယောက်ျားကလည်း "နင် နေရထိုင်ရတာ ကောင်းရဲ့လား မိသေးရာ" ဆိုတဲ့ မျက်နှာနဲ့ ကြည့်နေတာ။ နီးစပ်ရာ ကိုယ့်ကလေးတွေရဲ့ နဖူးတွေကိုလည်း မှတ်မှတ်ရရကြီး စမ်းလိုက်ကြတာလည်း လက်ပဒေါက တဲကလေးတွေထဲမှာ အားလုံးတူတူလောက် နေမှာပါ။ အင်းလေ။ ညဘက်ထွက်တဲ့ ညငှက်တစ်ကောင်က သူ့ဟာသူ သူ့ငှက်လမ်းကြောင်းပေါ်မှာ ပျံသန်းရင်း အော်ဟစ်လိုက်တဲ့အသံဟာ လူတွေအားလုံး ငုတ်တုတ်ထထိုင်ကြရတယ်။ ပါးစပ်က လည်း ပြိုင်တူတစ်စုံတစ်ရာရေရွတ်လိုက်တယ်။ သည်ငှက်သံကပဲသေခြင်းတရားကို ကိုက်ချီပြီး ရွာကလေးပေါ် ပစ်ချထားခဲ့တာမျိုးလို မျက်နှာထားတွေဖြစ်သွားကြရတယ်ဆိုတာကလည်း စဉ်းစား ကြည့်ရင် ရီတော့လည်း ရီစရာကြီးပေ့ါလေ။ ဒါပေမယ့် ဒါဟာ ရီစရာမဟုတ်ပါဘူး။ လက်ပဒေါမှာ နှစ်တော်တော်ကြာကြာပျောက်ကွယ်နေတဲ့ သေခြင်းတရား ရုတ်တရက်ရောက်လာ တာဟာ ရယ်မောစရာကိစ္စမဟုတ်ပါဘူး။ လူသေတာဟာ နှစ်သက်စရာ မဟုတ်ဘူး။ ဒါပေသိ လက်ပဒေါမှာ လူက တကယ့်ကို အဲသည်ညကသေတယ်။ သေတဲ့သူက လှတင်လို့ ခေါ်တယ်။ မြောင်းလျှောက် ပါပဲ။ လက်ပဒေါကို ငှက်စုန်းဖြတ်သွားပြီး လူတွေအားလုံးလောက် အိပ်မောကျ နေချိန်မှာ လှတင်ကြွက်ထိုးတဲ့ မိန်းကို ထောက်ရင်း သူ့တဲကို ပြန်ရောက်လာတယ်။

"မြမေ...ထစမ်း၊ ငါ့ကို အကောင်ကိုက်လိုက်လို့"

ဒါပဲ ပြောနိုင်တယ်။ တဲဝမှာ ဝုန်းခနဲ လဲသွားတယ်။ သူ့မိန်းမမြမေက နိုင်သလောက်ပွေ့ပြီး တဲအတွင်း ဘက်ကိုသွင်းတယ်။ အကောင်ကိုက်လိုက်တယ်ဆိုတဲ့ နေရာတွေကိုရှာကြည့်တယ်။ လယ်ထဲ ကွင်းထဲ ကြွက်သွားထိုးတဲ့လူ အကောင်ကိုက်တာ ခြေဖျားလောက် ဖြစ်ရမှာပေ့ါလို့ တွက်ရင်း ကြည့်လိုက် တော့ ဆေးလိပ်မီးနဲ့ ထိုးထားလို့ အသားစတွေ လန်နေတဲ့ ညာဘက် ခြေဖနှံဟာ မောက်မောက်ကြီးရောင်ကိုင်းနေတယ်။

"ကိုလှတင်..ကိုလှတင်"

မရဘူး၊ ခေါ်လို့မရတော့ဘူး။ တော်တော့်ကို ဝေးတဲ့နေရာလောက်က ငှက်စုန်းထိုးသံကြီး တစ်ချက် ကြားပြီး ဘာကြာတုံး၊ လှတင် သေရော။ မမြမေ ငိုသံကငှက်စုန်းထက်ကျယ်တော့ အားလုံးနိုး ကုန်ကြရော။ မမြမေတို့ တဲကလေး ရှေ့ကို စုစုဝေးဝေး ရောက်လာကြတယ်။ မိုးမလင်းတလင်း ညကြီးသန်းလွဲမှာ လက်ပဒေါက လူတွေဟာ သေသူရဲ့ ခြေထောက်က ဒဏ်ရာကို မကြည့်ဘူး။ မည်းနက်နေတဲ့ ကောင်းကင်ကို မော့ကြည့်နေကြတယ်။ ငှက်တစ်ကောင်ကို ရှာနေကြတာထင်ပါရဲ့။

"မနက် မြစ်လောင်းက ဘုန်းကြီးပင့်ဖို့ စီစဉ်ကွာ"

တစ်ယောက်က အကြံပေးတယ်။ လက်ပဒေါမှာ သရဏဂုံ တင်စရာ ဘုန်းကြီးမှ မရှိတာကိုး။





လက်ပဒေါမှာ ငှက်စုန်းကြီး အော်လို့ ငါးရက်တောင်မပြည့်သေးဘူး။ လက်ပဒေါမှာပဲ နောက်တစ် ယောက်သေပြန်ရော။ သေတဲ့သူက ကျင်စိန်တဲ့။ အရက်သမားပါ။ လက်ပဒေါမှာ လူကောင်း သူကောင်းချည်း ရိုးရိုးသားသားနေတယ်ဆိုပေမယ့် အရက်ကလေးတမြမြနဲ့သူလည်း ရှိတာ ပေ့ါလေ။ ပြီးတော့ ရွာမှာ ဘုန်းကြီးကျောင်းသာ မရှိတယ်။ ဘုံဆိုင်ကလေးတော့ ရှိတယ်။ ကျင်စိန် သေတာကလည်း ဆန်းတယ်။ အဲသည် ညဦးက ကျင်စိန် အရက်ကလေးထွေထွေနဲ့ သီချင်း တွေဆိုရင်းကတဲရှေ့ ကွပ်ပျစ်ကလေးမှာသေနေတယ်။ မနက်ခင်းကျင်စိန်နဲ့ သိုးကျောင်း သွားနေ ကျ ထွန်းပေါ်လာနိုးတော့ နိုးမရတော့ဘူး။ စမ်းကြည့်တော့ မာတောင့်နေပြီ။

"ကျင်စိန်တော့ သေပြန်ပြီ။ အင်း ငါထင်တယ်။ ညက ငှက်စုန်းထိုးကတည်းက တခုခုတော့ ဖြစ်တော့မှာပဲ ဆိုတာ"

"ဟာ ဘကြီးက ဘယ်တုန်းက ထိုးလိုတုံး၊ ညက မထိုးပါဘူး"

"ထိုးပါသော်ကော မောင်ရာ၊ ညက လေတွေ တဝူးဝူး အော်တိုက်နေတာ အကြာကြီး။ လေလေးလည်း ငြိမ်ရော ငှက်စုန်းထိုးလိုက်တာ သံပြာကြီးနဲ့"

ကျင်စိန်အလောင်းရှေ့ရောက်နေတဲ့ လက်ပဒေါသားတွေ အားလုံးငိုင်သွားကြတယ်။ အင်မတန် ကြမ်းတမ်းခက်ခဲတဲ့ သည်နေရာကလေးကို၊ အင်မတန်ဆင်းရဲ ကျပ်တည်းကြတဲ့ သည်နေရာ လေးကို သေမင်းကဘယ်လိုရှာတွေ့ သွားရတာတဲ့လဲ။ သည်ငှက်စုန်းကကော ဘယ်သူက လွှတ် လိုက်တာလဲ။ နှစ်ပေါင်းများစွာ တစ်ခါမှတောင် မကြားဖူးတဲ့ ငှက်အော်သံကြီးဟာ ဘယ်က ဘယ်လို ရောက်လာတာတဲ့လဲ မသိဘူး။ သူတို့ဘာကိုမှ မသိတာပါ။ သူတို့ ဘယ်လိုမှ ဉာဏ်မမီနိုင်တာကိုပဲ တွေးနေကြတာ အကြာကြီး။ ပြီးတော့ ကိုယ့်တဲကလေးတွေဆီ ကိုယ်ပြန်ကြတယ်။ လက်ပဒေါသား တွေ ကြွက်ကောင်းကောင်းမထိုးနိုင်ဘူး။ မြောင်းကောင်းကောင်း မလျှောက်နိုင်ကြဘူး။ သည်ည ကော ငှက်စုန်းလာဦးမှာလား၊ လာရင်ကော အော်ဦးမှာလား၊ အော်ရင်ကော သေဦး မှာလား၊ သေရင်ကော ဘယ်သူလဲ။

ကျင်စိန်သေလို့ တစ်လကျော်ကျော်ကြာတော့ လူတွေဟာငှက်စုန်းကို မေ့သွားကြတယ်။ လက်ပဒေါ မှာ လူသေတာဟာပြောစရာတော့ ဖြစ်သွားတာပေ့ါလေ။ လက်ပဒေါသားတွေဟာ သည်အကြောင်း ကို အခုတွေးရင် အခု ကြောက်ကြတယ်။ ငှက်စုန်းကလည်း မလာပြန်ဘူး။ တချို့ညတွေတော့လည်း ရွာစပ်ကဖြတ်သွားရင်း ခပ်ဝေးဝေးကအော်သံလောက်နဲ့ ပြီးသွားတာမျိုးပဲရှိတယ်။ သည်အတော အတွင်း လက်ပဒေါက ကလေးတွေ အားလုံးရဲ့ လည်ပင်းမှာ ကနုကမာအခွံလိုလို လက်မလောက် ယောက်သွားခွံကလေးတွေ တပ်ကြလို့။ သည်လိုနဲ့နေလာကြရာက တစ်ညတော့ အားလုံးက

မေ့နေကြတဲ့ ငှက်စုန်းဟာ လက်ပဒေါ်ရွာပေါ်က တည့်တည့်ကြီး အော်သွားပြန်ရော။ အော်တာမှ စူးစူးရဲရဲကြီး။ ဂီးခနဲ အော်သံဟာ တော်ရုံ လူမမာရဲ့ အသက်ဝိညာဉ်ကို ကိုင်ညစ်ပြီး သူ့နှုတ်သီးကြီးနဲ့ တပေါက်ပေါက် ထိုးဆိတ်လိုက်သလို အော်သွားတာမျိုး။

“ဖွဟဲ့… နင့်ဒဏ်နင်ခံ… နင့်ဒဏ် နင်ခံ”

နင့်ဒဏ် နင်ခံတာ ပြောတာ။ ငှက်စုန်းခံဖို့သာ လက်ပဒေါ်သားတွေက တဖွဖွရွတ်နေတာ။ တကယ် ခံနေတာ သူတို့ပဲ။ အဲသည်ညက လက လက်သည်းခြစ်ရာလောက်ကလေးနဲ့ည။ ပြောင်းခင်းဘက် က ကွင်းလေကတသွေးသွေးနဲ့ည။ ဆည်မြောင်းလက်တံကြီးထဲမှာ ရေမရှိချိန်ဆိုတော့ ကလေးတွေ တောင် ပြောင်းခင်းကြီးကိုကျော်ပြီး မြောင်းခြောက်ထဲကစားနေတဲ့ည။ ငှက်စုန်းထိုးသံကြီးဟာ လက်တံမြောင်းထဲက ကလေးတွေပေါ်ကို ပုံးကြဲလိုက်သလို၊ မိုးကြိုးများ ပစ်ချလိုက်သလို ကျလာ တော့ ကလေးတွေအားလုံးဟာ လက်တံမြောင်းနှုတ်ခမ်းပေါ် ပြေးတက်ရင်း၊ ပြောင်းခင်းကို ညမှောင် မှောင်ထဲမှာ ကျော်ဖြတ်ရင်းတဲစုကလေးတွေရှိရာကို ပြေးလာကြတယ်။ မိဘများကလည်း ပြောင်းခင်း စပ်က ကြိုရင်း ပြေးလာတဲ့ ကလေးတွေရဲ့ ရင်ဘတ်က ကမာခွံကို အရင် စမ်းကြည့်ကြတယ်။

“ဟဲ့ ငကွန်း…ဘယ်မှာလဲ…နင့်”

မအေလုပ်သူတွေထဲက အော်လိုက်သံဟာ လက်ပဒေါ် ညထဲမှာ တုန်ခါနေတယ်။

“ဘယ်မလဲ…ငါမေးနေတယ်လေ….ဘယ်မလဲ”

ငကွန်းကမျက်လုံးတွေ ကြောင်နေပြီး မအေလုပ်သူကိုကြည့်နေတာကလွဲရင် သူ့လည်ပင်းကို သူစမ်း နေတာပဲ ရှိတယ်။ ဘာမှမပြောဘူး၊ ဘာမှမပြောနိုင်ဘူး။ သည်လိုနဲ့ လက်ပဒေါ်ဟာ ခဏကလေး ငြိမ်သက်သွားတယ်။ အဲသည်ညက ကိုယ်တွေ ချစ်ချစ်တောက်ပူပြီး ငကွန်းကလေး သေတယ်။

သည်တစ်ခါတော့ လက်ပဒေါ်ဟာ ချောက်ချားသွားခဲ့တယ်။ ထိတ်လန့်ကြောက်ရွံ့နေကြတယ်။ ည မှောင်ပြီဆိုတာနဲ့ လက်ပဒေါ်မိုးကောင်းကင်ပေါ်က ဖြတ်သန်းသွားမယ့် ငှက်တိရစ္ဆာန် တစ်ကောင်ကို ဘာမဟုတ်ညာမဟုတ် ကြောက်နေကြတယ်။ သည်ငှက်ကပဲလက်ပဒေါ်ကို သေခြင်းလက်ဆောင် တွေ ကောင်းကင်က ချ ချ ပေးနေတာကိုး။ ပထမ လှတင် သေတယ်။ နောက် ကျင်စိန် သေတယ်။ ခုတစ်ခါ ငကွန်းကလေး သေပြန်ပြီ။ နောက်ဘယ်သူသေဦးမှာလဲ။ လက်ပဒေါ်သင်္ချိုင်းက နောက် ဘယ်သူ့ကို မျက်စပစ်နေပြန်ပြီလဲ။ ဘယ်သူ မှ မပြောနိုင်ဘူး။ သည်ငှက်စုန်းကြီး အော်သရွေ့ လက်ပဒေါ်သူ လက်ပဒေါ်သားတွေဟာ နေ့လား ညလား၊ သူလား ငါလား ဘယ်သူမှ မပြောနိုင်ဘူး။ တစ်ရွာလုံးမှာ အသက်အကြီးဆုံးဖြစ်တဲ့ ဘကြီးသောင်က ပရိတ်တွေ ရွတ်တယ်။ မေတ္တာတွေ ပို့တယ်။ မျက်စိမမြင် ဘာမမြင်နဲ့ ရွာကို တက်သမျှ မှတ်သမျှ စည်းချပေးတယ်။ လက်ပဒေါ်သူ လက်ပဒေါ်သားတွေကလည်း ကွင်းကြို ကွင်းကြား ကြွက်ထိုးနေရလို့ မေ့နေတဲ့ ဘုရားရှိခိုး





အမျိုးမျိုးကို ရတက်သမျှ ရွတ်ကြတယ်။ သည်လိုနဲ့ တစ်နေ့တော့ ဘကြီးသောင်က လက်ပဒေါ်သား တွေကို စုတယ်။ သူ့သဘောထားကို ပြောတယ်။

“ဘကြီးတော့ အိမ်မက်တွေလည်း မကောင်းဘူး။ အတိတ်နိမိတ်များလည်း မကောင်းဘူး။ သည်တော့ ဘကြီးတက်သမျှ မှတ်သမျှ စည်းတော့ ချပြီးပြီ။ ဒါပေမဲ့ ငှက်တွေ ရောက်မလာဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။ သည်တော့ ငါတို့ ဘာလုပ်ကြမလဲ”

မြောင်းလျှောက်သမား ကိုခင်ကလည်း  သူ့သဘောထားကို ပြောတယ်။

“ငှက်အော်လို့ သေတာမဟုတ်ပါဘူး ဘကြီးရာ။ လူသေတာ သေနေ့စေ့သေတာပါပဲ။ ငှက် က လူ့ဝိညာဉ်ကိုမနှုတ်နိုင်ပါဘူး။ ဒါ ဘကြီးတို့က ဥပါဒါန်စွဲနေတာ။ ဒါကြောင့် ဥပါဒ် ပြန်ဖြစ်နေတာ” ဆိုတော့ လာစုမိတဲ့ လက်ပဒေါ်သူ လက်ပဒေါ်သားတွေက ကိုခင့်ကို ဒေါကန်ကြတယ်။ အရေးထဲမှာ ရွာလာပြီး ကန့်လန့်တိုက်နေတဲ့ကောင်ပါလားဆိုတဲ့မျက်နှာနဲ့ ကိုခင့်ကိုဝိုင်းကြည့်ကြတယ်။ ကိုခင်က တော့ ဂရုမစိုက်ပါဘူး။ဆင်နှစ်ကောင်ဆေးလိပ်တောင် တထောင်းထောင်း ဖွာနေလိုက်သေးတယ်။ သူ့လေးထောင့် မျက်နှာကြီးထဲက မျက်ပေါက်ကျဉ်းကျဉ်းကလေးတွေနဲ့ လူတွေကိုတောင် ပြန်ကြည့် နေလိုက်သေးတယ်။

ခက်တာက ဘကြီးသောင်ကသာ ဘာလုပ်မလဲ မေးနေတာ။ ဘယ်သူက ဘာလုပ်တက်မှာတုံး။ ငှက်စုန်းဘယ်နားနေမှန်း  သိရင်လည်း ကောင်းသားကလား။ ညှိလို့နှိုင်းလို့ရရင်လည်း ကောင်းသား ကလား။ တောင်းပန်လို့ ရရင်တော့လည်းကောင်းသား။ ဒါပေမယ့် ဒါက လူလူချင်းမဟုတ်ဘူး။ ငှက်နဲ့ လူတွေရဲ့ နားမလည်နိုင်တဲ့ကိစ္စ။ ဒါက မြစ်လောင်းဂါတ်တဲနဲ့လည်းမဆိုင်ဘူး။ မြစ်လောင်း သူကြီး နဲ့လည်း မပက်သက်ဘူး။ မြေကြွင်းထဲက ကြွက်ကိုသာ မိုန်းနဲ့ ထိုးတက်ကြတဲ့ လက်ပဒေါ်သား တွေဟာ ကောင်းကင်က ငှက်ကို ဘာလုပ်ရမှန်းမသိဘူး။

“သည်လို လုပ်ချင်တယ်”

တစ်ကိုယ်လုံးပွေးတွေနဲ့ အကွက်လည်နေတဲ့ စံမြက စကားစတယ်။ အားလုံးက စံမြကို အာရုံရောက် သွားတယ်။ စံမြက လက်ဖျံပေါ်က ပွေးဒင်္ဂါးတွေကို လက်သည်းနဲ့ ကုတ်ဖဲ့နေရင်းက ပြောတယ်။

“ကျုပ်တို့ရွာမှာ ငှက်ခိုလို့ရတာ သစ်ပင်ကြီးနှစ်ပင်ပဲ ရှိတယ်။ ရွာထိပ်က လက်ပံပင်နဲ့ သင်္ချိုင်းစပ်က ညောင်ပင်။ သည်နှစ်ပင် မရှိရင် ငှက်မနေနိုင်ဘူး။ ငှက်စုန်းဟာ ညောင်ပင်မှာ ရှိရင်ရှိ၊ မရှိရင် လက်ပံပင်မှာ ရှိမယ်။ သည်တော့….”

စံမြက စကားတွေကို ရပ်ထားတယ်။ သည်တော့ ဘာဖြစ်လဲ။ လက်ပဒေါ်သားတွေက စံမြကိုပဲ ငေးနေကြတယ်။

“သည်တော့ သည်နှစ်ပင်ကို လှဲချင်တယ်”

ဒါပါပဲ။ စံမြက ဒါပဲ ပြောပြီး ပွေးစတွေကို တောက်ထုတ်နေတယ်။ လူတွေအားလုံးဟာ ဘာမှ မပြောနိုင်တော့ဘူး။ စံမြလောက်တောင် ငါတို့ ဘာဖြစ်လို့ မတွေးမိရတာလဲ။

"ကောင်းတယ်ကွာ၊ စံမြ မင်းတာဝန်ယူနိုင်မလား"

"ယူနိုင်ပါတယ်၊ ဒါက သုံးလေးယောက် ဝိုင်းလိုက်ရင် ပြီးတဲ့ ကိစ္စပဲ။ ဒါပေမယ့်..."

လူတွေကတော့ နားမလည်ဘူး။ ခုတ်လိုက်ရင်ပြီးမယ့် ကိစ္စပဲ။ ဘာ ဒါပေမယ့်လဲ။ ဘာလဲ၊ မလုပ်ချင်တာလား။ မလုပ်ချင်ရင် ဘေးဖယ်နေ၊ ငါတို့ လုပ်စမ်းမယ်။ သစ်ခေါင်းထဲ တွေ့မယ့် ငှက်စုန်းတော့လား၊ မြစ်လောင်းအရက်နဲ့ တော့ပြီပေါ့။လူတွေက ဒေါသနဲ့တွေးနေကြတယ်။

"ဒါပေမယ့် ညောင်ပင်ကို ဘယ်သူ ခုတ်ရဲလို့လဲ။ ကျွန်တော် မခုတ်ရဲဘူး။ ညောင်ပင်မှာ တစ်ရွာလုံးက ကိုးကွယ်ထားတဲ့ နတ်ကွန်းတွေ ပြည့်နေတာ။ ကျုပ်မလုပ်ရဲဘူး"

ဟာ ဒါလည်း ဟုတ်သားပါလား။ လူတွေအားလုံးငိုင်သွားကြတာ တော်တော့်ကို ကြာတယ်။ သည်ညောင်ပင်ကလည်း တစ်ခြမ်းသာ ခြောက်နေတာ။ တစ်ရွာလုံးက စင်ကလေးတွေ နေရာလပ်မကျန်အောင် ရိုက်ထားပြီး ကိုယ့်အစွဲနဲ့ကိုယ် ကိုးကွယ်နေကြရတဲ့ညောင်ပင်။ ညနေမှောင်ပြီဆိုတာနဲ့ မီးကလေးတစ်လက်လက်နဲ့ ရှိနေတက်တဲ့ညောင်ပင်။ တစ်နှစ်တစ်ခါ ကိုယ်တက်နိုင်သလောက် နဲ့ မိသားစု ဝတ်မပျက်ပူဇော်ပသနေရတဲ့ ညောင်ပင်။

ဒါကိုခုတ်ရမယ်လို့ ဖြစ်လာတော့ ခုတ်ဖို့ နေနေသာသာ ဘယ်သူမှစိတ်တောင် မကူးရဲဘူး။ သည်ညောင်ခေါင်းထဲမှာ ငှက်စုန်း ရှိမယ် မရှိမယ်ကလည်း သေချာတာ မဟုတ်ဘူး။ ညောင်ပင်ကရွာကို မီးနဲ့တိုက်မှာက အရင်ကိုး။ သည်လိုနဲ့ လက်ပဒေါ်သူ လက်ပဒေါ်သားတွေဟာ ငှက်စုန်းရှာမလား၊ ညောင်ပင်ခုတ်မလားဆိုတဲ့ ပြဿနာကြီးကို တွေ့နေကြတယ်။

"ကျုပ်ခုတ်မယ်၊ ညောင်ပင်ကို ကျုပ် ခုတ်မယ်"

ကိုခင်... သူ့ လေးထောင့်မျက်နှာကြီးနဲ့ မျက်ပေါက်ကျဉ်းကျဉ်းကို မေးထားရင်းက တစ်ခွန်းတည်း ထအော်တယ်။ လူတွေအားလုံးဟာ ညောင်ပင်ခုတ်မယ့် ကိစ္စ၊ ကိုယ်က ခုတ်ဖို့နေနေသာသာ၊ ဟာ ခုတ်ကွာလို့တောင် မပြောရဲတဲ့ လူတွေကိုး။ ကိုခင်က ခုတ်မယ်ဆိုတော့ ဝမ်းထဲက ကျေနပ်ကြပေမယ့် ပါးစပ်က မပြောရဲဘူး။

"ကျုပ် ဒါတွေ ယုံတာ မဟုတ်ဘူး။ ငှက်အော်လို့ လူသေတာလည်း ကျုပ်မယုံဘူး။ ဒါပေမဲ့ ခင်ဗျားတို့ ယုံတယ် မဟုတ်လား။ ယုံတော့လည်း ငှက်နေတယ်လို့ ထင်ရတဲ့ ညောင်ပင်ကျတော့ ခင်ဗျားတို့ မခုတ်ရဲကြပြန်ဘူး။ ဘာတွေလဲ ခင်ဗျားတို့။ ကျုပ်ခုတ်ပေးမယ်။ အိုဗျာ ကျုပ်က ခုတ်နေမှာ မဟုတ်ဘူး။ ခင်ဗျားတို့ တခုပဲ ပြောမယ်။ ခင်ဗျားတို့ ကိုးကွယ်ထားတဲ့ နတ်ကွန်းစင်တွေ ကနေ့ ညနေစောင်း အပြီးဖြုတ်ထား။ မနက်ဖြန် မနက် ကျုပ်က ညောင်ပင် ခေါင်းထဲ ရေနံထည့်ပြီး မီးရှို့မှာ။





ကန်တော့ချင်တဲ့လူ ကနေ့ အပြီး ကန်တော့ထား။"

"လက်ပဒေါ်မှာ မနက်ဖြန် ညောင်ပင်လည်း မရှိစေရဘူး။ ညောင်ခေါင်းထဲ ငှက်စုန်းနေတယ်ဆိုရင် ငှက်စုန်းလည်း မသာပေါ်ပြီသာမှတ်"

အဲသည်တုန်းက တကယ်လည်း လက်ပဒေါ်သားတွေက လက်ပံပင်ကို ခုတ်တယ်။ ကိုခင်က ညောင်ပင်ကို မီးရှို့တယ်။ လက်ပံပင်ကတော့ ငုတ်တိုတောင်မကျန်တော့ဘူး။ ထင်းဖွဲ့စိုက် လိုက်ကြတာနဲ့ကို နောက်ခတ်ကလေးတွေက ကြည့်ချင်လို့တောင် မရှိတော့ပါဘူး။ ညောင်ပင်ကတော့ ဘယ်လိုပြောရမလဲ။ ကိုခင်ကလည်း ညောင်ခေါင်းထဲ ရေနံထည့်ပြီး မီးရှို့ခဲ့တာပါပဲ။ ညောင်ပင်တပင်လုံး မည်းချိတ်ပြီး နာလန်မထူဘဲ သေသလိုလို ဖြစ်သွားခဲ့တာပါပဲ။ ဘာငှက်တစ်ကောင်မမြီးမှလည်း မတွေ့ခဲ့ဖူးလို့ ပြောကြတာပါပဲ။ အခုတော့ ကိုခင်တောင် လက်ပဒေါ်မှာ ဘကြီးခင်ဖြစ်နေပြီ။ နှစ်ပေါင်းကလည်း သုံးဆယ်သီသီကျော်ခဲ့ကိုး။ နှစ်ကလည်း နည်းတော့တာမှ မဟုတ်ဘဲလေ။

ဒါပေမဲ့ အဲသည်ညောင်ပင်က မသေဘူး။ အငုတ်က ပြန်တက်လာတဲ့ အကိုင်းလေးကနေ စလိုက်တာ အခုတော့ရွက်အုပ်ဖားဖားနဲ့ ဝေဝေဆာဆာကြီးဖြစ်လို့။ ထုံးစံအတိုင်းပါပဲ၊ နတ်ကွန်းကျောင်းဆောင်ကလေးတွေလည်း ပြန်ရောက်လာပြီ။ ညဘက် မီးကလေး တလက်လက်နဲ့လည်း ဘယ်သူ့ကိုမှန်းတော့ မသိဘူး။ ပူဇော်တဲ့သူက ပူဇော်လို့။

အင်းလေ။ လက်ပဒေါ်ကလည်း အရင်က လက်ပဒေါ်မှ မဟုတ်တော့တာ။ ဗီဒီယိုတွေ ဘာတွေနဲ့ လက်ပဒေါ် ဖြစ်သွားခဲ့ပြီကိုး။ နှစ်ပေါင်း သုံးဆယ်အတွင်းမှာ လက်ပဒေါ်လည်း ဘာသားမလို့တုံး။ မနေ့တနေ့ကတော့ လက်ပဒေါ်မှာ ဘကြီးခင် သေတယ်။ လူတွေက ဘကြီးခင် သေတာ လူကြီးပဲ၊ လူကြီးရောဂါပေါ့လေ။ ဘယ်သူမှ သိပ်လည်း ခံစားမနေပါဘူး။ ဒါပေမယ့် သတိထားမိတဲ့သူတွေ ပြောတာက ဘကြီးခင် သေတဲ့ညက ငှက်စုန်းထိုးသေးသတဲ့။ ငှက်စုန်းကလည်း ညောင်ခေါင်းကလေးထဲက ထွက်လာတာတဲ့။

သေတော့ မသေချာပါဘူး။ လက်ပဒေါ်က နောက်ပေါက်တွေက အဲသည်ညက ဗီဒီယိုရုံထဲ ရောက်နေကြတာကိုး။။

# ရီမုတ်ကွန်ထရိုး

ကိုဘကောင်းက သူ့လက်ထဲမှာ အချိန်တော်တော်ကြာ ကိုင်ထားတဲ့ ခပ်မည်းမည်း ကိရိယာကို စားပွဲပေါ်တင်လိုက်တယ်။ ဘယ်လောက်မှတော့ မရှိလှဘူး။ ရှိလှရင် တစ်ထွာမရှိတရှိပေါ့။ ဗျက်က လက်သုံးလုံးလောက် ရှိမယ်။ အပေါ်မှာ အင်္ဂလိပ်လို စာလုံးလေးတွေကို ရေးထားတယ်။ ပြီးတော့ အပေါ်ကို ကြွနေတဲ့ ခပ်ဖုဖု ဘုကလေးတွေလည်း ပါရဲ့။ သည်ပစ္စည်း ကလေးကို ရီမုတ်ကွန်ထရိုးလို့ ခေါ်ရတယ် ဆိုတာတောင် သိတာ မကြာသေးဘူး။ မမြင်ဖူးတာတော့လည်း မဟုတ်ဘူးပေါ့။ သူငယ်ချင်းအပေါင်းအသင်း အိမ်တွေရောက်လို့ တီဗွီလာချိန်နဲ့ ဆုံရင် သည်ကိရိယာလေးနဲ့ လုပ်နေကြတာ၊ ကိုင်နေကြတာတော့ တွေ့ဖူးသားပေါ့။ လူကြီးတွေမှမဟုတ်ပါဘူး၊ သူ့မိတ်ဆွေ တွေရဲ့သားသမီးကလေးတွေဆိုရင် ဒါလေးကို ကိုင်ကိုထားတာ။ သူတို့မကြည့်ချင်တာ၊ အာရုံ မရှိတာများ လာရင် ဖျိုးခနဲ၊ ဖျက်ခနဲ ထိုးချိန်ပြီး ခလုတ်ကို နှိပ်လိုက်တာနဲ့ တီဗွီဖန်သားပေါ်က အရုပ်တွေ ပြောင်းပြောင်းသွားတာ သူ ခဏခဏ မြင်ဖူးတယ်။ အဲသည်ကတည်းက သည်ပစ္စည်း လေးကို သူ တော်တော် စိတ်ဝင်စားတယ်။ ဒါကို ဘာခေါ်သလဲ၊ ဘယ်လိုနှိပ်ရတာလဲ၊ အထဲမှာကော ဘာတွေပါသလဲ၊ ဒါလေးက လူမထရဘဲ အဝေးက လှမ်းခိုင်းလို့ ရအောင် ဘယ်လိုများလုပ်ထား တာလဲ စသဖြင့် သူ့စိတ်ထဲ သူ့ဟာသူ ဖြစ်နေတာ ကြာပြီ။ မေးတော့လည်း မမေးမိဘူးပေါ့။ မေးလို့ လည်း မကောင်းဘူးပေါ့လေ။

ဒါကလည်း ကိုဘကောင်း သူ့ဟာသူ ထင်တာပါ။ မေးရင်လည်း ပြောကြမှာပေါ့၊ သိသလောက် ဖြေကြမှာပေါ့။ ဒါပေမယ့် ကိုဘကောင်း မမေးဖြစ်ဘူး။ အသက်ပဲ ငါးဆယ်ပြည့်တော့မယ်။ ဒါကို ဘာမှန်းမသိဘူးလားလို့ ထင်မှာလည်း စိုးတာပါတယ် ပြောပါတော့။ ဒါနဲ့ပဲ ကြိတ်မှိတ်နေရတာ ကြာခဲ့ပြီ။

တစ်နေ့တော့ ကိုဘကောင်း ဟန်ကျသွားတယ်။ သူ့မိတ်ဆွေက တစ်ရက် ချိန်းတာနဲ့ ညစာလေးစားပြီး ကွမ်းကလေးတစ်ယာဝါး၊ ဆေးပေါ့လိပ် နှစ်လိပ်သုံးလိပ် အိတ်ထောင်ထဲ ထည့်ပြီး ထွက်လာခဲ့တယ်။ ဖြစ်ချင်တော့ သူ့မိတ်ဆွေက အိမ်ပြန်မရောက်သေးဘူး။ သူ့မိတ်ဆွေရဲ့ ဇနီးကလည်း နောက်ဖေးမှာ ချက်တုန်းပြုတ်တုန်း။ အိမ်ရှေ့ဧည့်ခန်းမှာ ကလေးတစ်ယောက် ရှိတယ်။ ကိုဘကောင်း ရောက်လာတော့ ကလေးက မအေကို ခေါ်ပေးတယ်။ မအေလုပ်သူက လည်း အထူးဧည့်သည်မဟုတ်တော့ ထိုင်ပါဦး၊ ရှင့်မိတ်ဆွေ လာပါလိမ့်မယ်ပေါ့လေ။ဒါပဲ ပြောပြီး နောက်ဖေး ပြန်ဝင်သွားရော။ထားပါတော့။ ဧည့်ခန်းထဲမှာ သူနဲ့ ကလေးနဲ့ နှစ်ယောက်ပဲ ကျန်တယ်။ ကလေးကတော့ ကိုဘကောင်းကို စိတ်မဝင်စားဘူး။ တီဗွီကိုပဲ ကြည့်နေတယ်။ လက်ထဲမှာလည်း ကိုဘကောင်းသိချင်တဲ့ ပစ္စည်းကလေးကို ကိုင်လို့။ ဒါနဲ့ ကိုဘကောင်းလည်း သည်တစ်ခါတော့

သူ့မိတ်ဆွေရဲ့ သား ဖိုးစီက သိပ်ကြီးလှတာတော့ မဟုတ်သေးဘူး။ ငါးနှစ်သားလောက်တော့ ရှိလိမ့်မယ်။ အာရုံက တီဗွီမှာများနေတော့ ကိုဘကောင်းမေးတာ မကြားဘူး။ ရယ်စရာရှိတာကို ရယ်တယ်။ ပြုံးစရာ ရှိတဲ့အခါ ပြုံးတယ်။ ပြီးတော့ မျက်နှာလေးတည်သွားတဲ့အခါ တည်တယ်။ ကိုဘကောင်းက သည်တစ်ခါတော့ ဖိုးစီကို လက်တို့လိုက်တယ်။ ဖိုးစီက လှည့်ကြည့်တော့မှ ပထမ သူ့မေးခွန်းကို ပြန်မေးတယ်။ ဖိုးစီက မဖြေသေးဘူး။ ဟာ သည်ဘိုးတော် လာနှောက်နေပြန်ပြီ ဆိုတဲ့ပုံနဲ့ ကိုဘကောင်းကို ကြည့်တယ်။ ကလေးပေမယ့် ကိုဘကောင်းက နည်းနည်းတော့ ရှက်သွားတယ်။ ဒါပေမဲ့ မေးစရာရှိတာတော့ မေးမှတော်မယ်လို့ ဆုံးဖြတ်ပြီးသားဆိုတော့ ကလေးလက်ထဲက ပစ္စည်းကလေးကို ခဏပြပါလားကွာဆိုတဲ့ပုံနဲ့တောင်းလိုက်တယ်။ သည်တစ်ခါတော့ ဖိုးစီက စိတ်လိုလက်ရပေးပါတယ်။ ကိုဘကောင်းက သူ့လက်ထဲရောက်လာတဲ့ ခပ်မည်းမည်း အတုံးရှည်လေးကို တော်တော်ကြာကြာ ကြည့်နေလိုက်တယ်။ ဘာမှတော့ နားမလည်ဘူးပေ့ါလေ။ ဒါပေမဲ့ သေသေချာချာ ပတ်ပတ်နပ်နပ် အနလုံ ပဋိလုံ ကြည့်တယ်။ သိပ်တော့ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ ထိပ်မှာ အပေါက်ကလေး တစ်ပေါက်ပါတယ်။ အပေါက်ကလေးအတွင်းမှာ ဖန်ကြည်မီးသီးလေးလိုဟာလေးတစ်ခု ပါတယ်။ နောက် အင်္ဂလိပ်ဂဏန်းတွေပါတယ်။ ကော်အကောင်းစားနဲ့ လုပ်ထားတယ်။ ဒါပဲ သူတွေ့တယ်။

"ဒါကို ဘာခေါ်သလဲကွ ဖိုးစီ"

"လမုတ်ကွန်ထိုး"

"ဟေ…"

မြက်စွာဘုရား … အလုပ်တော့ တော်တော်လုပ်ပေးပါရဲ့။ နာမည်ကျတော့ ဆန်းလှချည်လား။ ကလေးကတော့ ဒါပဲဖြေပြီး တီဗွီကြည့်နေတာ။ ထပ်မကွန့်တော့ဘဲ ဟုတ်တယ်ထင်ပါရဲ့ပေ့ါ။ ကိုဘကောင်း သူ့ဟာသူ ရယ်ချင်တယ်။ သိလည်း သိချင်တယ်။ ဒါနဲ့ ဖိုးစီကို ဒါလေးနဲ့ စမ်းပြစမ်းပါဦးကွာလို့ ပြောတော့ ဖိုးစီက အရေးထဲ လာရစ်နေပြန်ပြီဆိုတဲ့ ပုံနဲ့ ပစ္စည်းကလေးကို ပြန်ယူတယ်။ ခလုတ်တွေနှိပ်ပြီး မြဝတီနဲ့ မြန်မာ့ရုပ်မြင်သံကြားကို တစ်လှည့်စီ ပြောင်းပြတယ်။ အသံကို တိုးလိုက်၊ ကျယ်လိုက် လုပ်ပြတယ်။ အရုပ်တွေကို မှောင်လိုက်၊ လင်းသွားလိုက်ဖြစ်အောင် လုပ်ပြတယ်။ ကိုဘကောင်းကတော့ အံ့သြနေရတော့တာပေ့ါ။ လမုတ်ကွန်ထရိုးဆိုတဲ့ ကောင်က အကောင်သာသေးတယ်၊ တယ်ဟန်ကျပါလားပေ့ါလေ။ ကလေးဆီက ခဏပြန်ယူ၊ ဖင်တပြန် ခေါင်းတပြန်ကြည့်။ တိုးလို့ကျယ်လို့ ရတယ်။ မှိန်လို့၊ လင်းလို့ ရတယ်။ ဟိုဘက်သည်ဘက် ကိုယ်ကြိုက်တာ ပြောင်းလို့ရတယ်။ ဒါကို လမုတ်ကွန်ထရိုးလို့ ခေါ်တယ်။ ဒါ ကိုဘကောင်းရလိုက်တဲ့ သည်ပစ္စည်းကလေးနဲ့ ပက်သက်တဲ့ ပထမဆုံးအတွေ့အကြုံပဲ။





ကိုဘကောင်း တော်တော်ဝမ်းသာသွားတယ်။ သူ့မိတ်ဆွေကို စောင့်ရင်း သူ့ဟာသူလည်း စဉ်းစားတယ်။ ဒါကို ဘယ်နိုင်ငံမှာ တီထွင်တာလဲ။ တီထွင်သူကကော ဘယ်သူလဲ။ ကမ္ဘာမြေပေါ်မှာ သည်ပစ္စည်းကလေး ပေါ်နေတာ ကြာပြီလား။ သူကတော့ အင်္ဂလိပ်နာမည် ဆိုးဆိုးထက်စာရင် "ထိုင်ရာမထ ခလုတ်" လို့ မြန်မာနာမည်ပေးရင် ပိုမကောင်းဘူးလားလို့လည်း တွေးမိနေသေးတယ်။ သူတို့ ငယ်ငယ်က ရေခဲသေတ္တာကို "မသိုးဓာတ်သေတ္တာကြီး" လို့ ခေါ်ခဲ့ကြသလိုပေ့ါ။ စန္ဒရားကို "ဗီရိုတယောကြီး" လို့ခေါ်ခဲ့ကြသလိုပေ့ါ။ သည်ပစ္စည်းကလေးကိုလည်း ထိုင်ရာမထခလုတ်လို့ ခေါ်ရင်ရနိုင်တာပဲ မဟုတ်လား။ သူ့ဟာသူတွေးနေတုန်း သူ့မိတ်ဆွေရောက်လာတာနဲ့ သည်ကိစ္စ ပြတ်သွားတယ်ဆိုပါတော့။ ဒါပေမဲ့ညဥ့်နက်လို့ ကိုဘကောင်းသူ့အိမ်သူပြန်လာတဲ့အထိ သည်ပစ္စည်းကလေးရဲ့ အရိပ်တွေကသူ့ခေါင်းထဲပါလာတယ်။ သူ့ဟာသူလည်း အင်မတန်ခိုင်မာတဲ့ အဓိဋ္ဌာန်တစ်ခု ပြုလိုက်တယ်။

"တနေ့ ငါဟာ လမုတ်ကွန်ထရိုးတစ်ခု မုချပိုင်ဆိုင်ရမယ်။ သည်လမုတ်ကွန်ထရိုးနဲ့ တိုးခြင်း၊ ကျယ်ခြင်း၊ လင်ခြင်း၊ မှန်ခြင်း၊ ရွှေ့ခြင်း၊ ပြောင်းခြင်း အလုပ်ကို တစ်နေ့ ငါကိုယ်တိုင်လုပ်နိုင်ရမယ်။ မဖြစ်မနေ ငါ ကြိုးစားမယ်"

ကိုဘကောင်း အိမ်ရောက်တော့ အိပ်ချိန်ကိုး။ သူ့မိန်းမ မစိန်လှက တံခါးထဖွင့်ပေးပြီး ခုတင်ပေါ်ပြန်အိပ်တယ်။ မစိန်လှ မေးခနဲပျော်ကာရှိသေး၊ သူ့ဘေးကကိုဘကောင်းက သူ့အဓိဋ္ဌာန်ကို ထအော်တော့ လန့်သွားတယ်။ ပြီးတော့မှ အိပ်ချင်မူးရီအသံနဲ့ သူ့ယောက်ျားကို စကားတစ်ခွန်း မပီမသ ပြောတယ်။ ပြီးတော့ ဆက်အိပ်တာပဲ။

"ကိုဘကောင်း ခေါင်းရင်းက ထုတ်တန်းမှာ ပတ္တမြားသွေးဆေး ရှိတယ်။ ရေအေးအေးတစ်ကျိုက်လောက်နဲ့ သောက်လိုက်"

တီဗွီပြင်ဆရာ မောင်ညွှန့်က ကိုဘကောင်းကို သူပြင်နေတဲ့တီဗွီတွေထဲက ပိုင်ရှင်ရောင်းခိုင်းတဲ့ တစ်လုံးကို ကိုဘကောင်းမဝယ်ချင် ဝယ်ချင်အောင် အင်္ဂလိပ်လို များများညှပ်ပြီး ပြောတယ်။ ဒါကလည်း မောင်ညွှန့်အပြစ်တော့ မဟုတ်ဘူး။ လူတော်တော်များများက အင်္ဂလိပ်လို များများညှပ် ပြီးညွှန်းရင် သူ့ဆီကတော်တော်ဝယ်ခဲ့ကြဖူးတော့ ကိုဘကောင်းကိုလည်းသည်နည်းကိုပဲ သုံးကြည့်လိုက်တာပေ့ါလေ။

"မင်းဟာက လမုတ်ကွန်ထရိုး ပါသလား"

"ဟာ ကိုဘကောင်းကလည်း ပါတာပေ့ါ။ ပြီးတော့ လမုတ်ကွန်ထိုး မဟုတ်ပါဘူး။ ရီမုတ်ကွန်ထရိုးပါ။ ရီမုတ်ဆိုတာ အဝေးကြီးကဆိုတဲ့ သဘောကိုပြောတာ။ ကွန်ထရိုးဆိုတာက ထိန်းချုပ်

တယ်ပေ့ါဗျာ။ အဝေးက ထိန်းချုပ်တဲ့ ကိရိယာဆိုတဲ့ သဘောဆိုပါတော့"

"ဘယ်လိုခေါ်တယ် မောင်ညွန့်"

"ရီမုတ်ကွန်ထရိုး"

အေးပါ။ အဲသလို ဖြစ်ပါလိမ့်မယ်။ ဖိုးစီက လမုတ်ကွန်ထရိုးဆိုလို့ သူကလည်း လမုတ်ကွန်ထရိုး ဆိုပြီး လူတော်တော်များများကို သည်အကြောင်း ပြောခဲ့တာတွေ ပြန်တွေးရင်း ကိုဘကောင်း နည်းနည်းတော့ မအီမသာ ဖြစ်သွားသေးတယ် ဆိုပါစို့ရဲ့။ ဘာပဲဖြစ်ဖြစ် မောင်ညွန့်က အင်္ဂလိပ်လို များများပြောပြီး သူ့ကို တိုရှီဘာတီဗွီ တစ်ပတ်ရစ်တစ်လုံးတော့ ထိုးရောင်းနေပြီ။ သူ ဝယ်မလား၊ မဝယ်ဘူးလား။ မောင်ညွန့်က သည်အမျိုးအစားက သူစိတ်ဝင်စားတဲ့ ရီမုတ်ကွန်ထရိုးဆိုတာလည်း ပါတယ်။ သူ့မိန်းမ မစိန်လှနဲ့ တိုင်ပင်တော့ တော်လိုချင်တာကြီး ပါတယ်ဆိုမှတော့ အသစ်မမှန်း နဲ့ပေ့ါတော်တဲ့။ မောင်ညွန့်ကတော့ ကျုပ်တို့ လင်မယားပေါ် မညစ်တန်ကောင်းပါဘူးတဲ့။ ကျုပ်က တော့ တော်မှမနေနိုင်ရင် ဝယ်ပေ့ါလေတဲ့။ ပိုက်ဆံမပြည့်ရင်လည်း ကျုပ်ဆွဲကြိုးလေး ထုတ်ရောင်း ပေ့ါတဲ့။ ပြောရှာပါတယ်။ ဒါပေမဲ့ ကိုဘကောင်းက မောင်ညွန့်ကို မယုံဘူး။ အင်္ဂလိပ်လို များများ ညှပ်ပြောလို့ကို မယုံတာ။ ပြီးတော့ဖြစ်နိုင်ရင် သူကအသစ်ပဲလိုချင်တာ။ သည်တော့ မောင်ညွန့်လည်း နားခံသာအောင် အသစ်ဝယ်ဖြစ်တော့မှပဲ ကူညီပါကွာ၊ ငါတောပြန်ပြီး ယောက္ခမ လက်ငုတ်လက် ရင်း ယာကလေးပြန်ရောင်းပါဦးမယ် စသဖြင့် စကားပြန်တော့ မောင်ညွန့်ကလည်း ဒါတော့ ကိုဘကောင်း သဘောလေတဲ့။

ကိုဘကောင်းနဲ့ မစိန်လှကလည်း ချဉ်ရည်ဟင်း များများသောက်ပြီး ရသမျှငွေလေး ကျစ်ကျစ်ပါ အောင် စုတာကိုပဲ မပြည့်နိုင်ဘူး။ တီဗွီဈေးတွေကလည်း တဖြည်းဖြည်း တက်သွားလိုက်တာ ပိုက်ဆံ လေး ပြည့်မယ်ကြံရင်း တက်သွားရင်း၊ မီလုမီခင် ဖြစ်မယ်ကြံရင် ဈေးက ခုန်တက်သွားရင်းဆိုတော့ လိုက်လို့ပဲ မဆုံးနိုင်တော့ဘူး ပြောပါတော့။ ဒါတောင် မစိန်လှကိုယ်က ရှိစုမဲ့စု ရွှေကလေးတွေ ဖြုတ်ရောင်းတာပါ ပါသေးတာကလား။ တောက ယောက္ခမဟာကလေး ဆိုတာလည်း ပါးစပ်ကသာ ပြောရတာ၊ မရောင်းရက်တော့ လင်မယားနှစ်ယောက် မနက်ရေသောက်၊ ညရေသောက် စုကြရုံပေ့ါ။ ကိုဘကောင်းက ပိုက်ဆံများ ရမယ်ဆိုလို့ကတော့ လုပ်သလားမပြောနဲ့။ မစိန်လှကတော့ သူ့ယောက်ျားလိုချင်တဲ့ လမုတ်ကွန်ထရိုးဆိုတာကြီးက ဘာမှန်းမသိဘဲနဲ့ကို ကြိုးစားနေတာ။ ရက်ကွက်ထဲ အဝတ်လည် ဖွပ်တယ်။ အချိုမုန့် ထုပ်ရောင်းတယ်။ ဘုရင့်နောင်ဈေးက ဆန်ဝယ်ပြီး ခွက်ချင် ရောင်းတယ်။ သီရိမင်္ဂလာဈေးက တညင်းသီးဝယ်ပြီး ဆားရည်စိမ်ရောင်းတယ်။ အိမ်နားက ဖယောင်းတိုင်စက်မှာ ညဘက် ဝင်လုပ်လိုက်သေးတယ်။ သည်ကြားထဲ မောင်ညွန့်က အကြံတစ်ခု ထပ်ပေးတယ်။





"ခင်ဗျားတို့ လင်မယားကို ကျွန်တော် အကြံပေးမယ်။ တီဗွီဝယ်ရင် နှစ်ဆယ့်တစ်လက်မကို ဝယ်၊ ဆယ့်လေးလက်မ မဝယ်နဲ့။ ကျွန်တော်ပြောတာ သေသေချာချာ နားထောင်၊ နှစ်ဆယ့်တစ် လက်မ တီဗွီနဲ့ တွဲဖွင့်တဲ့ အောက်စက်လည်း ဝယ်လိုက်။ ဘာမှပိုမကျတော့ဘူး။ ဂျေဗီစီ အထက် အောက် တစ်စုံမှ ရှိလှရင် လွန်ရောကျုံရော တစ်သိန်းခွဲပဲ။ ခင်ဗျားတို့ တီဗွီမကြည့်ချင်တဲ့အခါ ဇာတ်ထုပ်ငှားကြည့်လို့ရမယ်ဗျာ။ နောင်တစ်ချိန် ပြစားချင်ရင်လည်း ဖြစ်တယ်ဗျာ။ အောက်စက် ချည်းပဲ ငှားချင်ရင်လည်း တစ်ပွဲပြ နှစ်ရာနဲ့ ငှားစားနိုင်တယ်ဗျာ"

"မင်းပြောတဲ့ ရီမုတ်ကွန်ထရိုးကော ပါသလား"

"ဟာ...ပါတာပေ့ါ ကိုဘကောင်းရဲ့။ နှစ်ခုတောင် ပါမှာ။ တီဗွီအတွက် တစ်လုံး၊ အောက်စက်အတွက် တစ်လုံးပါမှာလေ။ နေဦးဗျ၊ ဒါဆိုရင် ဂျေဗီစီ အေဗွီဘီ တွမ်တီဝမ်းအမ် မိုဒယ် ကို ဝယ် '

မောင်ညွန့်ပေးတဲ့ အကြံကို လင်မယားနှစ်ယောက် တစ်ညလုံး တိုင်ပင်တယ်။ သည်တစ်ခါတော့ မစိန်လှကပါ စိတ်ဝင်စားသွားတယ်။ အောက်စက်ဆိုတာကြီးပါရရင် သူကြိုက်တဲ့ ဇာတ်ထုပ် တော်တော်များများ ငှားကြည့်ဖို့က တော်တော်လွယ်သွားပြီ။ ကိုဘကောင်းကတော့ ပြောစရာ တောင် မလိုတော့ဘူး ထင်ပါရဲ့။ လင်မယားနှစ်ယောက် ကိုယ့်စိတ်ကူးနဲ့ကိုယ် စိတ်ကူးတွေ ယဉ်လို့။ မစိန်လှက အိပ်မက်ထဲမှာ ကျော်ရဲအောင်နဲ့ ကွင်းပြင်ထဲမှာ လက်ချင်းချိတ်ပြီး ပြေးကြလို့။ ကိုဘကောင်းကတော့ ရီမုတ်ကွန်ထရိုး နှစ်ခုကိုင်ပြီး မှိန်လိုက်၊ လင်းလိုက် လုပ်ကြည့်လိုက်၊ အသံတွေ တိုးလိုက်၊ ကျယ်လိုက် လုပ်ကြည့်လိုက်၊ မြဝတီရုပ်မြင်သံကြားနဲ့ မြန်မာ့ရုပ်မြင်သံကြား တစ်လှည့်စီတောင် မကတော့ပါဘူး။ ဗီဒီယိုဇာတ်ကားဘက်ကို ချန်နယ်ပြောင်းလိုက်။ စိတ်ကူးထဲမှာ ဖြစ်နေကြတာ ပြောပါတယ်။ အိမ်မက်ထဲမှာ ဖြစ်နေကြတာ ပြောပါတယ်။

"သည်လိုဆိုရင် ကျော်ရဲအောင်လေး ရောင်းပြီး အဲလေ....တောက ယာလေး ရောင်းပြီး သာ ဖြည့်ဝယ်လိုက်ပါတော်။ မထူးတော့ပါဘူး။ ကျုပ်တို့လည်း မြို့ရောက်တာနဲ့...မိုးခေါင်တာနဲ့၊ ပိုးကျတာနဲ့ မထူးပါဘူး"

တောက ယာလေးတစ်ကွက် အမွေရထားတာ ရောင်းလိုက်ပါလားလို့ ဘယ်တုန်းကမှ မပြောခဲ့တဲ့ မစိန်လှက ကျော်ရဲအောင် ကြည့်ရမယ်ဆိုတော့ ဘိုးဘွားအမွေကို မိုးခေါင်သလေး၊ ပိုးကျသလေး လုပ်တော့တာလေ။ မည်သို့ပင် ဖြစ်စေကာမူပေါလေ အဲသည်ညက ကိုဘကောင်းနဲ့ မစိန်လှ ဘိုးဘွားပိုင်ယာကလေးကို တစ်ယောက်က ကျော်ရဲအောင်နဲ့ လဲဖို့၊ တစ်ယောက်က ရီမုတ်ကွန်ထရိုး နဲ့ လဲဖို့ ဆုံးဖြတ်လိုက်ကြတာပါပဲ။ သည်လိုနဲ့ပဲ.....။

တိုတိုပြောကြပါစို့ရဲ့။ ကိုဘကောင်းက တောကယောကၡမယာလေး ပြန်ရောင်းတယ်။ ငွေရှစ်သောင်းလား၊ တစ်သိန်းလားရတယ်။ ရှိစုမဲ့စု ခြစ်ခြုတ်ထားတာလေးနဲ့ ပေါင်းလိုက်တော့ ဂျေဗီစီ တွမ်တီဝမ်းအမ် နှစ်ဆယ့်တစ်လက်မ တယ်လီဗီးရှင်းတစ်လုံးနဲ့ အိတ်ချ်အာရ်-ဗီဆစ်စတီဝမ်းကေ ဗီဒီယို အောက်စက်တစ်လုံး ရလိုက်တယ်။ ကိုမောင်ညွှန့်ကပဲ လိုက်ဝယ်ပေးတာပါ။ တကယ်လည်း ရီမုတ်ကွန်ထရိုးနှစ်ခု ပါလာတာပါပဲ။ တီဗွီအတွက်က ခပ်ပြားပြား လက်သုံးလုံးလောက်က တစ်ခု၊ ဗီဒီယို ပလေယာအတွက်က ခပ်ခုံးခုံး လက်နှစ်လုံးလောက်က တစ်ခု။ ရီမုတ်ကွန်ထရိုးတွေ ကိုင်ပုံကိုင်နည်းနဲ့ လုပ်ဆောင်ပုံ စနစ်တွေကို တီဗွီပြင်ဆရာမောင်ညွှန့်ကပဲ ရှင်းပြတယ်။ တီဗွီနဲ့ အောက်စက်ကို ဘယ်လိုကိုင်တွယ်ရမလဲ ဆိုတာလည်း ရှင်းပြတယ်။

"အရေးကြီးဆုံးက သည်စက်တွေထဲမှာ အဆင့်မြင့် ဗို့အားတွေ ရှိတယ်။ ပြီးတော့ မိုးရေတို့၊ ရေမှုန်ရေမွှားတို့ မဝင်အောင်လည်း ဂရုစိုက်ဖို့ လိုတယ်။ အပူနဲ့ နေရောင်ခြည် တိုက်ရိုက်ကျတာမျိုးတို့၊ အေးလွန်းတဲ့နေရာတို့၊ စိုထိုင်းဆ များတာတို့၊ ဖုန်ထတဲ့နေရာတို့၊ တုန်တဲ့နေရာတို့၊ သံလိုက်စက်ကွင်းရှိတဲ့နေရာတို့၊ လေဝင်လေပေါက်တွေ ပိတ်ဆို့ထားတာတို့၊ စက်တွေပေါ်မှာ အလေးအပင် တင်တာတို့၊ ထူလွန်း၊ မာလွန်း၊ ပျော့လွန်းတဲ့နေရာမှာ မထားမိဖို့တို့၊ ဒေါင်လိုက် မထားမိဖို့တို့...စသဖြင့် ဒါတွေ ရှောင်ဖို့လိုတယ်"

"မောင်ညွှန့်ရာ မင်းဟာက မလွန်ဘူးလား။ သောက်ကျိုးနည်း ငါ့မိဘတောင် အဲသလို မထားခဲ့ဖူးဘူး"

"ခင်ဗျားတို့စက်က မိုဒယ်မြင့်တယ် ကိုဘကောင်းရဲ့။ စစ်စတမ်က အင်တီအက်စ်ရော၊ စီကမ်ရော၊ ပါးလ်ရော ပါတယ်။ အင်တီအက်စ်က ပလေးဘက် ပါတယ်။ ဒါက ပါးစနစ်နဲ့ လွှင့်တဲ့ ရုပ်မြင်သံကြားတွေမှာသုံးတာ။ ကျွန်တော်တို့မြန်မာ့ရုပ်မြင်သံကြားစနစ်က အင်တီအက်စ်သုံးဒသမငါးရှစ်နဲ့ လွှင့်တော ပြဿနာမရှိဘူး။ နောက် ဒစ်ဂျစ်တယ်ထရက်ကင်းကလည်း အော်တိုစနစ်ဗျ။ အော်တိုပလေးဘက်ရော၊ ရီပိပလေးဘက်ရော၊ ရှတ်တဲလ်ဆာ့ချ်ရော ပါတယ်"

ကိုဘကောင်းကတော့ စိတ်ညစ်လှပြီ။ မစိန်လှကလည်း မျက်စိမျက်နှာတွေ ပျက်လို့။ သည်လိုမှန်းသိ ယာလေး မရောင်းပါဘူးလို့ တွေးမိဟန်တူပါရဲ့။ မျက်ရည်ကလေး စို့လိုက်လို့။ သည်လောက် အင်္ဂလိပ်လို များတဲ့ ဟာကြီး သူတို့လင်မယားနဲ့ဖြစ်ပ့ါမလားလို့လည်းတွေးတယ်။ မောင်ညွှန့်ကတော့ ဒါတွေဘာသိမှာတုန်း။ သူတက်ထားတာလေး အင်္ဂလိပ်လိုများများ သုံးပြီး ရှင်းပြတုန်း။ အော်တိုပါဝါ အွန်တို့၊ အော်တိုရီဝိုင်းတို့၊ အော်တိုပလေးဘက်တို့၊ အော်တိုပါဝါအော့ဖ် အီဂျက်တို့၊ အော်တို ဟက်ကလင်းနင်းတို့ ဆိုတာကလည်းပါရဲ့။ အောက်စက်ဖွင့်ပုံဖွင့်နည်းကိုလည်း လက်တွေ့ဖွင့်ပြတယ်။ အောက်စက်ရဲ့ရှေ့ပိုင်းနောက်ပိုင်းက အလုပ်လုပ်ရမယ့်ခလုတ်တွေရဲ့သဘာဝတွေလည်း ရှင်းပြတယ်။





"ဒါတွေတော့ ထားပါတော့ကွာ။ ရီမုတ်ကွန်ထရိုးကတော့ ရှင်းပါတယ်။ ချန်နယ်လ်တွေ ပြောင်းနိုင်တယ်။ အလင်းအမှောင် ပြောင်းနိုင်တယ်။ ခပ်လင်းလင်း ကြည့်မယ်ဆိုရင် ဘရိုက်ဆိုတာ ပေါ်လာအောင်နှိပ်၊ သာမာန်ဆိုရင် စတင်းဒတ်၊ ခပ်မှောင်မှောင်လေး ကြိုက်ရင် ဆော့ဖ်နဲ့ ကြည့်။ နောက်ဟောဒီထိပ်က အပေါက်လေး ... ဒါကို ပိတ်မနေရဘူး။ ဒါက အောက်စက်မှာလာတဲ့ ဆင်ဆာ ဝင်းဒိုးခေါ်တဲ့ အာရုံခံပေါက်ကို ချိန်ပြီး နှိပ်ရတာဆိုတော့ ပိတ်နေရင် မရဘူး။ ဒါအရေးကြီးတယ်။ နောက်ဟောဒီအောက်က အတုံးလေး သုံးတုံးကို ကြည့်"

မောင်ညွှန့်က အင်္ဂလိပ်လိုရော၊ မြန်မာလိုပါတောင် မကတော့ပါဘူး။ လက်တွေ့ပါ သင်တန်းပေးနေရတော့တာပါ။ ကိုဘကောင်းကလည်း ရီမုတ်ကွန်ထရိုးသင်တန်းကို စာတွေ့ရော၊ လက်တွေ့ပါ လက်ဖက်တစ်ရိုး၊ ရေနွေးကြမ်းတစ်ခွက် ရင်းပြီး သင်တာပါပဲ။ မစိန်လှကတော့ ရီမုတ်ကွန်ထရိုးဆိုတာကတော့ မိန်းမကိစ္စ မဟုတ်ဘူးလို့ တွက်ပုံရတယ်။ သိပ်စိတ်ဝင်စားပုံ မရဘူး။

"ကျွန်တော်က အောက်စက် ရီမုတ်ကွန်ထရိုးကို သေသေချာချာပြမယ်။ သူ့မှာက တီဗွီရီမုတ်ကွန်ထရိုးက ဖန်ရှင်တွေပါ ပါနေတော့ သည်တစ်ခုပြတာနဲ့လုံလောက်ပါတယ်။ သည်မယ် ကြည့်၊ ဟောဒီသုံးတုံးက တီဗွီချန်နယ်ပြောင်းတာ တွေ့လား။ အပေါင်းအနုတ်ပြထားတာ။ အပေါင်း လက္ခဏာပါရင် ချန်နယ်လ်နံပါတ်ကြီးသွားမယ်။ အနုတ်လက္ခဏာပါရင် ငယ်သွားမယ်။ သည်နှစ်တုံးရဲ့ ဘေးကအတုံးက အော်ပရိတ်လို့ခေါ်တယ်။ ဒါက လျှပ်စစ်အားကို ပိတ်တာနဲ့ ဖွင့်တာ။ ဟောသည် သူ့အောက်က သုံးတုံးကတော့ ဖော်လျှူမ်းလို့ခေါ်တဲ့ အသံလုံးပေ့ါဗျာ။ သူက ကျယ်ကျယ်ကြိုက်ရင် အပေါင်းကိုနှိပ်၊ တိုးတိုးကြိုက်ရင် အနုတ်ကို နှိပ်။ သူ့ဘေးက အတုံးကတော့ တီဗွီနဲ့ ဗီဒီယို ချိန်းတဲ့ဟာ။ ဟုတ်ပြီနော်။ ဒါက တီဗွီလိုင်း။ ဟုတ်ပြီ၊ အောက်က ဗီဒီယိုလိုင်း လာတော့မယ် တွေ့လား နှစ်တုံး။ ဘယ်ဘက်ကအတုံးကလည်း တီဗွီနဲ့ဗီဒီယို ချိန်းတာပဲ။ ညာဘက်က အတုံးက လျှပ်စစ်ဓာတ်အားပိတ်တာနဲ့ ဖွင့်တာပါပဲ။ ဟောသည် သူ့အောက်ကသုံးတုံးကတော့ ဘယ်အစွန်က အော်တိုထရက်ကင်။ ထရက်ကင်ဆိုတာက အရုပ်ကြည်မကြည်ချိန်တာ။ ဘေးက နှစ်တုံးက အနုတ်နဲ့ အပေါင်း ပြထားတာ၊ ဒါပဲ။ အနုတ်နဲ့ အပေါင်း မျှချိန်ပြီး ကြည်ပြီဆိုရင် ရပ်လိုက်တော့။ ပြီးရင် သူ့ဘေးက အော်တိုခလုတ်ကို ပြန်နှိပ်ထားရုံပဲ။ နောက် ဟောဒီမှာကြည့်၊ သူ့အောက်မှာ သုံးတုံးထပ်တွေ့တယ်နော်။ ဘယ်အစွန်က နောက်ပြန်ရစ်တာ။ အလယ်က စက်ကိုမောင်းတာ။ ညာအစွန်က ရှေ့ကို ကျော်ရစ်လိုက်တာ။ ဟိုအခန်းတွေ ဘာတွေ ပါလာရင် ကျော်ရစ်လိုက်တာ ဒီဟာတွေပဲ"

ဟိုအခန်းတွေဆိုတော့ ကိုဘကောင်းက တံတွေးမျိုချတယ်။ မစိန်လှကတော့ အခုမှ ဒီမည်းမည်း ပလစ်စတစ်တုံးလေးက ဒီစက်တွေရဲ့ဆရာပါလားဆိုတာ ရိပ်မိသွားပုံရတယ်။ သေသေချာချာ လိုက်

လိုက်ကြည့်တယ်။

"ဟောဒီအောက်ဆုံးက သုံးတုံးကတော့ဗျာ ဘယ်အစွန်က အတုံးက ခင်ဗျားတို့မှာ ဗီဒီယို အခွေအလွတ်တွေရှိလို့ တီဗွီကလာတာကို ဖမ်းထားချင်ရင် ဖမ်းပေးနိုင်တဲ့ခလုတ်။ အလယ်က ကောင်ကတော့ အဲဒီလို ဖမ်းထားတာကို ရပ်ချင်ရင် နှိပ်ရတဲ့ကောင်။ ညာအစွန်က ကောင်ကတော့ ပေ့ါစ်လို့ ခေါ်တယ်။ ခဏရပ်ထားချင်ရင် ရပ်ထားလို့ ရတဲ့ကောင်။ ဒါတွေအားလုံးကို နှိပ်လို့ရမယ့် စက်ကွင်းဧရိယာက ရှစ်မီတာအတွင်းပဲ ဖြစ်ရမယ်။ ပေအစိတ်လောက်ပေ့ါဗျာ"

မောင်ညွန့် ပါးစပ်ကလည်း ရှင်း၊ လက်ကလည်း လုပ်ပြလိုက်တာ တော်တော်ကြာသွားတယ်။ ဒီတော့မှပဲ လက်ဖက်တစ်ရိုး ပါးစပ်ထဲ ထည့်ရတော့တယ်။ ကိုဘကောင်းကတော့ မောင်ညွန့်ရှိတုန်း အမျိုးမျိုး လုပ်ကြည့်နေတော့တာပါပဲ။ မောင်ညွန့်က အရောင်ချိန်တာတွေကိုတောင် ပြလိုက်ပါသေးတယ်။ အရောင်လေးမျိုးလောက်ကို စိုသွားအောင်၊ ခြောက်သွားအောင်၊ တောက်ပလာအောင်၊ မှိန်ကျသွားအောင် အမျိုးမျိုးလုပ်ပြတယ်။ လက်တွေ့ပြတာလည်း ကြည့်ဦး။ မစိန်လှက ဗီဒီယို ရောက်လာမယ်ဆိုကတည်းက လမ်းထိပ်က ဗီဒီယိုဆိုင်က ကြိုငှားထားတဲ့ ကျော်ရဲအောင်ပါတဲ့ ဗီဒီယိုခွေနဲ့ ပြတာဆိုတော့ ကျော်ရဲအောင်ကလည်းစိုသွားလိုက်၊ ခြောက်သွားလိုက်၊ အသံမထွက်လိုက်၊ အသံထွက်လိုက်၊ အရောင်တွေ ရင့်သွားလိုက်၊ အရောင်တွေ ပျော့သွားလိုက်၊ တခါတခါ အမြန်ရစ်တော့ တောက်တက်တောက်တက် ပြေးလိုက်၊ ရပ်ထားလိုက်တော့ ပါးစပ်ကြီးပြဲ ကျန်ရစ်လိုက်၊ ဒါကိုပဲ ကိုဘကောင်းက သိပ်ကျေနပ်နေတာပေ့ါလေ။ မောင်ညွန့်ကိုလည်း ကျေးဇူးတင်ရဲ့။ မောင်ညွန့်ပြန်သွားတော့ မစိန်လှက ကျော်ရဲအောင် ဇာတ်ထုပ်နဲ့ပဲ ဗီဒီယိုနဲ့ တီဗွီအသစ်ကို မင်္ဂလာ ယူပြီး ဖွင့်တယ်။ မစိန်လှက ဇာတ်ထုပ်ဖွင့်ထည့်နေတုန်း ကိုဘကောင်းကလည်း ရီမုတ်ကွန်ထရိုးနဲ့ အမျိုးမျိုး လုပ်ကြည့်နေတာပါပဲ။ မစိန်လှ အိပ်တော့မှ ရီမုတ်ကွန်ထရိုးကို အကြာကြီးကိုင်ကြည့် နေမိတယ်။ ပြောခဲ့ပါပကော၊ သူအရင်က ဒါမျိုးမမြင်ဖူးဘူး။ ဒီလက် နှစ်လုံးသုံးလုံးလောက် ရှိမယ့်ကောင်က တီဗွီထဲက အရုပ်တွေကို၊ ဒါမှမဟုတ် ဗီဒီယိုထဲက အရုပ်တွေကို ဒီလောက်တောင် နိုင်လိမ့်မယ် မထင်ခဲ့ဘူး။ လက်စသတ်တော့ ဒီကောင်က အခရာကိုး။ ကြည့်ဦးလေ၊ ဒါလေးရဖို့ သူ့မှာလုပ်လိုက်ရတာ။ ယောက္ခမယာကွက်ကလေးလည်းဆုံးပြီ။ ညဥ့်နက်တော့မှ ရီမုတ်ကွန်ထရိုးကို အနားက စားပွဲပေါ်ကို လှမ်းတင်ဖြစ်တော့တယ် ပြောပါတော့။

ဒီလိုနဲ့ ကိုဘကောင်းဟာ ဖိုးစီနဲ့ မောင်ညွန့် သင်ပေးလိုက်တဲ့ ရီမုတ်ကွန်ထရိုး သင်တန်းတွေ အပြီးမှာ လက်တွေ့ပါ ပေါင်းစပ်လိုက်တယ် ထင်ပါရဲ့။ တော်တော့်ကို ကျွမ်းကျင်သွားတယ်။ အားအားရှိတိုင်း တီဗွီက လာတာတွေရော၊ ဗီဒီယိုက လာတာတွေပါ ရီမုတ်ကွန်ထရိုးတစ်ခုနဲ့ လုပ်ချင်တိုင်း လုပ်နေ





တာ နေ့တိုင်း။ မစိန်လှကတော့ စိတ်ညစ်လှပြီ။ ညနေစောင်း ကိုဘကောင်း အလုပ်က ပြန်လာရင် တီဗွီရှေ့မထိုင်တော့ပါဘူး။ သူစိတ်ကူးထားတဲ့ ကျော်ရဲအောင်ကားတွေ ထောင်းထအောင် ကြည့်လိုက်မဟဲ့ ဆိုတာများလည်း ပျောက်ကုန်ပြီကိုး။ ကိုဘကောင်းကတော့ အောက်စက်ထဲကို ဗီဒီယိုအခွေတစ်ခွေ ထည့်ထားပြီး ချန်နယ်လ်တွေပြောင်းတယ်။ ဒီတော့ မြဝတီ ဝင်တဲ့အခါ ဝင်လာတယ်။ မြန်မာ့ရုပ်မြင်သံကြားပေါ်လာတဲ့အခါလည်း ရှိတယ်။ စိတ်မထင်ရင်တော့ ဗီဒီယို ချန်နယ်လ် ပြန်ဖွင့်တယ်။ အသံတွေကို တိုးကြည့်တယ်၊ ကျယ်ကြည့်တယ်။ အရောင်တွေ ပိန်းနေအောင် ချိန်ချင်တဲ့အခါ ချိန်တယ်။ ဖြူဖတ်ဖြူရော် ဖြစ်ချင်တဲ့အခါလည်း ခလုတ်ကလေးနှိပ်ပြီး လျှော့လိုက်တာပေ့ါလေ။ ဗီဒီယိုဆိုရင်လည်း ရပ်ချင်တဲ့အခါ အကြာကြီးရပ်ထားတာပါပဲ။ အမြန်ရစ် လုတ်နှိပ်လို့ ပြေးကြ၊ လွှားကြတာတွေကိုလည်း ကိုဘကောင်းတော်တော်လေး သဘောကျတယ်။ အရုပ်တွေ နောက်ပြန်ဆုတ်ပြေးတာတွေများဆိုရင် ကိုဘကောင်း ခဏခဏ လုပ်လေ့ရှိတယ်။

ဒါပေမယ့် ရီမုတ်ကွန်ထရိုးနဲ့ သူလုပ်ချင်တာ လုပ်နေရတာကို ကိုဘကောင်း ကြာတော့ ငြီးငွေ့လာ တယ်။ ဒါပေမဲ့ဝတ္တရားမပျက် ညနေမှစောင်းပြီဆိုရင် ကိုဘကောင်းသူ့အလုပ်သူလုပ်တာပါပဲ။ လုပ်ရင်းကလည်း သူစဉ်းစားမိတာတွေ ရှိတယ်။ တစ်နေ့ သူ ရီမုတ်ကွန်ထရိုးတစ်ခုနဲ့ လျှောက်က လိရင်း ဒီပစ္စည်းလေးရဲ့ ထိပ်က အပေါက်ကလေးကို ကြည့်ပြီးစဉ်းစားတယ်။ တစ်ရက်တော့ သူ့မိန်းမ မစိန်လှကိုတောင် ပြောမိတယ်။

"စိန်လှရေ၊ ငါစဉ်းစားမိတာပေ့ါဟာ။ လောကမှာ သက်ရှိသက်မဲ့အားလုံး ဓာတ်ကြီး လေးပါးနဲ့ ဖွဲ့စည်းထားတာချည်း မဟုတ်လား။ ဒါ့ကြောင့် ဒီပစ္စည်းလေးဟာလည်း ဓာတ်ကြီးလေးပါး အစုအဝေးပဲ၊ တီဗွီ၊ ဗီဒီယိုဆိုတာတွေကလည်း ဓာတ်ကြီးလေးပါး အစုအဝေးပဲ။ နင် စဉ်းစားကြည့်လေ။ ငါတို့ လူဆိုတာကကော ဘာတွေလဲ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောပဲ။ ဒါကပြေးမလွတ်ဘူး။ တီဗွီထဲကအရုပ်တွေက အသက်ဝိဉာဉ် မရှိပေမဲ့ ဒီကိရိယာလေးက ရပ်ခိုင်းလို့ရတယ်။ လင်းအောင်လုပ်လို့ရတယ်။ မှိန်အောင်လုပ်လို့ ရတယ်။ ပြေးအောင် လွှားအောင်လုပ်လို့ရတယ်။ ကြည်လင်ပြတ်သားအောင်လုပ်လို့ရတယ်။ တအားအော်ပြောခိုင်းရင်လည်း ခများများအော်ကြရတယ်"

ကိုဘကောင်းက ရီမုတ်ကွန်ထရိုးကြီး ကိုင်ထားရင်း မစိန်လှကို အကဲခတ်တယ်။ သူ့ယောက်ျား ကိုဘကောင်းက ဘုန်းကြီးကျောင်းထွက်ဆိုတော့လည်း ကိုဘကောင်းပြောတာတွေဟာ တရားခမ္မ ဘက်နွှယ်တယ်လို့ မစိန်လှကလည်း သဘောထားပုံရတယ်။ ငြိမ်ပြီး နားထောင်နေ တယ်။ ကိုဘကောင်းက ရီမုတ်ကွန်ထရိုးကြီး ကိုင်ထားရင်း မစိန်လှကို အကဲခတ်တယ်။ သူ့ယောက်ျား ကိုဘကောင်းက ဘုန်းကြီးကျောင်းထွက်ဆိုတော့လည်း ကိုဘကောင်းပြောတာတွေဟာ တရားခမ္မ

ဘက် နွှယ်တယ်လို့ မစိန်လှကလည်း သဘောထားပုံရတယ်။ ငြိမ်ပြီး နားထောင်နေတယ်။

'ကိုင်း....ငါပြောတာ နင်စဉ်းစားကြည့်လေ။ အဝိဇ္ဇာဏကတွေတောင် ခိုင်းလို့၊ စေလို့ ရရင် သဝိဇ္ဇာဏကတွေကိုကော ခိုင်းလို့ရမယ်ထင်တယ်။ ဒါကြီးနဲ့ထိုးပြီး ခလုတ်ကလေးတွေ နှိပ်လိုက်ရင် လူတွေလည်း ဒီလိုနေမှာပဲ ထင်တယ် '

ကိုဘကောင်းက ပါးစပ်ကပြောရင်း ရီမုတ်ကွန်ထရိုးနဲ့ မစိန်လှကို လှမ်းချိန်တော့၊ မစိန်လှက ဆက်ခနဲ မက်တပ်ရပ်ပြီး အနားက တဘက်နဲ့ ကာတယ်။

'တော်နော်၊ ပေါက်ကရမလုပ်နဲ့။ ဘာလဲ...တော်က ကျုပ်ကိုနောက်ပြန်ပြေးစေချင်လို့လား၊ အသံမထွက်စေချင်လို့လား၊ ပါးစပ်ကြီး ပြဲကျန်အောင် လုပ်ချင်တာလား။ အောင်မာ... တော့်ဉာဏ်မသိမှတ်လို့'

ကိုဘကောင်း အဲဒီလို ပြောတဲ့နေ့ကတည်းက မစိန်လှ ကိုဘကောင်းကိုချည်း အကဲခတ်နေတယ်။ ကိုဘကောင်းကတော့ သူ့သုတေသနကို မစိန်လှနဲ့ စမ်းလို့ မရနိုင်မှန်းသိတော့ တော်တော်စိတ်ညစ်သွားတယ်နဲ့ တူပါရဲ့။ တီဗွီက အရုပ်တွေကို ခါတိုင်းထက်ပိုပြီး လုပ်တော့တာပါပဲ။ မျက်လုံးကြီးပြူးပြီး ဘာစကားမှ မပြောတော့ဘဲ ရီမုတ်ကွန်ထရိုးက ခလုတ်တွေချည်း နှိပ်နေတော့တာလေ။

ကိုဘကောင်းအိမ်ကို ရီမုတ်ကွန်ထရိုးကြီးရောက်ပြီး တစ်နှစ်ပြည့်တဲ့နေ့မှာပဲ ကိုဘကောင်းတို့အိမ်မှာ အသုဘပေါ်တယ်။ သေတာက ကိုဘကောင်းလည်း မဟုတ်ဘူး၊ မစိန်လှလည်း မဟုတ်ဘူး။ မစိန်လှအဖေ သေတာ။ အဘိုးကြီးက လေဖြန်းထားတော့ အိပ်ရာထဲကမထနိုင်တာ ကြာပြီ၊ အသက်ကလည်း ၈၀ ကျော်ပြီ။ လူမှသေပြီဆိုမှတော့ ကိုဘကောင်းက သူ့တီဗွီကြီးနဲ့ အောက်စက်တွေကို ခဏသိမ်းထားရတာပေ့ါလေ။ နာရေးပေါ်ပြီဆိုတော့ ရက်ကွက်ထဲက လူတွေကလည်း အလောင်းပြင်ကြ၊ ဝိုင်းကြ၊ ဝန်းကြနဲ့ အသုဘအိမ်မှာ လူတော်တော်စုံနေပြီ။ အဲဒီမှာတင် မစိန်လှက ဘာမပြော၊ ညာမပြော ကောက်ကာငင်ကာ ထငိုတော့တာပါပဲ။

'အောင်မလေး... ကိုဘကောင်းရဲ့၊ ဒါ တော့်ဉာဏ် အကုန်ပဲလားတော်ရဲ့။ တော့် လမုတ်ကွန်ထရိုးကြီးနဲ့ ကျုပ်အဖေကို တော်စမ်းနေတာလေ။ စိုအောင်လုပ်လိုက်၊ ခြောက်အောင်လုပ်လိုက်၊ ပြေးခိုင်းလိုက်၊ ရပ်ခိုင်းလိုက်၊ အသံမထွက်အောင် လုပ်လိုက်၊ မှောင်အောင် လုပ်လိုက်၊ လင်းအောင် လုပ်လိုက်... တော်စမ်းသပ်နေတာ ကျုပ်မသိဘူးမှတ်နေသလား။ ယာကွက်ကလေး ရောင်းလိုက်ရတဲ့ လမုတ်ကွန်ထိုးကြီးရဲ့ '





လူတွေကတော့ ဘာသိမှာတုံး။ မစိန်လှက အဲဒီလို အော်လိုက်တော့ ကိုဘကောင်းကို ဝိုင်းကြည့်ကြတယ်။ ကိုဘကောင်းကလည်း ပြောလည်းပြောစရာ။ သူ့တိုက်ပုံအင်္ကျီအိတ်နှစ်ဖက်မှာ ရီမုတ်ကွန်ထရိုးကြီး နှစ်ခုကတစ်ဖက်တစ်အိတ်ထောင်လို့။ ပါးစပ်ကလည်း ကွမ်းပလုပ်ပလောင်းနဲ့။ မျက်လုံး ကြီးကလည်းပြူးလို့။ အသုဘကို လာတဲ့သူတွေကတော့ မစိန်လှငိုချင်းကို ရယ်ရခက်၊ ငိုရခက်ပေ့ါလေ။ ပြုံးပြုံးကြီးတွေနဲ့။

# မောင်းပုတီးလေး





သန်းခေါင်ကြက်တွေ တွန်တော့လည်း အမေသန်းရင် မအိပ်နိုင်သေး။ အပြင်မှာ လမင်းကြီး ထိန်ထိန်လင်းနေသည်။ သက်ငယ်ပျစ် ကျိုးကျဲကြားက လရောင်တွေ ယိုစီးနေသဖြင့် အိမ်ကလေး ထဲမှာ လင်းလက်နေသည်။ အမေသန်းရင်က မှိန်းနေရာမှ ကျုံးထလိုက်သည်။ ခြေသလုံးတွေ တောင့်တင်းနေလေသည်။ တနေ့လုံး မောင်းထောင်းထားရသဖြင့် ညာဘက်ခြေသလုံးက ထင်းချောင်းတစ်ချောင်းလို တင်းမာနေသည်။ ဆံပင်ကြမ်းတွေကို ဝါးဘီးကလေးနှင့် ပတ်ရစ်လိုက် သည်။ အိမ်ရှေ့ကွပ်ပျစ်ကလေးဆီ ထသွားလိုက်သည်။ လရောင်အောက်မှာ အရာအားလုံး ငြိမ်သက်နေသည်။ ငယ်ငယ်တုန်းကတော့ လရောင်အောက်မှာ သည်အချိန် ဘယ်အိပ်လိမ့်ဦးမလဲ။ အခုတော့ ရွာလယ်က ခွေးအူသံသဲ့သဲ့မှ တပါး ဘာကိုမှ မကြားရ။ ငယ်ငယ်တုန်းက ဘဝတွေကို စိတ်ရောက်သွားပြန်သည်။ တိုးစိန်၊ သန်းရင်၊ ခင်မေ၊ သည်သုံးယောက်ဆိုလျှင် ရွာက တစ်တွဲတည်း မြင်သည်။ ကောက်စိုက်၊ ပဲနုတ်၊ ကောက်သင်းကောက်၊ မောင်းထောင်း။ တိုးစိန်က စလေကျွန်း ဘက်က လက်သမားတစ်ယောက်နှင့် အိမ်ထောင်ကျသွားကတည်းက ရွာကို ပြန်မလာတော့။ ခင်မေကတော့ ရွာထဲမှာ ရှိသည်။

အခုတော့ ဒေါ်ခင်မေ။ အင်း...လယ်ပိုင်ရှင် ဒေါ်ခင်မေ၊ ကျောင်းအစ်မ ဒေါ်ခင်မေပေါ့လေ။ ရွာလယ်က ခင်မေတို့ တိုက်ခံအိမ်ကြီးမှာ ပဲစက်ရှိသည်။ မောင်းဆုံရှိသည်။ စပါးကျီ၊ ပဲကျီတွေ ရှိသည်။ ခင်မေ ပဲခင်းတွေ ပဲဆွတ်ချိန်ဆိုလျှင် သူတို့သားအမိ လိုက်နေကျ။ ခင်မေ လယ်တွေမှာ ကောက်သင်းကောက်နေကျ။ ငယ်ငယ်က ခင်မေနှင့် မောင်းထောင်းဖက် ဆိုသော်လည်း၊ အခု လုပ်ငန်းရှင်နှင့် အလုပ်သမား။ ဒါပေမဲ့ ခင်မေက ဘဝမမေ့ဟု ဆိုရမည်။

သူတို့သားအမိကို ကြည့်သည်။ ခိုင်းစရာရှိလျှင် သူတို့၊ ပေးစရာရှိလျှင် သူတို့၊ အခုလည်း သူ့မောင်းစင်မှာ သားအမိတစ်တွေ မောင်းထောင်းနေရသည်။ အိမ်က ကိုရင် ပိုးထိဆုံးတော့ ခင်မေ့ဆီက ချေးရငှားရသေးသည်။ အခုတော့ သားအမိသုံးယောက် ရရစားစား ဝါးဝါးမျိုမျို။ ကောက်စိုက်ချိန် စိုက်၊ ထင်းသယ်ချိန် သယ်၊ မောင်းထောင်းချိန်ထောင်း၊ ကြိတ် ထိုးချိန် ထိုး။ သူငယ်ချင်းသုံးယောက်ထဲမှာ သူတစ်ယောက်တည်း ကြီးတောင့်ကြီးမား မောင်းထောင်း၊ ကြိတ်ထိုး နေရတုန်းဖြစ်သည်။ မောင်းတိုင်က မောင်းပုတီးလေးကိုကိုင်ရတွယ်ရတုန်း၊ ပုတီးပတ်တွေ မှတ်ရတုန်း။

လရောင် ကြည်ကြည်ထဲမှာ ရေမဲ့ရေအိုးပေါင်း သုံးလုံးနှင့် မီးကပ်မီးချိတ် ဝါးလုံးငေါ်စင်းစင်းကို ငေးကြည့်နေမိပြန်သည်။ နွေကုန်တော့မည်။ မိုးကျတော့မည်။ သက်ငယ် မမိုးရသေး။ သည်နှစ် ကြိတ်ထိုးခထဲက ဖဲ့စုလာတာ နည်းနည်းပါးပါးတော့ ရနေပြီ။ လိုတာ ခင်မေ့ဆီက ချေးရလိမ့်မည်

ထင်သည်။ ခင်မေ့ကျေးဇူးတွေကို သတိရနေရင်း ငယ်ဘဝတွေကို စိတ်ရောက်သွားပြန်သည်။ သည်လို လရောင်ညတွေမှာ ဖန်ခုန်တမ်း၊ တွတ်ထိုးတမ်း၊ စကားထာဝှက်တမ်း၊ ဘိုင်စကုတ်အကြောင်း ပြောတမ်း။

လရောင် တလင်း ကွင်းပြန့်ထဲမှာ ညဥ့်နက်သန်းခေါင်တိုင်အောင် သူရယ်၊ တိုးစိန်ရယ်၊ ခင်မေရယ်။ အဲသည်တုန်းက… ခါတိုင်း မနက်သုံးနာရီ သန်းရင် နိုးနေကျ။ ကနေ့ မိုးလင်းသွားသည်။ သိပ်တော့ နောက်မကျသေး။ လရောင် ရှိနေသေးသည်။ ခင်မေနှင့် တိုးစိန်ကို သွားခေါ်ရဦးမည်။ သူတို့ လာခေါ်ရတယ်လို့ တခါမှမရှိခဲ့။ သန်းရင် တဘက်ကြမ်းကို ခြုံကာ ထွက်လာခဲ့သည်။ တစ်ယောက်က ရေတွင်းကုန်းမှာ၊ တစ်ယောက်က အနောက် ရိပ်သာနားမှာ။ တိုးစိန်တို့ အိမ်စုကလေးတွေမှာ မီးရောင် မမြင်ရသေး။

"တိုးစိန်ရေ … တိုးစိန်"

"ဟူး"

"သေတုန်းပဲလား ကောင်မ၊ မိုးလင်းသွားပြီဟဲ့"

"အေး……အေး၊ သွားနှင့်ပါလား သန်းရင်ရေ"

"ဟင့်အင်း….မြန်မြန်လုပ်၊ ဒီကပဲ စောင့်မယ်"

လမ်းပေါ်မှာ ဘယ်သူမှ မရှိသေး။ လေးနာရီခွဲလောက်ပြီ။ ခဏကြာတော့ တိုးစိန် ထွက်လာသည်။ ခင်မေကို သွားမခေါ်တော့ပဲ နှစ်ယောက်သား မောင်းစင်ကို လာခဲ့ကြသည်။ သူတို့ မောင်းစင်ရှိရာ အိမ်ကြီးကို ရောက်တော့ ခြံတံခါးကြီးကို တွန်းဖွင့်ကာ ဝင်လိုက်သည်။အိမ်ကြီးဘေးမှာ ပန်းကာ နောက်ဖေးကွက်လပ်ကျယ်ကို ဆက်လျှောက်လာကြသည်။ အိမ်ကြီးရှင်တွေ မနိုးကြသေး။ မောင်းစင်ထားရာ တမာရိပ်မှာ မှောင်မည်းနေသည်။ တိုးစိန်က ရေနံဆီမီးတိုင်ကို မီးတို့လိုက်သည်။ ထိုစဉ်မှာပင် သူတို့ကိုယ်ပေါ်သို့ ကျောက်စရစ်ခဲတွေ ဖျောခနဲ ကျလာသည်။

"အမေ့"

"ဟား ဟား ဟား ဟား"

ခင်မေ လရောင်ရိပ် မကျသည့် ပန်းချုံထဲက သရဲခြောက်ပြနေခြင်း ဖြစ်သည်။

"ညည်းမကြောက်ဘူးလား ခင်မေရယ်"

"ကြောက်ပေါင်"

မီးတိုင်ခွက် အလင်းရောင်နှင့် စပါးအိတ်တွေကို သွား မသည်။ တိုးစိန်က မောင်းစင်ဘေးမှာ ဂုန်နီအိတ်တွေ စီခင်းလိုက်သည်။လုံးတီး၊ ဖွဲကြမ်း၊ ဆန်ကွဲ၊ စပါးခွံတွေ သပ်သပ်စီ ခုတ်ချဖို့ နေရာခွဲထားလိုက်သည်။ သန်းရင်က မနေ့က ကြိတ်ထိုးပြီးသား လုံးတီး နှစ်ပြည်သားလောက်ကို





ခင်မေနှင့် တိုးစိန်တို့ အရိပ်တွေက ရှည်မျောနေသည်။ မောင်းတုံးပေါ်တင်ထားသော ခြေထောက်တွေက အသင့်၊ တိုးစိန်က မောင်းတိုင် စွပ်ထားသည့် ပုတီးကုံးကလေးကို ချွတ်ယူလိုက်သည်။

"ကိုင်း နင်း"

"ကျွီ"

"ဂျုံး"

"ကျွီ"

"ဂျုံး"

မောင်းနင်းတုံးက ဖိနင်းလိုက်သည့်အခါ ကျွီခနဲ ကျွီခနဲ မြည်သည်။မောင်းတုံးက မောင်းခွက်ထဲ ကျသည့်အခါ ဂျုံးခနဲ မြည်သည်။ မောင်းတုံးကျသည်နှင့် ဆန် မဖြစ်တဖြစ် လုံးတီးတွေ ဖွားခနဲ ဖွားခနဲ မောင်းခွက် နှုတ်ခမ်းပေါ်ကို စင်ထွက်လာတတ်သည်။ ထိုအခါ သန်းရင်က ယက်ချရသည်။ မောင်းအကြွမှာ ယက်ချ၊ မောင်းကျလျှင် ဖယ်၊ နရီကိုက် စည်းကိုက်။ မှားလို့မရ၊ ငိုင်နေလို့ မရ။

"ကောင်မ ခြောက်ပတ်နော်

ပုတီးခြောက်ပတ်ကို ဆိုလိုခြင်း ဖြစ်သည်။ မောင်းကျည်ပွေ့က မောင်းခွက်ထဲ ဂျုံးခနဲ တစ်ချက်ကျလျှင် မောင်းနင်းသူက ပုတီးတစ်လုံးကို ဆွဲချရသည်။ ကျသို့ဖြင့် မောင်းနင်းရင်းက ပုတီးစိပ် ရသည်။ ပုတီး ၁၀၈လုံး ပြည့်လျှင် တစ်ပတ်။ တစ်နည်းအားဖြင့် ၁၀၈ခါ နင်းပြီးပြီ ဆိုသည့်သဘောဖြစ်သည်။ မောင်းတုံးနှင့် ဆန်စေ့ ၁၀၈ ခါ ထိတွေ့ပြီးပြီ ဆိုသည့် သဘောဖြစ်သည်။ ကျသို့လျှင် ပုတီးငါးပတ်ပြည့်လျှင် ဆန်ဖြူသည့်မောင်း၊ ပုတီးဆန်ပတ်မှ ဆန်ဖြူသည့် မောင်းရယ်လို့ ရှိလာသည်။ အခု သူတို့မောင်းက မလှအုန်း မောင်း၊ ခြောက်ပတ်မောင်း။ သူတို့မှာ နာရီမရှိ။ မှောင်ထဲတွင် ဆန်ဖြူ၊ မဖြူ သေသေချာချာ သိနိုင်သည်မဟုတ်။ သည်တော့ ပုတီးပတ်နှင့် မောင်းထောင်းရသည်။ ပုတီးပတ်နှင့် ဆန်ဖြူချိန်ကို ကွတ်တိချိန်ပြီးသား ဖြစ်သည်။

တချို့ ပုတီးပတ်များသည့် မောင်းတွေကို နင်းသားတွေ မသွားချင်။ ပုတီးပတ် နည်းသည့် မောင်းမှာတော့ 'နင်းသား' တွေ စိတ်ချမ်းသာသည်။ သတ်မှတ်သည့် ပုတီးပတ်ပြည့်လျှင် ဆန်ချောပြီ။ ထိုအခါ ပြာရ၊ခပ်ရ၊တီးရသည်။ ဆန်ဖြူသပ်သပ်၊ ဖွဲသပ်သပ်၊ စပါးခွံသပ်သပ်။ ထို့ကြောင့် ထိုအရပ်က မောင်းစင်တွေမှာ မောင်းပုတီးကလေးတွေ ချိတ်ထားလေ့ရှိသည်။

"ကျွီ"

"ဂျုံး"

"ကျွီ"

"ဂျုံး"

ရောင်နီကလေး သွေးလာတော့မှ မီးတိုင်ခွက်ကို မှုတ်လိုက်သည်။မနက်ခင်းကလေးမှာပေမဲ့ ချွေးဥလေးတွေ သီးထနေသည်။

“ကောင်မ မငိုင်နဲ့နော်၊ လက်ပါသွားလို့ လင်မရဘဲ နေဦးမယ်”

“လင်မရတော့ ကောင်းတာပေါ့ အေ”

“ဘယ်ကောင်းပါ့လဲ အေရဲ့၊ ဟီး ဟီး”

“ကောင်မနော် အပျိုပါးစပ်”

နှစ်တင်းကျသွားပြီ။ ကြိတ်ထိုးပြီး၊ ပြာပြီး၊ တီးပြီး ဆန်ဖြူ တစ်တင်းကျကို နှစ်ကျပ်ရသည်။ တစ်နေကုန်ဆိုလျှင် ဆယ်တင်းလောက် ပြီးတက်သည်။ တစ်ခါ တစ်ခါ မောင်းပျက်လျှင်တော့ သုံးလေးတင်း။ တော်ရုံတန်ရုံ ကြိတ်ပျက်လျှင်၊ မောင်းပျက်လျှင် သူတို့ ပြင်တက်နေပြီ။

“လင်ဆိုလို့ ညည်း ဟိုကောင်နဲ့ တွေ့သေးလား၊ တောင်ဖျားက ကောင်လေ”

“တွေ့သားပဲ ဈေးထဲမှာ၊ ငါလေ အူတွေယားတာ အရမ်းပဲ”

“ဟင်း ဟင်း မကြိုက်တဲ့လူကို အေ့၊ အူယားမှာပေါ့”

“ဒါပေါ့ ညည်းလိုပေါ့”

“ညည်းအကောင်ကကော ပွဲတော်ရက်က ညည်းနဲ့တွေ့တာလေ”

“အဲဒါပေါ့၊ အဖေနဲ့ မိလို့ အရိုက်ခံရသေးတယ်”

“ကောင်းတယ်၊ ညည်းအကောင်က ခပ်ရဲရဲထဲကပါ အေ”

“ရဲတာတော့ မပြောနဲ့”

“ပြောပါဦးဟယ်၊ ဘာတွေ လုပ်တုံး’

“အို ညည်းကလည်း”

“ဟွန်း ညည်းက ကောင်းခန်းဆို ဖြတ်ပြီ၊ ပွဲတော်ကွင်းထဲတုန်းက ပြတဲ့ ဘိုင်စကုတ်ကျနေတာပဲ”

“ညည်း ရည်းစားထားကြည့်ပေါ့ဟဲ့”

“ပြောပါဟယ်”

မိုးလင်းပြီး ရောင်နီနှင့်အတူ ထင်းလှည်းအီသံတွေ လမ်းပေါ်မှာ ဆူညံနေလေသည်။ သဘော်မန်ကျည်းသီး နီကွေးကွေးတွေက ညက မှက်စားထားသဖြင့် မြေမှာ ပြန့်ကျဲနေလေသည်။ တိုးစိန်တို့ စကားကောင်းနေဆဲ။ တရွာလုံးက သတင်းတွေ၊ ဇာတ်ပွဲတွေ၊ ဘိုင်စကုတ်တွေ။

“တိုးစိန် ပုတီးဘယ်နပတ် ရှိပတုံး”

“ဟောတော့ ပုတီးပတ်တွေ မေ့ကုန်ပြီ”





“ညည်းက လုပ်ပြီဟယ်၊ ပုတီးကိုင်ပြီး စကားများနေတာကို”

“နေဦး၊ သုံးပတ်လား … လေးပတ်လား အဲ” သန်းရင်က ဆန်တွေကို ဆုပ်ယူလိုက်ကာ ကြည့်သည်။

“ဖြူပြီဟဲ့၊ ခြောက်ပတ်တောင် ကျော်ပြီပေါ့၊ ညည်းနယ်အေ” တိုးစိန်က သူ့လက်ထဲက စိပ်ပုတီးကို ကိုင်ရင်းက ရယ်သည်။

“တခါတလေလည်း မှားမှာပေါ့ဟယ်၊ စိပ်ပုတီးပေမယ့် မောင်းစင်ရောက်တော့ မောင်းပုတီးဖြစ်နေတာကို အေရဲ့။အင်းလေ တို့က ပုတီးကိုင်ထားပေမယ့် ပြောကြတာက ပေါက်ကရကိုး နော့”

“အမေ…အမေ ထတော့၊ သွားရအောင်”

ညက လသာထဲမှာ ငယ်ဘဝတွေကို စဉ်းစားရင်း ညဉ့်တော်တော်နက်တဲ့အထိ ထိုင်နေမိသဖြင့် မျက်လုံးတွေ ဖန်စပ်နေသည်။ မထချင်သေး၊ ထင်းချောင်းတွေလို မာကျောတင်းတောင့်နေသော ခြေထောက်တွေက မလှုပ်ချင်သေး။ ဒါပေမဲ့ ညတုန်းက တတမ်းတတ သတိရနေမိခဲ့သော ငယ်ဘဝတွေမှ မဟုတ်တော့တာပဲလေ။သူတောင် အပျိုကြီးဖားဖား သမီးနှစ်ယောက်ရဲ့ အမေဖြစ်နေမှပဲ။

တိုးစိန်ကလည်း ရှိသေးရင် ဘွားတိုးစိန်ဖြစ်နေရောပေါ့။ ခင်မေကလည်း ဒေါ်ခင်မေ ဖြစ်နေပြီ။ဘာပဲဖြစ်ဖြစ် ငယ်ဘဝတွေက ကျန်ရစ်ခဲ့ပြီ။ မထချင်လို့ မရတော့။ မျက်လုံးတွေ ဖွတ်ကိုဖွင့်ကာ ရေကပြင်မှာ မျက်နှာ ဆင်းသစ်သည်။ ပြောင်းဖူးဖက်နှစ်လိပ်နှင့် မီးခွက်ကိုင်ရင်း သမီးနှစ်ယောက်နှင့်အတူ ထွက်လာခဲ့သည်။မိုးကလင်းဖို့ တော်တော်လိုသေးသည်။ ဝါကြန့်ကြန့် လရောင်ကြည်ကြည်ကလေး ရှိနေသေးသည်။ သူငယ်ချင်းခင်မေတို့ တိုက်ခံအိမ်ကြီးက ရွာလယ်မှာဆိုတော့ တော်တော်သွားရသည်။ ခြံဝင်းကြီးက ကျယ်သည်။ပဲဂိုဒေါင်၊ ပဲစက်၊ စပါးကျီ၊ ကောက်ရိုးစင်တွေကို ဖြတ်တောက်ကာ မောင်းစင်ရှိရာ ခြံနောက်ဘက်ကို ဝင်လာတော့ မခင်မေတို့ပင် မနိုးကြသေး။

မနေ့က သားအမိတွေ ထားခဲ့သော ကြိတ်ထိုးပြီးသား လုံးတီးတွေကို မောင်းခွက်ထဲ ထည့်သည်။ သမီးငယ်က ဂုန်နီအိတ်တွေ ဖြန့်ခင်းသည်။ အကြီးမက မီးတိုင်ခွက်ကလေးကို ထွန်းသည်။ အငယ်မနှင့် အမေသန်းရင်က မောင်းတုံးပေါ် ခြေတင်လိုက်သည်။ မောင်းစင် လက်ကိုင်တန်းမှာ ချိတ်ထားသော မောင်းပုတီးကို အမေသန်းရင် လှမ်းဖြုတ်သည်။

"ပေးပါ အမေရယ်၊ အမေ ပုတီးပတ် မှားက မှားနဲ့"

အမေ သန်းရင်က သမီးငယ်စကားကြောင့် ရင်တွေ သိမ့်ခနဲ ခုန်သွားသည်။ သူကလည်း သူပါပဲလေ။ ပုတီးပတ်တွေ မကြခဏ မှားတက်သည်။ ပုတီးပတ်တွေ မှားပြီး ကျော်သွားရင် ဆန်လည်း နာသည်။ အချိန်လည်း ကုန်သည်။လူလည်း ပင်ပန်းသည်။ တခါတခါ သတိထားရင်းက ပုတီးပတ်တွေမှားသည်။ စိတ်တွေက ပျံ့လွင့်နေတက်သည်ကို။ ညတုန်းကတောင် သူတို့ အပျိုတုန်းက မောင်းထောင်း ရင်း ပုတီးပတ်တွေ မှားတာ သတိရနေခဲ့သေးသည်ပဲ။

"မမှားအောင် စိပ်ပါ့မယ် သမီးရယ်"

အမေသန်းရင်က ပထမဆုံးပုတီးလုံးကို လက်မနဲ့ပွတ်ရင်း နင်းရမည့်အချိန်ကလေးကို အသက်အောင့်ရင်း စောင့်နေလိုက်သည်။

"နင်းတော့"

"ကျွိ"

"ဂျုံး"

""ကျွိ"

"ဂျုံး"

မောင်းခွက်ထဲ မောင်းတုံးကျတိုင်း ပုတီးလုံးလေးတွေ စိပ်စပ်ချသည်။ အမေသန်းရင်က မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ ပုတီးလုံးလေးတွေကို စိပ်ချတိုင်း အနိစ္စ၊ ဒုက္ခ၊အနတ္တ ... နှုတ်ခမ်းတွေ လှုပ်လှုပ်နေအောင် ရွတ်ရင်း လက္ခဏာရေးသုံးပါးကို ရှုမှတ်သည်။ အနိစ္စ၊ ဒုက္ခ၊အနတ္တ ... အနိစ္စ၊ ဒုက္ခ၊အနတ္တ ... မောင်းခွက်ထဲ မောင်းတုံးကျသံကို သူ မကြားရတော့။ အနိစ္စ၊ ဒုက္ခ၊အနတ္တပဲ သူကြားနေသည်။

သူ့ဘဝမှာ ဂုဏ်တော်ပုတီးစပ်ဖို့ အချိန်မရခဲ့။ တခါတရံ ကြုံကြိုက်လို့ တရားလေးနာရ၊ ဆွမ်းကလေး လောင်းရတာကလွဲလျှင် ဘဝကူးကောင်းဖို့ ဘာမှမလုပ်နိုင်ခဲ့။ ဘာပဲဖြစ်ဖြစ် ဂုဏ်တော်ပုတီး မဟုတ်သည့်တိုင် ရသမျှအချိန်ကလေးမှာ လက်မနှင့်လက်ညှိုးကြားမှာ ပုတီးလုံးလေးတွေ ရှိနေတုန်းမှာ သူ့စိတ်တွေ ရှင်သန်နေဖို့ပဲ လိုသည်။ လက္ခဏာရေးသုံးပါးကို ရှုမှတ်နေဖို့ပဲ လိုသည်။ သူ့နားထဲမှာ အနိစ္စ၊ ဒုက္ခ၊အနတ္တတွေပဲ လှိုင်းထနေသည်။စိတ်ကို အပေါ်မှာပဲ တည့်တည့်ကလေး တည်နေအောင် ချုပ်ဖမ်းထားဖို့ ကြိုးစားသည်။

"တစ်နေ့ပိုက်ဆံရှင်းရင် ဒေါ်ကြီးပုကိုဆန်ဖိုးပေးဦးမှအမေရေ။ မနေ့က တောင်းတယ်တော့"

ပိတ်ထားသော မျက်လုံးတွေ ပွင့်သွားရပြန်သည်။ စိတ်တွေ ကသောင်းကနင်း လွင့်စဉ်သွားပြန်သည်။ မပုကြီးကို ပေးစရာရှိသည်ပဲ။ ကနေ့ မခင်မေဆီက ပိုက်ဆံနည်းနည်းတော့ တောင်းရလိမ့်မည်။

ထိုစဉ်မှာပင် ဒေါ်ခင်မေတို့ တိုက်ခံအိမ်ကြီးပေါ်က ကြေးစည်ရိုက်သံလွင်လွင်ကလေးကို ကြားရသည်။ ဖွင့်ထားသောဘုရားခန်း ပြတင်းဝဆီက အမွှေးတိုင်ရနံ့က နံနက်ခင်း လေပြည်ထဲမှာ ဝေ့ဝဲနေသည်။ အမေသန်းရင်က ပြတင်းဝကို လှမ်းကြည့်သည်။ နံနက်ခင်းအရုဏ်မှာ ဂုဏ်တော်ပုတီးကို ကိုင်ရင်း သူတို့ သားအမိကို ငုံ့ကြည့်နေသော သူ့သူငယ်ချင်း မခင်မေကို အမေသန်းရင် လှမ်းမြင်နေရသည်။

"မခင်မေ ကျေးဇူးရှင်ကြီး ကျန်းမာလို့ ချမ်းသာပါစေတော်"

အမေသန်းရင်က နှုတ်မှ တတွတ်တွတ်ရွတ်ရင်း မေတ္တာပို့သည်။ အငယ်မက သူ့ကိုမျက်စောင်းထိုးရင်း သူ့လက်ထဲကမောင်းပုတီးကလေးကို ဖျက်ခနဲဆွဲလုတာကိုခံရတော့မှ၊ အမေသန်းရင်အယောင်ယောင် အမှားမှား မောင်းနင်းတုံးကို ရပ်ထားလိုက်သည်။

"ဒါ ဂုဏ်တော်ပုတီးမဟုတ်ဘူး အမေရဲ့၊ မောင်းပုတီး၊ မေတ္တာတွေချည်း ပို့မနေနဲ့ဦး၊ ပုတီးပတ်တွေ မှားကုန်ပြီ၊ အမေကလေ"

မျက်တောင်မွေးတွေ ကျွတ်နေသည့် အမေသန်းရင်၏ မျက်ခမ်းစပ်မျက်လုံးအိမ်ကလေးထဲက မျက်ရည်ပေါက်တွေ ကျနေဆဲမှာပင် ကြေးစည်ရိုက်သံတစ်ချက် လွင့်မျောရောက်ရှိလာပြန်သည်။

# ရတနာ(ရ)ပါးရယ်နဲ့၊ မော်တော်ကားလည်းစီးတယ်





လဆန်းလေးရက်၊ ဒါမှမဟုတ် ငါးရက် (တစ်ရက်ရက်) မှာ မောင်မှတ်ရဲ့ လက်ကြီး ရောက်ရောက်လာတတ်တယ်။ လဆန်းလေးရက်က ပိတ်ရက်ဖြစ်နေရင် လဆန်း ငါးရက်နေ့ပဲ။ အဲဒီရက်တွေထဲက တစ်ရက်ရက်ဟာ မောင်မှတ်ရဲ့ အလွန်အရေးကြီးတဲ့ရက် ဖြစ်နေတက်တယ်။ ချေးငွေကြီးရက် လို့လည်း ခေါ်တယ်။

တကယ်က ချေးငွေ စ ပေးတက်တာ မွန်းလွဲ နှစ်နာရီလောက်မှာပါ။ ဒါပေမဲ့ မောင်မှတ်က အဲဒီ့နေ့ဆိုရင် နေ့ခင်းကြီး ၁၂နာရီလောက်ကတည်းက စက်ရုံဝကို ရောက်နေတက်တယ်။

ပြီးတော့ အဲဒီရက်က တစ်လတစ်ခါ မောင်မှတ် ရှိုးထုတ်တဲ့ရက်လည်း ဖြစ်တယ်။ သူ့ရုပ်နဲ့ ဘယ်လိုကိုမှ မလိုက်တဲ့ ဖောရင်းရှပ် အင်္ကျီဖားဖားကြီး ဝတ်တဲ့နေ့၊ ပယင်းညိုရောင် နေကာမျက်မှန်ကြီးကို တပ်လာတဲ့နေ့၊ တခြားနေ့တွေမှာ ဘယ်တော့မှ စီးလေ့မရှိတဲ့ မနလေးဖိနပ် အသစ်စက်စက်ကို ပဲ့ရွဲ့လိမ်ကောက်နေတဲ့ ကျွဲပခုံးထခြေထောက်ကြီးမှာမဆံ့ရင်ကာစွပ်လာတဲ့နေ့ဟာ အဲ့ဒီနေ့ပဲ။ သည်စက်ရုံရဲ့ ငွေစုငွေချေးအသင်းက အဲဒီ့နေ့တွေမှာချေးငွေကြီးထုတ်ပေးတတ်တယ်။ ဒါကြောင့် ဒီရက်တွေကို  ချေးငွေကြီးရက်လို့ အလွယ်ခေါ်ကြတာ။

ပုံမှန်က အလုပ်သမား လေးငါးရှစ်ရာလောက်မှာ တစ်လတစ်လကို လူလေးဆယ်ဝန်းကျင်လောက် ချေးတတ်ကြတယ်။ တချို့ကလည်း တစ်သောင်းကျော်၊ တချို့ကလည်း ရှစ်ထောင် ကိုးထောင်၊ တချို့ကလည်း လေးငါးခြောက်ထောင်၊ တချို့ကျတော့လည်း တိုင်းတိုင်းဆဆ ရာဂဏန်းလောက်။ စည်းကမ်းက ကိုယ်စုဆောင်းငွေရဲ့ သုံးဆကို ချေးတယ် ဆိုပါတော့။ အလုပ်သမားတစ်ယောက်က တစ်လကို ၅၀စုတယ်ဆိုရင် တစ်နှစ်ကို သူပိုင် ပိုင်ငွေချည်း ၆၀၀ ဖြစ်နေရော။

ချေးငွေပုံစံတစ်ရွက်ဝယ်ပြီး ချေးငွေတင်တော့မယ်ဆိုရင် အဲဒီခြောက်ရာရဲ့သုံးဆဖြစ်တဲ့ ၁,၈၀၀ ချေးပိုင်ခွင့် ရှိတယ်။ အဲဒီ့ ၁,၈၀၀ ကို ပြန်ဆပ်တော့ လနှစ်ဆယ် ဆပ်ချင်လည်းဆပ်၊ ဆယ်လ ဆပ်ချင်ရင်လည်းဆပ်၊ ဆယ့်ငါးလဆပ်ချင်လည်းဆပ်၊ ဒါမှမဟုတ် တစ်နှစ်တည်းနဲ့ ဆပ်ချင်လည်း ဆပ်။ ကိုယ့်သဘောပဲ။

ဒ့ါကြောင့် ကိုယ့်လခနဲ့ချိန်ပြီး ချေးကြတယ်၊ ဆပ်ကြတယ်။ (လနှစ်ဆယ်ထက်တော့ ပိုပြီးမဆပ်ကြပါဘူး) ကိုယ်ရမယ့်လခနဲ့၊ ကိုယ်စုမယ့်ငွေနဲ့၊ လစာစာရင်းကချေးငွေအတွက် ဖြတ်တောက်မှာနဲ့ကို တိုင်းထွာပြီး ချေးကြတာပါပဲ။

ဘာပဲဖြစ်ဖြစ် လစာထဲက ဖြတ်ပြီဆိုမှတော့ လကုန်ရင် လစာထဲက တော်တော်များများ လျော့သွားတတ်တာ အမှန်ပဲ။ ချေးငွေ စထုတ်တဲ့ လကတော့ ဘာအကြောင်းလဲ၊ အူကို စိုလို့၊ လက်ဖျားမှာ ငွေတွေသီးလို့။ ဖဲရိုက်ဝါသနာပါတဲ့ သူကလည်း ဖဲဝိုင်းမှာ အစိမ်းတွေ၊ အပြာတွေနဲ့။ အရက်ကလေး မှီဝဲတတ်သူကလည်း အရက်ဝိုင်းမှာ အစိမ်းတွေ၊ အပြာတွေနဲ့။ တချို့ကလည်း (မရှိသေ့စကား) ဟိုအိမ် ဒီအိမ်မှာ အစိမ်းတွေ၊ အပြာတွေနဲ့။

အိမ်က ဇနီးမယားတွေကလည်း အဲဒီလတော့ ဈေးကလေးပြေးလို့၊ လပေါင်းများစွာ ဟောင်းလောင်း ဖြစ်နေတဲ့ နားပေါက်မှာနားကပ်ကလေးပြန်ရောက်လို့၊ သားသမီးတွေကလည်း ပုဆိုးလေး အင်္ကျီလေး ဝယ်ကြလို့။ နောက်လတွေ နောက်လတွေကျတော့ ဒီလို မဟုတ်တော့ဘူး။ချေးထားတဲ့ ပိုက်ဆံက လည်း ကုန်ပြီ။ လစာကလည်း အပြည့်မရတော့ဘူး။ တချို့များ နင့်နင့်သီးသီး ညည်းကြတယ်။

“ချေးငွေကလည်း ချေးပါတယ်၊ ချေးတဲ့လပဲကွာ၊ နောက်လများတော့ ဒုံရင်းပါပဲ။”

“သူဌေးတစ်လ ခွေးဆယ့်ကိုးလ ဆိုတာ တို့မှအစစ်” တဲ့။

ချေးငွေထုတ်တဲ့ အလုပ်သမားတိုင်းတော့လည်း ဖဲရိုက်ပစ်တာ၊ အရက်သောက်ပစ်တာ မဟုတ်ပါဘူး။ တချို့လည်း အိမ်ဆိုင်လေး ဖွင့်ချင်လို့၊ တချို့ကျတော့လည်း အိမ်ကလေး ပြင်ချင်လို့ စသည် စသည်ဖြင့် လိမ်လိမ်မာမာ ချေးကြတဲ့ အလုပ်သမားတွေလည်းရှိတာပါပဲ။ ဘယ်လိုပဲ ချေးချေးလေ လကုန်ရင် လခ မပါတာတော့အမှန်ပဲ။ ချေးငွေ ဆပ်နေရတဲ့ လတွေမှာ အသက်ရှူအောင့်နေတတ်တာ အမှန်ပဲ။ ပန်းနာရင်ကျပ် ဖြစ်နေတာအမှန်ပဲ။ အဲဒီ ပန်းနာရင်ကျပ်ကို မောင်မှတ်ကုတယ်။ မောင်မှတ်ရဲ့ အခန်းကဏ္ဍဟာ ဒီမှာတင် စတော့တာပဲ။ မောင်မှတ်ကို တွေ့ချင်သူများက လိုက်ရှာတော့တာပဲ။

မောင်မှတ်ကတော့ ခပ်တင်းတင်းပါပဲ။ ယူပါ ငင်ပါတစာစာလည်း ဘယ်တုန်းကမှမလုပ်ဘူး။ များများ ထုတ်ချေးထားရင် ငါ များများဖြတ်မှာပဲရယ်လို့လည်း ပျာယာခတ်မနေဘူး။ မှန်မှန်ပဲ။ အလုပ်သမား တွေကို စာနာတဲ့ပုံ၊ သနားကြင်နာတဲ့ပုံတောင် ဖမ်းထားလိုက်သေးတယ်။ ငွေးချေးမ တတ်လို့၊ ငွေကို မိတ်ဆွေလို သဘောမထားတတ်လို့ ငွေကိုရေလိုဖြုန်းတတ်လို့ ဒုက္ခရောက်တဲ့ပုံတိုပတ်စတွေတောင် ပြောတတ်သေးတယ်။

သူ့ဘက် ရင်းထားရတာက ချေးမယ့်ငွေနဲ့ ငွေချေးပုံစံ လေးငါးဆယ်ရွက်ပဲ။ တစ်ထောင် ယူမလား၊ နှစ်ထောင်ယူမလား၊ ယူသာသွား။ တစ်ရာကို နှစ်ဆယ်တိုး၊ ကျေနပ်ရင်ယူ၊ မကျေနပ်ရင်ထားခဲ့၊ ဒါပဲ။ ကျေနပ်လို့ ယူသွားရင် ငွေချေးပုံစံပေါ်မှာ လက်မှတ်သာ ထိုးခဲ့။





သာမာန် လစာသာရတဲ့ အလုပ်သမား တစ်ယောက်ကို ငွေဘယ်လောက်ချေးရမယ်ဆိုတာ သူသိတယ်။ လစာနည်းနည်းများတဲ့ အလုပ်သမားကျတော့ (သူ့ဆီကလည်း များများ လာချေး တယ်ဆိုရင်) နှစ်ရက်လောက်ခွာချိန်းတယ်။ ရုံးမှာ ဒီအလုပ်သမားရဲ့အခြေအနေကို သွားစုံစမ်းဖို့ ရက်ခွာချိန်းတာ။ ဒီလူဟာအလုပ်မှန်မှန် ဆင်းရဲ့လား၊ ပြုတ်ခါနီး တဲတဲလား၊ ဝမ်နင်လို့ ခေါ်တဲ့ သတိပေးခြင်း ခံရတာတွေ များနေတဲ့ လူလား၊ အေ လို့ခေါ်တဲ့ပျက်ရက်ဆယ်ရက်ကျော်တဲ့လူလား ဆိုတာ အရင် စုံစမ်းတယ်။

သေချာပြီဆိုရင် ချေးတယ်၊ မသေချာရင် မချေးတော့ဘူး။ သနားစရာကောင်းအောင် လုပ်ထားတဲ့ မျက်နှာလေးနဲ့ ငွေမရှိတော့လို့ပါဗျာ၊ လက်လွန်ကုန်လို့ပါ၊ ဘာညာနဲ့ ပြောလွှတ်လိုက်တာပဲ။ ချေးပြီးရင်လည်း လစဉ် လစဉ် အတိုးကို သွားသွားသိမ်းနေတာ မဟုတ်ဘူး။ လာပေးရင် ယူတယ်၊ လာမပေးရင် မယူဘူး။ ချေးမိတဲ့ လူကလည်း အရှည်ကို မကြည့်ဘူး။ လောလောဆယ်ဆယ် မပေးရတာကိုပဲ ကျေဇူးတင်နေတတ်သေးတယ်။ နောက်မှ နောက်လျှောက်လျား။ မောင်မှတ်က တော့ လာပေးတဲ့လဆို၊ရင် စာရင်းလေး တို့ထားလိုက်တယ်။ မပေးတဲ့လဆိုရင် အရင်းနဲ့ ထည့်ပေါင်း လိုက်တယ်။ အိမ်ကနေပဲ လုပ်နေတာ။ ဒီလိုနဲ့ ဒီလူက လနှစ်ဆယ်လောက် ပြည့်လို့ ငွေစုငွေချေးက ပိုက်ဆံချေးဖို့ တင်တော့မယ်ဆိုရင် မောင်မှတ်ကို ဆပ်ဖို့ အရင်တွက်ရတယ်။

အဲ့ဒီတော့မှ မောင်မှတ်က အရင်းရော၊ အတိုးရော၊ အတိုးပေါ် အတိုးဆင့်တာရော၊ လုံးပေါင်းတွေမှာ အတိုးထပ်တွက်တာရော၊ တိုးရင်းပေါင်းရော တွက်ချလိုက်တာ တော်ရုံ အလုပ်သမားဆိုရင် မူးလဲ သွားလောက်တယ်။

အတိုးပေါ် အတိုးတွေက တွက်ချက်ယူထားတာ ဆိုတော့ (ကိုယ်လည်း ကျေကျေနပ်နပ် လက်မှတ် ထိုးပေးပြီးသာ ဆိုတော့) မောင်မှတ်ကတောင် တရားသလိုလို ဖြစ်နေတာကိုး။ ဘာကိုမှ ပြောလို့မရ တော့ဘူး။ ချေးငွေလေးတင်ပြီး ထိုးသာ ဆပ်လိုက်တော့ပဲ။ နောက်လ နှစ်ဆယ်စားဖို့ မောင်မှတ်ဆီ မှာ ထပ်ချေးရုံပဲ။ မောင်မှတ်ဆီမှာ လက်မှတ်ကလေး ထိုးရုံပဲ။

ပိုက်ဆံထုတ်ပေးတဲ့ ချေးငွေကြီးရက်မှာ ငွေစုငွေချေး အမှုဆောင်က ထုတ်ပေးတဲ့ ငွေလေးကို စက္ကန့်ပိုင်းလောက် ကိုင်လိုက်ရုံပဲ၊ လျှပ်စီးလိုခဏလေး မြင်လိုက်ရုံပဲ။ ဘောက်ချာပေါ်က တံဆိပ် ခေါင်းပေါ် လက်မှတ်ကလေးကတုန်ကရီနဲ့ ထိုးပြီးပါးစပ်က လနှစ်ဆယ်ဆပ်မယ် လို့ ခြောက်ကပ် အက်ကွဲ အသံကြီးနဲ့ ပြောလိုက်ရုံပဲ။

mmcybermedia.com

ကျန်တဲ့အပိုင်းကတော့ မောင်မှတ်ရဲ့ လက်ကြီးက ထုံးစံအတိုင်းအုပ်သိမ်းပြီး ယူသွားတာကို ငေးကြည့်နေရုံပဲ။

မောင်မှတ်က ချေးငွေပေးမယ့်ရက်ကို သိတယ်။ ဘယ်သူတွေ ချေးငွေတင်ထားလဲ ဆိုတာကို သိတယ်။ ဘယ်သူတွေဆီက ဘယ်လောက် ရမယ်ဆိုတာလဲ သိတယ်။ ဘယ်သူတွေက ဘယ်တော့ ချေးတော့မယ် ဆိုတာလဲ သိတယ်။ သူက ဘယ်လောက် ဖြတ်ယူ ထားလိုက်ရမလဲ ဆိုတာလည်း သိတယ်။ သူက ငွေထုတ်ပေးမယ့်ရုံးရဲ့ ပြတင်းပေါက်ဘေးက တစ်ဆစ်ချိုးထောင့်ကွယ်ကလေးကို အဲဒီနေ့ ဆယ့်နှစ်နာရီလောက်ကတည်းက ဖောရင်းရှပ်နဲ့ နေကာမျက်မှန်ကြီး တပ်ပြီး ရပ်ရှင်ထဲက လူဆိုးတစ်ယောက်လို ထောင့်ကွယ်လေးက ချောင်းနေတတ်တယ်။ သူနဲ့ မပတ်သက်တဲ့ လူတွေက တော့ ကိုယ့်ငွေလေး ကိုယ်ထုတ်ပြီး ပြန်ရုံပဲ။ သူ့ကို မြင်ရမှာ မဟုတ်ဘူး။ သူနဲ့ ပက်သက်တဲ့သူ ကျ တော့မလွတ်စေရဘူး။ ချက်ချင်းကြီး မျက်နှာထွက်ပြလိုက်တာလည်းမဟုတ်ဘူး။ အဲဒီ အလုပ်သမား လက်ထဲ ငွေတွေ ရောက်လာပြီ ဆိုတော့မှ ဖျက်ခနဲ ထွက်ပြီး သူ့လက်ဝါးကြီးနဲ့ သိမ်းယူလိုက်တာ။

မောင်မှတ် အဲသလောက် သေချာတာတောင် လွတ်သွားတာတွေလည်း ရှိတယ်။ တချို့က လွှဲစာနဲ့ ထုတ်သွားတတ်တယ်။ တချို့က အဲဒီနေ့မထုတ်ဘူး။ နောက်နှစ်ရက်လောက်ကြာမှ ထုတ်တတ်ကြတယ်။ တချို့က လူစိမ်းတစ်ယောက်ကို ခေါ်လာပြီး "မောင်မှတ်ရေ....မင်းတစ်ဝက် သူတစ်ဝက် ပေါ့ကွာ၊ ငါလည်း ဒီလိုပဲ မျှဆပ်ရတာပဲ၊ စိတ်မဆိုးနဲ့" ဆိုပြီး ကပ်လှည့်သွားတာလည်း ရှိတယ်။

ခံရဖန် များလာတော့ မောင်မှတ်က ချေးငွေပုံစံပေါ်မှာ လက်မှတ်ထိုးခိုင်း ရုံတင် မကတော့ဘူး။ သူ့ကို လွှဲပါတယ်ဆိုတဲ့ စာတစ်စောင်ကိုပါ လက်မှတ်ထိုးခိုင်းတော့တယ်။ ဒီလိုနဲ့ မောင်မှတ်ရဲ့ စာရွက်ပေါ်မှာ အလုပ်သမားတွေ လက်မှတ်ထိုးရတော့တယ်။

အဲဒီလို လက်မှတ်ထိုးမိတဲ့ အလုပ်သမားကလည်း ဒီသံသရာထဲမှာပဲ တဝဲလည်လည် လည်နေရ တော့တယ်။ အလုပ်သမားတွေက လပေါင်းများစွာ ကိုယ့်ဘဝကို ဖဲ့ခြွေတော့မယ်ဆိုတာ သိလျက်နဲ့ မောင်မှတ်ရဲ့ စာရွက်တွေပေါ်မှာ လက်မှတ်ထိုးနေရတော့တယ်။ တချို့ကလည်း ဒီသံသရာက လွတ်ဖို့ ကြိုးစားကြတယ်။ မောင်မှတ်ရဲ့ လက်ဝါးကြီး အုပ္ပရာယ်က န ဘယံ ဘေးမရှိ၊ လွတ်မြောက် ရေး လုံးပန်းကြတယ်။ဒါပေမယ့် ချေးငွေကြီးရက်တွေမှာ မောင်မှတ်က ဖောရင်းရှပ်ကလေးဝတ်၊ နေကာမျက်မှန်ကလေးတပ်၊ မွှေးလေးဖိနပ်စီးပြီး ထောင့်ကွယ်ကလေးမှာ ရောက်နေတတ်တာပါပဲ။





မောင်မှတ်ရဲ့ လက်ဝါးကြီးက ရောက်လာနေတတ်တာပါပဲ။

တခါတော့ အောင်ငြိမ်းဆိုတဲ့ အလုပ်သမားတစ်ယောက်နဲ့ မောင်မှတ် ပြဿနာဖြစ်တယ်။ အဲဒီနေ့က ထုံးစံအတိုင်း ငွေထုတ်ပေးတာက နှစ်နာရီလောက်ပေးတယ်။ မောင်မှတ်ကလည်း စောင့်နေတယ်။ မောင်မှတ်က သူနဲ့ ပက်သက်တဲ့ လူတော်တော်များများဆီက ပိုက်ဆံတွေ ဖြတ်ယူထားပြီးပြီ၊ အောင်ငြိမ်းပဲကျန်တော့တယ်။

လေးနာရီခွဲခါနီးအထိ အောင်ငြိမ်း မလာတော့ မောင်မှတ် စိတ်လျှော့လိုက်တယ်။ အောင်ငြိမ်းလာ တော့မှာမဟုတ်ဘူးလို့ စိတ်ချလက်ချပြန်တော့မယ်လုပ်ပြီးမှ အောင်ငြိမ်းရောက်လာတယ်။ ရုံးတောင် လွှတ်ခါနီးနေပြီ။ အမှုဆောင်တွေတောင် စာရင်းချုပ်နေကြပြီ။ လက်ကျန်ငွေရေတဲ့ လူက ရေတွက် နေပြီ။

တကယ်တော့ အောင်ငြိမ်းက မောင်မှတ်ကို ရှောင်တာ၊ ထောင့်ကွယ်လေး ဘက်က မောင်မှတ်ကို အောင်ငြိမ်း မမြင်ဘူး။ လူရှင်းပြီဆိုပြီး ငွေကလေး ထုတ်လိုက်တော့မှ မောင်မှတ် ဖြန်းခနဲဆို ထွက်လာပြီး သူ့လက်ကြီးနဲ့ ငွေတွေ ကောက်ကိုင်လိုက်တယ်။ အောင်ငြိမ်းလည်း လန့်သွားတယ်။ တုန်လည်း တုန်သွားတယ်။

ဒါပေမဲ့ တော်သေးတယ်လို့ ဆိုရမယ်။ ပိုက်ဆံထုတ်ပေးတဲ့ အမှုဆောင် တစ်ယောက်က မောင်မှတ် လက်ထဲ ရောက်သွားတဲ့ငွေတွေကို ပြန်တောင်းတယ်။ စည်းကမ်းအရ ကာယကံရှင် အလုပ်သမား ရဲ့ လက်ထဲကိုပဲ ငွေပေးရတယ် ဆိုတာကိုလည်း ရှင်းပြတယ်။ ဒီတော့ မောင်မှတ်က "ကျုပ် ရစရာ ရှိတာကျုပ်ယူတာ" ဆိုတော့၊ အမှုဆောင်က "ခင်ဗျားတို့ပေးစရာယူစရာရှိတာ စက်ရုံ အပြင်မှာ ရှင်းကြပေါ့၊ အခုတော့ ခင်ဗျားနဲ့ ဒီငွေ မဆိုင်ဘူး" ဆိုပြီး အောင်ငြိမ်းလက်ထဲ ပြန်ထည့်ပေး တယ်။ မောင်မှတ်ကလည်း စည်းကမ်းဆိုတော့မပြောသာဘူး။ အောင်ငြိမ်းနဲ့အတူတူ စက်ရုံအပြင် ဘက်ကို လိုက်လာတယ်။ တောင်းတယ်။ အောင်ငြိမ်းကလည်း မပေးဘူး ငြင်းတယ်။ မောင်မှတ် ကလည်း လုတယ်။ အောင်ငြိမ်းကလည်း တောင်းပန်တယ်။

ဒါပေမဲ့ ပိုက်ဆံထုတ်က မောင်မှတ်လက်ထဲ ရောက်သွားတယ်။ သူ့လက်ထဲ ပိုက်ဆံရောက်တော့မှ သူ့စာရင်းကို ရှင်းတယ်။ ချေးတာက ဘယ်လောက်၊ အတိုးမသတ်တာက ဘယ်နှစ်က၊ တိုးရင်းပေါင်း က ဘယ်လောက်၊ တွက်ချက်လိုက်တာ အောင်ငြိမ်းထုတ်လာတဲ့ငွေ သုံးထောင်ကျော်ဟာ တစ်ရာ

ကျော်ကလေးပဲ ကျန်တော့တယ်။

ဒါပေမဲ့ မောင်မှတ်က အားပေးတယ်။ မင်းကို စာနာတယ်တဲ့၊ ပြန်ယူပေါ့တဲ့၊ လက်မှတ်ပြန်ထိုးပေါ့တဲ့။ လွဲစာရေးပေါ့တဲ့။ အောင်ငြိမ်းမျက်နှာက သွေးမရှိတော့ဘူး။ နားထင် နားရင်းတွေ ကိုက်လာသလို ခေါင်းကိုပဲလက်သည်းတွေနဲ့ ကုတ်ခြစ်နေတယ်။ သူ့ကို မျှော်နေမယ့် မိန်းမနဲ့ ကလေးတွေကိုပဲ မြင်နေတယ်နဲ့ တူပါရဲ့။ ရွာဘက်သွားတဲ့ လမ်းကိုလည်း လှမ်းလှမ်းကြည့်တယ်။

"တစ်ဝက်လောက်ပဲ ယူထားပါလားဗျာ၊ ကျုပ်...ကျုပ်"

"မဖြစ်လို့ပါ အောင်ငြိမ်းရာ၊ ငါက စာရင်းဇယားသမား၊ မင်း သိပါတယ်၊ မင်းကို ငါမပေးဘူး ပြောတာမှတ်လို့၊ မနက်အိမ်ကို လာခဲ့ကွာ"

အောင်ငြိမ်းက အကြိမ်ကြိမ် တောင်းပန်တယ်။ မောင်မှတ်ကလည်း လုံးဝမပေးဘူး။ အောင်ငြိမ်း စက်ရုံဝမှာ ကျန်ရစ်ခဲ့တယ်။ ကျန်တဲ့ပိုက်ဆံလေးနဲ့ အရက်သောက်မယ်လို့လည်း ပိုင်းဖြတ်လိုက်တယ်။ အဲဒီမှာတင် ဈေးငွေကြီးနေ့တွေကို သိတဲ့ စက်ဘီးထိ သမားတွေရဲ့ သီချင်းသံကို အောင်ငြိမ်းကြား တယ်။ စက်ဘီးထိသမားတွေက လခထုတ်ရက်တို့၊ ဈေးငွေကြီးနေ့ ဆိုရင် စက်ရုံမှာ လာလာရောင်း တတ်တာကိုး။ စက်ဘီးထိက ဖွင့်တဲ့ သီချင်းဆိုတာလည်း သိတဲ့အတိုင်းပဲ။ ပိုက်ဆံနဲ့ ပက်သက်တဲ သီချင်း၊ ငွေနဲ့ ပက်သက်တဲ့ သီချင်းတွေပေါ့။ အရက်မသောက်ခင် ထီကလေး တစ်စောင်လောက် ထိုးဖို့ သူ စိတ်ကူးလိုက်တယ်။ ထိုးလည်း ထိုးတယ်။ ဘာရယ် မဟုတ်ပါဘူး။ နီးစပ်ရာ တစ်စောင်ဆွဲချပြီး အတိတ်ရေးတယ်။

"မောင်မှပ် လက်က လွပ်မျောက်ရံ" တဲ့။

ပြီးတော့ ပိုက်ဆံငါးကျပ်ပေးပြီး ထီလက်မှတ်ကလေး ယူရုံရှိသေးတယ်၊ မောင်မှတ်က အနားရောက်လာတယ်။ အောင်ငြိမ်းထီထိုးနေတာတွေ့တော့

"ဟ အောင်ငြိမ်းကြီး မပြန်သေးဘူးလား၊ ထီတွေ ဘာတွေ ထိုးလို့၊ မှန်း ဘာအတိတ်လဲ"

အောင်ငြိမ်းကလည်း မခံချင်စိတ်ကလေးက ရှိနေတော့ သူ့ထီလက်မှတ်ကို ထုတ်ပြလိုက်တယ်။

"မောင်မှပ်လက်က လွတ်မြောက်ရန်" ဆိုတာကိုတွေ့တော့ မောင်မှတ် မျက်နှာကြီး အိုသွား တယ်။ ဘာမှတော့ မပြောဘူး။ သူလည်း ထီတစ်ဆောင် ဆွဲချတယ်။ ပြီးတော အတိတ်ကို သူကိုယ် တိုင် မရေးဘူး။ ထီကောင်လေးကို ရေးခိုင်းတယ်။

"ကိုင်း ရေးစမ်း ကောင်လေး၊ အခုန မင်းစက်ဘီးက ဖွင့်တဲ့ သီချင်းကွာ၊ အဲ "ရတနာ ခုနစ်ပါးရယ်နဲ့ မော်တော်ကားလည်း စီးတယ်" လို့" မောင်မှတ်သာ ပြန်သွားတယ်။ အောင်ငြိမ်းမပြန် သေးဘူး။ မောင်မှတ်က သူ့ကို ပြန်ရွဲ့သွားတာသူသိတယ်။ ဒါပေမဲ့ သူ ဘာမှမတတ်နိုင်ဘူး။





အလုပ်သမားချင်း တူတာတောင် သူက ရတနာခုနစ်ပါး ရှိနေပြီ၊ မော်တော်ကားလည်း စီးနေပြီ ဆိုတာ သူ သိတယ်။ အောင်ငြိမ်းက သူ့ထီလက်မှတ်ကို သူပြန်ကြည့်တယ်။ ဘာမှ မမြင်ရတော့သ လောက်ပဲ။ တော်တော်မှောင်သွားပြီ။ ဒါပေမဲ့ သူ့အတိတ်ကို သူမှတ်မိပါတယ်။မောင်မှတ် အရက် ဆိုင် ဘက်သွားတဲ့ ခြေထောက်တွေကတရွတ်ဆွဲနေတယ်။ မီးကလေး နီကြင်ကြင်ထွန်း ထားတဲ့ အိမ်ဆိုင်ကလေးတွေက သိပ်မဝေးဘူးလေ။

နောက်မနက်ကျတော့ မောင်မှတ်က သူ့အိမ်ကလေးရှေ့က ကွပ်ပျစ်မှာ ထိုင်တယ်။ အလုပ်ကလည်း နားတယ်ဆိုတော့ အေးအေးဆေးဆေးပဲ။ ပြီးတော့ အောင်ငြိမ်းကို မျှော်တာလည်း ပါတယ်။ သူ့အတွေ့အကြုံအရ နောက်တစ်နေ့ မနက်မှာ အောင်ငြိမ်းလိုလူတွေ လာနေကျကိုး၊ စာရွက်တွေမှာ လက်မှတ်ထိုးနေကျကိုး။

ကနေ့လည်း အောင်ငြိမ်းလာမယ်လို့ တွက်တယ်။ ခဏကြာတော့ ကောင်လေးတစ်ယောက် ရောက်လာတယ်။ စာအိတ်တစ်အိတ်ပေးတယ်။ လက်ရေးက အောင်ငြိမ်း လက်ရေးဆိုတာ သူ သိတယ်။ ဒီတစ်ခါ အတိတ်က မောင်မှတ်လက်က လွတ်မြောက်ရန် မဟုတ်တော့ဘူး။ ထုံးစံအတိုင်း သတ်ပုံတွေလည်း မှားလို့။

"မောင်မှပ် လက်ကို ဖျပ်ရံ" တဲ့။

မောင်မှတ်ဆိုတာ ဒါတွေ ကန်နေလိုက်တာ မပြောပါနဲ့တော့။

# ကော်ပတ်နံ့ပါတ်သူည





ကျုပ်ကလည်း ကျုပ်ပဲ။ ပိုက်ဆံလေးများ နည်းနည်းရှိရင် လိုင်းကား စီးချင်တာ မဟုတ်ဘူး။ ကျုပ်နေတဲ့ အင်းစိန်ကို မြို့ထဲကနေ သွားတဲ့ လိုင်းကားကလည်း အများကြီးပါ။ မထသ လို့ ခေါ်တဲ့ ဘတ်စ်ကားလည်း စီးနိုင်တယ်။ ၄၄ လို့ခေါ်တဲ့ ကားသေးသေးလေးတွေလည်း ခေါင်းမလွတ် ဘာမလွတ် စီးနိုင်တယ်။ နံပါတ် ၈ ဟီးနိုးကြီးတွေလည်း စီးနိုင်တယ်။ ဂျပန်ဟီးနိုး ဆိုတာကလည်း တစ်စီးနဲ့ တစ်စီး ခပ်ကျဲကျဲပေမယ့် စီးမယ်ဆိုရင် စီးလို့ ဖြစ်တာပါပဲ။ နောက် ဘာရှိသေးလဲ....နေဦး။ ပိုလ်တထောင်လင်းစဒေါင်းကလာတဲ့ နှစ်စီးတွဲ တဂျောင်းဂျောင်းကိုလည်း စီးမယ်ဆိုရင် ရောက်တာပါပဲ။ ဒါပေမဲ့ မထသ စီးမယ်ဆိုရင် ပန်းဆိုးတန်း ဟိုဘက်ထိပ်ကို သွားရမယ်။ ၄၄ စီးမယ်ဆိုရင်လည်း စ ထွက်လာကတည်းက ထိုင်ခုံ လူအပြည့်နဲ့ ထွက်လာတာ ဆိုတော့ စီးချင် မတ်တတ်စီးဖို့ပဲ။

ပြောခဲ့သလိုပေါ့။ ကားက ယောက်ျားတော်တော်များများ ခေါင်းမလွတ်တော့ ဆယ်မိုင်လောက် စီးရမယ့် ခရီးကို ခါးကြီးကိုင်းပြီး ဘယ်လိုလုပ်စီးမလဲ။ ပြီးတော့ ဒီကားက ကမ္ဘာအေးဘက်က ပတ်တာဆိုတော့ စီးပေတော့ တစ်မျှော်တစ်ခေါ်ကြီး။ ရေချွေးအိုးကြီး တစ်လုံးကို လေပေါက်မရှိ ဘာမရှိ။ ရေနီး လေလုံကားကြီးကိုလည်း စီးမယ်ဆိုဦးတော့၊ လမ်းသုံးဆယ် ထိပ်ကို သွားရဦးမယ်။ အဆင်ပြေဆုံးက မြို့တော်ခန်းမနားမှာ ဂိတ်ထိုးလေ့ရှိတဲ့ ဂျပန်ဟီးနိုးကြီးတွေပဲ။ ဒါပေမဲ့ ကိုယ်လိုလူက များနေတယ်။

ဒီကားကို စောင့်စီးတဲ့လူက အမြဲတမ်း ဂိတ်မှာ ပြည့်နေတယ်။ထိုင်ခုံရဖို့တော့ ထည့်ကို မစဉ်းစားနဲ့။ ပြဟ္မာ့ပြည်က အပ်နဲ့ လူ့ပြည်က အပ်ပဲ။ လူချောင်ချောင်ကလေး စီးရဖို့ပဲ တွတ်ထားရတာ။ ဒါပေမဲ့ သွားရင်းက လမ်းမှာ ပြည့်သွားတာပါပဲ။ စပယ်ယာဆိုတဲ့ ငနဲကလည်း လူကို အမှန့်ထောင်းလို့ မရလို့၊ ထောင်းလို့များရရင် ထောင်းချင် ထောင်းထည့်မယ့် ဟာတွေ မဟုတ်လား။ ထားပါတော့၊ စပယ်ယာတွေ အကြောင်းကလည်း ရေးမယ်ဆိုရင် လုံးချင်းတစ်ပုဒ်စာတော့ ရှိတယ်။

ပြောချင်တာက ကားတွေက ကျပ်တယ်။ ဒါကို ပြောချင်တာ။ ဟ ရန်ကုန်မှာ ကားကျပ်တာ ပြောစရာလား၊ ဆန်းတာလိုက်လို့ ပြောလည်း ခံရုံပဲ။ ဒါပေမဲ့ အဲဒီ ပြောတဲ့လူကို အင်းစိန်ဘက် ပြောင်းနေပါလားလို့ ပြောကြည့်၊ နေမလားလို့။ ကျုပ်က ရွှေပြည်သာမှာ နေတာဆိုတော့ အင်းစိန်ရောက်တော့ အင်းစိန်-ရွှေပြည်သာ ကားကို စီးရဦးမှာကလည်း ရှိသေးတယ်။ အင်းစိန်-ရွှေပြည်သာကားက ရန်ကုန်-အင်းစိန် ဒုက်ခရဲ့ နှစ်ဆတိတိရှိတော့ ပထမ ခရီးစဉ်ဖြစ်တဲ့ အင်းစိန်-ရန်ကုန် ခရီးကိုတော့ ဖြစ်နိုင်ရင် သက်တောင့်သက်သာလေး သွားချင်တယ်။ ဒါပေမဲ့ ဒါက ဆန္ဒပါ။ ဘယ်တုန်းကမှလည်း သက်သောင့်သက်သာ ရှိတာ မဟုတ်ပါဘူး။ သည်တော့ သိပ်ပင်ပန်းတဲ့

နေ့လည်းဖြစ်၊ ပိုက်ဆံလေး ဘာလေး နည်းနည်းပါးပါး ကပ်တဲ့နေ့ဆိုရင်တော့ ဆယ့်ငါးကျပ်ကားကို မျက်စောင်းထိုးဖြစ်တာပါပဲ။ ဘာလေး လျှော့ပြီး စီးလိုက်မယ်လေလို့ သက်သာသလို တွေးပြီး စီးရတာလည်း ရှိတယ်။ တနေ့မှ ဆယ့်ငါးကျပ် ရတဲ့လူကတော့ ဘယ်လိုလုပ် ဆယ့်ငါးကျပ် ကားကို စီးမလဲ။ ဒီကား စီးလိုက်ရင် ဘာသွားစားမလဲ။ ဒီတော့ လူတော်တော်များများက တစ်ကျပ်ကားပဲ တိုးကြရတာပေါ့။ နေ့တိုင်းလိုလို မြို့ထဲ အလုပ်ဆင်းရတဲ့လူကလည်း နေ့တိုင်း ဆယ့်ငါးကျပ်ကားကို ဘယ်လိုလုပ် စီးနိုင်မှာလဲ။ ဒါပေမဲ့ ဆယ့်ငါးကျပ်ကားကို စီးနိုင်လို့ စီးကြတဲ့ လူကလည်း မနည်းဘူး။ ဆယ်ငါးကျပ်ကားလည်း တရားဝင်လိုင်းကားတွေလို တန်းစီလို့။ ဟော တစ်စီး....ဟော တစ်စီး၊ လူပြည့်ရင် ထွက်ကြတာပါပဲ။ ကားကတော့ အမျိုးမျိုးပေါ့။ ဟိုင်းလတ်၊ ဆန်နီ၊ တိုယိုတာ၊ ပတ်ဗလစ်ကာ။ ပုပုကွကွ၊ ရှည်ရှည်မျောမျော၊ ကျဉ်းကျဉ်းကျပ်ကျပ် အစုံပါပဲ။

"အင်းစိန် ကို....အင်းစိန် ကို"

"အင်းစိန် ကို....အင်းစိန် ကို"

ကုလားလေးတစ်ယောက်က တစာစာအော်ပြီး လူခေါ်နေတဲ့ ကားဂိတ်ကို ရောက်တော့ ည ၇ နာရီလောက် ရှိပြီ။ ထွက်မယ့်ကားထဲမှာ လူတွေ ပြည့်သလောက် ဖြစ်နေပြီ။ ဆယ့်ငါးကျပ်လည်း ပေးရသေး၊ ကျဉ်းကျဉ်းကျပ်ကျပ် စီးရတော့ ဘာထူးမှာလဲလို့ တွေးရင်း၊ နောက်ကားပေါ်တက်ဖို့ ပြင်လိုက်တယ်။

"ဆရာ ခေါင်းခန်းက စီးပါလား၊ တစ်ယောက်လိုလို့"

"ဘယ်လောက်လဲ"

"ခေါင်းခန်းက နှစ်ဆယ်ပါ"

အမှန်က ခေါင်းခန်းက နှစ်ဆယ်မှန်း ကျုပ်သိသားပဲ။ မေးချင်လို့သာ မေးတာပါ။ အဲဒီနေ့က ကျုပ်လက်ထဲမှာလည်း အထုပ်က နှစ်ထုပ်ပါသေးတယ်။ မိုးတွေကလည်း ရန်ကုန်မြစ်ဆိပ်ကမ်း ဘက်မှာညို့နေပြီ။ နောက်ကားကလည်း စီးမယ်ဆိုရင် ရပေမယ့် နောက်ထပ်လူပြည့်အောင် မစောင့်ရဘူး ဆိုရင် မိနစ် ၂၀၊ နာရီဝက်တော့ ကြာမယ်။

ရွှေပြည်သာ ကားကို တိုးတက်ဖို့ အချိန်နဲ့ ဘာနဲ့ဆိုတော့ ပိုပေးရဦးမယ့် ငါးကျပ်ကို မမြင်တော့ပါဘူး။ ခေါင်းခန်းကို ဝင်ထိုင်လိုက်တယ်။ ခေါင်းခန်းထဲမှာ ကြိုရောက်နေတဲ့လူကလည်း တစ်ဖက်ကို တိုးပေးရှာပါတယ်။ ကျုပ်လက်ထဲက အထုပ်တစ်ထုပ်ကိုလည်း လှမ်းယူရှာပါတယ်။ ဒါပေမဲ့ သူကလည်း တစ်ဖက်မှာ ဂီယာထိုးတဲ့ ဂီယာတံတိုတိုလေး ရှိနေတယ်။ ပုံမှန်ဆိုရင် တစ်ယောက်ယောက် ထိုင်ရမယ့် နေရာလေးမှာ ငွေလေးဆယ် လိုချင်လို့သာ နှစ်ယောက်ရတယ် လုပ်ထားတဲ့ နေရာဆိုတော့၊ တော်တော့်ကို ကျပ်တယ်။ ကျုပ်အိတ်ထဲက ငွေနှစ်ဆယ်ထည့်ပြီး ဒရိုင်ဘာရှေ့က





ဒက်ရှ်ဘုတ်ပေါ် တင်ထားလိုက်တယ်။

"ရရဲ့လား"

"ရပါတယ်ဗျာ၊ ဒီလိုပေါ့"

ရပါတယ်သာ ဆိုတယ်။ သူရော၊ ကျုပ်ရော ထိုင်ရတာ အဆင်မပြေဘူး၊ သူလည်း နောက်ကျောမှီလို့ မရဘူး။ ကျုပ်လည်း ကျပ်ကျပ်သပ်သပ်ပဲ။ ဒါပေမဲ့ လိုင်းကားရဲ့ ဆယ့်ငါးဆ၊ အဆနှစ်ဆယ် ပေးထားရတဲ့ ကားဆိုတော့ ဆယ့်ငါးဆ၊ အဆနှစ်ဆယ် မသက်သာတောင် ဆယ်ဆလောက် သက်သာမနည်းဘူးဆိုပြီး စီးရတာပေါ့။ ခဏနေတော့ ဒရိုင်ဘာက သူ့ဘက်ကတံခါးဖွင့်တယ်။ သူ့နေရာကို ဝင်မထိုင်ခင် သူ့ကျောမှီနောက်က တစ်ခုခုကို သူ ကြည့်တယ်။ ပြီးတော့ ကျောမှီကို ပြန်ကပ်တယ်။ ဝုန်းခနဲ ပစ်ထိုင်တယ်။ ကားစက်နှိုးဖို့ သော့တံကို သော့ပေါက်ထဲ ထည့်ရင်း မနှိုးသေးဘဲ နောက်က စပယ်ယာကို လှမ်းအော်တယ်။

"…. ကို ကြည့်ဦးဟေ့"

ရဲကို နာမည်တစ်မျိုးနဲ့ ခေါ်တာမှန်း ကျုပ်သိပါတယ်။ ပြီးတော့ ကားစက်ကို ခပ်ကြမ်းကြမ်း နှိုးတယ်။ ကားက ဝီခနဲသာ အော်တယ်။ မနှိုးဘူး။ နောက်တစ်ခါ တော်တော်ကြမ်းကြမ်း လှည့်နှိုးတယ်။ နှိုးသွားတယ်။ ကားထွက်ဖို့ ဂီယာထိုးလိုက်တော့လည်း ဂလုခနဲတောင် မြည်သွားတယ်။ ကျုပ်စိတ်ထဲ ဘာမဆိုင် ညာမဆိုင် စိတ်ခုသွားတယ်။ ဒီကောင် သူ့ကားမှ ဟုတ်ရဲ့လား။ ဒီပုံနဲ့၊ ဒီစိတ်မျိုးနဲ့ ဒရိုင်ဘာကောင်း ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲလို့ တွေးရင်း ကျုပ်ဘေးကလူကို ကျော်ကြည့်လိုက်တော့ လူက ကန္ဓွ့ကလျှန့်။ ဆံပင်ကလည်း ဖြီးထားလိုက်တာ ပြဇာတ်မင်းသားလိုလိုပုံနဲ့။

လူကလည်း ရှိလှရင် သုံးဆယ်တောင် ပြည့်မယ့်ပုံ မပေါ်သေးဘူး။ ဘာပဲဖြစ်ဖြစ် ဒီပုဂ္ဂိုလ်လေးနဲ့ပဲ သွားရမှာဆိုတော့ ကျုပ်လည်း စိတ်လျှော့လိုက်ပါတယ်။ အဲဒီမှာတင် ကားရှေ့မှာ လူတစ်ယောက် လာရပ်တယ်။ နည်းနည်းမူးနေပုံလည်း ရတယ်။ ကြွပ်ကြွပ်အိတ် နှစ်အိတ်ကို ကိုင်ထားရင်းက ထွက်မယ့် ကားကို တားတယ်။ သူပါ လိုက်မယ်ပေါ့လေ။ ဒရိုင်ဘာက နောက်ကို လှမ်းမေးတယ်။

"နေရာ ရဦးမလားဟေ့"

"ရမယ်၊ နောက်ကိုလာ"

ကားကတော့ နေရာပြည့်နေပါပြီ။ စပယ်ယာက ရမယ်ဆိုတော့ ဘယ်လိုရမယ်ဆိုတာ ကျုပ်လည်း မသိဘူး။ အဲဒီလူလည်း တက်ပြီးရော ကားက ဝူးခနဲ ဆောင့်ထွက်တယ်။

ကားက ကမ်းနားလမ်းအတိုင်း မောင်းရင်းက ရွှေတိဂုံဘုရားလမ်းလည်း ရောက်ရော ချိုးတယ်။ အသစ်ဆောက်နေတဲ့ သိမ်ကြီးဈေးသစ်ကြီး ဘေးက လမ်းကျဉ်းကလေးအတိုင်း မောင်းလာရင်းက

ဒရိုင်ဘာက အော်ပြောပြန်ရော။

"ရှေ့မှာ ရှိတယ်၊ ခေါင်းတွေ မထွက်စေနဲ့နော်"

"အေးပါ"

စပယ်ယာရဲ့ အေးပါဆိုတဲ့ အသံကို ကျုပ်ကြားတယ်။ ဒါပေမယ့် ဒရိုင်ဘာက ကြားပုံမရဘူး။

"ဟေ့ကောင် ပြောနေတာ ကြားလား၊ ရှေ့မှာ မင်းအဖေ ရှိတယ်၊ ခေါင်းတွေ သွင်းထားခိုင်း "

"အေးပါဟ...ပြောပြီးပါပြီ"

"ခေါင်းတွေ....ခေါင်းတွေ"

ကျုပ်လည်း နည်းနည်း ဒေါသဖြစ်သွားတယ်။ နောက်က ခရီးသည်တွေဆီက အသံတွေ ကြားလာရတယ်။ အေးပါဆိုမှ အတွန့်တက်နေတော့ ခရီးသည်တွေကလည်း နားကြားပြင်းကတ်တယ်နဲ့ တူတယ်။ ကျုပ်လည်း နည်းနည်းတော့ စပ်စုလိုက်တယ်။

"ခေါင်းတွေ ထွက်တော့ ဘာဖြစ်လို့လဲကွ"

'ဘာဖြစ်ရမလဲဗျ ငါးရာပေါ့၊ ထိလိုက်ရင် ဝိသွားမှာ"

"ဝိသွားမှာ" ဆိုတဲ့ မြန်မာစကားလည်း ကျုပ်မသိတော့ အသာလေးပဲ နေလိုက်ပါတယ်။ မီးလည်း စိမ်းရော ကားကို ဆောင့်ထွက်တယ်။ ထွက်လည်း ထွက်၊ ရပ်လည်း ရပ်သွားတယ်။ စက်နှိုးတယ်။ စက်က နှိုးလို့ မရဘူး။ သော့ပြန်ပိတ်တယ်။ နှိုးတယ်။ ဂရီး... ဂရီးလို့မြည်ပြီး စက်ရပ်သွားပြန်ရော။ တစ်ခါနှိုးတယ်၊ မနှိုးဘူး။ အဲဒီမှာ အကွယ်လေးမှာ ရပ်နေတဲ့ ရဲက လှမ်းကြည့်တယ်။ ဒါကို သူလည်း မြင်တယ်၊ ကျုပ်တို့လည်း မြင်တယ်။ ကားတစ်စီး စက်နှိုးလို့ မရတာကို ရဲကလည်း ဖမ်းလို့ရတာ မဟုတ်ဘူးလေဆိုပြီး တွေးနေတုန်းမှာ ဒရိုင်ဘာက အသည်းအသန် ဖြစ်နေတယ်။

"တောက်...ရှေ့မှာဆို ဖြစ်ပြီ၊ သောက်ကား"

ဆဲလိုက်လို့လား မသိဘူး။ တစ်ခါထပ်နှိုးတော့ သူ့ သောက်ကားက နိုးသွားတယ်။ စပယ်ယာကို လှမ်းအော်တယ်။

"တက်ဟေ့...ခေါင်းတွေနော်"

ကားလည်း ထွက်လည်း ထွက်ရော လမ်းဆုံလမ်းခွမှာ ရပ်သွားပြန်ရော။ ဘာရှိဦးမှာလဲ။ မသကာ ပေနှစ်ဆယ်လောက်ပဲ ရှိဦးမှာပေါ့။ ကားရပ်သွားတဲ့ နေရာကလည်း လမ်းလယ်မှာ။ မီးကလည်း နီသွားပြီဆိုတော့ တစ်ဖက်က (စိမ်းတဲ့ဘက်က) ကားတွေက ထွက်သွားရော။ ဒါပေမဲ့ ကျုပ်တို့ ကားကလည်း ရှေ့က ခံနေတော့ကာ ကားတွေ တောင့်သွားတာပေါ့။ အဲဒီမှာ ရဲက ထွက်လာတယ်။ ကားထဲက လူတွေ တွန်းပြီး တစ်ဖက်ရောက်အောင် ပို့ခိုင်းတယ်။ တစ်ဖက်က ကားတွေကိုလည်း လမ်းရှင်းပေးထားတယ်။ နောက်လူတွေက တွန်းတော့ ကားက မီးပွိုင့်နဲ့ လွတ်တဲ့နေရာ ရောက်သွားရော။ သည်တစ်ခါတော့ ဒရိုင်ဘာက သူကိုယ်တိုင်ဆင်းတယ်။ ကားရှေ့ဖုံးကို ဖွင့်တယ်။ နှိုက်တယ်။

နောက်က စပယ်ယာလေးကလည်း သူ့ဘေးမှာ ဝင်ရပ်ရင်း ဟိုဟာယူပေး၊ သည်ဟာယူပေး လုပ်နေရှာတယ်။ ခဏနေတော့ ကားအဖုံးကိုဝုန်းဆို ပိတ်လိုက်ပြီး ဒရိုင်ဘာနောက်ကျောမှီခုံကိုခွာကြည့် ပြန်ရော။ တစ်ခုခုကို မကြည့်တယ်။ ပြီးတော့မှ ကားစက်နှိုးတယ်။ ဂူးခနဲအော်ပြီး နိုးလည်း သွားရော ဂီယာထိုးတယ်။ ကားကို ထွက်မယ်လည်း လုပ်ရော ကားက မနိုင်ဝန်ကို ထမ်းထားရတဲ့ အတိုင်းပဲ ရုန်းအား မရှိဘဲ ရပ်သွားတယ်။

"တောက်"

ဒရိုင်ဘာပုဂ္ဂိုလ်လေးက ကားကို ဖွင့်ဆင်းပြန်ရော။ စပယ်ယာလေးကလည်း သူ့ဘေးမှာ သွားရပ်ပြန် ရော။ အဲသည်မှာ မိုးဖွဲလေးတွေလည်း တဖွားဖွား ကျလာတယ်။ စက်ဖုံးကြီး ဖွင့်ထားလို့ သူတို့ ဘာတွေလုပ်နေသလဲတော့ မမြင်ရဘူးပေါ့လေ။ လုပ်တော့ နေတာပါပဲ။ ခဏနေတော့ ကားပေါ်က ခရီးသည်တစ်ယောက် ဆင်းလာပြီး ကျုပ်ဘေးနားက ဖြတ်သွားတယ်။ ကျုပ်ကြည့်လိုက်တော့ ကားထွက်ခါနီး ရောက်လာတဲ့ နည်းနည်း မူးနေတဲ့လူ။ သူ့လက်ထဲက ကြွပ်ကြွပ်အိတ်နှစ်လုံးကို ကားခေါင်းထဲက ကျုပ်ကို လှမ်းပေးတယ်။ ကိုင်ထားပေးပါပေ့။ ကျုပ်ကလည်း ကိုင်ထားပေးလိုက်ပါ တယ်။ သူက ကားရှေ့ခေါင်းကို သွားတယ်။

"ဘာဖြစ်တာလဲကွ"

"........"

"မင်းကားမှာ ကော်ဖတ်ပါလား"

"......."

"သွားရှာ၊ အဝတ်စုတ်လည်းယူခဲ့။ မင်း ကားစက်ကို ငါ နှိုးဆိုမှ နှိုး"

"........"

"ကော်ဖတ်အနကို ရှာနော်၊ ဇီးရိုးရရင် ပိုကောင်းတယ်"

လက်စသတ်တော့ သူက မကင်းနစ် ဖြစ်ပုံရတယ်။ ဆယ့်ငါးကျပ် ပေးစီးလာရပေမယ့် သူစီးလာတဲ့ ကား ပျက်တော့လည်း တတ်သည့်ပညာ မနေသာ ဖြစ်လာတယ်နဲ့ တူပါတယ်။ စပယ်ယာလေးက ဒရိုင်ဘာခန်းထဲက အဝတ်စုတ် လာယူတယ်။ ကားရှေ့ကို ယူသွားတယ်။

"ကော်ဖတ်ဘယ်မှာလဲ"

"ကော်ဖတ်မရှိဘူး"

"ဟ ကားနဲ့ စီးပွားရှာပြီး ကားအတွက် ဘာမှ လုပ်မထားဘူးလား"

"ခါတိုင်း ပါတယ်ဗျ"

"အခု လိုတာကွ၊ ကော်ဖတ်မရှိလို့ မရဘူး။ ပေးစမ်းကွာ အဝတ်စုတ်"

နည်းနည်းမူးနေတဲ့လူကအပေါ်စီးကဟောက်နေတာကိုဒရိုင်ဘာရော၊ စပယ်ယာကောင်လေးရော

ဘာမှ ပြန်မပြောနိုင်ဘူး။ လုပ်တက်ကိုင်တက်တဲ့သူ ပါလာတာကိုပဲ ကျေးဇူးတင်နေရတဲ့ အချိန်မဟုတ်လား။ တစ်သက်လုံး သူများ ဟောက်နေတဲ့ ကောင်တွေ သည်တစ်ခါတော့ ငြိမ်လို့။ တော်တော်လေးလည်း ကြာရော ကားစက်ခေါင်းကို ပိတ်လိုက်တယ်။ သူ့လက်တွေကို အဝတ်စုတ်နဲ့ သုတ်တယ်။

“စက်နှိုးထား၊ စလိုးလေး၊ မှန်ပြီဆိုမှ လီဗာကို ဖြည်းဖြည်းနင်း၊ နှိုးကြည့်စမ်း”

ဒရိုင်ဘာကောင်လေးက သူ့နေရာသူထိုင်ပြီး ကားစက်ကို နှိုးတယ်။ ထုံးစံအတိုင်း ခပ်ကြမ်းကြမ်းပါပဲ။ မနိုးဘူး။ တစ်ခါ ထပ်နှိုးတယ်၊ မနိုးဘူး။ တဂီဂီ အော်ရင်းကကို မနိုးတာ။

“ခဏနေဦး၊ မနှိုးနဲ့နော်။ ငါ နှိုးဆိုမှ နှိုး။ သောက်ရမ်း လုပ်မနေနဲ့”

နည်းနည်း မူးနေတဲ့ သူက စက်ခေါင်းကို တခါ ဖွင့်ပြန်ရော။ လုပ်နေလိုက်တာ အကြာကြီး။ ကားပေါ်က လူတွေကလည်း တစ်ယောက်မှ မလှုပ်ဘူး။ ကျုပ်နဲ့ ကျုပ်ဘေးက လူလည်း နေရထိုင်ရတာ ညောင်းချည့်နေပေမယ့် မဆင်းရဲဘူး။ တက် တက် ရပြီဆိုရင် မလွယ်ဘူး မဟုတ်လား။

“ရပြီ နှိုးကြည့်စမ်း”

ဒရိုင်ဘာလေးက နှိုးကြည့်တယ်၊ နိုးသွားတယ်။ မကင်းနစ် လူက စက်သံကို နားထောင်တယ်။

“ခဏနေဦး၊ လီဗာကို မထိနဲ့၊ အဲဒီအတိုင်း ထား။ မနင်းနဲ့နော်၊ ဟေ့ကောင် မနင်းနဲ့လို့ ပြောနေတဲ့ကြားက ဘာလုပ်တာလဲ”

“ဆောရီး ဆောရီး”

“ကားလည်း မောင်းချင်သေးတယ်၊ ချီး”

နည်းနည်း မူးနေတဲ့ သူကတော့ မူးနေတဲ့ အရှိန်လေးနဲ့ဆိုတော့ ဖိပြီး ဟောက်နေတော့တာ ကလား။ ခဏနေတော့ ကားစက်ဖုံးကို ပိတ်တယ်၊ လက်တွေ သုတ်ပြန်ရော။ ကားနောက်ဘက်ကို ပြန်သွားတယ်။ နောက်မှ သတိရလို့ သူ့အထုပ် နှစ်ထုပ်ကို လာယူတယ်။ ဘာပဲဖြစ်ဖြစ် ကားထဲက လူတွေရော၊ ကျုပ်ရောပေ့ါလေ။ သူ့ကို ကျေးဇူးတင်ရတယ်။ ခများပါပေလို့။ သို့မို့ ကားဂိတ်ကို ပြန်လျှောက်ရဦးမယ်။ မိုးကလည်း ရွာနေပြီ။ ဒရိုင်ဘာလေးရော၊ စပယ်ယာရော၊ သူရော မိုးတော်တော်စိုနေပြီ။ လူလည်း စုံရော ကားလည်း ထွက်လာတယ်။ အဲသည်အထိ အကောင်း။

သည်လိုနဲ့ ဦးဝိစာရလမ်းထဲကို ရောက်လာရော ဆိုပါတော့။ သည်ကားတွေက လိုင်းကားမဟုတ်တော့ လိုင်းကားတွေ ပြေးနေကျ ပြည်လမ်းမကြီးအပေါ် မသွားဘူးလေ။ ဖြတ်လမ်းဖြစ်တဲ့ ဦးဝိစာရ လမ်းထဲက ချိုးဝင်ပြီး ဟံသာဝတီအဝိုင်းကို ဖောက်ထွက်လေ့ ရှိတယ်။ သူတို့အဖို့ ခရီးလည်း တိုတာကတစ်ကြောင်း၊ လမ်းလည်းရှင်းတာ တစ်ကြောင်း၊ ရှောင်တခင်စစ်ဆေးတဲ့ ယာဉ်ထိန်းရဲ တွေကို ရှောင်ရတိမ်းရတာလည်းတစ်ကြောင်းဆိုတော့ သည်လိုပဲမောင်းဝင်လာမိတော့မှ ကျုပ်လည်း





စိတ်ချမ်းသာသွားတယ်။ ဘာမှသာ မဟုတ်တယ်၊ ခရီးတောင် တော်တော်ဖင့်နေပြီ ဆိုတော့ ရွှေပြည်သာ ကားဂိတ်က လူတွေကို မျက်စိထဲ မြင်ယောင်နေမိသေးတယ်။ စိတ်ချမ်းသာတယ်သာ ပြောရတာပါ။ ကားစက်သံက မှန်တာတော့ မဟုတ်သေးဘူး။ လူမမာ ချွဲကျပ်သလို မောသံကြီးနဲ့ ပြေးနေတာ ဆိုတော့ စိတ်ထဲက ကတုန်ကယင်ကြီးတော့ ဖြစ်နေသေးတယ်။

ခဏနေတော့ ပြေးရင်းက စက်ခုတ်သံ မကြားရတော့ပြန်ဘူး။ ဩော ဖရီးရိုက်တာ ထင်ပါရဲ့ပေ့ါလေ။ သည်ကောင်တွေ သည်လိုလုပ်တက်တာလည်း သိတော့ သည်လိုပဲ အောက်မေ့တယ်။ ဘယ်ဟုတ်မလဲ၊ စက်ရပ်သွားတာ။ လမ်းဘေးကို မြှောင်ပြီး ထိုးရပ်လိုက်တော့မှ ပျက်ပြန်ပြီ ဆိုတာ သိတော့တယ်။ ကားလည်း ရပ်သွားရော ကားစက်ကို ထပ်ကာထပ်ကာ နှိုးတယ်။ မရဘူး။ ထပ်နှိုးတယ်၊ မရဘူး။

“ဟေ့ကောင် တော်တော့၊ ဘက်ထရီပါ ကုန်သွားလိမ့်မယ်။ စွတ်လုပ်မနေနဲ့။ကဲ... မရတော့ဘူး၊ ကော်ဖတ်မရှိလို့ကို မရတော့ဘူး”

လာပြန်ပြီ ကော်ဖတ်။ မကင်းနစ်ကိုယ်တော်က ပြောလည်းပြောရင်း ဆင်းလာပြန်ရော၊ သူ့အထုပ်က လေး နှစ်ထုပ် ကျုပ်ကို လှမ်းပေးပြန်ရော၊ ကားစက်ဖုံး သွားမပြန်ရော။ သည်တစ်ခါတော့ ကျုပ် တော်တော်လေး စိတ်ညစ်သွားတယ်။ အကုသိုလ် ရေအစုံမီး အစုံ ဝင်တယ်ဆိုတာ ဒါမျိုးပဲ။

ဦးဝိစာရ လမ်းထဲမှာ ကော်ဖတ်ရှာခိုင်းနေတဲ့ မကင်းနစ်ပုဂ္ဂိုလ်ကိုပဲ ဒေါသဖြစ်ရမလား၊ ဘာမှ ပြင်ဆင် မထားပဲ ကားမောင်းချင်တဲ့ သည်နှစ်ကောင်ကိုပဲ နားရင်းအုပ်ရ ကောင်းမလား တွေးရင်း၊ ကားထဲမှာပဲ ကျုပ် ညပ်ညပ်သပ်သပ် ထိုင်နေတာပါပဲ။ ညောင်းတာတော့ တော်တော့်ကို ညောင်း နေပြီ။ ကျုပ်ဘေးက လူကလည်း “အား ဒုက္ခပါပဲ” တဲ့။ သည်တစ်ခါတော့ ကားပေါ်က လူတွေက လည်း ညည်းတယ်။ တချို့လည်း အောက်ဆင်းကြတယ်။ မာကျူရီ မီးရောင်လေး လင်းလင်းကျင်း ကျင်းမို့၊ မိုးလေးကလည်း တိတ်စဆိုတော့ ကားပေါ်က ဆင်းပြီး အညောင်းဖြေကြတယ်။

မဆင်းတာ ကျုပ်တို့နှစ်ယောက်ပဲ။ မကင်းနစ် လူက ကားစက်ဖုံးကို မ ထားရင်းက စက်ကို နှိုတ်တယ်။ စပယ်ယာလေးက ဒရိုင်ဘာအခန်းထဲကို အဝတ်စုတ်လာနှိုက်ရင်း သူ့ဒရိုင်ဘာကို တိုးတိုးပြောနေတုန်းမှာ မကင်းနစ်လူက လှမ်းဟောက်တယ်။

“ဟေ့ကောင်တွေ၊ ကော်ဖတ် သွားရှာပါဆိုမှကွာ”

စပယ်ယာလေးက အယောင်ယောင် အမှားမှားနဲ့အဝတ်စုတ်သွားပေးလို့လား မသိဘူး။ မကင်းနစ်လူ

ဟောက်ပြန်ရော။ ကားစက်ဖုံးကြီးဖွင့်ထားလို့ သူတို့ကိုမမြင်ရပေမယ့် အသံတွေကိုတော့ ကြားနေရတယ်။

"အဝတ်စုတ် ဘာလုပ်ရမှာလဲ။ ပွိုင့်တွေ ချေးကပ်နေတာ အဝတ်စုတ်နဲ့ သုတ်လို့ ရတယ်လို့ မင်း ဘယ်သူကပြောသလဲ။ သွား ဟိုရှေ့က တိုက်တွေမှာ သွားမေးစမ်း၊ ကော်ဖတ်နည်းနည်း ရမလားလို့"

သူတို့ပြောနေတုန်းမှာ ဒရိုင်ဘာလေးက ကားပေါ်က ဆင်းတယ်။ သူ့ကျောမှီကို လှန်တယ်။ သူ့ကျောမှီနောက်က ပုံးအဖြူလေးထဲကို မ ကြည့်တယ်။ ပုံးဝမှာ တပ်ထားတဲ့ ပလတ်စတစ်ပိုက်ကို အထဲပိုဝင်သွားအောင် ထိုးထည့်တယ်။ ကျောမှီကို ပြန်ကပ်တယ်။ စပယ်ယာလေး ထွက်သွားတာကို ကြည့်ရင်း ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ ကြာဦးမယ်ဆိုတာ သိလို့လား မသိဘူး။ ကျုပ်ဘေးက လူကနေ ဆင်းရအောင်ဗျာ၊ ညောင်းတယ်တဲ့။ ဟုတ်တယ်။ ကျုပ်လည်း ညောင်းလှပြီ။ ကိုယ့်အထုပ်ရော၊ မကင်းနစ် အထုပ်ရော ထားခဲ့ပြီး ကားထဲက ဆင်းလိုက်တယ်။ တော်တော့်ကို အညောင်းပြေသွားတာပဲ။ သည်တော့မှ ကျုပ်လည်း နာရီကြည့်မိတော့တယ်။ ၈ နာရီ ခွဲနေပါရောလား။ ကြည့်စမ်း ၇ နာရီက ထွက်လာတဲ့ကား ခု ၈ နာရီခွဲနေပြီ၊ ၁ နာရီခွဲတောင် ကြာသွားပြီလား။ ဦးဝိစာရ လမ်းပေါ်မှာတင် ၉နာရီထိုးရင် အင်းစိန်ကို ၉ နာရီခွဲ၊ ရွှေပြည်သာကို ကူးမှာနဲ့ ရပ့်မလား။ ကိုးနာရီနဲ့တော့ ကားကကောင်းသွားကောင်းပါရဲ့။ ကျုပ်ရဲ့ သိစိတ်တွေက အဲသည်လို တွေးနေတာ။ မသိစိတ်ကတော့ ကားကောင်းသွားမယ်လို့ကို မထင်ဘူး။ ကျုပ်စိတ်ထဲမှာ ဒရိုင်ဘာနောက်ကျောက ပုံးအဖြူကိုပဲ မြင်မြင်နေတယ်။ ပုံးထဲ ပလတ်စတစ်ပိုက် ထိုးထည့်တာကို ဖျက်ခနဲ မြင်လိုက်ရကတည်းက ကျုပ်စိတ်ထဲ ခုနေတယ်။ ဒါပေမယ့် မကင်းနစ်လည်း ပါတော့ ကော်ဖတ်သာ ရရင် ကားကောင်းသွားမယ်လို့လည်း ပြောနေတော့ ဒါကို သိပ်အလေးအနက် မထားတော့ပါဘူး။ စောင့်ပေ့ါ၊ ဘာတတ်နိုင်တာ မှတ်လို့။ ပိုက်ဆံပေးပြီး ကားစီးတာကလွဲလို့ ကားအင်ဂျင်တောင် သေသေချာချာ တွေ့ဖူးတာတောင် မဟုတ်ဘူး မဟုတ်လား။ အဲဒီတုန်းမှာပဲ ကောင်မလေး တစ်ယောက်နဲ့ ကောင်လေးတစ်ယောက် ဆန့်ကျင်ဘက် တစ်ဖက်လမ်းကို ကူးသွားပြီး တက္ကစီ တစ်စီးကို တားတာကို ကျုပ်တွေ့နေရတယ်။ ကားသမားနဲ့ စကားပြောပြီး အဲသည်နှစ်ယောက် နောက်က တက်စီးကြတယ်။ ဩော် ... ငါတို့ကားက နှစ်ယောက်တော့ စိတ်မရှည်လို့ ကားငှားသွားပြီလို့ ဆိုပြီး စိတ်ထဲအတူတူလာတဲ့ လူချင်း သည်ဟာတွေက သစ္စာဖောက်သွားပြီ လို့တောင် စဉ်းစားနေမိသေးတယ်။

"ဟေ့ကောင် စက်နှိုးစမ်း၊ စက်နှိုးစမ်း"

ကော်ဖတ်ရှာတဲ့ စပယ်ယာတောင် ပြန်မလာသေးဘူး။ စက်နှိုးစမ်းဆိုတော့ ကျုပ်လည်း တွေးနေရင်း





က ဝမ်းသာသွားတယ်။ ရသွားပြီ ထင်ပါရဲ့ ပေ့ါလေ။

မာကျူရီ မီးရောင်အောက်က မကင်းနစ်လူက မျက်လုံးတွေ ပြူးလို့၊ နဖူးမှာလည်း ချွေးစတွေ ရွှဲလို့။ သူလည်း တစ်လမ်းလုံး ပြင်ပေးလာရတာဆိုတော့ မောလှရောပေ့ါ။ ဘာပဲဖြစ်ဖြစ် သူပါလို့ သည်လောက်ရောက်လာတာ မဟုတ်လား။ ဒရိုင်ဘာလေးက စက်နှိုးလိုက်ရော -'

"ကြည့်စမ်း၊ ပိုက်ကို ဆီလိုက်မလာပါလား။ ငါ စောစောကတည်းက ထင်တော့ထင်သား၊ ဆီ ရှိတယ် ထင်လို့၊ မင်း ဆီ ရှိသေးရဲ့လား ဟေ့ကောင်"

"ဆီက ရှိပါတယ်"

"ဘာရှိပါတယ်လဲ၊ ပြစမ်း ငါ့ကို။ ငါကတော့ တစ်လမ်းလုံး လုပ်လိုက်ရတာ၊ ဆီမရှိဘဲနဲ့ ဆယ့်ငါးကျပ်နဲ့ လူတင်လာတဲ့ကောင်၊ ပြစမ်း ဟေ့ကောင်"

ဒရိုင်ဘာလေးက ငြိမ်သွားတယ်။ ငြိမ်သွားတာက ဝန်ခံတာပဲမဟုတ်လား။ အဲဒီတုန်းမှာပဲ စပယ်ယာလေးလည်း ပြန်ရောက်လာတယ်။ သူကတော့ သည်မှာ ဘာဖြစ်နေတယ်ဆိုတာ မသိဘူး။

"ကော်ဖတ်မရဘူး အကို"

"ကော်ဖတ်၊ မင်းကြီးတော်ကိုသာ မင်းပြန်ပြီး ကော်ဖတ်စားတော့။ မင်းတို့ သွား....တောက်"

ကားက လူတွေလည်း သည်တော့မှ သဘောပေါက်သွားတယ်။ ဆဲတဲ့လူကလည်း ဆဲတယ်။ ညည်းတဲ့သူလည်း ညည်းတယ်။ တစ်ယောက်တစ်ပေါက်ပြောတဲ့သူလည်း ပြောတယ်။ မကင်းနစ်လူကတော့ တော်တော်ဒေါသထွက်နေတဲ့ ပုံပဲ။

သူတစ်ယောက်တည်း ဒေါသဖြစ်နေတာနဲ့ ကျန်တဲ့သူတွေ ဒေါသဖြစ်ဖို့ မကျန်သလောက်ဖြစ်နေတော့၊ ဘယ်သူမှတော့ ဘာမှ ပြောမနေတော့ပါဘူး။ မကင်းနစ်လူကတော့ မကျေနိုင် မချမ်းနိုင် ဖြစ်နေတုန်းပဲ။

"ကားမောင်းတယ်ဆိုရင် ကားအကြောင်း နားလည်ရတယ်ကွ။ ကားပေါ်တက်ထိုင်ပြီး ခွေကိုင်တိုင်း ကားသမား မဟုတ်ဘူး။ လူတွေကလည်း လူတွေမှာ အချိန်နဲ့ သွားနေရတာကွ။ မင်းတို့ကွာ"

သည်လူကလည်း ဒေါသတော့ ကြီးသား။ မင်းတို့ကွာ။ မင်းတို့ကွာနဲ့ ထတောင် ထိုးတော့မလားမှတ်ရတယ်။ ကျုပ်လည်းတော်တော်စိတ်ညစ်သွားတယ်။ ကားပျက်တာကလည်း ပြည်လမ်းမပေါ်မှာ

မဟုတ်ဘူးလေ။ လမ်းမကြီးပေါ်မှာကတော့ ဘာအကြောင်းလဲ။ သည်ကား ပျက်ရင် နောက်ကား စီးလို့ရတယ်။ အခုက ဘယ်လိုင်းကားမှ မရှိတဲ့နေရာ။ နောက်က ဆက်တိုက် ဆက်တိုက် ထွက်လာတဲ့ ဆယ့်ငါးကျပ် ကားတွေကို တားရအောင်ကလည်း သူကလည်း သူ့လူနဲ့ သူ အပြည့်။ ကျန်တာကတော့ ကိုယ်ပိုင်ကားတွေချည်း သွားလာနေတဲ့ လမ်း၊ ဘာလုပ်လို့ရမှာလဲ။

ကျုပ်နာရီကို ကျုပ်မကြည့်ရဲတော့ပေမယ့် ကိုးနာရီကို လိုရင် နည်းနည်းပေါ့။ ကျုပ်အထုပ်လေးတွေ ကျုပ်ယူလိုက်တယ်။ မကင်းနစ် ဆရာကိုလည်း သူ့ အထုပ်လေးနှစ်ထုပ် ပေးလိုက်တယ်။

"ပေ့ကောင်တွေ ငိုင်မနေနဲ့ ပိုက်ဆံပြန်ပေး"

သည်တော့မှ စပယ်ယာကလေးက ခရီးသည်တွေကို မအမ်းချင် အမ်းချင်နဲ့ ပိုက်ဆံတွေ ပြန်အမ်းတယ်။ မျက်နှာကတော့ တယ်မကောင်းလှဘူး။ သည်ကောင်တွေက သူတို့ဘက်က မှားနေပေမယ့် တစ်ချက် မတောင်းပန်ဘူးဆိုတဲ့ မျက်နှာပေးတွေ။

"ခေါင်းခန်းက ဆရာနှစ်ယောက်က ရော့....လေးဆယ်"

ကျုပ်လက်ထဲ ရောက်နေတဲ့ ပိုက်ဆံကလေး နှစ်ဆယ်ကို ကိုင်ထားရင်း ဘာလုပ်ရမလဲ၊ ကျုပ်စဉ်းစားတယ်။ ခရီးသည်တွေ အားလုံးလည်း ကိုယ့်ပိုက်ဆံလေး ကိုယ်ကိုင်လို့။ တချို့ ခရီးသည်တွေက ကားမီးရောင် မြင်သမျှ ရပ်ပေးလို ရပ်ပေးငြား၊ အုပ်စုလိုက် ကားတားပွဲကြီး လုပ်နေကြတယ်။ ဘယ်ကားကမှ ရပ်မပေးပါဘူး။ သည်လမ်းက ကိုယ်ပိုင်ကားတွေ၊ ကားကလေးတွေလောက်သာ သွားရတဲ့ လမ်းပဲ။ ဘယ်သူက စာစာနာနာ ရပ်ပေးမှာပဲ။ ကုန်ကုန်ပြောရရင် လူတစ်ယောက်စ၊ နှစ်ယောက်စပါတဲ့ တက်စီတွေတောင် လက်ခါပြီး မောင်းပြေးနေကြတော့ ကိုယ်ပိုင်ကားဆိုတာ ကတော့ ဝေးရော။ ကိုင်း....ဘယ်နယ့်လုပ်မတုံး။

ခရီးက ဟိုဘက်လည်း မနီး၊ သည်ဘက်လည်း မနီး။ တချို့တော့ ဖွဲမလျှော့သေးဘူး၊ ကားတား နေကြတုန်း။ တချို့လည်း ပြည်လမ်းမကြီးကို ဖောက်ထွက်ဖို့ ဘယ်ဘက်က နီးမလဲ တွက်ဆနေကြ တယ်။ အမှန်ကတော့ ဘယ်ဘက်ကမှမနီးဘူး။ တောင်ဘက်ကို ပြန်လျှောက်ရင် ဦးဝိစာရ ကျောက်တိုင်ကို ရောက်မယ်။ အဲဒီကမှ အလုံလမ်းဘက်ကို ဖောက်ထွက်။ မြောက်ဘက်ကို လျှောက်ရင် တော်လှန်ရေးပန်းခြံ၊ ဝိဇယ ရုပ်ရှင်ရုံ။ အဲဒီကမှ ပြည်လမ်းမကိုဖောက်ထွက်။ ဝေးတာ ချည်းပါပဲ။ ဒါပေမဲ့ သွားတာတော့ သွားရမှာပါပဲ။ လိုင်းကားတွေ ဥဒဟို ရှိနေတဲ့ ပြည်လမ်းမကြီးကို မထွက်မဖြစ် ထွက်ကို ထွက်ရတော့မှာပါပဲ။





"မြေနီကုန်းဘက်မှာတော့ အင်းစိန် တစ်ဆယ်ကားတွေ ရှိနိုင်သေးတယ်ဗျ၊ အဲဒီဘက် လျှောက်မလား"

ကျုပ်နဲ့အတူတူ ခေါင်းခန်းစီးတဲ့လူက လက်တို့ရင်း လာပြောတော့မှ ကျုပ်လည်း သတိရသွားတယ်။ ဟုတ်တယ်။ ကျုပ်လည်း ဆုံးဖြတ်ရတော့မယ်။ ကိုးနာရီလည်း ထိုးပြီ။ ဘယ်ကားမှလည်း ရပ်မပေး ဘူးဆိုတဲ့အချိန်။ မိုးကလည်း ရွာချဖို့ ပြင်ဆင်နေပြီ ပြောပါတော့။ လူတွေကတော့ အုပ်စု ကွဲသွားတယ်။ တချို့ကမြောက်ဘက်ကို လျှောက်ကြတယ်။ ကျုပ်လည်း မြောက်ဘက်ကို ရွေးလိုက်တာပါပဲ။ လူ လေးငါး ခြောက်ယောက်ပါတဲ့ ကျုပ်တို့လူစုဟာ ရေစိုနေတဲ့ ပလက်ဖောင်း ပေါ်က ခပ်သွက်သွက်ပဲ လျှောက်လာခဲ့ကြတယ်။ စောစောကပဲ တစ်စုတစ်စည်းတည်း လာခဲ့ကြတဲ့ ခရီးသည်တွေဟာ အခုတော့ အုပ်စုတွေ ကွဲသွားကြပြီပဲ။

ခဏနေတော့ ထင်တဲ့အတိုင်းပဲ မိုးကရွာချရော။ ထီးပါတယ်ဆိုပေမယ့် စိုကုန်ကြတာပါပဲ။ ဘယ့်နယ် ဖြစ်မှန်းမသိဘူး။ ကျုပ်စိတ်ထဲ ရွှေပြည်သာကမျှော်နေမယ့် ကလေးတွေပဲသတိရနေတယ်။

# မြွေခွေး





ကိုကျောက်စီ ဆိုတဲ့ လူကို တစ်နယ်လုံးက သိကြတာတော့ မဟုတ်ဘူး။ သူနေတဲ့ တဲကလေးနဲ့ တော်တော်လေး လှမ်းတဲ့ တန်းလျားလေးငါးလုံးက (မသကာရှိလှရင် လူခြောက်ဆယ်လောက်က) လူတွေကပဲ သိတာပါ။ ကျောက်စီဆိုတဲ့ နာမည်ကိုလည်း တချို့က ကျောက်စိတဲ့။ တချို့က ကျောက်စီတဲ့။ ကိုကျောက်စီကလည်း ထူးလိုက်တာပါပဲ။ သူ့ဟာသူတောင် ကျောက်စိလား၊ ကျောက်စီလား၊ ကျောက်စည်လား သိတာ မဟုတ်ဘူး။ သူ့ပုံက ကျောက်ပွင့်လေးတွေ စီထားတဲ့ ကျောက်စီတော့ မဖြစ်နိုင်ဘူး။ ဘုန်းကြီးကျောင်းတွေက အင်ကြင်းပင်ကြီးတွေ သိပ်ကြီးသွားလို့ ကျောက်ဖြစ်သွားတဲ့အခါ လုပ်လေ့ရှိတဲ့ ကျောက်စည်ထိုးတဲ့ ကျောက်တုံးကြီးတစ်တုံးနဲ့ တူလို့ ဖြစ်ချင်းဖြစ်ရင် ကျောက်စည်ဆိုတဲ့ နာမည်နဲ့က ပိုလိုက်တယ်။ ထားပါတော့၊ ကျောက်စီပဲ။ လူကမည်းလိုက်တာ သပိတ်ကိုသာ ကြည့်တော့။ ခေါင်းတုံးကလည်း အမြဲရိတ်တော့ ဦးပြည်းဟာ ဘယ်တော့မဆိုပြောင်နေလေ့ရှိတယ်။ ရုပ်ကလည်း ဇာတ်ထဲက ဘီးလူးခေါင်းစွပ်ကို တွေ့ဖူးတယ် မဟုတ်လား၊ အဲဒီရုပ်မျိုး။ မျက်ခုံး မျက်လုံးတွေက အပေါ်ကို ထောင်တက်နေတော့ အမြဲတမ်း ရန်လိုနေတဲ့ မျက်နှာပေးက ထင်းခနဲ ပေါ်နေတက်တယ်။

ရင်ဘတ်မှာက မင်ကြောင်ထိုး နဂါးတစ်ကောင် ရှိတယ်။ မည်းနေတဲ့ အသားပေါ်က စိမ်းဖန့်ဖန့် ဆေးမင်ရယ်၊ နဂါးကြေးခွံ ဟသ်ပဒါးအနီရယ်ဟာ ရုတ်တရက်ကြည့်ရင် မပေါ်ချင်ဘူး။ ဒါပေမဲ့ နဂါးခေါင်းကတော့ သေသေချာချာကြည့်ရင် သိပ်အနုစိပ်တဲ့ ခေါင်းမျိုး။ မြန်မာနဂါးလည်း မဟုတ်ဘူး။ အကွေးအတွန့်တွေနဲ့ အမွေးအမျှင်တွေများတဲ့ စိန့်တိုင်းက နဂါးရုပ်မျိုး။ အကြေးခွံတွေက အထပ်ထပ်နဲ့ နဂါးကိုယ်လုံးဟာ သူ့ရင်ဘတ်က တစ်ဆင့် ညာဘက် လက်မောင်းကနေ ဆင်းသွားလိုက်တာ ညာဘက်လက်ခုံပေါ်မှာ ဆုံးတယ်။ ရင်ဘတ်က နဂါးခေါင်းက အောက်ဘက်ကို ပါးစပ်ဖြဲ လှည့်ထားတော့ ဝမ်းဗိုက်တစ်ခုလုံး နီးပါးဟာ နဂါးခေါင်းနဲ့ ပြည့်နေလေရဲ့။

“ကျောက်စီတို့ကတော့ နတ်ပြာတွဲတောင်တို့၊ တော်ကျွတ်မုန်းရှေ့တို့ မဟုတ်ဘူးဗျ။ အမြဲတမ်း နဂါးခေါင်း အောက်ကို လှည့်တယ်” လို့ မူးလာရင် အမြဲ ပြောတက်တယ်။ အမြဲပြောနိုင်ဖို့ကိုလည်း အမြဲမူးနေဖို့ လိုတယ်လို့လည်း တွက်ထားဟန် တူပါရဲ့။ အရက်နဲ့မျက်နှာ သစ်၊ အရက်နဲ့ ပလုတ်ကျင်း၊ အရက်နဲ့ပဲ ထမင်းစား၊ အရက်နဲ့ပဲ ခြေဆေးတယ် ဆိုတဲ့လူ။

လောလောဆယ်တော့ သူဟာ လူသူနဲ့ ဝေးဝေး တောအုပ်ညို့ညို့ကြီးထဲက တဲကလေး တစ်လုံးမှာ နေတယ်။ သူ့ပတ်ဝန်းကျင်မှာ အင်မတန်နက်ရှိုင်းတဲ့ ကျင်းကြီးချိုင့်ကြီးတွေရှိတယ်။အတော်အတန်ကြီးတဲ့ သစ်ပင်ကြီးတွေရှိတယ်။ တောင်ကုန်းမြင့်မြင့်ကြီးတွေ ရှိတယ်။ ပြီးတော့ သူတာဝန်ယူ စောင့်ရတဲ့ မြေကော်တဲ့ ယန္တရားကြီးတစ်လုံးလည်း ရှိတယ်။ ဒီယန္တရားကြီးဟာ အဲသည် ပတ်ဝန်းကျင်က တော

တွေ၊ တောင်ကုန်းတွေကိုဖြိုတဲ့ ယန္တရားကြီးပဲ။ ကျင်းတွေ ချိုင့်တွေဟာ အဲသည် ယန္တရားကြီး ရဲ့ လက်ချက်ပဲ။ အမြဲတမ်းတော့ မဟုတ်ဘူး။ လိုအပ်တဲ့အခါ မောင်းတဲလူ ရောက်လာပြီး ကော်တော့တာပဲ။ ဖြိုတော့တာပဲ။ တူးတော့တာပဲ။ မလိုတဲ့အခါ သုံးလ လေးလလောက် မလာပြန်ဘူး။ ဘာပဲဖြစ်ဖြစ် ကိုကျောက်စီက ပစ္စည်းတွေ မပျောက်ပျက်အောင် စောင့်ရတယ်။ စက်ကြီးက တောထဲမှာ နှစ်ပေါက်ရှိနေတက်တော့ သူကလည်း နှစ်ပေါက် နေနေရတော့တယ်။ သည်တောထဲမှာကိုပဲ သူနေရတာ ရှစ်နှစ်ပြည့်တော့မယ်။ သောက်ရေအိုး အညှိတက် တစ်လုံး၊ သင်ဖြူးဟောင်း တစ်ချပ်နဲ့ မီးဖိုချောင် ပစ္စည်းလေး အနည်းအကျဉ်းကလွဲရင် တဲထဲမှာလည်း ဘာမှမရှိဘူး။ ယန္တရားကြီးအလုပ်ရှိတဲ့အခါ သူ အူစိုတယ်။ ဆီလေး ဘာလေးလည်း ရတယ်။ ပိုက်ဆံလေး ဘာလေးလည်း ရတယ်။ ကျန်တဲ့အချိန်တော့ ကလေးတွေ ပြောသလို လက်ချည်းပဲ။ ရတဲ့လခလေးနဲ့ စားရတာပဲ။ တစ်လ တစ်လ ရတဲ့လခလေးဟာ မနီးမဝေး တန်းလျားက အိမ်ဆိုင်ကလေးကို အရက်ဖိုးဆပ်ရတာနဲ့ ကုန်တာပါပဲ။ လဆန်းရင် ပြန်စ၊ လကုန်ရင်အကုန်ဆပ်။ သည်လိုနဲ့ လည်ပတ်နေတာပါပဲ။

အိမ်ဆိုင်ကလေးကလည်း အရက်ကောင်းကောင်း ရောင်းတာမဟုတ်ဘူး။ တာဖုံလို့ခေါ်တဲ့ ကောက်ညှင်း အရက် ခေါ်မလား၊ ထန်းလျက်အရက် ခေါ်မလား။ အဲဒါပဲ ရတာ။ ဘာပဲဖြစ်ဖြစ် သူ့အတွက်တော့ ညနေစောင်းရင် သူ့တဲကလေးကနေ နာရီဝက်မရှိတရှိလောက် လျှောက်လာ၊ တန်းလျားခန်းထဲကို ဝင်၊ တစ်ခွက် တစ်ဖလား သောက်၊ ပြီးရင်ပြန်။ ဒါဟာ နေ့စဉ် သူလုပ်နေကျပဲ။ အရင်တုန်းကတော့ (သည် ယန္တရားကြီးကို လုံခြုံရေးမစောင့်ရခင်တုန်းက) ဘဝတော်တော်များများမှာ ကျင်လည်ခဲ့တာ ထားပါတော့။ အခု ဒီဘက်ရှစ်နှစ်လောက်ကတော့ သူ့မှာ မနက်ည သည်တန်းလျားလေးကိုလာပြီး အရက်သောက်၊ ပြီးရင်ပြန်ပဲ။ တောထဲက တဲကလေးထဲမှာ ညဘက် ဒီဇယ်ဆီမီးခွက်ကလေးနဲ့ မှိတ်တုတ်မှိတ်တုတ် နေတော့တာပါပဲ။

ခက်တာက ယန္တရားကြီး မလည်ရတာ ကြာပြန်ပြီ။ ယန္တရားမောင်းတဲ့ လူကလည်း ယန္တရား မလည်ရတော့ မလာတော့ဘူး။ သည်တော့ သူ့မှာ တခြားဝင်ငွေလည်း မရှိဘူး။ အစားမှန်မှန် မစားတာရော၊ အရက်တွေ ထောင်းထအောင် သောက်တာရောကြောင့် သူလည်းတစ်စ တစ်စ ပိန်ချုံးသထက် ပိန်ချုံးလာတယ်။ သူပိန်ချုံးလာတော့ သူ့ရင်ဘတ်က နဂါးကြီးကလည်း ပိန်ချုံးလာတော့တာပဲ။ လက်တွေ ခြေတွေလည်း တုန်လာတယ်။ မကြာမကြာလည်း အအေးမိတယ်။ အဆုတ်ကလည်း ပွချင်တယ်။ ခြင်တွေ ဖြုတ်တွေကလည်း သီးနေအောင် ကိုက်ထားတော့ အရေပြားတွေမှာလည်း အနာပဆုတ်တွေ၊ ပွေးတွေ၊ ဝဲစိုတွေ၊ ညှင်းကြီးကွက်တွေနဲ့ အပြည့်ပဲ။ ရေဆိုတာကလည်း





တူးထားတဲ့ ချိုင့်တွေထဲက တင်နေတဲ့ မိုးရေကို ချိုးရင်ချိုး၊ သောက်ရင်သောက်ပဲ။ ဒါပဲ။ ဘယ်ကမှ ရေသန့်သန့်မရနိုင်ဘူး။

အဲသလိုနဲ့ အဝါရင့်ရောင် ယန္တရားကြီးရယ်၊ တဲကလေး တစ်လုံးရယ်၊ သူရယ်၊ သူ့ရင်ဘတ်က နဂါး တစ်ကောင်ရယ်၊ ကျင်းတွေ ချိုင့်တွေရယ်၊ သစ်တောညို့ညို့ရယ်၊ ဖျာတစ်ချပ်၊ ရေအိုးတစ်လုံးရယ်၊ တာဖုံထည့်တဲ့ ပုလင်းလွတ် လေးငါးလုံးရယ် လွဲရင် သူ့မှာ တွယ်တာစရာ ဘာသံယောဇဉ်မှ မရှိဘဲ နေလာတာကိုက ပြောခဲ့ပါပြီကော။ ရှစ်နှစ်လောက်ရှိပြီလို့။

ရေတမာရွက်ကြမ်းကြမ်းတွေကြားက နှင်းဆီပွင့်တွေဟာ ရောင်စုံပဲ။ လှလိုက်တာလည်း မပြောနဲ့ တော့။ အဝါလည်း ပါတယ်၊ ပန်းသွေးနုနုလည်း ပါရဲ့။ ကြက်သွေးရောင်စိုစိုဖပ်ဖပ်ကြီးတွေ ဆိုတာက လည်း မနည်းဘူး။ နှင်းဆီရနံ့တွေကလည်း သူ့တဲကလေးထဲမှာ ကြိုင်လို့ လှောက်လို့။ လှချင်တိုင်း လှနေတဲ့ နှင်းဆီပွင့်တွေကို ကိုကျောက်စီ ငေးတောင် နေမိတယ်။ အပွင့်ရောင်စုံတွေကိုလည်း သူ့လက်ကြမ်းကြမ်းကြီးတွေနဲ့ တယုတယ ပွတ်သပ်ကြည့်မိသေးတယ်။

ကိုကျောက်စီက သူ့ရဲ့ ကတုန်ကယင် လက်တွေနဲ့ နှင်းဆီပွင့်ကလေးတွေကို အသာအယာ ဆွဲနုတ်တယ်။ အဝါတွေကို သတ်သတ်ဖယ်တယ်။ ပန်းရောင်အဖူးကလေးတွေကို သီးသန့်ထားတယ်။ ကြက်သွေးရောင် နီညိုညို အပွင့်ကြီးတွေကိုတော့ များလွန်းလို့ နီးစ မျှင်မျှင်ကလေးတွေနဲ့ အရင် စည်းတယ်။ ငါးပွင့်တစ်စည်း၊ လေးပွင့်တစ်စည်း စည်းတယ်။ ဖြစ်သင့်တာက ဆန်ကောလို၊ လင်ပန်း လို အချပ်ကြီးထဲမှာ စီပြီးထည့်ထားရမှာ။ သူ့မှာ ဆန်ကောမရှိဘူး။ သည်တော့ တော်ငှက်ပျော ရွက်ကြီးတွေနဲ့ တစ်ရောင်စီ ခွဲထုတ်တယ်။ ရေညှိတက်နေတဲ့ သောက်ရေအိုးက ရေတစ်ခွက် ခပ်တယ်။ တစ်ဝက်ကို သောက်တယ်။ တစ်ဝက်ကို ပန်းတွေအပေါ် ဖျန်းတယ်။ တဲအပြင်ထွက်ပြီး အလင်းရောင်ကို ကြည့်တယ်။ အချိန်ရှိသေးတယ်။ ရှိလှမှ သုံးနာရီခွဲပဲ။ သူ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်တယ်။ တာဖုံ နည်းနည်းသောက်လိုက်တယ်။ ပြီးတော့မှ တန်းလျားဘက်ကို နှင်းဆီပန်း တွေ ပိုက်ပြီး ထွက်လာခဲ့တယ်။

တစ်သက်နဲ့ တစ်ကိုယ် ကိုကျောက်စီ ပန်းရောင်းတာ မတွေ့ဖူးကြတဲ့ တန်းလျားထဲက လူတွေက ကိုကျောက်စီပန်းရောင်းတယ်ဆိုတော့ကို အထူးအဆန်းဖြစ်လို့။ ဘယ်လိုဖြစ်တာလဲ၊ ဘာသဘော လဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ပန်းရောင်းဖြစ်သွားတာလဲ။ အဲသလို တွေးကြတယ်။

"ကိုင်း ပန်းတွေဗျို့။ ခြံပန်း လတ်လတ်ဆတ်ဆတ်တွေ၊ နှင်းဆီတွေ"

တချို့ကလည်း ရယ်ကြတယ်။ တချို့ကလည်း သနားကြတယ်။ တချို့ကလည်း ဒီကောင် လုပ်လာပြန်ပြီလို့ တွက်ကြဟန် တူပါရဲ့။ ခပ်တည်တည်ပဲ။ မည်းချိပ်နေတဲ့ အသား၊ အင်္ကျီမပါ၊ ဖိနပ်မပါ၊ ပုဆိုးတိုတို (အဲဒီပုဆိုးက နစ်ပေါက်ပုဆိုးပဲ) နဲ့ နှင်းဆီပန်းရောင်စုံနဲ့က ဘယ်လိုမှ ဆက်စပ်ကြည့်လို့ မရဘူး မဟုတ်လား။ တန်းလျားက ဟိုဘက်ထိပ်က ဒီဘက်ထိပ်ကို တစ်ခေါက်ပဲ လျှောက်ရတယ်။ နှင်းဆီပန်းတွေ လုယူလိုက်သလို ကုန်သွားတယ်။ အဲသည်ဝယ်ကြတဲ့ မိန်းမတွေ ထဲမှာ သူ လာသောက်နေကျ တာဖံရောင်းတဲ့ ဆိုင်က မိန်းမကိုတော့ သူ မရောင်းဘူး။ အဲဒီမိန်းမက နှင်းဆီဝါ တစ်စည်းကို လာကိုင်တယ်။ သူက အတင်းပြန်ယူလိုက်တယ်။ ဘာမှတော့ မပြောဘူး။ အဲသည်မိန်းမက "ရှင့် အရက်ကြွေးနဲ့ မနှိမ်ပါဘူး၊ ပိုက်ဆံပေးမှာပါ "လို့ ပြောတဲ့ကြားကကို သူ မရောင်းတာ။ "ခင်ဗျားကို သတ်သတ် အလကားပေးပ့ါမယ်။ နောက်မှ ယူပါဗျာ"လို့ပဲ ပြောတယ်။ အဲသည် မိန်းမလည်း စိတ်ဆိုးသွားတယ်နဲ့ တူပါတယ်။

"သောက်ကြီး သောက်ကျယ်" လို့ တစ်ခွန်းပဲ ပြောပြီး ပြန်သွားတယ်။ဒါပါပဲ။ ကျန်တဲ့ မိန်းမတွေ အားလုံးကို ရောင်းလိုက်တာပါပဲ။ ဈေးထဲမှာ တစ်စည်းကို ခုနစ်ကျပ်၊ ရှစ်ကျပ် ပေးရမယ့် အစည်းတွေကို လေးကျပ်၊ ငါးကျပ်နဲ့ ရောင်းတော့ နှင်းဆီပန်းတွေ အားလုံးဟာ ခဏလေးနဲ့ ကုန်သွားတယ်။

ကိုကျောက်စီရဲ့ စိတ်တွေဟာလည်း ပေ့ါပါးလွတ်လပ်သွားတယ်။ အဘွားကြီးတစ်ယောက်ကတော့ လူကြီးမဟုတ်လား။ ကိုကျောက်စီ ပန်းရောင်းတယ်ဆိုတော့ ဝမ်းသာလို့ အားပေးတဲ့ သဘောနဲ့ တစ်စည်း ဝယ်တယ်။

"ငါ့တူ ကျောက်စီလည်း မရောင်းစဖူး ပန်းတွေဘာတွေ ရောင်းလို့ပါလား။ သာဓုတော် သာဓု။ ကိုယ်တော်လေး ဆက်ရမယ့် ... မှန်း တစ်စည်းကို ဘယ်လိုရောင်းတုန်း" လို့လည်း ပြော တယ်။ မရောင်းစဖူးဆိုတာ အဓိပ္ပာယ်ရှိတယ်။ ကောင်းရောင်းကောင်းဝယ် လုပ်စားနေပါရောလားလို့ ပြောလိုက်တာလည်း ဖြစ်တယ်။

သူတို့ သိထားတဲ့ ကျောက်စီဟာ ဘယ်တုန်းကမှ ကောင်းရောင်းကောင်းဝယ် ရှိခဲ့တာမှ မဟုတ်တာကိုး။ အရက်မိုးလင်းအောင် သောက်ပြီးရင် စရိုက်ကြမ်းကြမ်းနဲ့ ရိုက်ဖို့နှက်ဖို့လောက် စဉ်းစားနေတဲ့လူ၊ ခိုးဖို့ ဝှက်ဖို့ ကြည့်နေတဲ့လူ၊ လိမ်ဖို့ ညာဖို့ တွက်ဆနေတဲ့လူ မဟုတ်လား။ သူ့တဲ့နဲ့ မနီးမဝေး တောထဲမှာ ကိုးကျင်းကိုးကြောင်း လျှောက်သွားနေတဲ့ နွားတစ်ကောင်ရဲ့ တင်ပါးသား တွေချည်းပဲ ရဲတင်းနှင့် ခုတ်ယူရင် ယူလိုက်တဲ့ သူမဟုတ်လား။ တင်ပါးဆုံသား အိအိကြီးတွေ ပါမလာတဲ့ နွားတွေဟာ နည်းတာမှ မဟုတ်တာ။ ပိုင်ရှင်တွေက ကိုကျောက်စီ လက်ချက်မှန်းလည်း





သိပါတယ်။ ခက်တာက ကိုယ်တိုင်မမြင်ဘူးလေ။ ပြောလည်း မပြောရဲဘူးလေ။

နောက် လုပ်နေကျ ရှိသေးတယ်။ ဟိုဘက်ထိပ် ဒီဘက်ထိပ် ငုတ်ရိုက်၊ လေးခွ သားရေတင်းတင်း ဆွဲချည်၊ ပြီးရင် ထစ်ကလေး တစ်ခုခံပြီး ကြိုးနဲ့ ခပ်ဝေးဝေးကို ဆွဲထား၊ သားရေကြိုး ပတ်လည်မှာ ဆန်စေ့တွေ ကြဲထား။ စာကလေးတွေက အုပ်လိုက်ဝင်စားပြီဆိုမှ ကြိုးနဲ့ ခလုတ်ကို ဖြုတ်လိုက်ရင် စာကလေး ဆယ်ကောင်လောက်ဟာ တုံးလုံးပက်လက် ကျန်ရစ်နေရော။ ဒါဟာ ကိုကျောက်စီ အတွက် အမြည်းပဲ။ အဲသည်ညနေဟာ တာဖံနဲ့ စာကလေးကင် ညနေပဲ။

သည့်အရင်ကလည်း ပန်းရံနောက်လိုက်ဆိုပြီး တစ်ရက် နှစ်ရက် ပန်းရံ လိုက်လုပ်ဖူးတယ်။ နောက်တစ်နေ့ မလိုက်ရတော့ဘူး။ ပန်းရံဆရာခေါင်းဆောင်ရဲ့ ညို့သကျည်းကို ခုတ်တူနဲ့ ခုတ်ပစ်ခဲ့လို့တဲ့။ ကိုကျောက်စီအတွက် တစ်ခုကောင်းတာက သူ့မိခင်ဌာနက သူရှိနေတဲ့ တဲကလေး နဲ့ တော်တော်ကြီးဝေးတဲ့ နေရာမှာ ရှိနေတာပဲ။ သည်ယန္တရားကြီးနဲ့ ကိုကျောက်စီရှိတဲ့နေရာကို တော်ရုံတန်ရုံ တာဝန်ရှိသူကလည်း ရောက်လာလေ့ မရှိဘူး။ ယန္တရားကြီးက ပစ္စည်းမပျောက်သရွေ့ ကိုကျောက်စီဟာ ယန္တရားအတူရှိသလား၊ မရှိသလား၊ ဂရုတစိုက် စောင့်ကြည့်သလား၊ မစောင့် ကြည့်ဘူးလားလည်း သိပ်စစ်ဆေးလေ့မရှိဘူး။

သည်တော့ သူ စိတ်ကူးတည့်ရာ လုပ်လေ့ရှိသည်။ ယန္တရားကြီးကို ပစ်ထားပြီး သွားချင်ရာသွားနေ တာပဲ။ လုပ်ချင်တဲ့အလုပ် ထွက်လုပ်နေတာပဲ။ လုပ်တိုင်းလည်း ဇာတ်သိမ်းက မကောင်းဘူး။ ပြဿနာနဲ့ ဆုံးတာချည်းပဲ။

တော်ရုံတန်ရုံလည်း ကိုကျောက်စီရဲ့ ပုံပန်းသဏ္ဍာန်နဲ့ သူ့ရင်ဘတ်က နဂါးကြီးကို ကြောက်လို့ မပြောဖြစ်ကြတော့ဘူး။ နောက်တစ်ခါ မဆက်ဆံတာပဲ ရှိတယ်။ သူကတော့ စုံတယ်။ မိန်းမပျက် တစ်ချို့ကို ဆက်သွယ်ပေးတဲ့ အလုပ်လည်း လုပ်တယ်။ ဝက်သေးအိမ်နဲ့ တာဖံသယ်ပေးတာလည်း လုပ်တယ်။ အငှားဝက်ပေါ်၊ နွားပေါ်ဖို့ ရဲတင်းတစ်လက်နဲ့ အသင့်စောင့်နေတက်တာလည်း ရှိတယ်။ ခပ်တည်တည်နဲ့ မိုက်ကြေးခွဲတက်တာလည်း ရှိတယ်။ တာဖံဆိုင်လေးမှာ ခွက်တစ်လုံးနဲ့ လိုက် တောင်းပြီး သူများသောက်စားနေတဲ့ အထဲက ဆိုးခနဲ ဆတ်ခနဲ နှိုတ်စားလိုက်တာလည်း ရှိတယ်။ တန်းလျားထဲက လူတွေသိတဲ့ ကိုကျောက်စီက အဲသလို ကိုကျောက်စီကိုး။ အခု ပန်းရောင်းတယ် ဆိုတော့ နားမလည်နိုင်ကြဘူး။ ဘာပဲဖြစ်ဖြစ် ပန်းရောင်းတာဟာ ကောင်းတဲ့အလုပ်ပဲ။ နူးညံ့ပျော့ ပျောင်းတဲ့ သဘောပဲ။

ကိုကျောက်စီ သည်လိုနည်းနဲ့ သူ့ဘဝကို ပြုပြင်လာတယ်ဆိုရင်ပြီးတာပဲ။ လူဆိုတာ မှားတုန်းက မှားခဲ့တာပဲ၊ ကောင်းလာပြီဆိုရင်လည်း ဘာပြောစရာရှိမလဲ။ ခွင့်လွှတ်လိုက်ကြရတာပဲ မဟုတ်လား။

အဲသည်ညနေက ကိုကျောက်စီ အဘွားကြီးကို ပန်းတစ်စည်း အပိုပေးတယ်။ အဘွားကြီးကို မူးမူးနဲ့ ထိုင်လည်း ကန်တော့လိုက်သေးတယ်။ သူ့အတွက်ပါ ပန်းကပ်ပေးပါဆိုပြီး တစ်စည်းသက်သက် ပေးလိုက်သေးတယ်။ အဘွားကြီးဆိုတာ သာဓုချင်း မိုးမွှန်သွားတယ်။

ကိုကျောက်စီပြန်လာတော့ လက်ထဲမှာ ငွေလေးဆယ်ကျော်ကျော် ပါလာတယ်။ တာဖံရောင်းတဲ့ အိမ်ကလေးဆီသွားတယ်။ တာဖံရောင်းတဲ့ မိန်းမက သူ့ကို ပန်းမရောင်းလို့ မကျေနပ်ပေမယ့် လက်ငင်းပေးသောက်တော့ ရောင်းတာပါပဲ။ တစ်ပိုင်းသောက်တယ်။ တစ်ပိုင်းကို ပုလင်းငှားထည့်လာပြီး ယူလာခဲ့တယ်။ သူ့ တဲကလေးထဲရောက်တော့ ထပ်သောက်တယ်။ အူလည်း မြူးနေတယ်။ ပျော်လည်း ပျော်နေတယ်။

အဲသည်ညက ကိုကျောက်စီ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားတယ်။ ခြင်တွေ၊ ဖြုတ်တွေ တကိုယ်လုံးသီးနေတဲ့ ကြားက အိမ်မက်တွေတောင် မက်လိုက်သေးတယ်။

နောက်တစ်ရက်မှာတော့ နှင်းဆီပန်းတွေ မဟုတ်ပြန်ဘူး။ ပန်းတော့ ပန်းပဲ။ ဂန္ဓမာတွေ ရောင်စုံလည်းမဟုတ်ဘူး။ အဖြူချည်း သန့်သန့်။ ဂန္ဓမာအဖြူပွင့်တွေဟာ အပွင့်ထွားထွားကြီးတွေပါ။ လှနေတာပါပဲ။ ဂန္ဓမာပွင့်တွေကိုလည်း တောင်ကျော်ဖက်နဲ့ သေသေသပ်သပ်ထုပ်တယ်။ ရေဖျန်းတယ်။ တန်းလျားဘက်ကို ထွက်ရောင်းတယ်။

"ဟော ကိုကျောက်စီကြီး နှင်းဆီပန်းမရတော့ဘူးလား"

"အင်း၊ ကနေ့ ဂန္ဓမာပဲ ရလို့။ ကောင်းလိုက်တာ ဂန္ဓမာတွေ ယူပါဦး"

"နေပါဦး၊ ဘယ်က ယူရောင်းတာလဲ"

"ခြံက၊ သူငယ်ချင်းခြံက အဝေးကြီးပါဗျာ။ မတတ်နိုင်ဘူးဗျာ၊ တစ်နေ့နှစ်ဆယ်ကျန်ကျန်၊ အစိတ်ကျန်ကျန် လုပ်ရတော့တာပဲ"

"ကောင်းတာပေါ့၊ ဒီအစည်းကြီးက ဘယ်လိုရောင်းတုန်း"

"ငါးကျပ်နဲ့ပဲ ယူ"

သည်လိုနဲ့ ဂန္ဓမာတွေလည်း ကုန်သွားတာပဲ။ အဲသည်နေ့ကလည်း ကိုကျောက်စီ မြက်မြက်ကလေး ရတယ်။ ငါးဆယ်ကျော်ကျော် ရတယ်။ သည်ကနေ့ တန်းလျားကမိန်းမဆိုင်မှာ သွားမသောက်တော့





ဘူး။ ကိုမောင်ကွန့် ဘီအီးဆိုင်သွားတယ်။ ပဲခြမ်းသုပ်ကလေးနဲ့ ဘီအီးတစ်ပိုင်းနဲ့ ထိုင်နေလိုက်တာ ညနေခြောက်နာရီ ကပ်နေပြီဆိုတော့မှ ထတယ်။

အဲသည်ညက ဘီအီးသောက်လာပေမယ့် တဲကို ရောက်တော့ တာဖံနဲ့ ပိတ်တယ်။ တော်တော်လေး မူးတော့မှ ရပ်တယ်။ သူ့မျက်နှာကြီးဟာ အဲသည်ညက တော်တော်ကြောက်စရာကောင်းနေတယ်။ အရက်မူးနေတဲ့ ဘီလူးတစ်ကောင်နဲ့လည်း တူတယ်။ အဲသည်ညက တဲအပြင်မှာ ထိုင်နေရင်းက ပန်းရောင်းရတဲ့ငွေတွေကို ရေတယ်။ တဲခေါင်မိုးမှာ ပိုက်ဆံခေါက်ကို ညှပ်တယ်။

ဘာစိတ်ကူးပေါက်လို့လည်း မသိဘူး။ ကိုကျောက်စီ တဲရှေ့က ကွင်းပြင်ကို ကြည့်ရင်း ရယ်တယ်။ အားရပါးရကို ရယ်တယ်။ တောတွေ၊ တောင်ကမူတွေ၊ ချိုင့်ဝှမ်းတွေ ကြားမှာ အဲသည်ညက ကိုကျောက်စီရဲ့ ရယ်သံဟာ ချောက်ချားစရာ ကောင်းနေတယ်။

ကိုကျောက်စီရဲ့ ဝမ်းဗိုက်ပေါ်က နဂါးကြီးဟာလည်း အဲသည်ညက မာန်စွယ်တဖွေးဖွေးနဲ့၊ တလှုပ်လှုပ်နဲ့၊ ထိလိုက်ရင် ပေါက်လိုက်မယ့် အစွယ်တွေနဲ့၊ မျက်စောင်းတစ်ချက်ထိုးလိုက်ရင် ပြာဖြစ်သွားလောက်တဲ့ မျက်လုံးတွေနဲ့။ နောက်နေ့တွေ၊ နောက်နေ့တွေမှာလည်း ကိုကျောက်စီ ပန်းရောင်းထွက်တာပါပဲ။ ညနေတိုင်း တောင်ကျော်ပျောရွက်လေးနဲ့ စည်းလာတဲ့ အစည်းထဲမှာ ပန်းတွေသာ ပြောင်းသွားတယ်။ ပန်းတွေကတော့ ပါတာချည်းပဲ။

တစ်ခါ တစ်ခါတော့လည်း ပန်းပြတ်သွားတာလည်း ပါတယ်၊ မလာဖြစ်ဘူး။ တစ်ခါ တစ်ခါလည်း ဆက်တိုက် ရောင်းဖြစ်နေပြန်ရော။ ပန်းရရင် ရသလိုဆိုပါတော့။ ပန်းတွေကတော့ အမျိုးမျိုးပေါ့လေ။ တစ်ခါ တစ်ခါ နှင်းဆီ၊ တစ်ခါ တစ်ခါ ဂန္ဓမာ၊ တစ်ခါ တစ်ခါ ဖယောင်းပန်း ရိုးတံရှည် အနီ အဖြူ၊ တစ်ခါ တစ်ခါ ဟော်လန်ဒေစီ၊ တစ်ခါ တစ်ခါ အာဖရိကန်ဒေစီ။

ပထမတော့ ကိုကျောက်စီ ပန်းလာမရောင်းတဲ့ နှစ်ရက်လောက်ကို တန်းလျားစုက လူတွေက သတိမထားမိကြဘူး။ ပန်းမရတဲ့နေ့တွေမှာ ကိုကျောက်စီ လာလေ့မရှိတာကိုး။ ကိုကျောက်စီ သောက်နေကျ တာဖံဆိုင်ကလေးကိုလည်း နှစ်ရက်လောက် မရောက်ဖြစ်ဘူး။ ဒါလည်း မောင်ကွန့်ဆိုင်ဘက်လှည့်နေတာဖြစ်မှာပဲလို့ တွက်လို့ရနိုင်တာကိုး။ ကိုကျောက်စီနှစ်ရက်လောက် ပန်းလာမရောင်းတာဟာ ဘာမှလည်း ထူးဆန်းတာမဟုတ်ဘူး။ ဒါပေမဲ့မဟုတ်ဘူး။ အဲသည်ညမှာပဲ ချောက်ချားဖွယ် သတင်းတစ်ခုက တန်းလျားခန်းကလေးတွေဆီကို ရောက်လာတယ်။

ကိုကျောက်စီဟာ သူ့တဲကလေးထဲမှာ သေနေတာ နှစ်ရက်ရှိပြီဆိုတဲ့ သတင်းပဲ။ တိုက်တိုက်ဆိုင်ဆိုင် ယန္တရားကြီး စက်နိုးဖို့ ရောက်လာတဲ့ အော်ပရေတာက အလောင်းကို စတွေ့တာလို့လည်း ဆိုတယ်။ မြေကော် ယန္တရားကြီးကို စက်နိုးဖို့များမရှိရင် ကိုကျောက်စီရဲ့ ရုပ်အလောင်းဟာ ဘယ်လောက်အထိ လူမသိ သူမသိ ရှိနေမလဲတောင် မသိနိုင်ဘူး။

သည်သတင်းကို ကြားစက တန်းလျားက လူတွေဟာ ငြိမ်သက်သွားကြတယ်။ အကျီမပါ၊ ဘာမပါနဲ့ မိုးလေး တစ်ဖြောက်ဖြောက်ကြားမှာ ပုဆိုးကြမ်းလေး ခြုံပြီး တင်းတင်းတောင့်တောင့် သေနေတဲ့ ကိုကျောက်စီကိုလည်း သွားကြည့်ကြဖို့ စိုင်းပြင်းကြတယ်။ ကိုကျောက်စီရဲ့ မိခင်ဌာနက တာဝန်ရှိတဲ့ လူတွေလည်း ရောက်နေကြတယ်။

ဝမ်းဗိုက်ကြီးဟာ ကျောက်ပြင်တစ်ချပ်လို မာကျောစူထွက်နေတဲ့ ကိုကျောက်စီရဲ့ ရုပ်အလောင်းကိုလည်း သယ်ဆောင်သွားကြတယ်။ တန်းလျားက လူတော်တော်များများက ကိုကျောက်စီရဲ့ တဲကလေးရှိရာ ရောက်နေကြချိန်မှာတော့ အလောင်းမရှိတော့ဘူး။ ဒါပေမဲ့ လူတော်တော်များများရဲ့ မျက်လုံးတွေဟာ ကိုကျောက်စီရဲ့ တဲကလေးနဲ့ ပတ်ဝန်းကျင်ကို အကဲခတ်မိ သွားကြတယ်။

ဘာမှတော့ မဟုတ်ပါဘူး။ ပန်းခြောက်တွေ။ နှင်းဆီပန်းခြောက်တွေ၊ ဂန္ဓမာပန်းခြောက်တွေ၊ ဟော်လန်ဒေစီ ပန်းခြောက်တွေ၊ ဒေလီယာ ပန်းခြောက်တွေ၊ အင်မတန်များပြားတဲ့ ရေတမာရွက်ခြောက်တွေ၊ လွှမ်းသူ့ပန်းခွေ လုပ်တဲ့ ဝါးစ အဟောင်းတွေ၊ ကြိမ်ခွေတွေ၊ နီးစတွေ၊ စက္ကူရောင်စုံ အစတွေ၊ ဖဲပြားအနက်စတွေ။ အဲသည်မှာတင် လူတွေဟာ ကိုယ့်အခန်းကိုယ် လေရဲ့ ပြင်းထန်တဲ့ အဟုန်မျိုးနဲ့ ပြန်လာကြတယ်။ ဘုရားစင်ပေါ်က ပန်းတွေ နတ်စင်ပေါ်က ပန်းတွေကို ဆွဲချကြတယ်။ ဘုရားစင်၊ နတ်စင်တွေကို ရေဆေးကြတယ်။ အမွှေးနံ့သာတွေ ပက်ကြတယ်။ တောင်းပန် တိုးလျှိုးကြတယ်။ ကန်တော့ပွဲတွေ ထိုးကြတယ်။ ရေအိုးစင်တွေ၊ နတ်အုန်းသီးတွေ လဲကြတယ်။ တစ်ချို့မိန်းမတွေက ဒေါသအမျက် ခြောင်းခြောင်းထွက်ကြတယ်။ တချို့မိန်းမတွေက နံ့သာဖြူ ကရမက် သွေးရင်း ပါးစပ်က တတွတ်တွတ် ရွတ်ကြတယ်။

အဲသည်ညနေက တန်းလျားကလေးမှာ ဆူညံပွက်ထ သွားတာအမှန်ပဲ။

ကိုကျောက်စီ ပန်းမရောင်းလို့ မဝယ်ဖြစ်တဲ့ တာဖံရောင်းတဲ့ မိန်းမက လွဲလို့ ကျန်တဲ့ မိန်းမတွေဟာ ကြက်သီးမွေးညင်း ထကုန်ကြတယ်။





တာဖံရောင်းတဲ့ မိန်းမက သူ့ဆီမှာ အရက်အကြွေးသောက်နိုင်ဖို့အတွက် မသန့်တဲ့ ပန်းတွေကို မရောင်းတဲ့ ကျေးဇူးသိသွားရှာတဲ့ ကိုကျောက်စီရဲ့ စေတနာကို အခုမှ သဘောပေါက်သွားတယ်။

ကျန်တဲ့ မိန်းမတွေ အားလုံးကတော့ စောစောကများ သိရင် ကိုကျောက်စီရဲ့ အလောင်းကိုတောင် တစ်စစီ ဆုတ်ဖြဲပစ်ကြတော့မလား မှတ်ရအောင် ဒေါသတွေ ဖြစ်နေကြတယ်။ အဲဒီအကြောင်းကို ရက်တော်တော်ကြာတဲ့အထိ တချို့က ကြေကြေကွဲကွဲ ပြောကြတယ်။

တန်းလျားခန်းကလေးက လူတွေဟာ သည်ဖြစ်ရပ်ကို မမေ့နိုင်ကြဘူး။

လူဆိုတာကလည်း ခက်သားပဲ။ ဘယ်လောက်ပဲကြာကြာ၊ ကောင်းတဲ့လူတွေကိုလည်း အောက်မေ့သတိရနေတက်တယ်။ ကောက်ကျစ်စဉ်းလဲတဲ့ လူတွေကိုလည်း အောက်မေ့သတိရနေတယ် မဟုတ်လား။ တန်းလျားက လူတွေဟာ ကိုကျောက်စီကို သတိရနေကြတုန်းပဲ။

# နက်(စ်)ကော်ဖီ





ဇီးချဉ်ကုန်းဟာ နာမည်နဲ့ လိုက်အောင်ပဲ ဇီးချဉ်ပင်တွေ တောထနေတဲ့ ရွာကလေး။ အနီးဆုံးက ကျောင်းစုဆိုတဲ့ တိုက်နယ်အဆင့်ရွာနဲ့ကိုပဲ လေးမိုင်ကျော်ကျော်လောက် ဝေးတယ်။ ရေလည်းရှား၊ နေလည်း ပူ၊ ဖုန်လည်းထူတဲ့ ရွာတစ်ရွာလိုပါပဲ။ သိပ်တော့ မထူးဘူး။ ခေါင်တယ်၊ ဆင်းရဲတယ်၊ အိမ်ခြေနည်းတယ်။ ဇီးချဉ်ကုန်းက လူတွေဟာ ပစ္စည်းပစ္စယလေး ဝယ်ချင်လို့၊ ဥပုသ်သီတင်းလေး ဆောက်တည်ဖို့ မုန့်လေး ပဲလေး၊ စားစရာ သောက်စရာလေး ဝယ်ချင်ရင် ကျောင်းစုကိုပဲ သွားရတယ်။ ရွာမှာက ဈေးရှိတယ်ဆိုရုံကလေးပဲ ရှိတာကိုး။ ဒါပေမဲ့ ရွာမှ ဖြစ်လာပြီဆိုတော့လည်း စက်ဘီး ပြင်ဆိုင်ကလေး ရှိတယ်။ ဆံပင်ညှပ်ဆိုင်ကလေး တစ်ဆိုင်ရှိတယ်။ ရွာသားတစ်ချို့စိုက်တဲ့ ကြံခင်းတွေ ရှိတော့ ကြံရည်ဆိုင်ကလေး တစ်ဆိုင်ရှိတယ်။ နောက် ပျစ်ချွဲချွဲ ချိုဖန်ဖန် အရသာရှိတဲ့ အုတ်နီခဲရောင် လက်ဖက်ရည် တစ်ခွက်တစ်ဖလား ရနိုင်တဲ့ လက်ဖက်ရည်ဆိုင်ကလေး ရှိတယ်။ ရွာအနောက်မှာ အကြော်ဆိုင်ကလေး၊ ထန်းရည်ခါးဆိုင်ကလေး ရှိတယ်။ ဒါပဲ။ ဇီးချဉ်ကုန်းရွာ ရောက်လာတဲ့ ဧည့်သည်ဟာ ဆံညှပ်လို့ ရမယ်၊ စက်ဘီးပြင်ချင်ရင် ဖြစ်တယ်၊ ကြံရည်သောက်မယ် ဆိုရင် ငွေနစ်ကျပ်လောက်နဲ့ ကြိုက်သလောက် သောက်နိုင်ခွင့်ရှိတယ်။ ထန်းရည်ခါးကြိုက်ရင် ကိုလုံး ထန်းတဲကို သွားနိုင်တယ်။ လက်ဖက်ရည်မှ သောက်ချင်ပြီဆိုရင် ကိုအီကွန်းဆိုင်ကို သွားထိုင်ဖို့ပဲ။

အခုပြောချင်တဲ့ ကိစ္စက ကိုအီကွန်း ဆိုင်အကြောင်းပဲ၊ သည့်ထက်ပိုပြီး နည်းနည်းစိတ်ပြောရင် ကိုအီကွန်းဆိုင်ရဲ့ လက်ဖက်ရည်ခုံ ဘယ်ဘက်ထောင့်က ကော်ဖီမှုန့်ထုပ်ကလေး အကြောင်းပဲ။

သည်ကော်ဖီမှုန့်ကလေးကို အီကွန်း ဝယ်ထားတာ ကြာပြီ။ ဘယ်လောက်ကြာပြီလဲဆိုတာတောင် သူ မမှတ်မိဘူး။ ကြာတော့ကြာပြီ။ ကြာဆို ဇီးချဉ်ကုန်းမှာ ကော်ဖီသောက်တဲ့ သူဟာ ပြောရင်ယုံမလား မသိဘူး။ တစ်ယောက်ပဲ ရှိတယ်။ အဲသည်လူ နာမည်က ချန်ထွန်းအောင်လို့ ခေါ်တယ်။ အရပ်ရှည်ကိုင်းကိုင်း၊ နှုတ်ခမ်းပြာပြာ၊ မုတ်ဆိတ်တွေ ထိုးထိုးထောင်ထောင်နဲ့၊ ကွွတ်ဆတ်ဆတ်မာကျောကျောရုပ်မျိုး။ သူဟာ မနက်တိုင်း ကိုအီကွန်း လက်ဖက်ရည်ဆိုင် ကလေးကို လာလေ့ရှိတယ်။ လာတိုင်းလည်း ကော်ဖီတစ်ခွက် မှာထားလေ့ ရှိတယ်။ ကော်ဖီကို မက်မက် စက်စက်ကြီး ကြိုက်တယ်ဆိုတာ ချန်ထွန်းအောင်ပဲ။ ကော်ဖီတစ်ကျိုက်ကို အားရပါးရကြီး ကျိုက်ချပြီးရင် ဆင်နစ်ကောင် ဆေးပေါ့လိပ်ကို အားရပါးရ ဖွာတော့တာပဲ။ ပြီးရင် ကော်ဖီခွက်ထဲမှာ ခပ်မည်းမည်းကျန်ရစ်ခဲ့တဲ့ ကော်ဖီနှစ်တွေကိုတောင် ရေနွေးနည်းနည်း ထပ်ထည့်ပြီး ကျိုက်ချ၊ ပြီးရင်ဆေးလိပ်ဆက်ဖွာ၊ ပြီးရင် ရေနွေးကြမ်း နှစ်ခွက်လောက်သောက်၊ ပြီးရင် ကြို့တစ်ချက် လောက်ပြင်းပြင်း ထိုးပြီးမှထပြန်လာတဲ့လူမျိုးကိုး။ အဲညဘက်မှာတော့ လက်ဖက်ရည်ဆိုင်ကလေး

က စောစောပိတ်တတ် တော့ ညဦးကတည်းက ကော်ဖီတစ်ခွက်ဝယ်ပြီး မသောက်သေးဘဲ နပ်ထားတယ်။ အိပ်တော့မယ်ဆိုမှ အေးစက်နေပြီ ဖြစ်တဲ့ ကော်ဖီကို ကျိုက်ချ အရသာခံပြီးမှ အိပ်တယ်။ ဒါမှလည်း အိပ်ပျော်တယ်။

ခက်တာက ကိုအီကွန်းရဲ့ ဆိုင်ကလေးဟာ ဆိုင်ကြီး ကနားကြီး မဟုတ်ဘူး။ ဆိုင်းဘုတ်တောင် သင်္ဘောဆေးထဲ လက်ညှိုးနှစ်ပြီး သွပ်ပြားပေါ် လက်ညှိုးနဲ့ပဲ ရေးထားတဲ့ ဆိုင်ဘုတ်ကလေးနဲ့ ဆိုင်မျိုးဆိုတော့ စဉ်းစားကြည့်ပေါ့။ ဇီးချဉ်ကုန်းရွာက လူတွေဟာ လက်ဖက်ရည်ဆိုင်ထိုင်တဲ့လူတွေ မဟုတ်ဘူး။

လက်ဖက်ရည်ယဉ်ကျေးမှုဟာ သူတို့ရွာကလေးနဲ့ ဘယ်လိုမှ မပက်သက်ဘူး။ အဲသည်အချိန်က လက်ဖက်ရည်တစ်ခွက်ရဲ့ တန်ဖိုးဟာ ဘာမှမရှိပေမယ့် ဘယ်သူမှ ဟုတ်တိပတ်တိ လက်ဖက်ရည်ဆိုင် ကျောက်ချထိုင်တာမျိုး မရှိဘူး။ မရှိဘူးဆိုပေမယ့် တစ်ခုတော့ ပြောစရာရှိတယ်။ မရှိဘဲနဲ့ ကိုအီကွန်း ဘယ်သူ့ကို ရောင်းနေသလဲ။ မနက်ဘက် ဈေးဖွင့်ကလေးမှာ ဗာတဖြုတ် ဖြတ်သွားဖြတ်လာ မြင်းလှည်းဆရာတွေ သောက်တယ်။ ဆည်မြောင်းဘက်က ဝန်ထမ်းတစ်ချို့ သောက်တယ်။ ရွာထဲက နည်းနည်းပိုက်ဆံရှိတဲ့ လူတစ်ချို့တစ်ခါတစ်လေသောက်တယ်။ ဧည့်သည်ရောက်တဲ့ အိမ်ကထွက်ဝယ်တာ ရှိတယ်။ ဒါပဲ၊ တစ်နေ့လုံးမှ ခွက်သုံးဆယ်မပြည့်ဘူးဆိုတဲ့ ဆိုင်ကလေး။ နောက်တစ်ခုက ကိုအီကွန်းဆိုင်က လက်ဖက်ရည်တစ်မျိုးတည်း မဟုတ်ဘူး။ ဖုန်တသောသော တက်နေတဲ့ ဘီလပ်ရည်လေး၊ ဂျာဂျင်ဘီယာလေး၊ ဝင်ကာနစ်ကလေးလည်း တင်ရောင်းတယ်။ တိုလီမုတ်စလေး၊ စုံစီနဖာ ရောင်းတာလည်း ရှိတယ်။ ကိုအီကွန်းက ဒါနဲ့ စားနေတာ။ ဒါပေမယ့် ပြောခဲ့သလိုပဲ။ တစ်နေ့ ခွက်သုံးဆယ်လောက်က လက်ဖက်ရည်ဖြစ်နေတက်ပြီး ကော်ဖီသောက်တာက ချန်ထွန်းအောင်ပဲ ရှိတယ်။ ကိုအီကွန်းက တိုက်နယ်ကြီးရွာကို ကုန်သွားချိန်ရင် ကော်ဖီမှုန့် တစ်ထုပ် ဝယ်ဝယ်လာရတာ ချန်ထွန်းအောင်ဖို့ပဲ။ တစ်ခါတစ်လေ ကော်ဖီမှုန့်ထုပ်ကလေးဟာ မှိုတောင်တက်နေလောက်တယ်။ ကြာတော့ အနံ့အရသာတောင် မဲ့နေလောက်တယ်။ တစ်ခါတလေ တစ်ခါက ကော်ဖီမှုန့်ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ ဂုဏ်အနည်းအကျဉ်းကလွဲရင် ကော်ဖီမှုန့်ပါ လို့ ပြောဖို့တောင် ခက်လောက်တဲ့ အခြေအနေမျိုး။ ဒါပေမယ့် ရတယ်။ ချန်ထွန်းအောင်ကတော့ ရတယ်။ ကိုအီကွန်းဆိုင်မှာ ကော်ဖီတစ်ခွက်တလေရနေတာကိုပဲ ကျေးဇူးတင်နေတာ။ မနက်တစ်ခွက်၊ ညတစ်ခွက် ကိုအီကွန်းဆိုင်ကကော်ဖီရနေသရွေ့ ဘဝဟာပြည်စုံနေတယ်လို့ သူ တွက်ထား ပြီးသား။ ကိုအီကွန်းကလည်း တရုတ်နှစ်သစ်ကူးတောင် မပိတ်တဲ့ဆိုင် ဆိုတော့ ညံ့ကာမှသာ ညံ့ရော၊ ကော်ဖီကတော့ ရနေတာ မဟုတ်လား။ ဒီလိုနဲ့ ကိုအီကွန်းရဲ့ ခပ်ညံ့ညံ့ ကော်ဖီနဲ့





ချန်ထွန်းအောင် မိတ်ဆွေဖြစ်နေတာ နှစ်ပေါင်းများစွာ ကြာလာတယ်။

တစ်နေ့ ချန်ထွန်းအောင် အိမ်ကို ဆည်မြောင်းက အလုပ်သမားလေးတစ်ယောက် ရောက်လာတယ်။ လက်ထဲမှာ ပလတ်စတစ်ခွက်ကလေးတစ်လုံး ပါလာတယ်။ ချန်ထွန်းအောင် မိန်းမကတော့ တစ်ဖက်ခြံက ဆည်မြောင်းဘိုတဲမှာ ထမင်းချက်တဲ့ ကောင်လေးမှန်း သိတယ်။ ကောင်လေးက ဘာမှမပြောဘဲ ချန်ထွန်းအောင်ကိုပဲ ရှာတယ်။

"ဟဲ့ လာ၊ မင်း ဦးလေးရှိတယ်။ ဘာလဲ ပြောလေ"

"သည်မှာ ပေးခိုင်းလိုက်လို့"

"ဘာတွေလဲ"

"စားစရာပေါ့ဗျ၊ ဆည်မြောင်းဘိုကြီး မိန်းမက ပေးခိုင်းလိုက်လို့"

ဇီးချဉ်ကုန်းရွာသားများက ဆည်မြောင်းက အင်ဂျင်နီယာတွေကို ဆည်မြောင်းဘိုကြီးလို့ ခေါ်လေ့ရှိတယ်။ အင်္ဂလိပ်ခေတ်ကတည်းက ရှိတဲ့ ဆည်မြောင်း အင်ဂျင်နီယာတွေ နေတဲ့ ဘန်ဂလိုကို ဘိုတဲလို့လည်း ခေါ်လေ့ရှိတယ်။ ဘိုတဲနဲ့ ခြံချင်းကလည်း ကပ်နေတော့ ခိုင်းစရာရှိရင် သူတို့ လင်မယားကို ခေါ်ခိုင်းလေ့ ရှိတာ။ သည်လိုပဲ မကြာခဏ ဟိုဟာလေး လာပေး၊ သည်ဟာလေး လာပေး လုပ်တတ်တာ ရှိတယ်။ သည်တစ်ခါတော့ ခွက်ကလေး တစ်လုံးနဲ့ လာပေးတာဆိုတော့ ထူးဆန်းနေတယ်။ ဘာပါလိမ့်ပေါ့လေ။ သည်မှာတင် ချန်ထွန်းအောင်လည်း အိမ်ရှေ့ကို ထွက်လာတယ်။ ခွက်ကလေး တစ်လုံးနဲ့ ရပ်နေတဲ့ ကောင်လေးကို တွေ့သွားတယ်။

"ကာဖီ လို့ ထင်တာပဲ၊ ဘိုကတော် ပေးခိုင်းလို့"

သူတို့ရွာမှာ ကော်ဖီကို ကာဖီလို့ ခေါ်လေ့ရှိတယ်။ ဘာပဲဖြစ်ဖြစ် ကော်ဖီဆိုကတည်းက ချန်ထွန်းအောင် ဘာမှ ပြောမနေတော့ဘူး။ ခွက်လွတ်တစ်လုံးရှာပြီး လှယ်ယူလိုက်တယ်။ ကောင်လေး ပြန်သွားတော့ အိမ်ရှေ့ကွပ်ပျစ်မှာပဲ ဘိုကတော့် ကော်ဖီကို သောက်တယ်။ ကြည့်စမ်း....ဒါ ဘာကော်ဖီလဲ၊ သည်ကော်ဖီမျိုး ဘယ်တုန်းက ပေါ်နေတာလဲ၊ ဘယ်လိုလူတွေ တီထွင်တားသလဲ၊ ဘယ်လိုလူတွေက သောက်နိုင်တာလဲ၊ သည်ကော်ဖီမျိုး ပေါ်နေတာကို နှစ်ပေါင်းငါးဆယ်တွင်းမှာ ဒါ သူ ပထမဆုံး သိလိုက်တာပဲ။ သူဟာ ကော်ဖီကို ကုန်သွားမှာဆိုးတဲ့ ပုံနဲ့ အာစွတ်ရုံပဲ သောက်တယ်။ နှုတ်ခမ်းလေး စိုရုံပဲ စွတ်ပြီး လျှာနဲ့လျက်တယ်။ လျက်လိုက်တိုင်းလည်း သူ့တစ်ကိုယ်လုံးက အကြောအခြင်တွေဟာ ဖျဉ်းခနဲ ဖျဉ်းခနဲ အငွေ့တွေ ထွက်သွားသလို ခံစားနေရတယ်။ သူ့ရင်ထဲမှာ မေးခွန်းတွေစီကာစဉ်ကာ ဖြစ်ပေါ်နေပေမယ့် သူ့မှာ အဖြေမရှိဘူး။

သူဟာ ကော်ဖီကုန်သွားတာတောင်ခွက်ကိုကိုင်ရင်းငိုင်နေလိုက်တာ တစ်မနက်ခင်းလုံးပဲ။ကိုအီကွန်းဆိုင်ကိုလည်း မသွားဖြစ်တော့ဘူး။ သည်မနက်တော့ သွားဖို့လည်းမလိုတော့ဘူးကိုး။ ကိုအီကွန်းဆိုင်မှာ နှစ်ပေါင်းများစွာသောက်လာတဲ့ ကော်ဖီဟာ လက်စသတ်တော့ အင်မတန် ညံ့ဖျင်းတဲ့ကော်ဖီ ပါကလား။ မနက် တစ်ခွက်၊ ညဦး တစ်ခွက် ဝတ်မပျက်သောက်လာတဲ့ သည် ကော်ဖီဟာ လက်စသတ်တော့ အလွန်ဆိုးရွားတဲ့ အနံ့အရသာနဲ့ အော်ဂလီဆန်ချင်စရာ ကောင်းတဲ့ ကော်ဖီမျိုး ပါလား။ လူဆိုတာ နှိုင်းယှဉ်တက်တဲ့ သတ္တဝါ မဟုတ်လား။ ဒါပေမဲ့ ကိုအီကွန်းကို သူ အပြစ်တင်တာတော့ မဟုတ်ဘူး။ ကနေ့ မနက်သောက်လိုက်ရတဲ့ ကော်ဖီမရှိခင်က ကိုအီကွန်း ကော်ဖီဟာ ကော်ဖီပဲ မဟုတ်လား။ ကနေ့မနက် သောက်ရတဲ့ ကော်ဖီမျိုးဟာ နေ့စဉ်ဘယ်မှာ ရနိုင်ပါ့မလဲ။ သူတစ်ခုတော့ ဝမ်းနည်းသွားတယ်။ သည်မနက် သောက်လိုက်ရတဲ့ ကော်ဖီမျိုး နောင် သူ့ဘဝတစ်လျှောက်လုံး သောက်ရတော့မှာ မဟုတ်ပါလားဆိုတဲ့ အသိကြောင့်ပဲ။

"ငါ ဘိုတဲကို သွားဦးမယ်ဟေ့။ ဒါ ဘာကာဖီလဲ၊ ငါ သွားမေးဦးမယ်"

သည်မိန်းမကို အော်ခဲ့ပြီး ခွက်ကို ကိုင်ရင်းနဲ့ပဲ ခြံစည်းရိုးကို ခွကျော်ပြီး ဘိုတဲဘက်ကို ထွက်လာတယ်။ ဆည်မြောင်းဘိုကြီးကိုတော့ မတွေ့ရဘူး။ မြောင်းကျိုးတဲ့ဆီကို သွားစစ်နေတာနဲ့တူတယ်။ ဘိုကြီးကတော်က ဧည့်သည်တွေ အများကြီးနဲ့ စကားပြောနေတယ်။ အထုပ်တွေ အပိုးတွေလည်း တွေ့တယ်။

"ဘာလဲဟေ့ ချန်ထွန်းအောင်"

သူဝင်လာတာ တွေ့တော့ လှမ်းမေးတယ်။ ပထမတော့ ဧည့်သည်တွေ ရှိတော့ သူ မေးဖို့ တွန့်သွားတယ်။ ဒါပေမဲ့ သူ မေးဖို့လာတာပဲ၊ မေးရတယ်။ ဒါ ဘာကော်ဖီလဲ သူ သိချင်နေတာ မဟုတ်လား။

"ဩော် အခုန ငမှုန်လာပေးတာ ဘာကာဖီလဲလို့ပါ"

"ဩော် အေး မင်း ကော်ဖီကြိုက်မှန်းသိလို့ဟဲ့၊ ငါ ပို့ခိုင်းလိုက်တာ။ အဖေတို့ မြို့က ပါလာတာ၊ နက်စ်ကော်ဖီလို့ ခေါ်တယ်"

"ဗျာ ဘာခေါ်တယ်"

"နက်စ်ကော်ဖီ"

"နတ်ကာဖီ"

"အေး နတ်ကာဖီ"

ဟုတ်ပါပြီ။ နတ်ကာဖီပဲ ဖြစ်ရမှာပေါ့။ နတ်များ၊ သိကြားများ သောက်တဲ့ ကာဖီဟာ နတ်ကာဖီပေါ့။ ချန်ထွန်းအောင်ဟာတော်တော်ပျော်သွားပုံလည်းရတယ်။ သည်ကော်ဖီတစ်ခွက်ဟာ သူ့ကို နှစ်ပေါင်း နှစ်ဆယ်လောက်နုပျိုသွားစေတယ်။ သူဟာဝမ်းသာအားရ သူ့အိမ်ကလေးဆီကို ပြန်လာတယ်။

"မကြည် အခုန ငါသောက်တာ ဘာကာဖီလဲ သိလား"





"မသိဘူး"

"နတ်ကာဖီ"

ချန်ထွန်းအောင်က နတ်ကာဖီအကြောင်းကို တစ်အိမ်ချင်း လိုက်ပြောတယ်။ လမ်းမှာတွေ့တဲ့ သူတိုင်းကို ပြောတယ်။ ဆံပင်ညှပ်ဆိုင်က ကိုသန်းကို ပြောတယ်။ အကြော်ဆိုင်က ဒေါ်ကြီးစိုးကို ဝင်ပြောတယ်။ ကြံရည်ဆိုင်က ဘာဘူကို ဝင်ပြောတယ်။ စက်ဘီးပြင်ဆိုင်က ဦးလေးပေါ်ကို ဝင်ပြောတယ်။ ပြောခဲ့သမျှ လူတွေဟာ စိတ်ဝင်စားဟန် မပြဘူး။ ကိုယ်မသောက်လိုက်ရတဲ့ ကော်ဖီ တစ်ခွက်အကြောင်းကို ဘယ်သူက စာစာနာနာ နားလည်နိုင်ပါ့မလဲ။ နောက်ဆုံး ကိုအီကွန်းဆီကို သူ ဝင်တယ်။ နတ်ကာဖီအကြောင်း မြန်ရေရှက်ရေ ပြောတယ်။ ကိုအီကွန်းကလည်း အင်းမလှုပ် အဲမလှုပ်ပဲ။ ကော်ဖီသာရောင်းတာ၊ ကိုအီကွန်းကိုယ်တိုင် ကော်ဖီတစ်ခွက် ဖျော်သောက်တာ မဟုတ်တာက တစ်ကြောင်း၊ သည်နတ်ကာဖီဆိုတာကို သူ ကြားလည်း မကြားဖူး၊ သောက်လည်း မသောက်ဖူးတာက တစ်ကြောင်း ဆိုတော့ ချန်ထွန်းအောင် ပြောနေတာကို သူ နားမလည်ဘူး။ ချန်ထွန်းအောင် ပြန်လာတော့ သူ့မိန်းမက ထမင်းခူးတယ်။ ဒါပေမဲ့သူ မစားတော့ဘူး။ သူ့ကိုယ်ထဲမှာ ရှိနေသေးတဲ့၊ သူ့အာရုံခံစားမှုမှာ ပျောက်ကွယ်မသွားသေးတဲ့ ကော်ဖီရဲ့ ရနံ့နဲ့ အရသာကို သူ အပျောက်မခံနိုင်ဘူး။ သည်လိုနဲ့ ညရောက်လာတယ်။ သူ ကော်ဖီဝယ်ရတော့မယ်။ ကော်ဖီသောက်ရတော့မယ်။ ဘိုတဲက နက်စ်ကော်ဖီလိုမျိုး သူ နောက်တစ်ခွက် ဘယ်မှာ ရနိုင်မှာတုံး။ ဇီးချဉ်ကုန်းကို ရှားရှားပါးပါး ရောက်လာတဲ့ နက်စ်ကော်ဖီဟာ ဘာနဲ့ထည့်ထားတာလဲဆိုတာတောင် မသိတဲ့ဟာ။ နောက်တစ်ခွက် သောက်ရဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး မဟုတ်လား။ သည်တော့ သူသောက်နေကျ ကိုအီကွန်းရဲ့ ပျစ်ချွဲချွဲ ကော်ဖီတစ်ခွက်ကို သူ ဝယ်ရတော့မယ်။ ဝယ်ပြီးရင် သူ သောက်ရတော့မယ်။ သူ တော်တော်စိတ်ပျက်သွားတယ်။ ဘာပဲဖြစ်ဖြစ် သူ ဝယ်တာပါပဲ။ ဝယ်ပြီးတော့ သူ ညဥ့်နက်တဲ့အထိ မသောက်ဖြစ်ဘူး။ သူ ရင်တွေ ခုန်လာတယ်၊ မျက်လုံးတွေ ကြောင်လာတယ်။ အာတွေ လျှာတွေ စိုစွတ်လာတယ်။ ဘယ်လိုမှကို မရနိုင်မှန်းသိတော့မှ သူ ကိုအီကွန်းရဲ့ ကော်ဖီကို တစ်ကျိုက်ကျိုက်ချလိုက်တယ်။ ထွီး....ကြည့်စမ်း နံလိုက်တာ၊ မကောင်းလိုက်တာ၊ အဝင်ဆိုးလိုက်တာ၊ အန်ချင်လိုက်တာ၊ နောက်တစ်ကျိုက် မဖြစ်တော့ဘူး၊ သူ ဘယ်လိုမှကို မသောက်နိုင်တော့ဘူး။ သူ့မျက်လုံးထဲမှာ မနက်က ကော်ဖီခွက်ကိုပဲ မြင်နေတယ်၊ မနက်က အရသာကိုပဲ တပ်မက်နေတယ်။ သူ့လက်ထဲက ကော်ဖီခွက်ထဲမှာ ကော်ဖီတွေ အများကြီး ကျန်နေသေးတယ်။ သူ တစ်ကျိုက်ထပ်သောက်ကြည့်တယ်။ လည်ချောင်းထဲကို ဝင်သွားတဲ့ တော့ကော်ဖီ အေးစက်စက်ဟာ သူ့မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားစေတယ်။

အေးစက်နေတဲ့ ကော်ဖီကို သောက်နေပေမယ့် သူ့မှာ ချွေးတွေ ရွှဲနစ်လာတယ်။ ရင်တွေ

ပူလာတယ်။ ညှီစို့စို့ အောက်စော်နံတဲ့ ကော်ဖီအနံ့ဟာ သူ့ကို တဆတ်ဆတ် တုန်ရီစေတယ်။ တော်တော်ညဥ့်နက်တော့မှ သူ ချောက်ချောက်ချားချား အိပ်ပျော်သွားတယ်။ အိမ်မက်ထဲမှာ ပြောင်ပြောင် ပြောင်ပြောင်နဲ့ နတ်သားတစ်ပါးဟာ သူ့ကို ရွှေစင်ခွက်နဲ့ ကော်ဖီတစ်ခွက် လှမ်းပေးတာကို သူ သောက်ရတယ်။ သူဟာ နတ်သားပေးတဲ့ ကော်ဖီကို သောက်ရင်း ပြုံးတယ်။ ပြီးတော့ နတ်သားကို ရွှေခွက် ပြန်ပေးလိုက်တယ်။ အလို.....အိမ်မက်ထဲက နတ်သားဟာ လက်စသတ်တော့ ဆည်မြောင်းက အလုပ်သမားလေး ငမှုန်ပါလား။

နောက်တစ်နေ့က စပြီး ချန်ထွန်းအောင် ဒုက္ခရောက်တော့တာပဲ။ နက်စ်ကော်ဖီကို သူ စွဲလမ်းနေပြီ။ ဒါမျိုးကို တစ်သက်လုံး သောက်နေရရင် ဘယ်လောက်ကောင်းမလဲ။ ခက်တာက တစ်သက်လုံး နေနေသာသာ နောက်တစ်ခွက် သောက်ရဖို့တောင် မလွယ်ဘူးလေ။ ဒါမျိုး ကော်ဖီက တိုက်နယ်အဆင့် ရွာကြီးဖြစ်တဲ့ ကျောင်းစုမှာတောင် ရှိတယ်လို့ သူ မကြားဖူးဘူး။ နောက်တစ်ခုက အဲသလို ကော်ဖီမျိုး မသောက်ရတော့တာကလည်း ပြဿနာပဲ။ ညကတင် မဟုတ်ဘူး၊ မနက်ဘက် ကိုအီကွန်းဆိုင်က ကော်ဖီကို သောက်တော့လည်း ပျို့တာပဲ။ သည်လိုနဲ့ သူ ထမင်းပါ မစားနိုင် ဖြစ်လာတယ်။ သည်လိုနဲ့ သူဟာ ဘယ်ကော်ဖီမှ သောက်လို့ မဖြစ်တဲ့အခါ ထမင်းပါ မစားချင် မသောက်ချင် ဖြစ်လာတယ်။ သည်လိုနဲ့ သူဟာ အိပ်ရာထဲ လဲတယ်။ ပါးစပ်က "နတ်ကာဖီ.... နတ်ကာဖီ" လို့ပဲ အော်နေတော့တယ်။

သူ့မိန်းမကလည်း သူ့ယောက်ျား နတ်ကာဖီကို စွဲလမ်းရင်း မစားနိုင် မသောက်နိုင် ဖြစ်နေတာ သိပေမယ့် သည်ကာဖီမျိုး ဘယ်မှာ ထွက်ရှာမလဲ။ သူ တတ်နိုင်တာ တစ်ခုတော့ရှိတယ်။ ဘိုတဲသွားပြီး ဆည်မြောင်းဘိုကြီး မိန်းမကို နောက်ထပ်တစ်ခွက်လောက် တိုက်ပါဦး၊ သည်လို သည်လို ဖြစ်နေလို့ပါ ဆိုရင်ရနိုင်တယ်လို့ သူ တွက်တယ်။ သည်လိုနဲ့ သူ တစ်ဖက်ခြံကို ထွက်ခဲ့တယ်။ အကျိုးအကြောင်း ရှင်းပြတယ်။

"အစ်မ၊ နတ်ကာဖီ ရှိသေးလား"

"ဟဲ့ အဲဒါက ငါတို့ သောက်တာ မဟုတ်ဘူး၊ ဧည့်သည်တွေ မြို့က ပါလာတာ။ ပုလင်းထဲမှာ နှစ်ခွက် သုံးခွက်စာတော့ ရှိဦးမယ်။ သည်လို လုပ်လေ၊ မနက်ဖြန် ဧည့်သည်တွေ ပြန်တော့မှာ။ ငါတို့ မိသားစုလည်း လိုက်သွားမှာ၊ ခြံလည်း ကြည့်လိုက်ဦးနော်။ ရော့ ပုလင်းယူသွား"

"ဘယ်လို ဖျော်ရတာလဲ အစ်မ"

"ဟဲ့ ရေနွေးတည်ပြီး ဆူရင် တစ်ခွက်စာ မှန်းပြီး ဖျော်ပေါ့။ တစ်ဇွန်းခွဲလောက် ထည့်ပြီး ခလောက်ပေါ့။ အချိုကြိုက်ရင် သကြား နည်းနည်း ထည့်ပေါ့"





"ဟုတ်ကဲ့ ဟုတ်ကဲ့"

ချန်ထွန်းအောင် မိန်းမဟာ အိမ်ပြန်ရောက်ရောက်ချင်း ရေနွေးတည်တယ်။ တစ်ခွက်စာ ဖျော်တယ်။ ချန်ထွန်းအောင်ကို တိုက်တယ်။ နှစ်ပေါင်း ငါးဆယ်အတွင်းမှာ ချန်ထွန်းအောင် သူ့မိန်းမကို သည်တစ်ခါ ကျေးဇူး အတင်ဆုံးပဲ။ သိလည်း သိသာတယ်။ သူဟာ ချက်ချင်း အားအင်တွေ ပြည့်ဖြိုးလာတယ်။ လန်းဆန်းလာတယ်။ ငယ်စိတ်တွေတောင် တစ်ဖျက်ဖျက် ပေါ်လာတယ်။ တစ်နေ့တစ်နေ့ သည်ပုလင်းလေးကိုပဲ တကိုင်ကိုင် လုပ်ရင်း မဝတမ်း ကြည့်နေတယ်။

"ဒါမျိုး တစ်ပုလင်း မြို့ကို မှာရင် ရမှာပဲကွ"

"ဈေးကြီးမှာပေါ့တော်၊ ပြီးတော့ ဘယ်သူ့ကို ဘယ်လိုမှာမလဲ။ မြို့ဆိုတာ အဝေးကြီး"

"ဘာပဲဖြစ်ဖြစ် မြို့တော့ မှာရမှာပါပဲ။ ဒါ မသောက်ရရင် ငါ မနေနိုင်တော့ဘူး"

"တော်ကလည်း တစ်သက်လုံး ကိုအီကွန်း ကော်ဖီ သောက်လာတာ၊ သောက်ပါတော့လား။ ဒီ နတ်ကာဖီနဲ့ ကျုပ်တို့နဲ့ မတန်ပါဘူးတော်"

"ဘာဖြစ်လို့ မတန်ရမှာလဲ။ ကိုအီကွန်း ကာဖီကို ငါမသောက်ချင်တော့ဘူး။ သောက်လို့လည်း မရဘူး။ နတ်ကာဖီမှ ပုံမှန် မသောက်ရရင် ငါ သေလိမ့်မယ်"

"သေရင်လည်း သေဖို့ပဲ ကိုရင်ရေ့၊ ဘယ်က ရမှာတုံး။ အခုတောင် နှစ်ခွက်စာကို ဆယ်ခွက်စာ လောက် ဖြစ်ရုံ၊ အနံ့ပါရုံ ဖျော်တိုက်နေတာ။ မနက်ဖြန်ဆို ကုန်ပြီ '

ချန်ထွန်းအောင် တော်တော်စိတ်ညစ်သွားတယ်။ တကယ်လည်း ပုလင်းထဲမှာ ကုန်တော့မယ်။ ဒါကုန်ရင် ဘယ်ကမှ မရနိုင်တော့ဘူး။ ကိုအီကွန်း ဖျော်ခုံ ဘယ်ဘက်ထောင့်က ကော်ဖီမှုန့် ခါးတူးတူး အောက်တောက်တောက်ကို သူ ပြန်သောက်ရတော့မယ်။ မသောက်နိုင်ဘူး၊ ဘယ်လိုမှ မသောက်နိုင်ဘူး။ သူဟာ နက်စ် ကော်ဖီပုလင်းကို တအားဆုပ်ထားတယ်။ ပုလင်းအဖုံးက စွဲနေတဲ့ အနံ့ကို အားပါးတရ ရှူတယ်။

သည်လိုနဲ့ ချန်ထွန်းအောင်ဟာ နက်စ်ကော်ဖီ ပြတ်သွားတဲ့နေ့က စပြီး အိပ်ရာထဲမှာ ပြန်လဲတယ်။ ပုလင်းကိုပဲ ပွတ်သပ်နေရင်းက အိပ်ရာထဲမှာ လူးလိမ့်နေတာက သုံးရက်၊ ကယောင်ကတမ်း အော်နေတာ နှစ်ရက်လောက်ဖြစ်လာတော့ သူ့မိန်းမဟာ ကိုအီကွန်းဆိုင် ပြေးတယ်။ ကိုအီကွန်းကို အကျိုးအကြောင်း ပြောတယ်။မဖြစ် ဖြစ်တဲ့နည်းနဲ့ ရှာပေးဖို့ ပြောတယ်။ တစ်သက်လုံး မပိတ်ခဲ့တဲ့ သူ့ဆိုင်ကို ပိတ်ပြီး မြို့ကို နက်စ်ကော်ဖီ တက်ရှာမယ်လို့ သူ ကတိပေးလိုက်တယ်။ ပြီးတော့ ကော်ဖီတစ်ခွက်ကောင်းကောင်းလေး ဖျော်ပြီး ချန်ထွန်းအောင် မိန်းမနဲ့ လိုက်လာခဲ့တယ်။ သူတို့နှစ်ယောက် ပြန်လာတော့ ချန်ထွန်းအောင်က သေနေပြီ။

လက်တစ်ဖက်က နက်စ်ကော်ဖီပုလင်းကို လက်ထဲမှာ ဆုပ်ကိုင်ထားရင်း သေတာ။ ချန်ထွန်းအောင် မိန်းမကတော့ ရင်ဘတ်စည်တီးပေ့ါ။ ကိုအီကွန်းကလည်း ပါလာတဲ့ ကော်ဖီလေး ချန်ထွန်းအောင် ခေါင်းရင်းမှာ ထားလိုက်ရတော့တယ်။ ပြီးတော့ သေသူ့လက်ထဲက ပုလင်းကို ဆွဲယူတယ်။ မရဘူး။ ချန်ထွန်းအောင်ရဲ့ လက်ချောင်းတွေက နက်စ်ကော်ဖီ ပုလင်းကို ဘယ်လိုမှ မလွှတ်ဘူး။ မသေခင် ဘယ်လောက်အားနဲ့ ဆုပ်ထားသလဲ မသိဘူး။ ဘယ်လိုမှကို ခွာထုတ်လို့ မရဘူး။ လာသ မျှ၊ သတင်းမေးသမျှ လူတွေလည်း ခွာကြတာပဲ။ လက်ချောင်း လက်ဆစ်တွေ ကျိုးခါမှ ကျိုးရော၊ ပုလင်းကို ခွာထုတ်လို့ မရဘူး။ သည်တော့ ပုလင်းကို ဆုပ်လျက်သားနဲ့ပဲ ခေါင်းသွင်းတယ်။ သည်အတိုင်းပဲ မြေမြှုပ် သင်္ဂြိုလ်ရတော့တယ်။

သည်ဖြစ်ရပ် ဖြစ်ပြီး နှစ်ပေါင်း နှစ်ဆယ်ကျော် ကြာခဲ့တဲ့ တစ်နေ့။ ဇီးချဉ်ကုန်း သင်္ချိုင်းမှာ န္တားကျောင်း သားတစ်ယောက်ဟာ သင်္ချိုင်းထဲမှာ န္တားကျောင်းရင်း အသားတွေ မရှိတော့တဲ့ ပြုတ်ထွက်နေတဲ့ လူ့ လက်ဖျံရိုးတစ်ချောင်းကို သွားတွေ့တယ်။ ထူးဆန်းတာက လက်ဖျံရိုးရဲ့ အဆုံးမှာ အရိုးစုဖြစ်နေတဲ့ လက်ချောင်းတွေဟာ ပုလင်းတစ်လုံးကို ဆုပ်ကိုင်ထားတာပဲ။ န္တားကျောင်းသားက ပုလင်းကို လိုချင်လို့ ဆွဲယူလိုက်ပေမယ့် လက်ဖျံရိုးကြီး တစ်ချောင်းလုံးပါ ပါလာတယ်။ လက်ချောင်းတွေကြား ထဲက ပုလင်းကို တအားညှစ်ပြီး ဆုပ်ထားတုန်းပဲ၊ မလွှတ်တမ်း ကိုင်ထားတုန်းပဲ။ သည်သတင်း ရွာထဲရောက်လာတော့ သည်လက်ဖျံရိုးဟာ ချန်ထွန်းအောင်ရဲ့ လက်ဖျံရိုးပဲ ဆိုတာ ရွာက သိတယ်။

ဇီးချဉ်ကုန်း သင်္ချိုင်းမှာ ချန်ထွန်းအောင်ရဲ့ လက်ဖျံအရိုးစုဟာ နက်စ်ကော်ဖီ ပုလင်းကို မလွှတ်တမ်း ဆုပ်ကိုင်ထားဦးမှာပဲ။ ဇီးချဉ်ကုန်းရွာထဲက ကိုအီကွန်း သားတွေရဲ့ လက်ဖက်ရည်ဆိုင်မှာ နက်စ် ကော်ဖီ ရနေပြီ၊ မာလ်တိုဗာ ရနေပြီ။ မိုင်လို ရနေပြီ။ ဟောလစ်ရနေပြီ။ တီးမစ်စ်၊ ကော်ဖီမစ်စ် တွေ ရနေပြီ။ ဘာသောက်ချင်သလဲ၊ အကုန်ရနေပြီ။





# ပလူတိုနီယံ

"အရှေ့အာရှဒေသမှလက်ရှိလည်ပတ်နေတဲ့ နျူကလီးယားဓာတ်ပေါင်းဖိုပေါင်းဟာ ၁၁၅လုံး ရှိပြီးလာမယ့် ဆယ်စုနှစ်များမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၆၀ ဖိုး အကုန်အကျခံပြီးဓာတ်ပေါင်း ဖိုတွေ ဆောက်ဦးမှာပါ။ အာရှနိုင်ငံတွေကတော့ ပလူတိုနီယံအသုံးပြု ဓာတ်ပေါင်းဖိုတွေကို သုံးဖို့ တောင် စိတ်ကူးနေကြပါပြီ။ အာရှနိုင်ငံအချို့ရဲ့ပြဿနာကတော့ ပလူတိုနီယံကို စွမ်းအင်ထုတ် လုပ်ဖို့ထက် လက်နက်မှာ သုံးဖို့ကို အာရုံစိုက်လာကြတာလည်း တွေ့နေရတယ်။ ဓာတ်ပေါင်းဖိုတွေ မှာသုံးတဲ့ယူရေနီယမ် လောင်စာဟာ လောလောဆယ်မှာတော့ ပေါနေတာပေ့ါ လေ။ ဆိုဗီယက် ခေတ်ကောင်းတုန်းက အမေရိကန်တို့ကသုံးခဲ့တဲ့ နျူကလီးယား ထိပ်ဖူးတပ်ဒုံး ကျည် ထောင်ပေါင်း များစွာကို ဖျက်ဆီးခဲ့တာလည်း ပါတော့၊ ကမ္ဘာ့ဈေးကွက်မှာ ယူရေနီယမ်ဟာ ဈေးကွက်သဘော အရ ခေတ္တ ခဏတော့ ပေါများနေဦးမှာပါပဲ။"

သာမောင်က မဂ္ဂဇင်းအဟောင်း စာအုပ်ထဲမှာပါတဲ့ ကမ္ဘာ့ပလူတိုနီယမ် မှောင်ခိုမှုကြီးဆောင်းပါးကို ဖတ်နေရင်းက သူ့အိမ် အပြင်ဘက်က တာလမ်းမကြီးကိုလှမ်းကြည့်လိုက်တယ်။ ဘာမှမရှိပါဘူး။ ခါတိုင်းလိုပဲ။ ကုက္ကိုပင် ၄,၅ပင်ရယ်၊ ရေမရှိတဲ့ သောက်ရေအိုးစင်ဟောင်း ခပ်စောင်းစောင်းရယ်၊ ဖုန်တထောင်းထောင်း ထနေတဲ့ လှည်းလမ်းကြောင်းရယ်၊ နေပူကျဲကျဲမှာ ထီးမပါဘာမပါ သွားနေတဲ့ လူတစ်ယောက် နှစ်ယောက်ပဲ ရှိတယ်။

သဖန်းကုန်းနဲ့ လျှော်ပင်ဆိပ်ကိုလူးလာဆန်ခတ် သွားနေကျ မြင်းလှည်း တစ်စီးတလေတောင် မရှိဘဲ တာလမ်းမဟာတံလှပ်တွေ တချောင်းချောင်း ထွက်နေတာကို ကြည့်ရင်းက သူ့စိတ်ထဲမှာနျူကလီးယား၊ ယူရေနီယမ်နှင့် ပလူတိုနီယမ် ဆိုတာတွေကို မျက်စိထဲမြင်ကြည့်တယ်။ ဘယ်ရမှာလဲ။ သူမှ တခါမှ မမြင်ဖူးတဲ့ ပစ္စည်း၊ စိတ်နှင့်မှန်းကြည့်လို့ ဘယ်ရနိုင်မှာလဲ။

"အသုံးပြုပြီးသားလောင်စာချောင်းတွေကို ပြန်သုံးလို့ ရအောင် အဆင့်ဆင့် သန့်စင်ယူနေ ကြတယ်။ ဓာတ်ပေါင်းဖိုသုံး ပလူတိုနီယမ်ရဖို့ မခက်ပေမယ့် လက်နက်သုံး ပလူတိုနီယမ်ရဖို့က ခက်တယ်။ ဒါ့ကြောင့် နိုင်ငံတကာက ဒီနည်းပညာကိုတင်းတင်းကျပ်ကျပ် ထိန်းသိမ်းထားတာပေါ့။ လိုတာထက် ပိုပြီး လက်ဝယ်ပိုင်ဆိုင်မှုတွေကိုလည်း နိုင်ငံတကာ စစ်ဆေးပေးဖို့ တောင်းဆိုနေတယ်။ ကုလသမဂ္ဂ နိုင်ငံတကာ အဏုမြူအေဂျင်စီ(အိုင်အေအီးအေ) ကလည်း အရေးယူ ပိတ်ဆို့မှုတွေ လုပ်နေတဲ့ ကြားကပဲ..." သာမောင်နဖူးမှာ ချွေးတွေ စီးကျလာတယ်။ ဘုရား.....ဘုရား။ သည် အိုင်အေအီးအေ ဆိုတဲ့ငနဲတွေကလည်း ဘယ့်နှယ်လုပ် တက်နိုင်မှာလဲ။ ဘယ်နှယ့်လုပ် ကာကွယ်နိုင်မှာလဲ။ လူလေး နည်းနည်းပါးပါးနဲ့ ကမ္ဘာကြီးရဲ့အကာအကွယ်မရှိတဲ့ ထွက်ပေါက်တွေကိုဘယ်လို ပိတ်ဆို့လို့ရမှာတုံး။

"ကိုသာမောင်၊ တော်....ကျောင်းမှာ အစည်းအဝေး ရှိတယ် မဟုတ်လား"

"နေပါဦး စောပါသေးတယ်၊ ရာအိမ်မှူး ငပွားတောင် မလာသေးဘူး။ ဒီမှာ စာဖတ်လို့ ကောင်းတုန်း ရှိသေးတယ်"

"စာတို ညကြီ လုပ်မနေနဲ့။ ညနေလည်း ပိုက်ဆံကောင် ထွက်ရဦးမှာနဲ့"

"ဒါက ငါလုပ်စရာ မလိုပါဘူး။ အပိုင်းလိုက် တာဝန်ပေးထားပါတယ်"

"တော်တော် လူကြီးလုပ်ချင်၊လူကြီးဖြစ်ခါမှ ဘာမှ မည်မည်ရရ မလုပ်တော့ဘူး။ ရေနွေး တစ်အိုးနဲ့ ဘုတ်အုပ်ဖတ်လိုက်၊ စာချောက်လိုက်လုပ်နေ.....သိလား"

မစိန်လှ ပြောချင်ရင်လည်းပြောချင်စရာပဲ။ သာမောင် လူကြီးဖြစ်တာ မကြာသေးဘူး။ လူက နဂိုက ခပ်အေးအေးပါ။ ခေတ်ပညာမတောက်တခေါက်တက်တော့ ကိုယ့်လက်မှတ်ကိုယ် သာမောင်လို့ ကောက်ကောက်ကွေးကွေး ထိုးတက်တာရယ်၊ စကားပြောရင် စာတိုပေစလေးနဲ့ ပြောတတ်တာ





ရယ်၊လူကြီး လုပ်ချင်တဲ့ ရောဂါရယ် ပေါင်းပြီး ရွာက ဝိုင်းတင်တော့ သာမောင်ကလည်း ဘာရမလဲ။ လုပ်ပေါ့။ ချပေါ့။ ရွာကျိုးရပ်ကျိုးလည်း လုပ်ပါတယ်။

စာလေး ဘာလေးကတော့လည်း ဝါသနာပါတယ်။ စာအုပ်ထဲကဟာတွေ ဖတ်ပြီး လူကြီးဆိုတော့ လျှော်ပင်ဆိပ်မှာတော့ အာဂထဲက ဆိုပါတော့။

"ဆိုမာလီမှာ အငတ်ဘေးတွေ ဆိုက်နေပြီ။ဘော့စနီးယားမှာ ဆော့ဘ်နဲ့ဖြစ်တဲ့ ပြဿနာ ပိုကြီးနေပါပြီ။ ရဝမ်ဒါလူမျိုးစုချင်း တိုက်နေတာတွေကို ဘယ်သူကမှ ကြားမဝင်သေးတာကို ကျုပ်ကမခံချင်တာ"

"ကိုသာမောင်ရယ်၊ လျှော်ပင်ဆိပ်နဲ့ အဝေးကြီးပါတော်"

"အေး ကမ္ဘာ့အရေးအခင်းဟာ၊ နင်ဘာနားလည်လဲ။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာဆိုတာ မဟုတ်လား။ ဘာဖြစ်တုံး ... ဆိုဗီယက် ကွဲပြီလေ၊ ကောင်းသေးလား၊ ဆိုဗီယက်ကွဲတော့ရုရှားက ရယ်တာပေါ့"

"ဟ သာမောင်ရ ဆိုဗီယက်နဲ့ ရုရှား တူတူပဲဆို"

"ဟုတ်တယ် ဟုတ်တယ်၊ စကားတွေတောင်လွဲကုန်ပြီ။ အမေရိကန် အကြိုက်ပေါ့။ တကယ့် ကလိယုဂ်ခေတ်ကို ရောက်နေတာ၊လက်နက်ရောင်းဖို့ စဉ်းစားနေတာ "
အိမ်မှာ လူထူရင် ရေနွေးကြမ်း တစ်အိုးချပြီး အာပေါင်အာရင်းသန်သန်နဲ့ ပြောတက်လာတာလည်း သိပ်တော့မကြာသေးဘူး။

သူ့ရွာ လျှော်ပင်ဆိပ်ထက် ကြီးတဲ့တိုက်နယ်အဆင့်ရွာ သဖန်းကုန်းက တစ်ပတ်တခါ မြင်းလှည်းနဲ့ စုလာတက်တဲ့သတင်းစာတွေကို ဖတ်တာလည်း တစ်ရွာလုံးမှာသူနဲ့ မူလတန်းကျောင်းက ဆရာ ဆရာမတွေလောက်ပဲရှိတော့၊ သူပြောသမျှ ရွာက အဆန်းတကြယ်ချည်းပေါ့လေ။ ခက်တာက သူ့ရွာမှာ သတင်းစာဟောင်းကလွဲရင် ဘာစာအုပ်မှ မရှိဘူး။ ဘာမဂ္ဂဇင်းမှ မရှိဘူး။ ဖတ်ချင်လို့ စာအုပ်မရှိဘူး။ သူက လျှော်ပင်ဆိပ်သားလည်း မဟုတ်ဘူး။ သဖန်းကုန်းသား။ လျှော်ပင်ဆိပ်က မိန်းမနဲ့ ရလို့သာ သည်ရွာရောက်လာတယ်ဆိုတော့ သဖန်းကုန်းမှာ နေတုန်းကလိုလည်း ဖတ်စရာ စာအုပ်ကလက်လှမ်းမီတာ မဟုတ်ဘူးကိုး။

တစ်နေ့တော့ တိုက်တိုက်ဆိုင်ဆိုင် သဖန်းကုန်း အစည်းအဝေးသွားရင်းက မဂ္ဂဇင်းစာအုပ် ရလာတယ်။ သူ့အကြိုက်ပေါ့။ ကမ္ဘာ့ရေးရာတွေ တော်တော်များများ စာအုပ်ဖြစ်နေတယ်။ တချို့ဟာတွေကို အလွတ်ကျက်ထားတယ်။ တချို့အချက်အလက်တွေကို ဗလာစာအုပ်နဲ့ကို မှတ်ထားတယ်။

အဲသည် မဂ္ဂဇင်းထဲမှာ သူ တခါမှ မကြားဖူးတဲ့ အကြောင်းအရာတစ်ခု ပါလာတော့ သူ တော်တော်လည်း စိတ်ဝင်စားသွားတယ်။ အဏုမြူဓာတ်ပေါင်းဖိုတို့၊ နျူကလီးယားလောင်စာတို့၊ အဏုမြူပုံးတို့ လောက်တော့ သူ ကြားဖူးတယ်။ ဖတ်လည်း ဖတ်ဖူးတယ်။ ဒါပေမဲ့ ခပ်ဝါးဝါး ဖတ်ဖူးတာ။ အခုက ယူရေနီယမ်တဲ့....ပလူတိုနီယမ်တဲ့။ အဆိပ်တော်တော်ပြင်းတဲ့ ဓာတ်တွေတဲ့။ အာရှနိုင်ငံတွေ တော်တော်များများမှာတောင် ရှိနေပတဲ့။

ဒါက ဘယ်ကရောက်လာတာတုန်း၊ ဘာလုပ်ရတာတုန်း၊ ဘယ်ထဲက ထုတ်ယူတာတုံး။ မြေကြီးထဲက တူးဆွယူလို့ ရတာလား သူသိချင်တယ်။

အဲသည်နေ့တော့ အစည်းအဝေးတောင် ဖြည်းဖြည်းမှ သွားတော့မယ် စိတ်ပိုင်းဖြတ်လိုက်တယ်။ သူ တော်တော်လည်း စိတ်ဝင်စားတယ်။ မဂ္ဂဇင်း မျက်မှောင်ကြီး ကြုတ်ရင်း ဆက်ဖတ်တယ်။
“ဂျပန်မှာ ပလူတိုနီယမ် တစ်တန်ကျော်လောက် ပိုင်ဆိုင်ထားတယ်။ ဒါဟာ ကြောက်စရာ အခြေအနေပဲ။ ဗုံးတစ်လုံးလုပ်ဖို့ ရှစ်ကီလိုဂရမ်သာ လိုတဲ့ ပလူတိုနီယမ်ကို ဂျပန်က သည်လောက် များများ ပိုင်ဆိုင်ထားတော့ တခြားနိုင်ငံတွေက စိုးရိမ်ကြတယ်။ လာမယ့် ဆယ်စုနှစ် တစ်ခုကျော်ရင် ဂျပန်က ပလူတိုနီယမ်မက်ထရစ်တန်၅၀လောက်ကို ပိုင်ဆိုင်တော့မှာပါ။ ဒါကို ဝါရှင်တန် အစိုးရကတောင် သံသယ ရှိလာခဲ့တယ်။ တောင်ကိုရီးယားနိုင်ငံက နျူကလီးယား စွန့်ပစ်ပစ္စည်းတွေ ထားဖို့ အဏုမြူအမှိုက်ပုံးတစ်ခု ရှာဖွေနေတယ်။ ဒါကိုလူထုက ဆန့်ကျင်ဆန္ဒပြတာတွေလည်း ကြားနေရတယ်။”

တစ်ပုဒ်ဖတ်ပြီးတော့ သာမောင် စာအုပ်ကို ပိတ်တယ်။ သူက ကျားနစ်ကောင် ဆေးလိပ်တိုကို မီးညှိတယ်။ သူ့ခေါင်းထဲမှာ အာရုံတွေ ဆူဝေနေတယ်။ တစ်ဆက်တည်းပဲ သည်စာသားတွေကို အစည်းအဝေးမှာ လိုအပ်ရင်ပြောဖို့ မှတ်သားထားတယ်။ တာလမ်းပေါ်မှာတော့ နေက ချစ်ချစ်တောက် ပူနေတုန်း။

ကလေးတစ်ယောက်က လမ်းဘေး ရေအိုးစင်က ရေတစ်ခွက် ခပ်သောက်နေတာကို သူ မြင်နေရတယ်။ ဒါပေမယ့် ရေက ရှိနေပုံ မရဘူး။ ကလေးက ရေမှုတ်ကို ပြန်တင်ရင်းက နေပူထဲ ပြေးထွက်သွားတယ်။ နွားလှည်းတစ်စီး တအီအီအော်ရင်းက တာလမ်းကို ပျင်းတိပျင်းတွဲ ဖြတ်နေတာကို ကြည့်ရင်းက သူ တွေးနေတာ အကြာကြီး။ တော်တော်ကြာတော့မှ ဆေးလိပ်တိုကို အုန်းမှုတ်ဆေးလိပ်ခွက်ထဲ ပြာခြွေရင်းက ဆက်ဖတ်တယ်။





"ကနေ့ ပြဿနာကတော့ နျူကလီးယားပစ္စည်းတွေ မှောင်ခို ရောင်းချနေတဲ့ ပြဿနာပဲ။ ဂျာမနီနိုင်ငံ တိန်ဂျင်မြို့မှာ ရဲအဖွဲ့က ဒွေါစ်ဂျက်ကာ ဆိုသူရဲ့ ကားဂိုဒေါင်ထဲမှာ ဝင်ရှာတာ ပလူတိုနီယမ် ဂရမ် ၆ဝလောက် ရှာဖွေတွေ့သွားခဲ့တယ်။ နောက်တခါ ဂျာမနီမှာ ယူရေနီယမ် ဒြပ်စင် ၂၃၅၀.၈ ဂရမ်ကို ဘာဗေးရီးယား ရဲက ရှာတွေ့တယ်။ ရဲက သန့်စင်ထားတဲ့ ယူရေနီယမ် အလုံးကလေး ၁၂၀ကို ထပ်မံဖမ်းဆီးရမိတာက စပြီး နျူကလီးယား မှောင်ခိုမှုဟာ အားကောင်းလာပြီဆိုတာ ကမ္ဘာက သိသွားတော့တာပါပဲ။ နောက်တစ်ခါတော့ ဂျာမနီမှာပဲ။ မြူးနစ်လေဆိပ်မှာ ကိုလံဘီယာ နိုင်ငံသား ဂျက်စတီနီဟာနို တောရက်စ်ကို ဖမ်းပြီး စစ်ဆေးတော့ သံမဏိ သတ္တုဘူး ပြောင်ပြောင်ထဲ ထည့်လာတာကို စစ်ဆေးတွေ့ရှိတာက စပြီး ဂျာမန်ဝန်ကြီးချုပ် ခိုးလ်က သည်အဏုမြူ မှောင်ခိုမှုဟာ လူသားအားလုံးအတွက် ကြောက်စရာကောင်းတဲ့ မှောင်ခိုမှုကြီးပဲလို့ ပြောခဲ့တယ်။ ယဲ့ဆင်ဆီကိုလည်း စာရေးတယ်။ ရုရှားကလည်း သူတို့ဟာ မဟုတ်ဘူးလို့ ငြင်းနေတုန်းပါပဲ။ ငြင်းသာငြင်းတာပါ။ မော်စကို အရှေ့မိုင် ၂၅၀ အကွာမှာ အာဇာမာ ၁၆လို့ နာမည်ပေးထားတဲ့ နျူကလီးယား သုတေသနဌာနကလည်း ပလူတိုနီယမ်တွေ ပျောက်တယ်လို့ ကြေညာထားတော့ သံသယ ဖြစ်စရာတွေ ရှိလာခဲ့ပါတယ်။ ပလူတိုနီယမ်ဟာ လူတွေသောက်တဲ့ ရေထဲကို ထည့်လိုက်ရင်၊ ဒါမှမဟုတ် မီးရှို့ပြီး လေထဲမှာ ပေါက်ကွဲမယ်ဆိုရင် လူသန်းပေါင်းများစွာ....."

“ဟ သောက်ကျိုးနည်း”

ဖတ်နေရင်းက သာမောင် ဆေးလိပ်က မီးပွားတွေ ပုဆိုးပေါ် ပြုတ်ကျကုန်တယ်။ ပထမတော့ အဏုမြူပုံးကွဲတာလို့ အောက်မေ့သွားတယ်။ နောက်မှ ပုဆိုး ထ ခါရင်း ဖတ်လက်စ မဂ္ဂဇင်း စာအုပ်ကို ပိတ်တယ်။ ရေတစ်ခွက် ခပ်သောက်တယ်။ သူ့ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်နေတုန်းပဲ။ ပြီးတော့ သူ့ဟာသူလည်း တွေးတယ်။

“လူတွေ တရားပျက်ကုန်ပါရောလား။ ကြည့်စမ်း အရောင်းအဝယ် လုပ်စရာရှားလို့၊ ဘယ့်နှယ် ပလူတိုနီယမ်ဆိုတာကြီးကို အရောင်းအဝယ် လုပ်နေကြတာကိုး။ ဒါကြီးက လူသန်းပေါင်းများစွာ သေနိုင်တယ်ဆိုပါလား။ ဒါတွေ ဘယ်လောက်တောင် ပျံ့နှံ့နေပြီလဲ။ ငါ့ရွာ လျှော်ပင်ဆိပ်ကိုတော့ ရောက်မလာနိုင်ဘူး ဘယ်သူ ပြောနိုင်မှာလဲ။ လျှော်ပင်ဆိပ်မှာ ပလူတိုနီယမ် မိရင် ငါ နာမည်ပျက်တော့မယ်။ လူတွေ သေတော့မယ် "

သာမောင် ပုဆိုးလဲတယ်။ ရေတစ်ခွက် ခပ်သောက်တယ်။ သူ တော်တော် ရင်ပူနေတာကိုး။ သာမောင် အစည်းအဝေးကို တော်တော်နောက်ကျမှ ရောက်တယ်။ ဒါပေမဲ့ သာမောင် လာမှပဲ အစည်းအဝေး စ တာပါ။

အစည်းအဝေးမှာလည်း မဆီမဆိုင် ချူကလီးယား ဓာတ်ပေါင်းဖိုတွေအကြောင်းပြောတယ်။ ကမ္ဘာအနှံ့ ရုရှားဘက်ကမှောင်ခိုထုတ်နေတဲ့ ပလူတိုနီယမ်အကြောင်းတွေကိုပြောတယ်။ ရုရှား အာကာသပညာရှင်တွေကိုယ်တိုင် ပလူတိုနီယမ်ကိုတစ်ဖက်လှည့်ထုတ်နေတာတွေကြောင့် ကမ္ဘာ့ပုလိပ်အဖွဲ့က နေရာအနှံ့မှာ တွေ့နေတာတွေကိုပြောတယ်။ အစည်းအဝေး တက်လာတဲ့ သူတွေကလည်း ဘာမှ နားမလည်ဘူးပေ့ါလေ။ ဘာတွေ လာပြောနေတာလဲပေ့ါ။ ပလူတိုနီယမ်နဲ့ ရှေ့ပြင်ဆိပ်နဲ့လည်း ကွာလှကိုး။

"ဒီတော့ ခင်ဗျားတို့လည်း သွားရင်းလာရင်း ကြည့်ပါ။ ဂရုစိုက်ပါ။ သံမဏိသတ္တု ဘူးပြောင်ပြောင်တွေ့ရင် မေးပါ။ မသင်္ကာရင် ခေါ်ခဲ့ပါ"

ကျောင်းအစည်းအဝေး ဆိုပေမယ့် အစည်းအဝေးမှာ ပါတဲ့ ဆရာဆရာမတွေကလည်း ဘာပြောလို့ရမှာတုန်း၊ သာမောင် ပြောတာ နားထောင်ရတော့တာကလား။ ကျောင်းအုပ်ကြီးကတော့ နံရံမှာ ချိတ်ဆွဲထားတဲ့ ကမ္ဘာ့မြေပုံကို ကြည့်လိုက်၊ ပလူတိုနီယမ်က ရှေ့ပြင်ဆိပ်ကို ဘယ်အပေါက်က ဘယ်လို ဝင်လာမှာလဲ တွေးလိုက်နဲ့ပေ့ါလေ။

ဒါပေမယ့် သာမောင် အစည်းအဝေးက အပြန်မှာ ဘယ်လိုမှ မထင်ထားတာတွေ ဖြစ်ခဲ့တာပါပဲ။ သာမောင် တွေးပူခဲ့တာတွေ ကွက်တိဝင်လာတော့တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့ပြင်ဆိပ်မှာ အဲသည်နေ့က သံမဏိ သတ္တုဘူး သုံးဘူး မိလိုက်လို့ပါပဲ။

ဖြစ်ပုံက ကျောင်းအစည်းအဝေးက အပြန်၊ ဈေးဝက လှည့်ပြန်တော့ မြင်းလှည်းဂိတ်မှာ သာမောင် သတင်းတစ်ခု ကြားတယ်။ ဒဟပ်တန်းက ခင်အောင်က သံမဏိသတ္တုဘူး ရှည်ရှည်သုံးဘူးကို ရသလောက်နဲ့ လိုက်ရောင်းနေတယ်ဆိုတဲ့သတင်းပဲ။ ဒဟပ်တန်းဆိုတာ ရှေ့ပြင်ဆိပ်နဲ့ တော်တော်ဝေးတဲ့နေရာ။ အဲသည်ရွာမှာ မကြာခင်က ဆည်တစ်ခုဖောက်နေတော့ အနားက ရွာတွေက ရွာသားတော်တော်များများ အလုပ်ရကြတယ်။ ခင်အောင်ကလည်း အလုပ်သမား လက်သစ်ပဲ။ ဒါကို သာမောင် သိတယ်။ သည်ကောင် ဘာဖြစ်လို့ ရှေ့ပြင်ဆိပ်ကို ရောက်လာတာလဲ။ သတ္တုဘူးပြောင်ပြောင် သုံးဘူးဟာဘာလဲ။ သတင်းရရချင်းပဲ ခင်အောင်ကို လိုက်ရှာတယ်။ ဘုံဆိုင်သွားတယ် ဆိုလို့ လိုက်တယ်။ ပြန်သွားပြီဆိုတော့ မြင်းလှည်းဂိတ်ရှေ့က ပိတ်စောင့်တယ်။ မိတယ်။ အရက်မူးနေတဲ့ ခင်အောင်ကို ဆင်းခိုင်းတယ်။ သူ့ လွယ်အိတ်ထဲက ပြောင်လက်ပြီး အင်္ဂလိပ်စာတွေ ရေးထားတဲ့ သံမဏိ သတ္တုဘူး သုံးဘူးကို တွေ့တယ်။ သံမဏိဘူးတွေကို ဖွင့်ကြည့်လိုက်တော့ ငွေရောင်တောက်နေတဲ့ သတ္တုခဲလေးတွေဟာ တဖျတ်ဖျတ်လက်နေတယ်။ ပြီးတော့ လက်မ





လောက်ရှိတဲ့ အဝတ်နဲ့ ချုပ်ထားတဲ့ ဆန်အိတ်သေးသေးလေးတွေကို အထုပ်ကလေးတွေလည်း ပါတယ်။

"ဟာ ကြည့်စမ်း၊ ပလူတိုနီယမ်တွေ"

သာမောင်အိမ်ရှေ့မှာ လူတွေဝိုင်းနေပြီ။ အောက်လင်းဓာတ်မီးကြီး ထွန်းပြီး သာမောင်က ခင်အောင်ကို ညတွင်းချင်း စစ်ဆေးတယ်။ လူတွေကတော့ ခြံထဲမှာရော၊ တာလမ်းပေါ်မှာရော လူတွေ အပြည့်။ ထမင်းတောင် မစားနိုင်ဘူး။ ခင်အောင် အိတ်ထဲက ပလူတိုနီယမ်ဆိုလို့သာ လာကြည့်ရတယ်၊ ဘာမှန်းလဲ သိကြတာ မဟုတ်ဘူး။ ခင်အောင် ကိုယ်တိုင်ကလည်း ခေါ်လို့သာ လိုက်လာရပါတယ်၊ သူ့ဟာသူ ဘာအမှုမှန်းလဲ မသိဘူး။

"မင်း ဒီ ပလူတိုနီယမ်တွေ ဘယ်က ရလာတာလဲ ဟေ့"

"ကျုပ်အလုပ်ထဲက"

"ဒါတွေဟာ ဘယ်လောက် အန္တရာယ် ရှိတယ်ဆိုတာ မင်း မသိဘူးလား"

"မသိဘူး"

"ဟေ့ လူသန်းပေါင်း များစွာ သေစေနိုင်တယ်ကွ၊ မင်း နားလည်လား"

အဲသည်တော့မှ လာနားထောင်တဲ့ ရွာသားတွေက "ဟာ နည်းတဲ့ အမှုကြီး မဟုတ်ပါလား၊ ခင်အောင် ယူလာတာ လက်စသတ်တော့ ဗုံးဆန်တွေပဲ။ ကြည့်စမ်း မသေကောင်း မပျောက်ကောင်း၊ ချဟာ...နက်ဟာ...ဆော်ဟာ" ဖြစ်ကုန်ရော။ ရွာမိ ရွာဖတွေကလည်း အဲသည်တော့မှ လူသန်းပေါင်းများစွာ သေနိုင်တယ်ဆိုတဲ့ ပလူတိုနီယမ် အခဲတွေကို ခပ်ဝေးဝေးက လှမ်းကြည့်ကြတယ်။ အောက်လင်းဓာတ်မီးရောင်ထဲမှာ သတ္တုခဲတွေ တဖျတ်ဖျတ်နဲ့ကိုး။ သည်သတ္တုခဲလေးတွေ ထည့်ထားတဲ့ သတ္တုဘူးတွေကလည်း တကယ့် သေမင်းတမန်ဆိုပေမယ့် လှလိုက်တာလည်း မပြောနဲ့တော့။

"အေး သည်တစ်ညတော့ နေဦးပေ့ါကွာ၊ မင်း ဒဟပ်ကုန်းမှာသာ ရမယ်။ ရှေ့ပြင်ဆိပ်မှာ လူလည် လာမလုပ်နဲ့၊ မရဘူး...မှတ်ထား"

သာမောင်က သတ္တုခဲတွေကို သတိနဲ့ ကိုင်ရင်းက ဂရမ်ချိန်ခွင်မရှိတော့ အထဲက ကြေးချိန်ခွင်နဲ့ ချိန်တယ်။ တစ်ဘူးကို ဓာတ်ခဲလေးလုံးနဲ့ ညီတော့ ၂၀သားစီ ရှိတယ်။ သုံးဘူးဆိုတော့ ၆၀သား။ အဲသည်ညက ခင်အောင်ကို ဖမ်းထားလိုက်တယ်။ အမှုက ပလူတိုနီယမ် တရားမဝင် ရောင်းဝယ်မှု။ ဒါပေမဲ့ပေ့ါလေ။နောက်တစ်နေ့ နေ့လယ်မှာတော့ ဒဟပ်တန်းကခင်အောင်ကို သာမောင်လွှတ်လိုက်တာပါပဲ။ ခင်အောင် အလုပ်လုပ်နေတဲ့ ဆည်မြောင်းက အရာရှိတွေက ရှေ့ပြင်ဆိပ်ကို မြင်းလှည်းနဲ့ လိုက်လာပြီးလာရွေးသွားလို့။ ပါလာတဲ့ အရာရှိတွေကလည်းသာမောင်ကို သတ္တုဘူးတွေနဲ့ ပတ်သက်ပြီး ရှင်းပြတယ်။

“ဒါက ကျွန်တော်တို့ ဆောက်နေတဲ့ လုပ်ငန်းမှာ နိုင်ငံခြားက စက်ပစ္စည်းတွေနဲ့ အတူပါလာတဲ့ ဆီလီကာဂျဲလ်လို့ ခေါ်တဲ့ ရေငွေ့စုပ်တဲ့ သတ္တုခဲလေးတွေပါခင်ဗျား။ ပလူတိုနီယမ် မဟုတ်ပါဘူး။ သူ့ရဲ့ သဘောက ရေငွေ့ကြောင့် စက်ပစ္စည်းတွေ သံချေးမတက်အောင် ထည့်ပေးလိုက်တဲ့ ရေငွေ့ထိန်း အခဲလေးတွေပါ။ ကျွန်တော်တို့ဆီမှာတော့ အလုပ်သမားတွေက ဘူးလေးတွေလှလို့ ယူကြတာပဲ။ သူက လာတော့လည်း သတ္တုဘူးတွေနဲ့ လာတာပါ။ ဘာမှ အဖိုးမတန်ပါဘူး”

သာမောင်ကတော့ နားရှိလို့သာ ကြားရတယ်၊ မယုံဘူး။ ဒါဟာ သံချေးမတက်အောင် ထည့်ပေးလိုက်တဲ့ ပစ္စည်းဆိုတာ ဟုတ်ကို မဟုတ်နိုင်ဘူး။ ဒါပေမဲ့ တစ်ဖက်က အရာရှိ ဖြစ်နေတယ်၊ ခေတ်ပညာတတ် ဖြစ်နေတယ်။ လေးစားယုံကြည်လောက်တဲ့လူ ဖြစ်နေတယ်။ ဒါပေမဲ့ လူသန်းပေါင်းများစွာ သေနိုင်တဲ့ ပလူတိုနီယမ် သယ်ဆောင်လာသူကို သူ့ အစွမ်းအစနဲ့ ဖမ်းမိထားတယ်လို့ လူသိရှင်ကြား ပြောပြီးနေပြီ။ သက်ဆိုင်ရာကို တင်ပြဖို့တောင် စာရေးပြီးနေပြီ။ လျှော်ပင်ဆိပ်ရဲကိုတောင် အကြောင်းကြားပြီးနေပြီ မဟုတ်လား။

“မဟုတ်ရင်လည်း ခေါ်သွားပေါ့ဗျာ၊ ကျုပ်ကတော့ ပလူတိုနီယမ် ထင်တာပဲ။ ခင်အောင်မင်း သိပ် ကံကောင်းတယ်ကွနော်”

“ဟင်း...ဟင်း.....”

သာမောင်ကတော့ မလျှော့သေးဘူး။ မြင်းလှည်းပေါ် ပါသွားတဲ့ ခင်အောင်ကို မကျေမချမ်း လှမ်းကြည့်နေတုန်းပဲ။ သည်သတင်း ရွာထဲ ပျံ့သွားတော့လည်း ရွာသူရွာသားတွေက ဝမ်းသာကြတာပါပဲ။ တောသူတောင်သားဆိုတော့ ပလူတိုနီယမ်လည်း မသိဘူး။ ဆီလီကာဂျဲလ် ဆိုတာလည်း မသိဘူး။ သူတို့ ဝမ်းသာတာက သည်ငွေရောင် ခဲလေးတွေက လူသန်းပေါင်းများ စွာကို သေစေနိုင်တာ မဟုတ်ပြန်ဘူး ဆိုတာကိုပါ။

သာမောင်ကတော့ မလျှော့သေးဘူး။ လျှော်ပင်ဆိပ်မှာ သတ္တုဘူး ပြောင်ပြောင် တွေ့ရင် ပြူးပြဲရှာဖို့ ပြောနေတုန်း။ ပလူတိုနီယမ်တွေ့ရင် အမြန်ဆုံး သတင်းပို့ဖို့ အစည်းအဝေးမှာ မှာတုန်း။





# ညှပ်စလီ

ညှပ်စလီ ကနေ့ အုတ်ကား မလိုက်ဘူး။ တကယ်က အုတ်ကားလိုက်ရင် တစ်နေ့ကို ၅၀လည်း ဟုတ်တယ်။ တစ်ခါတစ်ခါ ဟိုဟာလေး၊ သည်ဟာလေးနဲ့ ၁၀၀ လည်း ရချင်ရတာက်တယ်။ ဒါပေမဲ့ ကနေ့ ညှပ်စလီ အုတ်ကားမလိုက်ဘူးလို့ ဆုံးဖြတ်ထားပြီးသား။ ကားအုံနာလည်း တစ်ပတ်လောက် ကြိုပြောပြီးသား။ အုံနာကလည်း တကယ်တော့ အရေးမကြီးရင် ခွင့်မပေးချင်ဘူး။ ညှပ်စလီက အုတ်တင်အုတ်ချ တော်တော်ကျွမ်းကျင်နေပြီကိုး။ ကားပေါ်မှာ မကျွမ်းကျင်တဲ့ လူများနေလို့ကတော့ အလကားပဲလေ။ အချိန်သာ ကြာတယ်။ ခေါက်ရေ မရတာက်ဘူး။ ခါတိုင်း သုံးခေါက်ရရမယ့်ဟာ နှစ်ခေါက်နဲ့ ပြီးရတယ်ဆိုရင် အုတ်ကားထောင်ရတာ တွက်သားမကိုက်ဘူးဆိုတာ သိတော့ အုတ်ကားအုံနာတွေက ကျွမ်းကျင်ပြီးသားလူ အလုပ်ပျက်မှာ တော်တော်စိုးတက်တယ်။ အုတ်ကား

တင်တာ၊ ချတာ ပိုက်ဆံရမှန်းသိတော့ (ပင်တော့ ပင်ပန်းတာပေါ့လေ) လိုက်ချင်တဲ့ လူတွေက အများကြီးပါပဲ။ တန်းကို စီလို့။ ဒါပေမဲ့ တွဲခေါ်လို့ ခေါ်တဲ့ လက်သင်တွေ များနေရင်လည်း အလုပ်က မဖြစ်ဘူး။ ညှပ်စလီကတော့ ကျွမ်းနေပြီ။ အုတ်ခဲများ ကားပေါ်ကို ပစ် ပစ် တင်လိုက်ရင် တန်းခနဲပဲ။ တစ်လုံးစီ တင်နေတာလည်း မဟုတ်ဘူး။ တစ်ခါကိုင် လေး ငါးလုံး အတွဲလိုက် ဆွဲမပြီး လှမ်းထိုးတင်လိုက်တာ တိခနဲပဲ။ အဲသလောက် ကျွမ်းနေတဲ့ ညှပ်စလီ ခွင့်ယူမယ် ဆိုတဲ့နေ့က အုံနာက မေးတယ်။ သူကလည်း လိုသလောက်ပဲ ဖြေတယ်။

"မင်း ဘာဖြစ်လို့ ခွင့်ယူမှာလဲ"

"သီချင်းဆိုဖို့"

အုံနာကတော့ နားမလည်ပါဘူး။ ဘာသီချင်းဆိုမှာမို့လဲ။ ဘယ်မှာဆိုမှာ မို့လို့လဲ။ ဘယ်လောက်အရေးကြီးလို့လဲ။ သူ့ကားပေါ်မှာ ယောင်လို့တောင် သီချင်းတစ်ပုဒ် လေမချွန်တဲ့ကောင်က သီချင်းဆိုဖို့ ခွင့်တစ်ရက်ယူမယ်ဆိုတော့ အုံနာမိန်းမကလည်း အံ့သြတယ်။ အုံနာကလည်း မျက်လုံးအပြူးသားနဲ့။ ဒါပေမယ့် ဘာပြောလို့ရမှာလဲ။ ခွင့်မပေးလည်း မလာတော့ဘူးဆိုတဲ့ကောင် မဟုတ်လား။ သည်တော့လည်း ယူပေါ့။ ခွင့်ပေးလိုက်ရတာပါပဲ။

တကယ်က သီချင်းဆိုရမှာ ညနေစောင်းမှာပါ။ တိတိကျကျပြောရရင် ညနေ ၄ နာရီက ည ၇ နာရီအထိပဲ ဆိုခွင့်ရမှာပါ။ အစီအစဉ်က ရှိပြီးသား။ နေ့လယ်ပိုင်းမှာ စတုဒီသာကျွေးမယ့် မုန့်လုံးရေပေါ်ကိစ္စ၊ ဘုန်းကြီးတွေ မုန့်ဟင်းခါး ဆွမ်းကပ်မယ့် ကိစ္စ၊ အဲ မဏ္ဍာလ်ကလေး ထိုးဖို့ကိစ္စ၊ ညဘက် ဗီဒီယို ပြဖို့ကိစ္စ လိုနေသေးတဲ့ အလှူငွေလေး ရက်ကွက်ထဲ လှည့်ကောက်ဖို့ ကိစ္စတွေက ရှိသေးတော့ တီးဝိုင်းကလေးကို လူကြီးတွေက ညနေ ၄နာရီလောက်က ဧည့်ခံလေး တီးကွာ၊ ၇နာရီတော့ ဖြုတ်တာပေါ့ ဆိုပြီး ခွင့်ပြုလိုက်တာပါ။ တီးဝိုင်းဆိုတော့လည်း ရက်ကွက်ထဲက ဒုံမင်းဆရာ ကိုဘာဘူနဲ့ ဆိုင်ပြီကိုး။ အမှန်က တီးဝိုင်းရယ်လို့ ရက်ကွက်ထဲမှာ ရှိတာမဟုတ်ဘူး။ ကိုယ့်ဝါသနာနဲ့ကိုယ် တီးနေကြတဲ့ မယ်ဒလင်သမား တစ်ယောက် ခပ်လှမ်းလှမ်း ရက်ကွက်မှာ ရှိတယ်။ တယောဆရာ တစ်ယောက်က ၆ ရက်ကွက် ထိပ်မှာနေတယ်။ ဒါပဲ။

သည်ရက်ကွက်ထဲမှာတော့ ကိုဘာဘူပဲ ရှိတာ။ ဒုံမင်းဘာဘူ ဆိုတဲ့ နာမည်နဲ့ သီချင်းတော်တော်များများ ရပေမယ့် လက်ကျလက်နက သိပ်မှန်လှသေးတာ မဟုတ်ဘူး။ အတီးပိုင်းရောက်လို့ အသွက်တီးရမယ့် အလှည့်မှာလည်း လက်ကပြေးလှတာမဟုတ်ဘူး။ ဒါပေမဲ့ ဒုံမင်းဆိုတဲ့ တူရိယာက သည်နားပတ်ဝန်းကျင်မှာ ပြေးကြည့်မှ သည်တစ်လုံးတည်းရှိတာ။ သည်တစ်လုံးတည်း ကို တီးရမယ့် ကိုဘာဘူလည်း အလိုအလျောက် တီးဝိုင်းဆရာ ဖြစ်နေတော့ အနားက ဝါသနာပါတဲ့



လူငယ်လေးငါးယောက်ကတော့ တွဲနေကျ၊ ဆိုနေကျကိုး။ကိုဘာဘူကလည်း အရက်ကလေး ကြိုက်တော့ ညနေမှစောင်းပြီး ဆိုတာနဲ့ ပိုက်ထဲတစ်စိတ်လောက် ရောက်နှင့်ပြီ။ သူ့စိတ်ကြိုက် တစ်ပုဒ်လောက်ဆိုရင်တော့ "မိုး"ပဲ။ ကိုမြကြီးဆိုတဲ့ "မိုး"ပဲ။ မိုးက သီးချင်းကလည်း ကောင်းတယ်။ လက်ကွက်ကလည်း ကွက်စိတ်ကလေးတွေ တွဲထားတာ။ မိုးသီချင်းထဲက တေးထပ်ပိုဒ်လေး ပြီးရင် ဆက်ဝင်တဲ့ တီးကွက်ကလေးကို သူပိုင်တယ်။ လူထူရင် ဒါလေးပဲ တီးတော့တာ။ ဘယ်သူမဆို တူရိယာ တစ်ခုခု တီးခတ်တာနဲ့ ဆိုနေကျ တီးနေကျ သီချင်း ၂ ပုဒ် ရှိတက်တယ်။ တစ်ပုဒ်က "မိုး"၊ တစ်ပုဒ်က "ကျေးစေတမန်"။ ကိုဘာဘူက ကျေးစေတမန်တော့ မရဘူး။ မိုးကတော့ အဆိုက စောင့်ဆိုမယ်ဆိုရင် လိုက်မှေးလို့ရတယ်။ အတီးပိုဒ်မှာတော့ လက်ကွက်ကလေးကို စိပ်နိုင်တယ်။ ကျန်တာကတော့ နားကြားပေါ့။ ရတာ ရှိမယ်၊ မရတာလည်း ရှိမယ်။ စည်းနဲ့ ဝါးနဲ့ သပ်သပ်ရပ်ရပ် တီးနိုင်တာလည်း ရှိတယ်။ စည်းမမိ ဝါးမမိ ဖြီးတီး တီးရတာလည်း ရှိတယ်။ ဘာပဲဖြစ်ဖြစ် ဒုံမင်းဘာဘူကတော့ ဒုံမင်း ဘာဘူပါပဲ။ တစ်ပြားသားမှ မလျှော့ဘူး။ သူ့ တပည့် ၃-၄ယောက်ထဲမှာ အခုနပြောတဲ့ ညှပ်စလီ ပါတယ်။

တစ်ကောင်က တွံတေးသိန်းတန် စပယ်ရှယ်လစ်။ တွံတေးသိန်းတန် သီချင်းများတော့ အကုန်ရတယ်။ ခက်တာက ကိုဘာဘူက အကုန်မရဘူး။ ဒါပေမဲ့ ဖြစ်တာပါပဲ။ ကြားဖူးဖန် များလာတော့လည်း ဆိုလို့ဖြစ်အောင် ပို့တက်နေပြီ။ နောက်တစ်ယောက်ကတော့ ကိုတင်ဝင်းရဲ့ စမ်းရေပဲ။ တခြား ဘာမှ မဆိုဘူး။ စမ်းရေမှ စမ်းရေ။ နောက်တစ်ယောက်ကတော့ ဟသ်ာတထွန်းရင်ရဲ့ သီချင်းတွေကို ပိုင်တယ်။ စနေမတို့၊ စက္ကန့်လေးတွေ စိန်စီထားမယ်တို့၊ အမေနဲ့ ရွာကို လွမ်းတယ်တို့ ဘာတို့ ဟဲတက်တယ်။ ညှပ်စလီကတော့ တစ်ပုဒ်တည်းသမား။ ဘယ်တော့ဖြစ်ဖြစ် တီးဝိုင်းများ ရှိလို့ကတော့ တစ်ပုဒ်တည်းသမား။ အခုန စမ်းရေပဲ ဆိုတဲ့ကောင်လိုပဲ။ သူကလည်း တစ်ပုဒ်တည်းပဲ။

"ညှပ်စလီ အလှည့်ဟေ့၊ ဟေ့ကောင် လာ ရှေ့ကို တိုး"

ဆိုလို့ကတော့ မေးစေ့မှာ ကွမ်းတံတွေးတွေ၊ မျက်နှာမှာ ချွေးတွေ စီးကျနေရာက ထူအန်းအန်း မျက်နှာနဲ့ရှေ့ကို တိုးလာတော့တာ။ မှေးတေးတေး မျက်လုံးတွေနဲ့ ဘယ်သူကများ ကြည့်နေပါလိမ့် ဆိုပြီး ဘေးကိုလည်းပွေးမျက်လုံးလေးတွေနဲ့ လှည့်ပတ်ကြည့်လိုက်သေးတာ။ ပြီးမှ အစီအစဉ် ကြေညာတဲ့လူကို တိုးတိုးလေး ပြောတော့တာ။

"တစ်သိန်းပေးတောင် မိန်းကလေး မလာရ" နေဦး၊ ညှပ်စလီလို့ မကြေညာနဲ့နော်၊ "ရဲစွမ်းမောင်"....လို့ ကြေညာပေးပါ"

mmcybermedia.com

အစီအစဉ်ကြေညာသူ ဆိုတာကလည်း သူငယ်ချင်းတွေကိုး။ မိုက်ခရိုဖုန်းလေး ကိုင်ရတုန်း ပြောရမ နည်းဘူးဆိုတဲ့ စိတ်နဲ့ အလကားပဲတင်း အစီအစဉ်ကြေညာသူဆိုတော့ ညှပ်စလီပြောတာ သိပ်ဂရု စိုက်တာ မဟုတ်ဘူး။ မိုက်ခွက်ကို တဖုးဖုးမှုတ်ရင်းက-

"ညှပ်စလီက ညှပ်စလီပေ့ါကွာ။ ဘာ ရဲစွမ်းမောင်လဲ၊ မင်းက။ မလိုချင်ဘူး ညှပ်စလီပဲ။ အဟမ်း.....ဟုတ်ကဲ့ခင်ဗျာ။ အခုတဖန် အလှည့်ကျ သူကတော့ တေးသံရှင် ညှပ်စလီပါ။ ဆိုမယ့် သီချင်းက "တစ်သိန်းပေးတောင် မိန်းကလေး မလာရ"...ပါ။ ဟုတ်ကဲ့၊ မင်္ဂလာရှိတဲ့ ညချမ်းမှာ တေးသံရှင် ညှပ်စလီရဲ့ အသံကို နားဆင်တော်မူကြပါ" ဆိုပြီး အနားက ရေနွေးအိုးထဲ ထည့်ထားတဲ့ အရက်ကို ပန်းကန်လုံးလေးထဲ ထည့်ငှဲ့ပြီး ဂွပ်ဆို သောက်လိုက်တာ မဟုတ်လား။ ဒါမျိုးဆို ညှပ်စလီ မျက်နှာ ပူထူနေတော့တာ။ ရှက်တက်တာလည်း အရမ်း။ နေတဲ့ထိုင်တဲ့ ရက်ကွက်ထဲ ညှက်စလီ ခေါ်နေတာတော့ မဆန်းဘူးပေ့ါ။ ရှက်လည်း မရှက်ပါဘူး။ သီချင်းဆိုရင်တော့ တေးသံရှင် ညှပ်စလီ ဆိုလို့ ဘယ်ကောင်းပေ့ါမလဲ ပေ့ါလေ။ သည်တော့ သူ့ အဆိုတော်နာမည်ကို သူ ရွေးထား တယ်။ ရဲစွမ်းမောင်။ တကယ်တော့ သူ ရွေးတက်တာ မဟုတ်ဘူး။ သူ လိုက်တဲ့ အုတ်ကားနာမည်ပါ။ ဒါကို သူက ကြိုက်တယ်။

အဲသည်လို ရဲစွမ်းမောင်ရဲ့ "တစ်သိန်းပေးတောင် မိန်းကလေး မလာရ"ကို တီးဝိုင်းရှိတိုင်း ဆိုလာ ခဲ့တာပဲ နှစ်တော်တော်ကြာခဲ့ပြီ။ တစ်ခါ တစ်ခါ ညှပ်စလီဖြစ်လိုက်၊ တစ်ခါတစ်ခါ ရဲစွမ်းမောင် ဖြစ်လိုက်နဲ့ လုံးချာပတ်ချာ လိုက်ရင်းက သည်တစ်ပုဒ်ကကို မတက်တော့ဘူး ပြောပါတော့။

အခုလည်း သင်္ကြန်ရက်ထဲ ရပ်ကွက်က စတုဒီသာ ကျွေးမယ်ဆိုတော့ တီးဝိုင်းကိစ္စ ပါလာပြီ။ ညှပ်စလီ တော်တော်ပျော်သွားတယ်။ သူ့ရဲ့ "တစ်သိန်းပေးတောင် မိန်းကလေး မလာရ "ကို သည်မှာ ပွဲထုတ်ခွင့်ရပြန်ပြီကိုး။ ဒါက ခါတိုင်း ကိုဘာဘူအိမ်မှာ ဒုံမင်း ဂျောင်ဂျောင်ဂျင်ဂျင်နဲ့ ဆိုတာမျိုး မဟုတ်တော့ဘူး။ လူထဲသူထဲမှာ သိက္ခာရှိရှိ ဆိုရတော့မယ့် ကိစ္စ။ မိုက်ခရိုဖုန်းနဲ့ ဘာနဲ့ ထိုင်ဝိုင်းလေးမှာ၊ ရက်ကွက်ထဲက လူတွေရှေ့မှာ ဂုဏ်ရှိရှိဆိုရတော့မယ့် ကိစ္စ။ ပြီးတော့ ဒါမျိုးက သူနဲ့ သူ့ဆရာ ဒုံမင်း ကိုဘာဘူတို့ အတွက်က ရှားရှားပါးပါးကိစ္စ။ ကိုဘာဘူကလည်း တော်ရှာပါ တယ်။ သူ့တပည့်တွေကို အဲသည့်နေ့ ခွင့်ယူကြကွာတဲ့။ ရပ်ကွက်ကိစ္စ ဝိုင်းလုပ်မှကောင်းမှာ မဟုတ် လားတဲ့။ ညှပ်စလီကတော့ မနက်စောစော ငါ့ဆီလာကွာတဲ့။ ဒုံမင်းက လိုင်သာယာက ငါ့သူငယ်ချင်း ဂုားသွားတာ လာမပို့သေးဘူး။ မင်း လိုင်သာယာ လိုက်သွားဖို့က အုတ်ကားက ခွင့်ယူမှရမှာ မဟုတ် လားတဲ့။ ညှပ်စလီကလည်း ပေးအပ်တဲ့တာဝန်နဲ့ဝတ္တရားပဲ၊ သူ့ဆရာပဲ။ သည်ဒုံမင်းရှိမှ သူ့ "တစ် သိန်းပေးတောင် မိန်းကလေး မလာရ"က အဓိပ္ပာယ် ရှိမဲ့ ကိစ္စပဲ။ ယူတယ်၊ ခွင့်ယူတယ်။ တစ်နေ့





၁၀၀ လောက်ရနေတာ မရလည်း ဘာအကြောင်းလဲပေ့ါ။ အဲသည်နေ့က တကယ်လည်း လိုင်သာယာ သွားတယ်။ မြစ်ကူးချောင်းခြား သွားရတာပေမယ့် သူ သွားတယ်။

ထမင်းဝယ်စားတာနဲ့ ဘာနဲ့၊ လမ်းစရိတ်နဲ့ တော်တော်ကုန်သွားတယ်။ ဒါပေမဲ့ သူ ကျေနပ်တယ်။ တစ်ချက်က သူ လိုင်သာယာကူးတဲ့ ဇက်ခရပ်ပေါ်မှာရော၊ အင်းစိန်ဘက်ကမ်းက လိုင်းကားပေါ်မှာ ရော ဒုံမင်းတကိုင်ကိုင်နဲ့ သူ့ကို လူတွေ ဝိုင်းကြည့်တာကိုပဲ သူ ကျေနပ်နေတာကိုး။ နေ့လယ်ခင်း ကိုဘာဘူအိမ်ရောက်တော့ မေတ္တာရပ်ခံပြီး "တစ်သိန်းပေးတောင် မိန်းကလေး မလာရ"တိုက်လိုက် ချင်သေးတယ်။ ဒါပေမဲ့ ဒုံမင်းတီးမယ်လည်း လုပ်ရော ညှပ်စလီ အဆဲခံရတော့တာပဲ။ ကြိုး ပါမလာ လို့။ ဒုံမင်းရဲ့ အသက်က ကြိုးလို့ ခေါ်တဲ့ သံချောင်းကွေးကွေးလေး။ ဒုံမင်းကြိုးတွေကို တင်းချင်ရင်၊ လျှော့ချင်ရင် အဲသည်သံချောင်းလေးနဲ့ စွပ်ပြီး တင်းရ လျှော့ရတာကိုး။ လိုင်သာယာက ယူလာ တုန်းက ဒုံမင်းကြိုးငုတ်ပေါ်မှာ တစ်ခါတည်း စွပ်ပေးလိုက်လို့ပဲ လမ်းမှာ ကျခဲ့သလား။ ဟိုကပဲ မပေးလိုက်တာလား သူလည်း မသိတော့။ သူကလည်း ဘာပြောရမှန်း မသိဘူး။ ကိုဘာဘူကတော့ ဆဲတာပေ့ါ။ ကြိုးမရှိဘဲ ဘယ့်နှယ့်လုပ် တီးမလဲ။ ညှပ်စလီ တော်တော်စိတ်ညစ်သွားတယ်။ ဒါပေမယ့် တော်သေးတယ်။ ကိုဘာဘူက ပလာယာဟောင်းလေး တစ်လက်နဲ့ ခဲရာခဲဆစ် ကြိုးညှိတော့ အဆင်ပြေသွားတယ်။

"မင်းကွာ ကြိုး ဖျောက်ပစ်ရတယ်လို့၊ အသုံးမကျတဲ့ကောင်"လို့ ပြောလိုက်၊ ဒေါင်ဒေါင် ဒင်ဒင် ကြိုးညှိလိုက်၊ ညှပ်စလီကို မျက်စောင်း ထိုးလိုက် လုပ်နေတော့ ညှပ်စလီကလည်း အလိုက် သိပါတယ်။ အရက်ကလေး တစ်စိတ် သွားဝယ်ပြီး တိုက်လိုက်တော့မှ ကိုဘာဘူ့ အဆဲ လွတ်တော့ တယ်။

ခဏနေတော့ စမ်းရေဆိုမယ့် ကောင်ရော၊ အမေနဲ့ရွာကို လွမ်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်ရော၊ တွံတေး သိန်းတန် စပယ်ရှယ်လစ်ရောရောက်လာတယ်။ တိုက်ကြ၊ ဆိုကြတယ်။ သူတို့လည်းသောက်တယ်။ ဒုံမင်း ဘာဘူလည်း သောက်တယ်။ သူတို့က မဏ္ဍပ်ထဲ လေးနာရီထိုးမှ ဝင်ရမှာဆိုတော့ သောက် လိုက်ကြ၊ ဆိုလိုက်ကြ၊ တီးလိုက်ကြ၊ နွေးလိုက်ကြပေ့ါ။

"ဟိုကောင်လာ ညှပ်စလီ၊ မင်းသီချင်းဆိုတာပဲ သေတော့မယ်၊ အခုထက်ထိကို "ကျွန်းနင်း" မကိုက်သေးဘူး။ လည်ပင်းကြောသာ ထောင်အောင် အော်နေတာ၊ ဘယ်ရောက်လို့ ဘယ်ပေါက် မှန်း မသိဘူး။ အသံတည်ထားပေးတာကို နားထောင်ကွ၊ အသံက တခြား၊ ဆိုတာက တခြား မလုပ် နဲ့၊ အသုံးကို တစ်စက်မှ မကျတဲ့ကောင်။ လာ...ဆို"

ဒုံမင်းဘာဘူက တပည့်နားခံသာအောင် ဆုံးမရင်းက တီးပေးရှာပါတယ်။ သုံးလေးခေါက်ကို တီးပေး တာ။ ဒါပေမဲ့မကိုက်ဘူး။ ကျွန်းနင်းဆိုတာလည်းမကိုက်ဘူး။ ပျဉ်းကတိုးနင်းဆိုတာလည်း မကိုက်

ဘူး။ တီးတာကလည်း တီးချင်သလို တီးနေတာ၊ ဆိုတာကလည်း ဆိုချင်သလို ဆိုနေတာ။ သည်လိုနဲ့ ညနေ ၄ နာရီ ထိုးရော ဆိုပါတော့။

ညနေ ၄ နာရီထိုးတော့ မဏ္ဍပ်ထဲမှာ လူမရှိသေးဘူး။ အသံချဲ့စက်ကလည်း ဟွန်းတပ်တုန်း။ ညှပ်စလီက ဒုံမင်းကြီး ဆွဲပြီး သံယာစင်ရှေ့မှာ နေရာချတယ်။ ဘယ်သူမှ မရှိခင် ဆရာ တပည့်တွေ တောအရက် တစ်ယောက်တစ်ခွက်စီ သောက်တယ်။ ကိုဘာဘူက ကြိုးတွေကို ပလာယာနဲ့ ထပ်ညှိတယ်။ ခဏနေတော့ မိုက်ခရိုဖုန်းရတယ်။ တိုင်ငုတ်စိလေးမှာ ရေခဲမုန့်လို မိုက်ခရိုဖုန်းလေး တပ်လိုက်လို့။ ညှပ်စလီက ဝူးဝူးဆိုပြီး မှုတ်ကြည့်တယ်။ "ဟဲလို တက်စတင်…ဝမ်း တူး သရီး ဖိုး"လို့ အော်ကြည့်တယ်။ မဆိုးဘူး၊ ကောင်းတယ်။ ခဏနေတော့ လူတွေ မဏ္ဍပ်ထဲ တော်တော်ရောက်လာတယ်။ မိန်းကလေး တော်တော်များများကလည်း မုန့်ရည် ကြိတ်ဖို့၊ ဧည့်ခံဖို့ ရောက်လာတယ်။ ရပ်ကွက်ထဲက မဟုတ်တဲ့ တယောဆရာရော၊ မယ်ဒလင်ဆရာရော ရောက်လာတယ်။ သူတို့က လည်း ကြိုးလေး ညှိလိုက်၊ ဟိုဟိုဒီဒီ ကြည့်လိုက်၊ ဦးဆောင်တူရိယာဖြစ်တဲ့ ဒုံမင်းသံနဲ့ သူတို့ တူရိယာနဲ့ ကီးကိုက်လိုက် လုပ်နေကြပြီ။ အဲသည်မှာတင် စတုဒီသာ ကျွေးမွေးရေးကော်မတီထဲက တစ်ယောက်က အရက်နံ့လေးနဲ့ ရောက်လာပြီး ဆိုမယ့် သီချင်းတွေ စာရင်းတောင်းတယ်။ သု ကြေညာပေးမယ်ပေါ့လေ။ ဒါကလည်း လိုတယ်၊ တစ်ယောက် တစ်ယောက်လုပ်နေလို့ ရတာ မဟုတ်ဘူး။ အစီအစဉ်ကလေးနဲ့က ပိုကောင်းတာကိုး။ ပိုပြီး သပ်ရပ်တာကိုး။ တစ်ယောက် တစ် ပေါက် စာရင်းပေးကြတယ်။

"မေတ္တာဂုဏ်"

"စမ်းရေ"

"ချစ်ရက်ဆုံနိုး မကြုံနိုးနှင့်"

"ချစ်ရတုထံတချာ"

"နမလက်လျှော့ နေလေတော့"

"အမေနှင့် ရွာကို လွမ်းတယ်"

"တစ်သိန်းပေးတောင် မိန်းကလေး မလာရ"

"သည် နွေမိုးဆောင်း ပြောင်းသော်လည်း"

"အသီးတစ်ရာ အညှာတစ်ခု"

"တိမ်တမန်"

"မိုး"

"ပန်းလိုလျှင် အပင်ကို ပျိုးပါ"



"ချောကလျာ"

"မုန်းရစ်လေဦး" . . .

ပေးလိုက်ကြတဲ့စာရင်း၊ နည်းတာမဟုတ်ဘူး။ သည်တော့မှ အဆိုတော်တွေ ဘယ်က ရောက်လာ တာလဲ၊ တစ်ခါမှ မတိုက်ဘဲ ဘယ်လိုဆိုကြမှာလဲ၊ မဏ္ဍပ်ထဲ ရောက်လာတဲ့ လူငယ်၊ လူလတ်တွေ တင် မကတော့ဘူး။ ခေါင်းတုန်တုန် လည်တုန်တုန် အဘိုးကြီးကလည်း စာရင်း ပေးတယ်။ သည်ပွဲ မှာ ဆိုမယ် နွှဲမယ်ပေါ့လေ။ သင်္ကြန်ရက်ဆိုတော့ လမ်းသွား လမ်းလာကလည်း ဝင်ပေးရင်း စာရင်း ပေးကြတာလည်း ပါတယ်။ တူတာကတော့ အားလုံး မူးနေကြတာပါ။ နည်းနည်းမူးတာ၊ များများမူး တာ၊ တော်ရုံတန်ရုံ မူးတာ၊ ယဉ်ယဉ်ကလေး မူးတာ၊ သောက်သောက် လဲ မူးတာ၊ ရုပ်ပျက်ဆင်းပျက် မူးတာ၊ ဖင်ထောင်အောင် မူးတာ၊ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် နဲ့ မူးတာ၊ ဒါပဲ ကွာတယ်။ အားလုံးက မူးနေကြတာ။ အစီအစဉ်ကြေညာသူက မိုက်ခရိုဖုန်းကို ဖြုတ် တယ်။ ကြေညာတယ်။

"အနုပညာဆိုတာ…"

ဒါပဲ ရှိသေးတယ်။ အသံချဲ့စက်က မလာတော့ဘူး။ အသံချဲ့စက်ဆရာကလည်း မူးနေတော့ သူ့စက် က အလုပ်မလုပ်တာ သူ မသိဘူး။ မျက်လုံးကြီးပြူးပြီး ပြောလေ…..ပြောလေဆိုပြီး မေးချည်းထိုးပြ နေတော့တာ။ ခဏနေတော့မှ သူလည်း သဘောပေါက်သွားတယ်။ ဟိုဟာ ဒီဟာ ကလိလိုက်တော့ အသံပြန်လာတယ်။ ကျွီဆိုတဲ့ အသံရှည်ကြီးကတော့ မပျောက်ဖူး။ ဂျစ်ဂျစ်ဂျစ် ရှဲရှဲရှဲ ဆိုတဲ့ အသံက လည်း ပါသေးတယ်။

"ဟုတ်ကဲ့ မင်္ဂလာ ညနေခင်းပါ။ အနုပညာဆိုတာ မြစ်ကို အလျားလိုက် ကူးရသလိုပါ ခင်ဗျာ၊ ဆုံးတယ်လို့ မရှိပါဘူး။ သည်အနုပညာကိုမှ မြတ်နိုးတွယ်တာမိလေတော့ ဝါသနာကို အရင်းခံပြီး အနုသုခုမ ပညာရပ်ကို ရှေ့တန်းတင်လို့တက်သည့်ပညာ မနေသာဆိုသလို အသုံးတော် ခံမယ်ဆိုတဲ့စိတ်နဲ့ ဂီတသံယောဇဉ်နဲ့ ကနေ့တော့ဖြင့် စတုဒီသာပွဲကြီးမှာ ဂီတနဲ့ပူဇော်မယ်ဆိုပြီး"

"…."

ကြေညာနေတဲ့ ကောင်ကလည်း မူးနေတော့ စကားတွေကလည်း လည်နေပြီ။ ဆိုမယ့်ကောင်က လည်း ဘယ်သူ့ကိုကြေညာပါ့မလဲပေါ့။ တီးရမယ့်သူကလည်း ဟ ဘာသီချင်းများပါလိမ့်ပေါ့။ ကြည့် တယ်၊ ခဏနေတော့မှ….

"ဟုတ်ကဲ့…ကျွန်တော်တို့ရဲ့ တေးသံရှင်ကလေးများက ဂါရဝတရားရှေ့ထားပြီး ကနေ့ တော့ ဖြင့် ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲချင် ကွဲပစေတော့ဆိုပြီ"

"ဟေ့ကောင် မြန်မြန်လုပ်ကွာ ရှည်မနေနဲ့"

"ဟုတ်ကဲ့ ရင်နှစ်ခြမ်းဖြန်းဖြန်းကွဲပစေတော့ဆိုပြီး အသုံးတော်ခံမယ့် တေးသံရှင် "ပဏာမ"က

တော့ အဲ အဲ..ဒုံမင်းကိုဘာဘူနဲ့ တွဲဖက်တင်ဆက်မယ့် ပဏာမ တေးသံရှင်ကတော့....ဘယ်သူကွ၊ ချောကလျာဆိုမှာ ဘယ်သူကွ။ ဩော် အေး အေး....ဟုတ်ကဲ့ခင်ဗျ။ တေးသံရှင်က တော့ ဝါးနက်ချောင်း မြအေးလေးပါ၊ နားဆင်ကြည့်ကြပါ ခင်ဗျား"

ညှပ်စလီကတော့ သည်ပုံနဲ့ ကြေညာနေရင် ခုနစ်နာရီထိုးတောင် သီချင်းလေးပုဒ် ပြီးပါ့မလား တွက်တယ်။ ဘာပဲဖြစ်ဖြစ် တယောဆရာရတဲ့ သီချင်းကို တယောဆရာက ဦးဆောင်၊ မယ်ဒလင်ဆရာရတဲ့သီချင်းကို မယ်ဒလင်ဆရာက ဦးဆောင်၊ ဒုံမင်းက ရတာ ဒုံမင်းဆရာက လူလည်လုပ်ပြီး ဆိုလိုက် တီးလိုက်ကြတာ တစ်ပုဒ်ပြီး တစ်ပုဒ်ပါပဲ။ သံဝါ၊ သံနီ၊ သံပြာ၊ သံရောင်စုံနဲ့ ဆိုလိုက်ကြတာ ဘာပြောကောင်းမလဲ။ အားလုံးက မူးနေတော့ မေးဆွဲနေတာနဲ့၊ သီချင်းကလည်နေတာနဲ့ ဂျာအေးသူ့အမေရိုက်တဲ့ သီချင်းက ရိုက်လို့။ တစ်ပုဒ်ပြီးပေမယ့် သူ့ဟာသူ ဖြစ်ကြေညာပြီး နှစ်ပုဒ်ဆက်တိုက် ဆိုသူက ဆိုကြလို့၊ သီချင်းလုတဲ့ကောင်က လုကြလို့၊ ဘယ်သူမှ
မရတဲ့ သီချင်း အတင်းတီးခိုင်းတဲ့ကောင်က တီးခိုင်းလို့၊ တစ်ယောက်ဆိုနေတာကို သံပြိုင်လိုက်ဆိုတဲ့ ကောင်က ဆိုလိုက်လို့နဲ့ ဖြစ်ချင်တိုင်းဖြစ်နေတော့တာကလား။ မိုက်ကလည်း တစ်ခါပျက်ရင် ဆယ်မိနစ်နဲ့ သုံးခါလောက် ပျက်ပြီးပြီ။ ကြေညာသူကလည်း တစ်ခါ ကြေညာလိုက်ရင် ၂ မိနစ်တော့ ကြာတယ်။ ဒုံမင်းကလည်း ကြိုးပြတ်လို့ သီချင်းမရလို့၊ ကီးက ပလာယာနဲ့ လှည့်တာ ချော်နေလို့ ဟုတ်တိပတ်တိကို တီးတယ် မရှိသေးပေမယ့် သီချင်းတော်တော်လည်း ကျသွားပြီ။ ရဲစွမ်းမောင် အလှည့်က မကျသေးဘူး။ ညှပ်စလီကလည်း ကြေညာသူကို ခါးတို့ရတာ ၄-၅ခါ ရှိပြီ။ အေးပါကွာ.... အေးပါကွာနဲ့ မေ့နေလို့လား၊ ညစ်နေတာလား မသိဘူး။ သူ့အလှည့်ကို မရောက်သေးတာ။

"ခုတစ်ခါ အလှည့်ကျသူကတော့ ဧည့်သည်တေးသံရှင် ကိုကျော်လေးပါ။ ကိုကျော်လေးက ဩော်...သည်ပွဲကြီးမှာ သူလည်းပဲ ပါဝင်ဆင်နွှဲချင်တယ် ဆိုတော့ ကိုင်း..ဟုတ်ပြီ အိမ်ရှင်က ဧည့်သည်ကို ဦးစားပေးရတာ ဆိုတော့၊ သင်္ကြန်ပွဲလည်း ဖြစ်တော့ကာ"ရှာပုံတော်မင်းသားကြီး" ဆိုပါရစေတဲ့။ တီးဝိုင်းက တိုက်မထားရတော့"

"ဟေ့ကောင် လိုရင်းပြောကွာ၊ ချီးမှပဲ ကတည်း"

"ဟုတ်ကဲ့ခင်ဗျ၊ သည်တော့ ရတာပဲ ဆိုပါတော့မယ်တဲ့၊ ဘာတဲ့ "မျက်လုံးဖွင့်ပြီး အိပ်ကြည့် စမ်းပါ အချစ်ရယ်"၊ ဟုတ်ကဲ့၊ မျက်လုံးကို ဘယ်လိုဖွင့်ပြီး အိပ်မလဲ ဆိုတာကို ကျွန်တော်တို့ ကနေ့မှာ အဖြေရှာလို့ ရနိုင်မယ်ဆိုရင်...."

"ငါလေ ပြောရင်းနဲ့ကို ရှည်ပါနေရောလား၊ တော်ကွာ။"

"ဟုတ်ကဲ့ တေးသံရှင် ကိုကျော်လေးရဲ့ "မျက်လုံးဖွင့်ပြီး အိပ်ကြည့်စမ်းပါ အချစ်ရယ်"ကို ခံစားကြဖို့ပါ ခင်ဗျား"

သီချင်းဆိုနေတဲ့ လူက မျက်လုံးဖွင့်ပြီး အိပ်နေတုန်း ညှပ်စလီက ကြေညာသူကို အရက်တစ်ခွက်ပေး



တယ်။ ဒီတစ်ခါ သူ့အလှည့် ကြေညာပေးဖို့လည်း ပြောတယ်။ ရဲစွမ်းမောင်လို့ ကြေညာပေးဖို့လည်း ပြောတယ်။ သီချင်းက "တစ်သိန်းပေးတောင် မိန်းကလေး မလာရ"ဆိုတာလည်း ပြောတယ်။ ကြေညာသူကလည်း "အင်း....ဒီတစ်ခါ မင်းအလှည့်" တဲ့။

သည်တစ်ခါ ညှပ်စလီ တော်တော်ပျော်သွားတယ်။ မပျော်လို့လည်း မရဘူးလေ။ ဆိုမယ့်သူတွေကလည်း တစ်ဝက်တောင် မကျိုးသေးဘူး။ မဏ္ဍပ်ထဲ ဝင်လာသမျှက စာရင်းပေးနေတော့တာ မဟုတ်လား။ ကြေညာတဲ့ ငနဲကလည်း စီးကရက် တစ်လိပ်ပေးတိုင်း ဦးတဲ့သူ ကြေညာပေးနေတာ မဟုတ်လား။ မူးကလည်း မူးနေတော့ ကပေါက်တိ ကပေါက်ချာ စီစဉ်ချင်သလို စီစဉ်နေတာ မဟုတ်လား။ သည်တစ်ခါတော့ ဘာစိတ်ကူးရတယ် မသိဘူး။ သူ့အလှည့်တဲ့။ ညှပ်စလီ ရင်တွေခုန်နေပြီ။ ချွေးတွေလည်း စို့လာပြီ။ တံတွေးတွေလည်း ထွက်ချင်လာပြီ။ သလိပ်ကလည်း လည်ချောင်းဝ ဆို့ချင်နေပြီ။ မဏ္ဍပ်ထဲက လူတွေကို ကဲကြည့်တယ်။ မိန်းကလေးတွေက ဘာလီဖျော်ရည်တိုက်ဖို့ လုပ်နေကြပြီ။ မီးတွေကလည်း လင်းပြီ။ ၇ နာရီကလည်း နီးတော့ အချိန်ကောင်း။

ခပ်လှမ်းလှမ်းတာလမ်းပေါ်မှာလည်း လူတွေက နားထောင်နေတာလား။ မည်းမည်း မည်းမည်းနဲ့။ နေပါဦး သီချင်းအစက ဘာပါလိမ့်။ ဟ ပြဿနာပဲ၊ နေပါဦး။ အစလေးပဲ နေပါဦး၊ ညှပ်စလီ သူ့ဟာသူ ဖြစ်နေတုန်း ပြဿနာက ဝင်ရော။

"ညှပ်စလီ လမ်းထိပ်ပြေးစမ်း၊ ကြိုးတွေ ပြတ်ကုန်ပြီ။ ဂီတာသုံးကြိုး တစ်ချောင်း၊ လေးကြိုး တစ်ချောင်း၊ ခြောက်ကြိုးတစ်ချောင်း ဝယ်ချေ။ မြန်မြန်ပြေး။ နောက်သီချင်း မယ်ဒလင်လှွင့်ဟေ့။ သုံးလေးခြောက်နော်။ သောက်တလွဲ ဝယ်မလာနဲ့ဦး။ ပိုက်ဆံစိုက်ထားကွာ၊ ပြေး ပြေး"

ဘာတတ်နိုင်မှာတုန်း၊ ဘာလုပ်လို့ရမှာတုန်း။ သူက ဒုံမင်းနဲ့ ဆိုရမှာ၊ ဒုံမင်းက ကြိုးပြတ်မှတော့ ဘယ်လိုလုပ် ဆိုရမှာတုန်း။ ဝယ်ပေါ့၊ ပြေးပေါ့။ အရေးထဲ မဏ္ဍပ်ဝ ချွတ်ထားတဲ့ ဖိနပ်က မတွေ့ဘူး။ နေပါစေ၊ သည်အတိုင်းပဲ ပြေးတယ်။ လမ်းထိပ်ကဆိုင်က မဖွင့်ဘူး။ သင်္ကြန်တွင်းဆိုတော့ ပိတ်ထားတယ်။ လမ်းထိပ်က ကုန်စုံဆိုင်ပြေးတယ်။ ကြိုး မရှိဘူး။ ခပ်လှမ်းလှမ်းက ကုန်မျိုးစုံရောင်းတဲ့ ဆိုင်ကို ပြေးတယ်။ ရတယ်။ ပြန်ပြေးလာတော့ တော်တော့်ကို မှောင်နေပြီ။ သူ့မှာ နာရီကလည်း မရှိတော့ အချိန်က မမှန်းတတ်ဘူး။ တီးဝိုင်းကတော့ မယ်ဒလင်နဲ့ စခန်းသွားနေတုန်း။ တော်သေး တယ်။ မဏ္ဍပ်ထဲရောက်တော့ သူမောနေတယ်။ ကိုဘာဘူက ကြိုးဟောင်းတွေကို ဒုံမင်းက ဆွဲထုတ်ပြီး ဝယ်လာတဲ့ ကြိုးသစ်တွေ လဲတယ်။ ဘာပဲဖြစ်ဖြစ် ကြိုးသုံးချောင်းလဲတာ ဆယ်မိနစ်လောက် ပဲ့သွား တယ်။ အဲသည်တုန်းမှာပဲ မဏ္ဍပ်ထဲက ကလေးတွေ အပြင်ကို ဝုန်းခနဲ ပြေးထွက်သွားတယ်။ ရတ်ရတ် ရတ်ရတ်ဆိုတော့ တီးဝိုင်းကလည်း ရတ်တရက် ကြောင်သွားတယ်။ နောက်တော့ ဘယ်

ဟုတ်မလဲ။ ဗီဒီယိုစက်တင်လာတဲ့ မြင်းလှည်းဝင်လာလို့တဲ့။ လူကြီးတွေကလည်း စားပွဲတစ်လုံး တောင့်တောင့်ကို အောက်ကခံပြီး သူ့အပေါ်က စားပွဲသေးသေးလေး တစ်လုံး တင်တယ်။ ဗီဒီယိုစက်ကိုနေရာချတယ်။ လျှပ်စစ်ကြိုးတွေ ဘာတွေချဖို့စီစဉ်တယ်။ မဏ္ဍပ်ထဲက လူတွေအားလုံး က ဗီဒီယိုပြစက်ရှေ့ရောက်ကုန်ပြီ။ ဖျာစုတ်တွေ၊ ဂုန်နီအိတ်တွေလည်း ဘယ်က ဘယ်က ရောက် လာတာလဲ မသိဘူး။ ခင်းပြီးကြပြီ။ ညှပ်စလီက ချွေးပြန်လက်စနဲ့ ကြေညာသူကို ခါးတို့တယ်။ မီတောင်မှ မီပ့ါတော့မလားလည်း တွက်တယ်။

"လုပ်စမ်းပါဗျ "တစ်သိန်းပေးတောင် မိန်းကလေး မလာရ" ။ သီဆိုသူ ရဲစွမ်းမောင်၊ လုပ်ပါဗျ .... ဟေ့လူ လုပ်ပါ၊ တစ်စိတ် တိုက်ပွဲမယ်။ ဟောဗျာ...ဟေ့လူ"

ညှပ်စလီကတော့ လောဆော်နေတာပါပဲ။ လူတွေက တီးဝိုင်းဆီမှာ အာရုံနည်းနေပြီ။ ဗီဒီယိုဆီ အာရုံရောက်နေပြီ။ ကြေညာတဲ့ကောင်ကတော့ ညှပ်စလီ ခါးတို့နေတာ မကြားတော့ဘူး။ မိုက်ကို ကိုင်ရင်းက.....

"ကလေးတွေ ...ကလေးတွေ နေရာမလုကြနဲ့လေ။ ပြမှာပါ ပြမှာပါ။ ဇာတ်ကားကောင်းတွေ ရွေးထားပါတယ်။ ရဲကိုကို...ရဲမင်းပိုင်...မော့စ်၊ တရုတ် သိုင်းကား၊ စုန်းကား၊ သရဲကား၊ ဟောင်ကောင် ဂျက်မ ....အကုန်ပါပါတယ်၊ ကလေးတွေ.....ကလေးတွေ"

"ဟေ့လူ ဆက်ကြေညာပါ။ ရဲစွမ်းမောင်ရဲ့ "တစ်သိန်းပေးတောင် မိန်းကလေး မလာရ"။ ဟေ့လူ..."

အဲသည်မှာတင် ရက်ကွက်လူကြီးတစ်ယောက် ရောက်လာတယ်။ ဒုံမင်း ကိုဘာဘူကို အရက်တစ် လုံးပေးတယ်။ တီးဝိုင်းကိုလည်း ရပ်ခိုင်းတယ်။

"ဘာဘူရေ ကျေးဇူးပဲကွာ၊ မင်းတို့လည်း ပင်ပန်းလှပြီ၊ တစ်နေရာမှာ သွားလုပ်ချေတော့ ကွာ။ ကိုင်း သိမ်းကြတော့ဟေ့"

ခဏနေတော့ ဗီဒီယိုက ဂျစ်ဂျစ်ရှဲရှဲနဲ့ အသံမြည်ပြီး စ ပြဖို့ လုပ်နေပြီ။ မိုက်ခရိုဖုန်း ဆရာကလည်း သူ့ မိုက်ခရိုဖုန်းကို ဖြုတ်တယ်။ စောစောက အဆိုတော်တွေလည်း မရှိတော့ဘူး။ ရက်ကွက်ထဲက လူခံအဆိုတော်တွေလည်း မရှိတော့ဘူး။ ရပ်ဝေး ရပ်နီးက ဧည့်သည်အဆိုတော်တွေလည်း မရှိတော့ဘူး။ တယောဆရာနဲ့ မယ်ဒလင်ဆရာလည်း ပြန်ကြပြီ။ ညှပ်စလီနဲ့ ဒုံမင်း ကိုဘာဘူပဲ ကျန်တော့တယ်။ ညှပ်စလီက ကိုဘာဘူကို မကျေနပ်ဘူး။ အစောကြီးက ကိုယ့်လူရင်းကို ပွဲထုတ်သင့်ပါလျက်နဲ့ သူများ ဝင်ဆိုသွားတာ လက်ခံရမှာလားပေ့ါ။ ကိုဘာဘူကလည်း မူးနေတာ မဟုတ်လား။ ထ ဟောက်တော့တာပါပဲ။

"မင်း အမေလင်က အစီအစဉ်က တခြား၊ လုပ်နေတာက တခြားလေ။ ဒါတော့ မင်းမသိဘဲနဲ့ ငါက ဘာလုပ်ရမှာတုံး။ "တစ်သိန်းပေးတောင် မိန်းကလေး မလာရ" ကပေါက်တိ ကပေါက်ချာကိုလည်း ဆိုမနေနဲ့တော့၊ တစ်သိန်းပေးပေး မပေးပေး၊ မိန်းကလေးက လာမှာပဲ...လာ သွားစို့"

ဘာတတ်နိုင်မှာတုံး။ ထ ပြန်ရုံပေ့ါ။ ဆရာတပည့် နှစ်ယောက် မဏ္ဍပ်ထဲက ထွက်တော့ ညှပ်စလီက ရှေ့က။ ဒုံမင်းကြီး ဆွဲလိုက်လို့။ ဖိနပ်လည်း မပါတော့ဘူး။ ကိုဘာဘူက နောက်က ဒယိမ်းဒယိုင်နဲ့။ ဗီဒီယိုကတော့ စ ပြနေပြီ။ ဒါရိုက်တာက မီးပွားတဲ့။ မင်းသားက ကျော်ဟိန်းတဲ့။ ဇာတ်ကားက "အကြွေး"တဲ့။

# ဘော်ဒီလင်ဂို





ဖိုးရွှေအ ကို ကျုပ်သိတာ မကြာသေးဘူး။ သည်ရက်ကွက်ထဲရောက်မှ သိတာပါ။ သည်ရပ်ကွက်ကလေး (ရက်ကွက်ကလေး ဆိုပေမယ့် တော်တော်တော့ ကြီးပါတယ်) ဆိုတာကလည်း မြို့ကြီးတစ်မြို့ရဲ့ အနောက်တောင်ဘက်စွန်းက ရေဆိပ်ကမ်းဆိပ် ရှိတဲ့ ရပ်ကွက်ဆိုတော့ တော်တော့်ကို စည်ကားတယ် ပြောပါတော့။ သင်္ဘောကြီးတွေ၊ ပဲ့ထောင်တွေ၊ ဘုတ်ချပ်တွေအပြင် သဲလှေ၊ ကျောက်လှေ၊ ထင်းလှေ၊ ဈေးလှေတွေနဲ့ အစုန်အဆန် အကူးအသန်းကလည်း များတော့ စည်ကားသားကလား။ ပြီးတော့ သည်ရက်ကွက်ကလေးရဲ့ အလုပ်သဘာဝကတော့ မြစ်နားကမ်းနားတွေရဲ့ သဘာဝဆိုတော့ ကြမ်းတယ်။ အလုပ်ကလည်း ကြမ်းတယ်။ လူတွေကလည်း ကြမ်းတယ်။ ကြမ်းတယ်ဆိုတာက ရိုင်းတာကို ပြောတာမဟုတ်ဘူး။ များသောအားဖြင့် ဘဝတွေ ကြမ်းတာ။ လုပ်စားကိုင်စားကြတဲ့ ဘဝတွေက ကြမ်းတာဆိုတော့ အရက်ဆိုင်ကလေးတွေကလည်း ရှိရတယ်။ ကွမ်းယာဆိုင်ကလေးတွေကလည်း ရှိတယ်။ လက်ဖက်ရည်ဆိုင်ကလေးတွေကလည်း ရှိရတာပေ့ါ။

တစ်ချို့ကတော့လည်း အရက်ကလေး တစွပ်စွပ်၊ ကွမ်းကလေး တဖွားဖွားနဲ့ပေမယ့် သူ့ လွတ်လပ်မှုနဲ့ သူပါ။ လူနဲ့ ကုန်လုပ်ဆက်ဆံရေးဘဝ၊ လူနဲ့ ကုန်ထုတ်အရင်းအနှီး အခြေအနေ ကွာခြားပေမယ့် သူတို့မှာ အေးချမ်းရောင့်ရဲတဲ့စရိုက်သဘာဝတော့ ရှိတယ် ဆိုကြပါစို့ရဲ့။

ထားပါတော့။ အဲသည် ရက်ကွက်ကလေးထဲမှာမှ ကျုပ်က စာသွားရေးဖြစ်တယ်။ စာရေးတယ်ဆိုပေမယ့် ရေးချင်တဲ့ စိတ်ကလေး ရှိရင် ရေးလိုက်၊ မရေးချင်သေးရင် သဲတင်ကားတွေ၊ ထင်းတင်ကားတွေ၊ ဂျောက်ဂျက်ဝိုင်းတွေ၊ ဈေးလှေတွေနား လျှောက်လိုက် လုပ်နေတာလည်း ရှိတာပေ့ါ။ မြစ်ကမ်းနားဆိုတော့ ပိုးပုရွက်တွေလို ရွရွထိုးနေတဲ့ လူတွေရဲ့ ဘဝစာမျက်နှာတွေကို လိုက်ဖတ်နေတယ်ပဲ ဆိုပါတော့လေ။ မနက်ပိုင်းတွေမှာတော့ လက်ဖက်ရည်ကလေး တစ်ခွက်သောက်ပြီး ပက်လက်ကုလားထိုင်တစ်လုံးနဲ့ စာဖတ်ဖြစ်တယ်။ တစ်ရက် ကျုပ်တည်းတဲ့ အိမ်ကလေးရှေ့က နှင်းဆီရုံတွေနား ကုလားထိုင်ချ၊ ထိုင်စာဖတ်နေတုန်း ဖိုးရွှေအ ရောက်လာတာပါ။ အရင်က ကျုပ် သူ့ကို သတိမထားမိဘူး။ မြင်လည်း မမြင်ဖူးဘူး။ အရိုးခေါင်းတံဆိပ်ထိုး တီရှပ်မည်းမည်း ကျောပြဲကို ဝတ်ထားပြီး ပုဆိုးတိုတိုနဲ့ ဝင်လာတဲ့ သူ့ကို ကျုပ် သတိထားမိပေမယ့် သူက ကျုပ်ကိုအရေးတောင် မလုပ်ဘူး။ ဘာမပြော ညာမပြော ခြံထဲဝင်လာပြီး မီးဖိုချောင်ဘေး ထောင်ထားတဲ့ ပုဆိန်ကို ကောက်ကိုင်လိုက်တယ်။ ပြီးတော့ အိမ်ရှင်တွေကိုလည်း ဘာတစ်ခွန်းမှ မပြောဘဲ ထင်းတုံးလေးငါးတုံးကို ပစ်ချပြီး တဂွမ်းဂွမ်းနဲ့ ပေါက်နေတော့တာပါ။ အိမ်ရှင်တွေကတော့ ဒါမျိုးက ရိုးနေပုံရလေတော့ ဘာမှမပြောကြဘူး။ ကျုပ်ကလည်း အိမ်ရှင်နဲ့ သိတဲ့ လူငယ်တစ်ယောက် ထင်းလာပေါက်ပေးတယ်လောက် သဘောထားပြီး ဂရုမစိုက်တော့ဘဲ ကျုပ်စာကျုပ်

ဆက်ဖတ်နေလိုက်တာပါပဲ။

“အော့အော့ ...... အဲ .... အော .....”

ထင်းပေါက်ပြီးသွားတဲ့ လူငယ်က အိမ်ရှင်မိသားစုထဲက ကျောင်းဆရာမလေးကို လက်ဟန်ခြေဟန်နဲ့ စကားပြောရင်းပါးစပ်ကလည်း မပီမသပြောနေတာကိုကြားတော့ ကျုပ်လည်း စိတ်ဝင်စားသွားတယ်။ လူကငယ်ငယ်၊ နှုတ်ခမ်းမွှေးစစ၊ ရုပ်ကြမ်းကြမ်း၊ အသားညိုညိုနဲ့ ရှိလှရင် အသက် အစိတ်ပေါ့။ လိပ်တင်ထားတဲ့ တီရှပ်လက်မောင်းက လွတ်နေတဲ့ပခုံးပေါ်က ဆေးမင်ကြောင် ထိုးထားတဲ့ လက်သီးကို ဓားမြှောင်စိုက်ထားတဲ့ ပုံနဲ့။ သူ ခွဲထားတဲ့ ထင်းတွေကတော့ ပုဆိန်နဲ့ ခွဲထားပေမယ့် ဓားနဲ့များ တိုင်းခွဲထားသလို ညီညီညာညာ သပ်သပ်ရပ်ရပ်ဆိုတာလည်း ကျုပ် သတိထားမိတယ်။ သူက ကျုပ်ကို တစ်ချက်ကလေး လှည့်မကြည့်သေးဘူး။ ခပ်လှမ်းလှမ်းက သောက်ရေအိုးစင်ကို သွားပြီး ကြေးဖလားကလေးနဲ့ ရေနှစ်ခွက် ခပ်သောက်တယ်။ ရေကို တဝ သောက်ပြီးမှ ကျုပ်အနားက ခုံတန်းရှည်မှာ ဝင်ထိုင်ရင်း သူက ကျုပ်ကို လှမ်းကြည့်တယ်။

“အဲဒါ ကျမတို့ ရက်ကွက်ထဲက ဖိုးရွှေအလေ ဆရာ။ အလုပ်သိပ်လုပ်တာ ဆရာရဲ့။ ဘယ်သူကမှ မခိုင်းဘဲ ဝင်လုပ်ချင် လုပ်နေတက်တယ်။ ခိုင်းဖို့ ခေါ်ရင်လဲ လာချင်မှ လတာဆရာ။ လူတစ်မျိုးရယ် ....”

အိမ်ရှင် ကျောင်းဆရာမကလေးက ဖိုးရွှေအနဲ့ ကျုပ်ကို စ မိတ်ဆက်ပေးတဲ့ စကားပါ။ သည်စကားစုတွေရဲ့ နောက်ပိုင်း ဖိုးရွှေအနဲ့ ကျုပ် ရက်တော်တော်များများ အတွင်း တော်တော်ခင်မင်ရင်းနှီး သွားခဲ့ရတယ် ပြောပါတော့။ ကျုပ်ကတော့ စဉ်းစားတယ်။ ဘယ့်နှယ် ဖိုးရွှေအလဲပေါ့။ လူက သန်သန်စွမ်းစွမ်း၊ ညိုညိုကြမ်းကြမ်း ရုပ်ရည်ကလေးနဲ့ လူငယ်က ဆွံ့အ များနေသလား။ ဆရာမကလေးကို မေးတော့မှ စကားမပြောတက်ဘူးတဲ့၊ နားလည်းကောင်းကောင်းမကြားဘူးတဲ့။ ထူးဆန်းတာကတော့ စာတော့ကောင်းကောင်း ရေးတက်၊ ဖတ်တက်တယ်တဲ့။ လက်ရေးလက်သားလည်း အတန်းတော်တော် ရောက်တဲ့အထိ နေခဲ့ဖူးပုံ ပေါ်သတဲ့။

“ငယ်ငယ်ကတည်းက မွေးရာပါလား၊ ကြီးမှ ဖြစ်တာလားတော့ ကျမလည်း မသိဘူးဆရာ။ သူတို့ ပြောင်းလာတာ မကြာသေးဘူး။ ဖအေရော မအေရော ရှိတယ်။ သားသမီးကတော့ သည်တစ်ယောက်တည်း ရှိတယ်လို့ ပြောတာပဲ။ အလုပ်ကတော့ လုပ်ရှာပါတယ်။ ထင်းလှေတွေနဲ့ လိုက်ပြီးအထက်ဘက်မှာ ထင်းခုတ်လိုက်ချင်ရင်လည်း လိုက်တယ်။ ရေနံတွဲတွေမှာ ဝင်လုပ်ချင်ရင် လည်း လုပ်နေတာ တွေ့ရတယ်။ သင်္ဘောပျက်တွေ မြစ်ထဲက ဖော်တာတွေ၊ သံရည်ကြိုစက်တွေမှာ နေ့စား ဝင်လုပ်တာတွေလည်း လုပ်တာပါပဲ”

ဖိုးရွှေအ ကတော့ သူ့အကြောင်း ပြောနေမှန်း အရိပ်အကဲ ကြည့်ပြီး သိပုံပါ။ ပြုံးပြီး ကျုပ်ကို ကြည့်နေ





တယ်။ ခဏနေတော့ ကျုပ်ကို အမူအရာတစ်ခု လုပ်ပြတယ်။ သူ့မျက်စိတွေကို သူ့လက်နဲ့ ဝိုင်းပြတာပါ။ ကျုပ်က မျက်မှတ်တပ်လေ့ရှိတော့ ကိုမျက်မှန်ကို ကျွန်တော် အသိအမှတ် ပြုပါတယ်ဆိုတဲ့ သဘော ဆိုတာ ကျုပ် ခံစားလိုက်ရတယ်။ ကျုပ်ကလည်း အသိအမှတ်ပြုတယ်ဆိုတဲ့ အပြုံးမျိုး ပြုံးပြတော့ ဖိုးရွှေအ က အသံတစ်သံထွက်အောင် နှုတ်ဆက်တယ်။

“ဖိုးရွှေအ ဒါ စာရေးဆရာလေ၊ စာတွေ ရေးတာ......ဒီလိုရေးတာ.....နေ့တိုင်း ဆရာ့ကို လာနှိပ်ပေး၊ မင်းကို ဆရာက မုန့်ဖိုးပေးလိမ့်မယ်”

အိမ်ရှင်ကျောင်းဆရာမလေးက ဖိုးရွှေအကို လက်နဲ့စာတွေ ရေးပြတဲ့ပုံ၊ ပခုံးကို လက်နဲ့ နှိပ်ပြတဲ့ပုံ၊ လက်မနဲ့ လက်ညှိုးဝိုင်းပြီး ပိုက်ဆံပေးမယ့်ပုံတွေ လုပ်ပြတော့ ဖိုးရွှေအ က ခေါင်းညိတ်တယ်။

“အော့....အော့....အို့....အော့.....”

ကျုပ် ကြားလိုက်တဲ့အတိုင်း ရေးပြလိုက်တာပါ။ တကယ်ကို ဝမ်းသာကြည်နူးသွားတဲ့ အသံဆိုတာ သိသာပါတယ်။ တကယ်တော့ ခံစားမှုကို ပေးတာ စကားလုံးတွေ မဟုတ်ပါဘဲကလား။ အသံပါ၊ ရင်ထဲက အသံပါ။ ချက်ချင်းလိုပါပဲ၊ ကျုပ်ထိုင်နေတဲ့ ကုလားထိုင်နောက်ကို လျှောက်လာပြီး ကျုပ်ပခုံးကို အားရပါးရကြီး ဆုပ်ကိုင်လိုက်တာ ပြုတ်တူကြမ်းကြမ်းနဲ့ ညှပ်လိုက်သလား မှတ်ရတယ်။ သန်လိုက်တာများ။ တကယ်လည်း အနှိပ်ကောင်းပါတယ်။ လက်မောင်းတွေ၊ ပခုံးတွေကို သူ့လက်တွေနဲ့ အသာကလေးဆုပ်ညှစ်နေတာပေမယ့် ကျုပ်မှာတော်တော်ခံနေရတယ်။ တော်တော်ကြာကြာ နှိပ်ပေးပြီးတော့ ခုံတန်းမှာ လှဲပေးဖို့ အမူအရာတွေ လုပ်ပြတယ်။

“တော်ပြီ ဖိုးရွှေအ ရယ်၊ နောက်တော့မှပေါ့”

ကျုပ်က လက်ကာပြတော့ ရယ်တယ်။ ပြီးတော့မှ အိမ်ရှင် ကျောင်းဆရာမလေးကို ဘာခိုင်းဦးမှာလဲ ဆိုတဲ့ ဟန်နဲ့ မေးငေါ့ပြတယ်။ ဆရာမလေးက လက်ဖက်ရည်ဝယ်ပေးပါဦးဆိုတဲ့ ပုံနဲ့ အထုပ်ကလေး ဆွဲပြပြီး ပါးစပ်က သောက်တဲ့ ပုံ လုပ်ပြတော့ ဖိုးရွှေအက ခေါင်းညိတ်တယ်။

“တိုတိမ့်......ပေါတိမ့်....”

ချိုဆိမ့်လား၊ ပေါ့ဆိပ်လားပေါ့။ ကျုပ်က သည်လိုတော့လည်း အသံထွက်သားပဲဆိုတော့ တစ်ခါတစ်လေတော့ သီချင်းတွေတောင် အားပါးတရ ဆိုနေတက်သတဲ့လေ။ အနားမှာ ဂစ်တာ တစ်လက်များ ရှိရင် တဗျင်းဗျင်း ခေါက်ရင်း သီချင်းဆိုတော့တာပဲ။ သီချင်းသားတော့ မပီသဘူးပေါ့လေ။ ကျုပ်ကတော့ သီချင်းဆိုတယ်ဆိုတဲ့ ဖိုးရွှေအကို ကြည့်ရင်း သိပ်တော့ နားမလည်နိုင်ဘူး။ ဘယ်သီချင်းကို ဆိုတာလဲ။ အဆိုတော် ဘယ်သူရဲ့ သီချင်းကို ဆိုတာလဲ။ သီချင်းမူရင်းကို သူက ဘယ်လိုကြားလို့ ဆိုနိုင်ရတာလဲ။ ဂစ်တာခေါက်ရင်း ဆိုတယ်ဆိုတော့ ဂစ်တာကော့ဒ်တွေကိုကော သူ ဘယ်လို သင်ခဲ့သလဲ။ သင်ခဲ့ဖူးတယ်ဆိုရင်လည်း ဆွံ့အ နားမကြားသူကလေးကို ဘယ်ဆရာက၊ ဘယ်နည်းနဲ့ သင်ပေးခဲ့တာလဲ။ ကျုပ်ဟာကျုပ် စဉ်းစားနေမိတာပေါ့လေ။ ဖိုးရွှေအ လက်ဖက်ရည်ဝယ်က

ပြန်လာတော့ လက်ဖက်ရည်က တကယ့်ကို ပေါ့ဆိမ့် ဖြစ်နေတယ်။ ကျုပ်က နိပ်ပေးတာရော၊ လက်ဖက်ရည် ဝယ်ပေးတာရော ပေါင်းပြီး ငွေ ငါးဆယ်တန် တစ်ချပ် ထုတ်ပေးလိုက်တော့ ရယ်သံတွေတောင် ထွက်လာတယ်။ ပိုက်ဆံကို သေသေချာချာ ကြည့်ပြီး သဘောတွေ ကျနေလိုက်တာလေ။

"မေ့........မေ့..."

"ဆရာ ပေးလိုက်တာကို သူ မသုံးဘဲ သူ့အမေကို ပေးမယ်လို့ ပြောနေတာ ဆရာ။ သူ့အမေကို သူ သိပ်ချစ်တယ်။ လုပ်ခလေး ဘာလေးရရင် ပြေးပေးတာ ဆရာရဲ့။ အလုပ်ကတော့ ဘောက်လုပ်ရတာဆိုတော့ ခေါ်ခိုင်းသူ ရှိရင်တော့ အလုပ်ရှိတက်တယ်။ ခက်တာက သူက ဆွံ့ အနားမကြားသူဆိုတော့ ခိုင်းသူတွေမှာရော၊ သူ့မှာပါ အခက်အခဲတွေ ရှိတက်တယ်။ ဆိုပါတော့ ကမ်းနားမှာ သစ်တုံးကြီးတွေ၊ သစ်ချောင်းတွေ ထမ်းချတယ် ဆိုပါတော့။ သစ်ချောင်းကြီးတွေချရင် တစ်၊ နှစ်၊ သုံး ဆိုပြီး တိုင်မင်ယူပြီး နှစ်ယောက်စလုံးက ပြိုင်တူပစ်ချရတာ။ သူက တိုင်မင်ခေါ်တာကို မကြားတော့ သူများက ချလိုက်တုန်း သူက မချမိတော့ ဒဏ်ရာ ကြီးကြီးကျယ်ကျယ် ရသွားခဲ့ဖူးတယ်။ ခိုင်းတဲ့လူကလည်း ဆေးဖိုးဝါးခပေးရတာရော၊ တာဝန်ကြီးတာရောကြောင့် နောက်မခိုင်းရဲတော့ဘူး" ကျောင်းဆရာမလေးက ရှင်းပြတာပါ။ ဖိုးရွှေအ ကတော့ သူ့အကြောင်း ရှင်းပြနေတာကို သိပုံရရဲ့။ ကျုပ်ကို တစ်လှည့်၊ ဆရာမလေးကို တစ်လှည့် ကြည့်တယ်။ တစ်ခါတုန်းက သဘော်ပျက်ဆယ်တဲ့ လုပ်ငန်းတစ်ခုက ဖိုးရွှေအကို သနားတာနဲ့ အလုပ်ပေးတယ်။ သည်လုပ်ငန်းက ခေတ်မီယန္တရားတွေနဲ့ သဘော်ပျက်ကြီးကို ရေထဲက ဆွဲမရတာမျိုး မဟုတ်ဘူး။ မြန်မာ့ရိုးရာရှေးရိုးနည်းနဲ့ လုပ်အားတော်တော်များများ သုံးပြီးဖော်ကြရတာလေ။ ပီပါတွေ တော်တော်များများ သုံးပြီး ကိုယ်ကျရာ ထောင့်က မခိုမကပ်၊ မပင်မပန်း အားသွန်ကြရတာမျိုး။ တစ်ခါတော့ ဖိုးရွှေအကြောင့် ပီပါခွံတွေ တော်တော်များများ မြစ်ရေထဲ ကျကုန်တယ်။ သူကလည်း အော်ရှာပါတယ်။ ဒါပေမဲ့ အရေးတကြီး အော်တယ်လို့ မထင်ကြဘူး။ သီချင်းအော်ဆိုနေတာပဲလို့ ထင်လိုက်ကြတယ်။ မြစ်ရေစီးထဲ ပီပါတွေ တော်တော်ဝေးဝေး ရောက်ခါမှ သိလို့ အမြန်လိုက်ဆယ်ကြရသတဲ့။ သည်မှာတင် ဖိုးရွှေအလည်း အလုပ်ပြုတ်ရော။ ဒါက ပီပါတွေ ပြုတ်ကျလို့ကိုး။ လူသာ ကျသွားရင် ဘယ့်နှယ်လုပ်မလဲလို့ စဉ်းစားကြပြီး အန္တရယ် ရှိတယ်ဆိုတာ သိလို့ သနားပေမယ့် ဖြုတ်လိုက်ကြရတာတဲ့လေ။

တစ်ခါကလည်း ရေနံစိမ်းက ဆီချက်တဲ့ လုပ်ငန်းတစ်ခုက မြို့နဲ့ဝေးဝေး ရွာကလေးတစ်ရွာမှာ သွားလုပ်ကြတော့ ဖိုးရွှေအကို ခေါ်သွားကြတယ်။ ထမင်းလည်း ကျွေး၊ လစာကောင်းကောင်းလည်း ပေးပေါ့။ အလုပ်ကတော့ အလုပ်ကြမ်းပေါ့လေ။ ဒါပေမယ့် ငါးရက်လား ကြာတယ်။ ဖိုးရွှေအရက်ကွက်ထဲ ပြန်ရောက်လာသတဲ့။ ရက်ကွက်က လူတွေက ဖိုးရွှေအ ဘာဖြစ်လို့ ပြန်လာတာလဲ။





လခကောင်းကောင်းရတာ လုပ်ရောပေါ့ဆိုတော့ ဖိုးရွှေအ က စာနဲ့ ထပ်ရေးပြသတဲ့လေ။ "ငှက်ဖျားရောဂါ ဖြစ်တက်သည်"တဲ့။ ရက်ကွက်က လူတွေကတော့ ရယ်ရခက်၊ ငိုရခက်လေ။

သူ့အကြောင်း တော်တော်များများကို ဆရာမလေးက ရှင်းပြတာကို သူက ပြုံးပြီးကြည့်နေတယ်။ ကျုပ်က လက်က နာရီကို ၁၂ နာရီ နေရာကို ထိုးပြပြီး နောက်တစ်ရက် သည်အချိန် သည်ကို လာခဲ့၊ နိပ်ပေးပါဦး ဆိုတာမျိုး လုပ်ပြတော့ သူက ခေါင်းညိတ်ပြတယ်။ ခဏနေတော့ ရင်ကလေးကော့၊ ပုဆိုးချက်ပြုတ်ကို တင်းအောင် ပြန်ဝတ်ရင်း ပြန်သွားတယ်။ အဲသည်ကတည်းက ပါပဲ။ နေ့ခင်း ၁၂ နာရီဆိုရင် ဖိုးရွှေအ ကျုပ်ဆီ ရောက်ရောက်လာတတ်တယ်။ သူ့လက် သန်သန်ကြီးတွေနဲ့ နိပ်ပေးတယ်။ ဖက်ကြော လျှော့ပေးတယ်။ ပြန်ခါနီးရင်တော့ လက်ညှိုးတစ်ချောင်း ထောင်ပြတက်တယ်။ ငွေတစ်ရာ ပေးပါပေါ့လေ။ တစ်ခါတစ်ခါတော့ ဘောင်းဘီရှည်ပါရင် ပေးပါလို့ တောင်းတတ်တယ်။ မင်းက ဝတ်လို့လားဆိုတော့ သူ့မှာ နှစ်ထည်ရှိသတဲ့။ နောက်နေ့ ဝတ်ခဲ့၊ ကြည့်မယ်ဆိုတော့ တကယ့်ကို သူပိုင် ဂျင်းဘောင်းဘီဟောင်းကို ဝတ်ပြီး လာပြတယ်။ တချို့ရက်တွေမှာတော့ ကျုပ် ချွတ်ထားတဲ့ နေကာမျက်မှန်ကို ပြရင်းသူ့ပေးပါလားတဲ့။ တစ်ခါတစ်ခါတော့ စားပွဲပေါ်က Body Spray ဘူးကို မပြောမဆို ကောက်ကိုင်ပြီး သူ့ တစ်ကိုယ်လုံး ကြိုင်သွားအောင် တရှူးရှူး ပန်းတော့တာပါ။ ကျုပ်က မိန်းမ၊ ဒါမှမဟုတ် ရည်းစား ရှိသလားဆိုတာမျိုး လက်နှစ်ချောင်း ပူးပြတော့ ရှိတယ်တဲ့။ ရည်းစားလား၊ မိန်းမလား ဆိုတာမျိုး သူ သဘောပေါက်အောင် မေးတော့ ဟိုဝေးဝေးကို ထိုးပြ၊ နောက် ပူးပြ၊ နောက် ဝေးဝေးကို ထိုးပြ လုပ်ပြတယ်။ ရည်းစားပေါ့။ အတူတူ မနေသေးတဲ့ ပူးတွဲခွာတုံ အဆင့်ပေါ့။ ကြာကြာပေါင်းကြည့်တော့ သည်ကောင် ဖိုးရွှေအ က လူလည်ရယ်။ ကျုပ်ပြောဦးမယ်။

ဖိုးရွှေအက နေ့လယ်ဘက် ကျုပ်ဆီ ရောက်ရောက်လာပြီး ကျုပ်စာရေးနေတဲ့ ပြတင်းပေါက်ကနေ မျက်ရိပ်မျက်ကဲ ပြတက်တယ်။ ဘာခိုင်းဦးမလဲပေါ့လေ။ ကျုပ်က လက်တံတောင်ဆစ်ကို လက်နဲ့ ထောင်ပြပြီး ပါးစပ်က ပိုက်ကို စုပ်တဲ့ပုံ လုပ်ပြရင် သူ သိတယ်။ ပိုက်ဆံလှမ်းတောင်းပြီး ထွက်သွားတော့တာပဲ။ ခဏနေတော့ မနီးမဝေး အအေးဆိုင်က ဖွင့်ထားတဲ့ အအေးပုလင်းတစ်လုံးနဲ့ ဖန်ခွက်တစ်လုံး ပါလာတက်တယ်။ ကျုပ်ကြိုက်တဲ့ ဖရုတိုပါပဲ။ တစ်ခါက သူ့ လက်ဖဝါးမှာ ဖရုတိုလို့ ရေးပြလိုက်ဖူးတာကို ဖိုးရွှေအ က မှတ်ထားတာကိုး။ ကျုပ်လည်း တခြားတံဆိပ် သောက်ချင်ရင်တောင် မရတော့ပါဘူး။ ဝယ်ခိုင်းသမျှ ဖရုတိုပါပဲ။ လက်ဖက်ရည် ဝယ်ခိုင်းရင် "ပေါ့တိမ့်" ပဲ။ ဒါတော့ သူ ပြောတတ်တယ်။ တစ်ခါကတော့ ဖိုးရွှေအကို ခေါင်းကိုခေါက်၊ ဆံပင်ကို ဆွဲပြပြီး ခေါက်ဆွဲ ဝယ်ခိုင်းတယ်။ နှစ်ရာတဲ့။ ဒါနဲ့ငွေနှစ်ရာပေး၊ အိမ်ရှင့် စက်ဘီးကိုပါ ခဏငှားပေးလိုက်ပြီး စောင့်လိုက်

တာ ညနေစောင်းမှ ပြန်လာတယ်။ ကျုပ်က ဘယ်လိုဖြစ်တာတုံးကွာ ဆိုတော့ ကြော်နေလို့ပါတဲ့။ ကြော်...ကြော်ပါဦးကွာ။ မင်းဟာက လွန်တယ်ဆိုပြီး စိတ်ပျက်တဲ့ပုံ လုပ်ပြတော့ ကြက်အတောင်ပံ ခတ်တဲ့ပုံ လုပ်ပြပြီး အဲဒါမရှိလို့တဲ့။ ဘယ်လောက်ကျသလဲဆိုတော့ နှစ်ရာတဲ့။ ငါ သွားမေးမှာနော် ဆိုတော့ မျက်နှာကြီးတင်းပြီး "အော်အေ့....အော်အေ့...."လုပ်တော့တာပဲ။ သွားမေး၊ သွားမေး ပေ့ါလေ။

ဖိုးရွှေအက ဗီဒီယိုကိုတော့ ကြိုက်တယ်။ ညဘက် သူ ကြည့်ဖြစ်တဲ့ ဗီဒီယိုကားကို နောက်တစ်နေ့ စိတ်လိုလက်ရ ကျုပ်ကို ပြန်ပြောတက်သေးတယ်။ မင်း ဗီဒီယို ကြိုက်ရင် ရန်ကုန်လိုက်ခဲ့ပါလား ဆိုတော့ "မေ့"တဲ့။ ပြီးတော့ ရိုက်တဲ့ပုံ လုပ်ပြလိုက်သေးတယ်။ အမေ ရိုက်လိမ့်မယ်ပေ့ါ။ ဒါနဲ့ ကျုပ်က မင်း အမေက မဟုတ်ပါဘူးကွာ။ မင်း ကောင်မလေးက မလိုက်ခိုင်းတာ မဟုတ်လားလို့ မေးတော့ လက်ဟန်ခြေဟန်ကို ကြည့်ပြီး ဟုတ်တယ်တဲ့။ နာမည် ဘယ်သူလဲလို့ ကျုပ်က စာနဲ့ ရေးပြီးမေးတော့ "မိညို"လို့ ရေးပြတယ်။ မင်းနာမည်ကကောဆိုတော့ "စန်းအောင်"တဲ့။ ဒါနဲ့ ကျုပ်က "စန်းအောင်ညို"ပေ့ါ ဆိုတော့ ဖတ်ပြီး ရယ်လိုက်တာလေ။ အမေက သဘောတူလားဆိုတော့ တူတယ် လို့ ရေးပြတယ်။ ဒါနဲ့ ကျုပ်က "မိန်းမတွေ ပေါပါတယ်ကွာ။ မိညိုကို မကြိုက်ပါနဲ့" လို့ ရေးပြတော့ သူက ပြန်ရေးပြတယ်။ "မိညိုလည်း မိန်းမပဲ" တဲ့လေ။ ကျုပ်က ရယ်တော့ သူကလည်း ရယ်တယ်။

တစ်နေ့တော့ သူ့လည်ပင်းမှာ ကုတ်ခြစ်ထားတဲ့ ဒဏ်ရာတွေ ညိုမည်း ပွထနေတယ်။ မျက်နှာလည်း မကောင်းဘူး။ နားထင်မှာလည်း ပလာစတာနှစ်စ ကပ်ထားလို့ ဘာဖြစ်တာလဲမေးတော့ သူ့ ကောင်မလေးက ကုတ်တာတဲ့။ ကျုပ်က လက်သီးထိုးတဲ့ပုံ လုပ်ပြပြီး "ရန်ဖြစ်တာလား" ဆိုတော့ ခေါင်းညိတ်တယ်။ နောက် သူ့ ဒဏ်ရာတွေ တစ်ခုခြင်း ပြတယ်။ ဒါဆိုရင် မိညိုကို မချစ်နဲ့တော့လို့ စာနဲ့ ရေးပြလိုက်တော့ ဖိုးရွှေအ တွေသွားတယ်။ တော်တော်ကြာမှ ကျုပ်ဆီက ဘောပင်ကို ယူပြီး စာတစ်ကြောင်း ရေးပြတယ်။ "မိညို ကုတ်တာ မနာပါဘူး" တဲ့လေ။

ဖိုးရွှေအ က ရှင်းပြတဲ့ လက်ဟန်ခြေဟန်ကို အခုတော့ ကျုပ် တော်တော် နားလည်နေပြီ။ ကျုပ်က မေးတာ၊ ပြောတာတွေလည်း ဖိုးရွှေအ က နားလည်နေပြီ။ သိပ်မေးလို့ မရရင်တော့လည်း စာရေး မေးရတာပေ့ါလေ။ သည်တော့ သူက သူ့ရင်ထဲ ရှိတာ အရင်းတိုင်း ဖြေတာပါပဲ။ များသောအားဖြင့် ကတော့ ကိုယ်ဟန်အမူအရာနဲ့ ပြောရတဲ့ "ဘော်ဒီလင်ဂို" နဲ့ ပြောတာ များပါတယ်။ သူကလည်း နားလည်တယ်။ ကျုပ်ကလည်း သိတယ်။





နေ့လယ်ခင်း တစ်ခုမှာတော့ ဖိုးရွှေအက ဂျင်း မဟုတ်တဲ့ ဘောင်းဘီရှည် အမည်းကြီး ဝတ်လာတယ်။ လက်ထဲမှာလည်း ဂစ်တာဟောင်း တစ်လက် သူများဆီက ငှားလာပုံ ရတယ်။ အင်္ကျီက ရင်ဘတ်ဟာခွဲနဲ့ ဂစ်တာကိုင်ပြီး ဝင်လာတဲ့ ဖိုးရွှေအကို ကျုပ်က မမှတ်မိဘူး။

ဝင်လာတာကလည်း အေးအေးသက်သာ မဟုတ်ဘူး။ ခပ်သုတ်သုတ် ဝင်လာတာပါ။ ကျုပ်နဲ့တွေ့ တော့ ဓာတ်ပုံမြန်မြန်ရိုက်ပေးစမ်းပါတဲ့။ ဘောင်းဘီရော၊ ဂစ်တာရော ပြန်ပေးရတော့မှာတဲ့။ လက်ညှိုးကို အပေါ်အောက် ဆွဲဆွဲပြလိုက်သေးတယ်။ နာရီဝက်ပဲ အချိန်ရတယ်ပေ့ါ။ ဒါနဲ့ ကျုပ်ကလည်း နှင်းဆီပန်းရုံ နောက်ခံနဲ့ ဓာတ်ပုံရိုက်ပေးလိုက်တယ်။ ဖိုးရွှေအက ကုလားထိုင်စွန်းမှာ တင်ပါးလွှဲထိုင်ရင်း၊ ဂစ်တာကို ဟန်ပါပါ ကိုင်ရင်း ကင်မရာကို ပြုံးပြုံးကြီးကြည့်ပြီး အိုက်တင်ပေး နေတာ ရယ်စရာကြီး။ ကျုပ်က သူ လုပ်ပြနေတာ ရယ်ရတာနဲ့ နောက်ထပ်တစ်ပုံ ရိုက်မယ်ဆိုတော့ နေဦး၊ နေရာပြောင်းဦးမယ်တဲ့။ သည်တစ်ခါတော့ လက်ထဲက ဂစ်တာကြီး ဘေးချပြီး ခါးထောက်၊ ခြေထောက်ကို ခပ်ကားကားချဲ့ပြီး အရိုက်ခံတာ။ရိုက်ပြီးတာနဲ့ ဂစ်တာဆွဲပြီး ခပ်သုတ်သုတ် ပြေးတော့တာပဲ။ သူများ ဘောင်းဘီနဲ့ ဂစ်တာ ပြန်ပေးရသေးတာလေ။

နေ့လယ်ကျတော့ တစ်ခေါက်ပြန်လာတယ်။ ကျုပ်ကို နှိပ်ပေးရင်းက လက်တို့ပြီး ငွေနှစ်ရာ တောင်းပြန်ရော။နှစ်ရာတော့ မရဘူးကွာ၊ တစ်ရာပဲ ဆိုပြီး လက်တစ်ချောင်း ထောင်ပြတော့ နှစ်ရာပဲ ပေးပါတဲ့။ နှိပ်နေရင်းက ရပ်ပြီး သူချွတ်ထားတဲ့ ခြေညှပ်ဖိနပ်ကို သွားယူပြတယ်။ ဖိနပ်က အောက်ခံဆိုးပြား ကွာနေပြီ။ ဖိနပ်အသစ် ဝယ်ချင်လို့ တောင်းတာ ထင်ပါရဲ့။ ဒါနဲ့ ကျုပ်က ပေးလိုက်တယ် ဆိုပါတော့။ နောက်တစ်နေ့ကျတော့ ဖိုးရွှေအက ကတ္တီပါကွပ် ပွဲနေပွဲထိုင် ဖိနပ် အနီရောင်ကြီးနဲ့ ပေါက်ချလာပါလေရော။ ရောက်ရောက်ချင်း စာရေးစားပွဲဆီ ပြေးလာပြီး သူ ဖိနပ်ဝယ်လာခဲ့ကြောင်း လာပြတယ်။ ကျုပ်က ဘယ်လောက်ပေးရသလဲဆိုတော့ လက်ငါးချောင်း ထောင်ပြပြီး ငါးရာတဲ့။ ပိုက်ဆံက ဘယ်ကရသေးလို့တုံးဆိုတော့ စုထားတာတဲ့။ ကျုပ်က မင်းဖိနပ် က ငွေါဖိနပ်ထက်တောင် ကောင်းနေပါရောလားဆိုတော့ သူ့ဖိနပ်ကို ကိုင်ပြီး ယပ်ခတ်ပြတယ်။

တစ်ခါတော့ သည်ကောင် ဘာလုပ်ပြန်တုံးဆိုတော့ မျက်နှာသေကလေးနဲ့ ကျုပ်ဆီ ရောက်လာ တယ်။ မျက်နှာက တော်တော့်ကို မကောင်းတဲ့ပုံနဲ့ပေ့ါလေ။ အမြဲတမ်း ပြုံးနေတက်တဲ့ကောင်က သည်တစ်ခါ မျက်နှာကလေး ညှိုးနေတော့ ကျုပ်က ဘာဖြစ်တာလဲမေးတော့ ခေါင်းခါတယ်။ မပြောပါရစေနဲ့ ဆိုတဲ့ပုံ။ ပြောပါကွာဆိုတော့ ဟိုးခပ်ဝေးဝေးကို လက်ညှိုးထိုးပြရင်း သစ်ပင်ကို ဓားနဲ့ ခုတ်တဲ့ပုံလုပ်ပြတယ်။ ထင်းသွားခုတ်ရမှာပေ့ါ။ ဟုတ်လားလို့ဟန်နဲ့ ပြန်မေးတော့ ခေါင်းညိတ်တယ်။

သူ သွားရတော့မယ်။ ကြာလည်း ကြာမယ်ဆိုတဲ့ ပုံဖမ်းပြီး စားပွဲဘေးမှာ အကြာကြီး ထိုင်နေတာကလား။ ကျုပ်ကလည်း ဘာပြောရမှန်းလည်း မသိဘူး။ ဘာပဲဖြစ်ဖြစ် သံယောဇဉ်ကလေးကလည်း ဖြစ်နေပြီဆိုတော့ လက်တို့ပြီး လူဆိုတာ အလုပ် လုပ်ရမှာပေါ့။ မင်းသွားတော့ ပိုက်ဆံရတာပေါ့။ ပိုက်ဆံရတော့ မင်းအမေ သုံးရတာပေါ့၊ ကုသိုလ်ရပါတယ်ကွာလို့ စာနဲ့ ရေးပြတာကို ပြလိုက်တယ်။ စာလည်း ဖတ်ပြီးရော ဖိုးရွှေအ ငိုပါလေရော။ ဒါနဲ့ ကျုပ်ကလည်း နှစ်ရာတန် တစ်ချပ်ပေးရင်းက နှုတ်ဆက်လိုက်ရတာပေါ့လေ။ ဝေးပြီပေါ့၊ ဖိုးရွှေအနဲ့ သည်တစ်ခါ ဝေးရပြီပေါ့။ ဘယ်ဟုတ်ပါ့မလဲ။ နောက်တစ်ရက် မလာဘူး။ နှစ်ရက်မြောက်တဲ့ နေ့ကျတော့ ဖိုးရွှေအ ပေါက်ချလာတယ်။ ထုံးစံအတိုင်း ခပ်ပြုံးပြုံးပါဘဲ။ ကျုပ်က မင်း ဘယ်လိုဖြစ်လို့ ပြန်လာတာလဲ။ ထင်းမခုတ်ရတော့ဘူးလားဆိုတော့ ကောင်းကင်ကို လက်ညှိုးထိုးပြတယ်။ ကျုပ်က နားမလည်ဘူး။ သည်တော့ သူက မိုးတွေ ရွာချတဲ့ပုံလုပ်ပြတယ်။ မနေ့ညက မိုးရွာလို့ ထင်းလှေမထွက်နိုင်တော့ သူလည်း မသွားရတော့ဘူးပေါ့လေ။ဒါနဲ့ ကျုပ်က ဒါဆို ငွေ့ငွေနှစ်ရာ ပြန်ပေးဆိုပြီး ပိုက်ဆံပြန်တောင်းတဲ့ ဟန် လုပ်ပြတော့ ဖိုးရွှေအက ရယ်တယ်။ 'အို..အိ'တဲ့ ကုန်ပြီပေါ့။ ကျုပ်က မရဘူး၊ ပြန်ပေးရမယ် ချည်းလုပ်တော့ ကောင်မလေးနဲ့ လျှောက်လည်တာပါတဲ့။ လက်ညှိုးတွေလည်း ထိုးပြရဲ့၊ အဝေးကြီးသွားကြတာမျိုးလည်း လုပ်ပြရဲ့။ ဘယ်သွားကြသလဲဆိုတော့ ဘုရားရှိခိုး ပြတယ်။ ထင်းခုတ်ထွက်မယ်ဆိုပြီး တောင်းသွားတဲ့ ပိုက်ဆံနဲ့ ချစ်သူခေါ်ပြီး ဘုရားသွားဖူးတဲ့ ဖိုးရွှေအကို ကျုပ်က သဘောကျနေတာပါ။ ဖိုးရွှေအနဲ့ အနေကြာလာတော့ စာနဲ့တောင် သိပ်ရေးပြမနေရတော့ဘဲ ဘော်ဒီလင်ဂို နည်းကို ချည်း သုံးပြီး ပြောနိုင်တာကို ကျုပ်ဟာကျုပ် သတိထားမိတယ်။ တစ်ခါတစ်ခါဆိုရင် ဘော်ဒီလင်ဂိုသုံးပြီး ပြောနေမိတာ အကြာကြီး။ ဖြစ်သားပဲ။ သူကလည်း အိုကေ၊ ကျုပ်ကလည်း အဆင်ပြေ။ စကားလည်း မပြောတက်၊ နားလည်း မကြားတဲ့ ဖိုးရွှေအနဲ့ ကျုပ်ကြားမှာ လူတွေမှာ အရေးကြီးလှပါတယ်ဆိုတဲ့ နားနဲ့ ပါးစပ်ဟာ သိပ်တောင် အရေးမပါတော့ဘူး ပြောပါတော့။

တစ်ခါတော့ ကျုပ်က ဖိုးရွှေအတို့ ရက်ကွက်ကလေးနဲ့ ဝေးတဲ့ မြို့ထဲကို ရွှေ့လာခဲ့တယ်။ နယ်ကို ခဏပြန်ကြတဲ့ သူငယ်ချင်း လင်မယားက သူတို့ အိမ်မှာခဏနေပေးပါဆိုတာနဲ့ ကျုပ်လည်း ပြောင်းခဲ့တာပါ။ ပြီးတော့ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ အဆင်ပြေတဲ့အပြင် မြို့ထဲဆိုတော့ ရေးပြီးသား စာမူလေးတွေ ပို့ရပြုရတာ အဆင်ပြေလို့ ရွှေ့ခဲ့ရတယ်ပဲ ပြောပါတော့။ ဖိုးရွှေအကလည်း ကျုပ်ရှိတဲ့ မြို့ထဲက တိုက်ခန်းကို တစ်ခေါက်ပြထားတာနဲ့ ရောက်ရောက်လာတတ်တယ်။ တစ်ခါတစ်ခါ သူက ကုန်းကြောင်း လျှောက်လာတာပါ။ တော်တော်ဝေးဝေး လျှောက်လာရတော့ ရောက်လာရင် မောမောနေတက်တယ်။ သည်တော့ကျုပ်က သူငယ်ချင်းလင်မယားရဲ့ရေခဲသေတ္တာကို ဖွင့်၊ အချိုရည်တစ်ဘူး ဖောက်တိုက်လိုက်ရင် ဖိုးရွှေအ သိပ် သဘောကျတာကလား။ နောက်တော့



ရောက်လာရင် ကျုပ်ပေးတာတောင် မစောင့်တော့ဘူး။ သူ့ဟာသူ ဖွင့်ပြီး သောက်တော့တာ။ သည်လိုနဲ့ ဖိုးရွှေအ တီဗွီဖွင့်တက်တယ်။ ဗီဒီယိုပြစက်ထဲ အခွေထည့်ဖွင့်တက်လာတယ်။ လျှပ်စစ်မီးပူနဲ့ သူ့တီရှပ်ပောင်းကို မီးပူတိုက်ချင်ရင်လည်း တိုက်နေတတ်တယ်။ တစ်ခါတစ်ခါ အိမ်ရှင်လင်မယားရဲ့ ကလေးတွေကစားတဲ့တီဗွီဂိမ်းတောင် ကစားနေတတ်ရဲ့။ ဒါတင် ဘယ်ကပဲ့မလဲ။ ဖိုးရွှေအက မတ်တတ်ပန်ကာကိုဖွင့်၊ ရေခဲသေတ္တာထဲကအချိုရည်ဘူးထုတ်သောက်၊ ဗီဒီယိုပြစက်ကို ဖွင့်ထားပြီး ဒရင်းဘက်ပေါ်မှာ ခြေဆင်းနေတာများ အကြာကြီး။ တစ်ခုတော့ ရှိတယ်။ ဖိုးရွှေအ ကက်ဆက်တော့ ဘယ်တော့မှ မဖွင့်ဘူး။ ကက်ဆက်ခွေတွေကိုတော့ ကြည့်တယ်။ အသံတစ်မျိုးနဲ့ အဆိုတော်တွေ နာမည်တွေကိုတော့ လျှောက်ဖတ်နေတတ်တယ်။ ဒါပေမဲ့ ဘယ်တော့မှ ဖွင့်မကြည့်လေဘူး။ အသံမကြားရလို့များလားတော့ မသိဘူးပေါ့လေ။ ဒါပေမဲ့ သည် ပစ္စည်းတွေ သုံးပြီး သူ နေချင်တိုင်း နေခွင့်ရပေမယ့် ဖိုးရွှေအက သည်ကိစ္စတွေပေါ်မှာ အာရုံရှိနေတာမျိုး၊ သာယာနေတာမျိုး မတွေ့ရဘူး။ သည်ပစ္စည်းတွေနဲ့ ပက်သက်လို့ အံ့လည်း မအံ့သြဘူး၊ ထူးဆန်းတယ်လို့လည်း မထင်ဘူး။ ဒါပေမဲ့ တစ်နေ့တော့ သူ မထင်မှတ်ဘဲ အံ့သြသွားရတဲ့ ကိစ္စ တစ်ခု ဖြစ်သွားခဲ့တယ်။ ဘာမှ မဟုတ်ပါဘူး။ လျှပ်စစ်ထမင်းအိုးနဲ့ ကျုပ် ထမင်းအိုးတည်နေတုန်း သူ ရောက်လာတာပါ။ ထမင်းပေါင်းအိုးထဲက ထမင်းကို ခါတိုင်း ရောက်လာရင် ခူးစားနေကျပေမယ့် သည်အိုးနဲ့ ထမင်း စချက်တာကို သူ မတွေ့ဖူးဘူး။ အဲဒီနေ့က ဆန်ချင်ထည့်တာရော၊ ရေချင်ထည့်တာရော၊ မီးဖွင့်လိုက်တော့ ထမင်းချက်နေတယ် ဆိုတာပြတဲ့ မီးနီ ကလေး လင်းနေတာရော၊ နပ်သွားတော့ နပ်မီးကလေး ပြောင်းပြီး လင်းသွားတာရော အစအဆုံး ကြည့်နေတယ်။ ထမင်း ကျက်လို့ ကျုပ်က ထမင်းအိုးကို ဖွင့်ပြလိုက်တော့ ကော့ပြီး မွှေးနေတဲ့ ထမင်းတွေကို ကြည့်ပြီး အင်မတန် ကျယ်လောင်တဲ့ အံ့သြမှုနဲ့ ထ အော်တယ်။ ကျုပ်ကိုလည်း သည်တော့မှ အံ့သြတကြီး ကြည့်တယ်။ ကြည့်စမ်း၊ ဒါကြီးနဲ့ ထမင်းချက်တတ်တဲ့ လူပါလားဆိုတဲ့ပုံနဲ့ ထမင်းအိုးနဲ့ ကျုပ်ကို တစ်လှည့်စီ ကြည့်တယ်။ နောက်နေ့တွေကျတော့ သူ့ကို ထမင်းအိုးချက်တာ ပြထားလိုက်တော့ ချက်တတ်သွားတယ်။ ထမင်းများ ချက်ရမယ်ဆိုရင် ပျော်နေတော့တာလေ။ သည်ထမင်းအိုးကို ကျုပ်တီထွင်တယ်များ ထင်သလား မသိဘူး။ ဘယ်တော့မဆို ထမင်းကျက်သွားတိုင်း ထမင်းအိုးကို ကြည့်တယ်။ ပြီးတော့ ပါးစပ်က တအံ့တသြ ထ ထ အော်တယ်။

ကျုပ် သိပါတယ်။ ဖိုးရွှေအက ကျုပ်ကို အထင်ကြီးနေပြီ ဆိုတာ။ ခေတ်ပေါ် လူ့အသုံး အဆောင်တွေနဲ့ နေသားကျလာတဲ့ ဖိုးရွှေအက ကျုပ်ကို ကြည့်ပြီး ကျုပ် ဖြစ်ချင်နေပုံလည်း ရရဲ့။ ကျုပ်နဲ့ ဖိုးရွှေအ ကြားမှာ သူ့ဘက်က မသိတာတစ်ခုပဲ ရှိတော့တာပါ။ သူက ကျုပ်ဖြစ်ချင်နေချိန်မှာ ကျုပ်က သူ ဖြစ်ချင်နေတာလေ။ သူက ကျုပ်ကို အားကျနေချိန်မှာ ကျုပ်က သူ့ကို အားကျနေတာလေ။

# သာဒွန်း





{၁}

အခုပြောမယ့် အကြောင်းအရာက သူကြီးခေတ်က ဖြစ်ခဲ့တာလေးပါ။ တချို့က အခု မနေ့တစ်နေ့က ဖြစ်တယ်လို့ ထင်မှာစိုးလို့ ပြောရတာ။ သိပ်ထူးထူးဆန်းဆန်းကြီးတော့လည်း မဟုတ်ဘူး။ လူငါးယောက်နဲ့ က ခဲ့တဲ့ တစ်ခန်းရပ် ပြဇာတ်ကလေး တစ်ပုဒ်အကြောင်း ဆိုပါတော့။

{၂}

သဖန်းချောင်း ဘုန်းကြီးက ရွာဆွမ်းသိမ်းပွဲအတွက် အစည်းအဝေး ခေါ်တယ်။ သွားကြရတော့တာပေါ့။ တစ်နယ်လုံးက ကြည်ညိုတဲ့ ဆရာတော်ကြီးကိုး။ သဖန်းချောင်းက မြို့မဟုတ်တော့ ရွာထဲက အပိုင်း အပိုင်းလေးတွေ အစုလေးတွေကို ရက်ကွက်လို့မခေါ်တော့ဘူး။ အစုတဲ့၊ ချောင်တဲ့၊ ထားပါတော့လေ ချောင်ပဲ။ သဖန်းချောင်းမှာ ချောင်ငါးခု ရှိတယ်။ လက်ခုပ်ချောင်တဲ့၊ အလိုလေးချောင်တဲ့၊ ဘောဂချောင်တဲ့၊ မြို့မတဲ့၊ မင်းလမ်း တဲ့။ မြို့မနဲ့ မင်းလမ်းက နည်းနည်းအလယ်ကျပြီး ပိုက်ဆံရှိတဲ့ လူ ပေါတဲ့ အစုတွေပါ။ လက်ခုပ်ချောင်၊ အလိုလေးချောင်၊ ဘောဂချောင်တွေကတော့ ဆင်းဆင်းရဲရဲ လက်လုပ်လက်စား များတယ် ပြောပါတော့။

ဘာပဲဖြစ်ဖြစ် နှစ်စဉ် လုပ်နေကျ ဆွမ်းသိမ်းပွဲကြီး ဒီနှစ်လည်း စည်ကားချင်တော့ တစ်ရွာလုံး ပါရတော့တာကိုး။ တစ်ချောင် သုံးယောက်ကျနဲ့ အစည်းအဝေးတက်တော့ ဘောဂချောင်က လူကြီးသုံးယောက်လည်းပါတယ်။ ထုံးစံအတိုင်းပေါ့၊ သူကြီးက ဆွမ်းသိမ်းပွဲ အစီအစဉ်တွေ နှစ်စဉ်နှစ်တိုင်းလိုပဲ စည်စည်ကားကား ဖြစ်ချင်တဲ့အကြောင်း၊ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းတွေနဲ့ မနှစ်က စီစဉ်သွားတာ တော်တော်လေး အဆင်ပြေတဲ့အကြောင်း၊ သည်နှစ်တော့ တစ်ချောင်တစ်မျိုး တာဝန်ယူပြီး ကြည့်ချင်ပွဲလေးလုပ်ရင် ပိုများ သင့်မြတ်မလားလို့ ထင်ကြောင်း၊ ရွာကလည်း ခေါင်တော့ ကိုယ့်အရပ်ကိုယ့်ဇာတ်လေးလုပ်ပါမှ ရွာသူရွာသားတွေ ကြည့်ကြရမှာဖြစ်ကြောင်း အမိန့်ရှိတော့ သင့်မြတ်ပါတယ် ဘုရားပေါ့။ ကတိပေးကြတယ်။ ဆွမ်းသိမ်းပွဲတွေကလည်း မိုးလေဝသ ကင်းမှဆိုတော့ လုပ်မယ်ဆိုရင်လည်း ဖြစ်နိုင်တော့ လွယ်လွယ်ပဲ ကတိပေးလိုက်ကြတယ်။ ဒါပေမယ့် အစည်းအဝေးပြီးလို့ အိမ်ပြန်ကြတော့ စိတ်ညစ်သွားတာ ဘောဂချောင်က လူကြီးသုံး ယောက်ပဲ။

"ကိုင်း...ဘယ့်နှယ့်လုပ်မတုံး...တစ်ချောင် တစ်မျိုးနဲ့....တာဝန်ယူပြီး ဇာတ်လမ်းကလေး သွင်းရမတဲ့...."

ဆိုတော့ ကျန်တဲ့ နှစ်ယောက်ကလည်း ဘာမှပြန်မပြောနိုင်ဘူး။ ကိုယ့်ချောင်အကြောင်း ကိုယ်သိတာကိုး။ ထိုးဇာတ်ကလေး နေနေသာသာ ထမင်းစားဖို့ ဖတ်သီဖတ်သီ ရှာနေရတဲ့ချောင်။ ပြေးကြည့်မှ တစ်ချောင်လုံး လူတစ်ရာ မပြည့်တဲ့ချောင်။

အဘိုးကြီး အဘွားကြီးတွေ၊ ကလေးတွေ၊ မိန်းမတွေ နုတ်လိုက်ရင် ယောကျ်ား သားဆိုလို့ ရှိလှမှ သုံးဆယ်ပေါ့။ အဲသည်အထဲမှာ လူငယ်ဆိုလို့ လေးငါးဆယ်ယောက်လောက် ရှိတယ်။ ကျန်တဲ့ ယောကျ်ားသားတွေကလည်း ကိုယ့်အသက်အရွယ်နဲ့ မျက်နှာချေ အဖွေးသား လိမ်းပြီး ဘယ့်နှယ်လုပ် ဇာတ်စင်ပေါ် တက်မတုံး။ ကိုင်း တက်ပါပြီတဲ့၊ ဘာ ကကြမှာတုံး။ ဘယ်သူ က သင်ပေးမှာတုံး၊ သူများချောင်တွေက ဖြစ်ပါတယ် ဆိုလို့သာကိုး၊ မခံချင်လို့သာ ခေါင်းညိတ်ရ တယ်၊ ကျုပ်တို့ ချောင်က၊ ဘာသွား ကမှာတုံး၊ စိတ်စက်များ ညစ်ပါတယ်၊ ပြန်သာ လာရတယ်၊ မျက်နှာ မကောင်းကြဘူး။ ရက်ကတော့ ရပါသေးတယ်။ သီချင်းကျွတ်မှ ဆိုတော့ လုပ်မယ်ဆိုရင် တိုက်ဖို့ပြုဖို့ ရက်ကလေးတော့ ရတယ်။ ဒါပေမဲ့ ဘယ်သူ ဘာဇာတ်ကို ကမှာတုံး၊ တစ်ယောက်က တော့ အကြံပေးတယ်။

"ကျုပ်တို့ချောင်က ယောကျ်ားလေးက နည်းရတဲ့အထဲ လူငယ်ကာလသားက ဘယ်နှစ်ယောက် ရှိလို့တုံး ..သည်တော့ ရှိတဲ့အထဲက သာဒွန်းတို့ တာဝန်ပေးရင် ကောင်းမလား..."

"မိန်းကလေးကကော...ဘယ်သူက မင်းသမီး လုပ်မှာတုံး၊ နေ့နဲ့ည ထဘီတောင် အနိုင်နိုင်လဲနေရတဲ့ ကလေးမတွေ...ဘယ်က ထဘီ၊ အင်္ကျီ ရမှာတုံး...ဒါလည်း တွက်ပါဦး...."

"အင်းဗျာ....ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"နေပါဦးဗျာ....သာဒွန်း မေးကြည့်ပါဦး"

လူကြီးတွေကလည်း တာဝန်သာ ယူလာတာ၊ ဘောဂချောင်က တင်ဆက်ရမယ့် တစ်ခန်းရပ်ပြဇာတ်ကို ဘယ်လိုမှ စဉ်းစားလို့ မရဘူး။ ဘာလို့လို့ လုပ်ရမှန်းလည်း မသိဘူး။ နောက်ဆုံးတော့ ချောင်ထဲက အမြဲမူးနေတဲ့ သာဒွန်းကို ဆရာတင်ဖို့ လုပ်ရတော့တယ်။ သာဒွန်းက ဟိုစပ်စပ် ဒီစပ်စပ်တော့ ပါတယ်။ စည်းလေး ဝါးလေး နည်းနည်းပါးပါး နားလည်တယ်။ ဒိုးလေး စခွန့်လေး တီးတက်တယ်။ သီချင်းလည်း ဆိုတက်တယ် ဆိုပေမယ့် နဲ့က စီရုပ်ဆိုရင် သူက ငါးပေါက် အောက်ပြန်လောက်နဲ့ အော်ချင်အော်နေတဲ့ ကောင်ပေမယ့် ဘောဂချောင်မှာတော့ သူလည်း တေးသံရှင် "ဘောဂချောင် သာဒွန်း"ပေါ့လေ။

"ဒီကောင် လုပ်ရင်တော့ ဖြစ်မယ် ထင်တာပဲဗျာ။ မေးကြည့်တာပေါ့...."

{၃}

သာဒွန်းနဲ့ သူ့သူငယ်ချင်းလေးယောက်က သူတို့ရှေ့က လူကြီး သုံးယောက်ကို အံ့သြတကြီး ကြည့်နေကြတယ်။ သူတို့တစ်သက် ချောင်က လူကြီးတွေက သည်လို ယုံယုံကြည်ကြည် တာဝန်ပေးတာမျိုး မရှိခဲ့ဖူးဘူး။ သူတို့ကို အားကိုးတယ်လို့လည်း တစ်ခါမှ ပြောဖူးတာ မဟုတ်ဘူး။ မင်းတို့ မရှိရင် ချောင်က ဘယ်လိုမှကို နာလန်ထူမှာ မဟုတ်ဘူး။ ဘောဂချောင်ရဲ့ ဂုဏ်သိက္ခာကို





မင်းတို့ ထိန်းသိမ်းရမယ် ဆိုတာမျိုးကိုလည်း သူတို့ မကြားဖူးဘူး။ ဒါပေမယ့် ကနေ့တော့ လူကြီးသုံးယောက်က ခေါ်တယ်ဆိုလို့ လာကြတော့ တကယ့်ကို တာဝန်ပေးနေပြီ။ တာဝန်ကလည်း ကြည့်ဦး။ တစ်ရွာလုံးက ကြည့်မယ် ပွဲတဲ့။ ဆွမ်းသိမ်းပွဲတဲ့။ ချောင်ငါးခု စလုံးက တစ်ချောင် တစ်မျိုး အသုံးတော်ခံကြမှာတဲ့။ ကိုယ့်ချောင်က ညှံ့ရင် ကိုယ်ခံတဲ့။ ပြဇာတ်၊ ထိုးဇာတ်၊ တစ်ခန်းရပ်၊ အော်ပရာ ကြိုက်ရာ တစ်ခုခု လုပ်တဲ့။ ဘယ်သူမှမစွတ်ဖက်စေရတဲ့။ ဘယ်သူကမှ မင်းတို့ကို ဩဇာမပေးစေရဘူးတဲ့။ ဘောဂချောင်မှာ ရှိတဲ့ ပစ္စည်းပစ္စယ ကြိုက်တဲ့ထဲက ကြိုက်တဲ့အိမ်က ယူသုံးခွင့်ပြုသတဲ့။ ဒါပေမယ့် ဆွမ်းသိမ်းပွဲမှာတော့ ဘောဂချောင်က တာဝန်ယူ တင်ဆက်မယ့် အခန်းတစ်ခန်းတော့ ပါကို ပါရမယ်တဲ့။

"ကိုင်း....မင်းတို့ ဖြစ်မလား သာဒွန်း "

သာဒွန်းကလည်း သူ့သူငယ်ချင်း လေးယောက်ကို လှမ်းကြည့်တယ်။ သူငယ်ချင်း လေးယောက်ကလည်း သာဒွန်းပြီးရင် ပြီးတာပဲဆိုတော့ သာဒွန်းကိုပဲ ပြန်ကြည့်တယ်။ အမှန်တော့ ကိုယ့်ချောင်အကြောင်း ကိုယ်သိတယ်။ အမည်ကသာ ဘောဂချောင်၊ ဆင်းရဲလိုက်ကြတာ တာတေလံလို့။ ဘယ်အိမ်မှ တံခါးရှိတာမဟုတ်ဘူး။ ဘယ်အိမ်ကမှ နွားတစ်ရှဉ်း၊ ကျွဲတစ်စီးပိုင်တာမဟုတ်ဘူး။ ဟင်းရွက်လေးခူးလိုက်၊ ကောက်သင်းလေး ကောက်၊ စပါးလေး ရိတ်နဲ့ ဝမ်းတစ်ထွာ ရှာရတဲ့ ချောင်မှာ တခမ်းတနား တင်ဆက်ရမယ့် ထိုးဇာတ် ဘယ်လို စီစဉ်မလဲ။ သာဒွန်း စဉ်းစားတယ်။

ခဏနေတော့မှ

"ရပါတယ်ဗျာ.....ကျုပ် လုပ်မယ်"

"ဟေ..."

လူကြီးသုံးယောက်ကတော့ ဝမ်းသာကြတာပေါ့။ ဆရာတော်ကိုလည်း လေးစား၊ သူကြီးကိုလည်း ကြောက်လို့သာ ယူရတဲ့ တာဝန်။ ပခုံးပြောင်း ပေးရတော့မယ်ဆိုတော့ ဝမ်းသာတာပေါ့။

"ဟုတ်မှလည်း လုပ်ပါ မောင်ရာ...."

"သိပ်ဟုတ်တာပေါ့ဗျာ"

"လူ ဘယ်နှစ်ယောက် ကုန်မှာတုံး"

"ငါးယောက်"

"ဟေ..."

"တော်ပြီ ကျုပ်တို့ ငါးယောက်ပဲ..."

"ဟဲ့ကောင် သာဒွန်း....ငါးယောက်နဲ့ ပြဇာတ် ဖြစ်လို့လားဟ"

"ဖြစ်တယ်၊ ငါးယောက်ပဲ ကုန်မယ်"

""မိန်းကလေးကကော...ပြဇာတ်မင်းသမီး လုပ်ဖို့..."

"မလိုဘူး....မင်းသမီး မပါဘူး"

"ဟေ..."

မင်းသမီး မပါဘဲ လူငါးယောက်နဲ့ ကမယ့် ဇာတ်လမ်း သူတို့လည်း မကြားဖူးတော့ ဝမ်းသာတဲ့ ကြားက စိုးတော့ စိုးရိမ်တယ်နဲ့ တူပါတယ်။ တစ်ယောက်က

"ဟဲ့ကောင် တစ်ရွာလုံးကြည့်မယ့်ပွဲနော် .. မင်း ပေါ့ပေါ့ဆဆတော့ သဘောမထားနဲ့ ငါ့ကောင်ရ... မင်း အစွမ်းတော့ ငါ သိပါတယ်.... ဒါပေမဲ့ မင်းသမီးလည်း မပါဘဲ လူငါးယောက်နဲ့ ကမယ့်ဇာတ် ရှိလို့လား"

"ရပါတယ်ဗျာ...ဆွမ်းသိမ်းပွဲဆိုတာ ဘာသာရေးနဲ့ ပက်သက်ရမှာကိုးဗျ။ ဒါလည်း စဉ်းစားရသေးတယ်...ဘောဂချောင်က ဆင်းရဲပေမယ့် သာဒွန်း ဖြစ်အောင် လုပ်နိုင်ပါတယ် ..."

"ကောင်းပ့ါ မောင်ရာ.... ဒ့ါထက် အဝတ်အစားကော.."

"မလိုဘူး...မင်းညီမင်းသား အဝတ်အစားတစ်စုံနဲ့...သင်္ကန်းဟောင်း တစ်ထည်ပဲ လိုတယ်"

"ဟေ.."

"ဘကြီးတို့ စိတ်အေးအေးသာ ထားပါဗျာ၊ ကျနော် ရှာခိုင်းတာသာ ရှာပေးပါ"

"ဒါလောက် ဖြစ်ပါတယ်..ကျန်တဲ့ သုံးယောက်က ဘာဝတ်မှာတုံး..ဇာတ်က ဘာဇာတ်တုံး"

"နာမည် မပြောနဲ့ဦး...တစ်ခန်းရပ်လို့ပဲ ပြောထား။ ကပ်ပြီးမှ ကြေညာမယ်...ကျန်တဲ့ သုံးယောက်ကလည်း ဘာမှဝတ်စရာမလိုဘူး၊ ရတယ်..."

ဘောဂချောင်က လူကြီးသုံးယောက်ကတော့ နားကို မလည်နိုင်တော့ဘူး။ လူ ငါးယောက်နဲ့ ကမယ့် တစ်ခန်းရပ်တဲ့။ အဝတ်အစား မလိုဘူးတဲ့။ အမျိုးသမီး မလိုဘူးတဲ့။ ဘာဇာတ်လည်း ဆိုတော့ မပြောနိုင်ဘူးတဲ့။ လျှို့ဝှက်တောင် ထားရဦးမယ်တဲ့။ ဘာပဲဖြစ်ဖြစ်လေ ဆွမ်းသိမ်းပွဲမှာ "ဘောဂချောင် သာဒွန်း" ရဲ့ တစ်ခန်းရပ်ပြဇာတ် တင်နိုင် ပြီးတာပဲ။ သည်လိုပဲ သဘောထားရတော့ တာပေ့ါလေ။

{၄}

သည်လိုနဲ့ ဆွမ်းသိမ်းပွဲ နီးလာပြီ ပြောပါတော့။ တကယ်ဆိုရင် သူများတွေက ဆိုင်းသံ မောင်းသံတွေနဲ့ တခြိမ့်ခြိမ့် တိုက်ကြ ပြုကြ၊ စတော်တိုက်ကြ၊ လမိုင်းတင်ကြ၊ ဆိုကြ၊ ငိုကြနဲ့ နောက်နောက် နောက်နောက် ဖြစ်နေချိန်မှာ ဘောဂချောင်က သာဒွန်းတို့ ဘာမှမလုပ်သေးဘူး။ သူများတွေ လုပ်ကြကိုင်ကြတာလည်း ကြည့်ဦးလေ။ လက်ခုပ်ချောင်က သေရိဝ ဝါဏိဇ ရွဲကုန်သည် ဇာတ်တဲ့။





ရွှေမန်းဦးတင်မောင်ရဲ့ ရွဲကုန်သည်ကို တိတ်ခွေနဲ့ ဖွင့်ပြီး ရှေ့က လူက သရုပ်ဆောင်ကြမှာတဲ့။ ဒန်ဖလားကို ရွှေရောင်စက္ကူ ကပ်သူက ကပ်လို့။

အလိုလေးချောင်က ကိသာဂေါတမီ တိတ်ခွေ ဇာတ်လမ်းတဲ့။ အဝတ်အစားတွေ မြို့တက်ငှားလို့တဲ့။ ကိသာဂေါတမီလုပ်တဲ့ မိန်းကလေးကလည်း မာန်ပါလိုက်တာတဲ့။ မြို့မနဲ့ မင်းလမ်းကတော့ ချမ်းသာတဲ့ လူများတော့ တက်လည်း တက်နိုင်တာကိုး။ ယိမ်းတွေနဲ့တဲ့။ တစ်ခန်းရပ်ပြဇာတ်က လေးနဲ့တဲ့။ ဘောဂချောင်က သာဒွန်းတို့ကတော့ အေးအေးပဲ။ တစ်ခန်းရပ်လုပ်မယ့် သာဒွန်းလည်း ကဖို့ နှစ်ရက်ပဲလိုတာတောင် သူ့ဇာတ်ကိုမပြောသေးဘူး။ သူနဲ့တွဲဖက် သရုပ်ဆောင်ရမယ့် လေးယောက် ကလည်း အခုထက်ထိ ဘာလုပ်ရမယ် မသိသေးဘူး။ တကယ်ဆိုရင် တိုက်ဖို့ကောင်းပြီ တိုက်သားကျဖို့ ကောင်းပြီ။ နောက်ခံတီးဝိုင်းက ဘာတီးမယ်၊ ဘယ်သူက ဘယ်လိုထွက်မယ်၊ ဘယ်သူက ဘာပြောမယ် ဆိုတာလည်း အခုချိန်လောက်ဆိုရင် သိဖို့ ကောင်းပြီ။

သာဒွန်းကတော့ အေးအေးပဲ။ လူကြီးတွေကတော့ ခေါင်းပူလှပြီ။ သာဒွန်းရှာခိုင်းတဲ့ မင်းညီမင်းသား ဝတ်တဲ့ အဝတ်အစားလေး မရှိမယ့် ရှိမယ့် ငှား၊ သင်္ကန်းဟောင်းလေး တစ်ထည် ကျောင်းက တောင်းပြီး လာပို့ထားတာတောင် တစ်ခန်းရပ်က မလုပ်သေးတော့ သာဒွန်းတို့ လေးယောက်ကို ခေါ်ရတော့တာပေ့ါ။ သာဒွန်းရောက်လာတော့ လူကြီးတွေကလည်း ဒေါကန်သူ ကန်နေကြပြီ။

"သာဒွန်း...သူများတွေ ဇာတ်တိုက်တာပဲ လိုက်ကြည့်မနေနဲ့၊ မင်းတို့ သန်ဘက်ခါ ဖိန်းနွဲခါပဲ ကရတော့မယ် ဘာမှ မလုပ်သေးဘူး၊ ဟုတ်ရော ဟုတ်ရဲ့လားကွာ..."

"ဟုတ်ပါတယ် ဘကြီးရ...ကနေ့ညမှ တိုက်မှာပါ.."

"ဟ ဖြစ်ပ့ါမလားကွာ...မင်းဟာက။ နေပါဦး မင်းကောင်တွေကကော ဇာတ်လမ်း ဇာတ်ကွက် သိပလား.."

"မသိသေးဘူး....မကြာဘူး ဘကြီးရေ ခဏလေးရယ်။ တစ်ခန်းရပ်ပါဆို..."

"ဘာဇာတ်လဲကွာ...သည့်အချိန်ရောက်မှတော့ ပြောပါတော့ကွာ.."

"တို့လည်း သိပါရစေတော့..."

"နိမိတ်လေးအင် ဗုဒ္ဓဝင်.."

လူကြီးတွေတောင် ကြောင်သွားတယ်။ နိမိတ်လေးအင် ဗုဒ္ဓဝင်ဆိုပါလား။ သည်ကောင်က ပြောသာပြောရတာ၊ လုပ်လိုက်ရင် ကြီးကြီးကျယ်ကျယ်ထဲကဆိုတော့ မဟုတ်ဘူးလား မပြောနိုင် ဘူးလေ။

“ဆိုပါဦး မင်းဇာတ်လမ်းက…”

“ဘာခက်လို့လဲ ဘကြီးရ…. တစ်ယောက်က ငှားထားတဲ့ မင်းသားအဝတ်အစားနဲ့ အလောင်းတော် သိဒ္ဓတ္ထမင်းသား လုပ်ရမယ်….တစ်ယောက်က ခေါင်းတုံးတုံးပြီး ရဟန်းလုပ်ရမယ် …တစ်ယောက်က သူသေ လုပ်ရမယ်…. တစ်ယောက်က သူနာ လုပ်ရမယ်….တစ်ယောက်က သူအို လုပ်ရမယ်…။ မင်းသမီး မလိုဘူး …အဝတ်အစား မလိုဘူး…သိပ်သရုပ်ဆောင်စရာ မလိုဘူး။ ဥယျာဉ်တော်မှာ နိမိတ်ကြီး လေးပါး မြင်တော်မူခန်းကို ပြမှာ။ နောက်ခံက မယ်ဒလင်သမား ပြေူးကို ယသော်ဓရာ ယိုးဒယား တီးခိုင်းရုံပါ..ဒါပါပဲ…”

“ရွှေ နိပ်ဟ..”

လူကြီးတွေ တော်တော်သဘောကျသွားတယ်။ ဟုတ်သားပါလား။ သာဒွန်းကို ဒ့ါကြောင့် အားကိုးတာ။ ကြည့်စမ်း၊ သူများတွေ ကုန်လိုက်တဲ့ ပိုက်ဆံ၊ ရွဲကုန်သည်တဲ့၊ ကိသာဂေါတမီတဲ့၊ ဝဏ္ဏပထတဲ့၊ တို့ သာဒွန်းက နိမိတ်ကြီးလေးအင် ဗုဒ္ဓဝင်တဲ့။ တခြားစီ။ ကောင်းချက်ကတော့ ရက်စက်တယ်ထဲက နေမှာပဲဟေ့။ ကြည့်စမ်း၊ ဒီကောင် သူ့ဉာဏ်စွမ်း ဉာဏ်စနဲ့ သူမို့လို့ စဉ်းစားမိတယ်။ ကြီးလည်း ကြီးကျယ်ရမယ်။ တရားသံဝေဂလည်း ရရမယ်။ ပိုက်ဆံလည်း မကုန်ရဘူး….ဘယ်လောက်ကောင်းသလဲ။ ဘောဂချောင်ကတော ဆွမ်းသိမ်းပွဲမှာ အာဂပေ့ါကွယ်။

လူကြီးတွေကတော့ သာဒွန်း အပြောနဲ့ပဲ သာဒွန်းဇာတ်ကို ယုံကြည်သွားတယ်။ အဲသည်တော့မှ သူ့ သူငယ်ချင်းလေးယောက်ကလည်း သူတို့ ကရမယ့် ဇာတ်လမ်း သူတို့ သိတော့တယ်။ ဘာပဲဖြစ်ဖြစ် လေ တိုက်ရက်ကလည်း ကြား တစ်ရက် နစ်ရက်ပဲ ကျန်တော့ ကန္နေ့ည စ တိုက်ကြမယ်ပေ့ါ။ မယ်ဒလင်သမားကိုလည်း ညကျရင် သီချင်းချပေးမယ်ပေ့ါ။ ယသော်ဓရာ ယိုးဒယားထဲက “လေးပါး ရယ် သူအို၊ သူနာ၊ သူသေ…မြင်ပြန်လျှင် ခွဲစိတ်သံဝေ….လူတိုင်းရပ်မြေ…ကြာရှည်နေဝံ့ပဲ…” အပိုဒ် ကို သုံးလေးကျော့ တီးခိုင်းမယ်ပေ့ါ။

{၅}

ဆွမ်းသိမ်းပွဲညက တကယ် ပွဲ က တော့ ချောင်လေးခုက တင်ဆက်တဲ့ ထိုးဇာတ်တွေ၊ ယိမ်းတွေပဲ ပါတော့တယ်။ ဘောဂချောင်က “နိမိတ်လေးအင် ဗုဒ္ဓဝင်” မတင်ဆက်နိုင်တော့ဘူး။ သူကြီးကတော့ ဘောဂချောင်က လူကြီးသုံးယောက်ကို မျက်စောင်းတခဲခဲ၊ အံတကြိတ်ကြိတ်ပေ့ါလေ။ ကြီးကြီး





ကျယ်ကျယ် နိမိတ်ကြီး လေးပါးလေး၊ ဘာလေးနဲ့။ နေနှင့်ဦး။ ဒင်းတို့တော့လည်း ကြိမ်းသတဲ့။ ဘောဂချောင်က လူကြီးတွေကလည်း မျက်စိမျက်နှာ ပျက်လို့။ သာဒွန်းကတော့ မင်းညီမင်းသား အဝတ်အစားနဲ့ မျက်နှာချေ အဖွေးသားနဲ့။ ကျန်တဲ့လေးယောက်ကို ရှာလို့ မတွေ့လို့ ထင်ပါရဲ့၊ မျက်နှာလေး ငယ်လို့။

“ကောင်းကြသေးရဲ့လား……သာဒွန်းရာ၊ မင်းဟာက ကောင်းချည်ကောင်းရက်နဲ့”

“ကျွန်တော်လည်း သေသေချာချာ စီစဉ်တာပါပဲဗျာ…..ငါက သိဒ္ဓတ္ထ မင်းသား လုပ်မယ်၊ ကြာယုံက ရဟန်းလုပ်၊ ငတေက သူသေလုပ်၊ စိန်မောင်က သူနာလုပ်၊ ကျော်လှက သူအို လုပ်။ သေချာ အကွက်ချထားတော့ပဲ … ဘကြီးရာ။ ကြာယုံက ခေါင်းတုံး မတုံးချင်ဘူးတဲ့ ….သင်္ကန်းကြီးနဲ့ မပါချင်ဘူးတဲ့၊ သိဒ္ဓတ္ထ မင်းသား လုပ်မယ်တဲ့။ ငတေက ဇာတ်ခုံပေါ်မှာ သူသေလုပ်ပြီး ပက်လက်ကြီး လုပ်နေမှတော့ မပါတာ ကောင်းတယ်တဲ့။ ဘာလုပ်ချင်တုံးဆိုတော့ မင်းသားလုပ်မယ်တဲ့။ ကျော်လှကလည်း ရုပ်က အဘိုးကြီးအိုရုပ် ပေါက်နေလို့ သူအိုလုပ်ပါ ဆိုတော့ သူ့ကောင်မလေးက ဇာတ်ခုံပေါ်မှာ သူအို မလုပ်ရဘူးတဲ့၊ လုပ်ရင် အပြတ်ပဲတဲ့။ လုပ်ချင်ရင် မင်းသားလုပ်၊ မရရင် မလုပ်နဲ့ ပြောလို့တဲ့။

“စိန်မောင်ကကော”

“ဒီကောင်လည်း မကောင်းပါဘူး ဘကြီးရာ။ သူက အရိုးပေါ် အရေတင်မို့လို့ သူနာလုပ်ပါ ဆိုတာကို သူ့ကို နှိမ်တာတဲ့၊ ငါ မင်းသားလုပ်မယ်တဲ့။ ကျွန်တော်ကလည်း ကျွန်တော်ဇာတ်ပဲ၊ ကျွန် တော် မင်းသားလုပ်မှာပေ့ါ။ ဒီကောင်တွေ လူပါးကို ဝ တယ်”

“အေး ကောင်းကွာ၊ အခု ဒီကောင်တွေကကော”

“မရှိတော့ဘူး၊ ဘယ်နေရာ သွားမူးနေကြသလဲ မသိဘူး။ ကျွန်တော်ရှာတာလည်း မတွေ့ဘူး” အဲဒီညက သာဒွန်းကတော့ မင်းညီမင်းသား အဝတ်အစားနဲ့ မျက်နှာချေနဲ့။ လူကြီးတွေကလည်း မျက်စောင်းတခဲခဲ၊ အံတကြိတ်ကြိတ်နဲ့။ နိမိတ်လေးအင် ဗုဒ္ဓဝင် ဇာတ်မှာ သူအို၊ သူနာ၊ သူသေ၊ သူရဟန်း လုပ်မယ့်လူမရှိတော့ သာဒွန်းလည်း ဘာတက်နိုင်မှာတုံး။ ဆဲလည်း ခံရုံပေ့ါ။ သာဒွန်းက တော့ သူအို၊ သူနာ၊ သူသေ၊ သူရဟန်း လုပ်မယ့် သူ့သူငယ်ချင်းလေးယောက်ကို မျှော်တုန်း။

{၆}

ကြာတော့ ကြာပါပြီ။ သဖန်းချောင်မှာ သူကြီးခေတ်က ဖြစ်ခဲ့တာပေမယ့် အကြောင်းတိုက်ဆိုင်ရင် သဖန်းချောင်သားတွေက ပြောတုန်း၊ ဥပမာ ပေးကောင်းတုန်း၊ ရယ်ကြ မောကြတုန်း။

# နေဝင်းမြင့် ၏ လက်ရွေးစင်ဝတ္ထုတိုများ

pawn (mmcybermedia) မှ ရိုက် တင် ပေး ပါ သည်

mmcybermedia.com

edit and PDF • rfanquee (mmcybermedia)